# ဗန္ဓာ
# တိမ်ဖုံးပါစို့
# ပမ္ပာ

တတိယအကြိမ်



# အပိုင်း(၁)

ညီညီ့ကို မတွေ့ရသည် မမြင်ရသည်မှာ နှစ်နှစ်ကျော် သုံးနှစ်ခန့်ရှိပြီ ထင်သည်။ ဒီနေ့တော့ ညီညီ့ကို သတိရနေသည်။ ညက အိပ်မက်ထားသောကြောင့် ဖြစ်မည်ထင်သည်။

ညက အိပ်မက်ထဲတွင် ညီညီ့ကို တွေ့ရသည်။ ညီညီသည် သူ့အိပ်ခန်းတံခါးဝတွင် ရပ်ကာ တံခါးဘောင်ကို ခပ်လျော့လျော့ မှီထားလေသည်။ ခုတင်ပေါ်မှ ရေမြုပ်မွေ့ရာကိုလည်းကောင်း၊ ဇာအိပ်ရာဖုံး ပြာပြာကိုလည်းကောင်း၊ မဟော်ဂနီရောင် တဖိတ်ဖိတ် လက်နေသော မှန်တင်ခုံကိုလည်းကောင်း၊ ခုတင်ဘေးရှိ စားပွဲငယ်ပေါ်မှ တယ်လီဖုန်းနီနီလေးနှင့် စာကြည့်မီးအုပ်ဆောင်းပြာပြာလေးကိုလည်းကောင်း၊ နံရံတွင်ချိတ်ထားသော ပန်းချီကားထဲမှ နှစ်ဆယ်ရာစု မိန်းမပျိုလေး၏ မပေါ်တပေါ် အလှကို လည်းကောင်း တခုချင်း စေ့စေ့ကြည့်ကာ သရော်ပြုံး ပြုံးနေလေသည်။ ထို့နောက် "စည်းစိမ်တွေ သိပ်တိုးပြီး သိပ်ပျော်နေတယ်ပေါ့၊ ဟုတ်လား ကိုကို" ဟု မေးကာ ခပ်တိုးတိုး ရယ်လေသည်။

ညီညီ့ကို သတိရနေဆဲမှာပင် အိမ်တံခါးဝမှ လျှပ်စစ်ခေါင်းလောင်းသံကို ကြားရသည်။ ညီညီများ လာလေသလားဟု ရုတ်တရက် တွေးမိသော်လည်း အမှန်တကယ် ရောက်လာလိမ့်မည်ဟုကား မထင်မှတ်မိပေ။ သို့သော် ... ညီညီသည် အမှန်တကယ်ပင် သူ၏အိမ်တံခါးဝသို့ ရောက်လာချေသည်။ အိပ်မက်ထဲကလိုပင် တံခါးဘောင်ကို ခပ်လျော့လျော့မှီကာ သူ့ကို စေ့စေ့ကြည့်နေလေသည်။

"ဟင် ... ညီညီ"

"အိုး ... မှတ်မိသေးတယ်ကိုး"

ညီညီက နှုတ်ခမ်းကို မသိမသာလေး တွန့်ကာ အိပ်မက်ထဲကအတိုင်းပင် သရော်ပြုံးကို ပြုံးလေသည်။

"လာလေ.. ညီညီ"

“ကျွန်တော်လာတာ အိမ်ထဲဝင်ဖို့မဟုတ်ဘူး၊ ရန်ကုန်ကိုများ လိုက်နိုင်ယင် ခဏ လိုက်ခဲ့ပါလို့ ခေါ်ချင်လို့”

“ရန်ကုန်ကို”

“ဟုက်ကဲ့… ရန်ကုန်ကိုပါ ခင်ဗျာ”

ညီညီက လှောင်ပြောင်သောအသံနှင့် တရိုတသေ ပြောသည်။ မတွေ့ရသော နှစ်ကာလများအတွင်းတွင် ညီညီသည် ဘာတခုမှ ပြောင်းလဲသွားပုံမရချေ၊ စိတ်မြန်သော၊ ထက်မြက်သော၊ မာနကြီးသော သူ၏ညီငယ်သည် နောက်ဆုံးအကြိမ်တွေ့ခဲ့စဉ်ကကဲ့သို့ပင် သရော်မော်ကား ပြောချင်နေဆဲ ဖြစ်ပုံရသည်။

“ရန်ကုန် ပြည်လမ်း တံတားဖြူနားမှာ ဒီနေ့မနက်က နံပါတ်ကိုးကား တိုက်တယ်၊ လမ်းချော်ပြီး ကုက္ကိုပင်နဲ့ ဝင်တိုက်တာပဲ”

“အဲဒီတော့ ..”

“အဲဒီတော့ လူတွေအများကြီး ဒဏ်ရာရကုန်တာပေါ့ ခင်ဗျာ”

“နေပါအုံး ညီညီ.. နေပါအုံး၊ မင်း ငါ့ကို လှောင်ချင်ပြောင်ချင်တာတွေ အသာ ဘေးချိတ်ထားလိုက်ပါအုံး၊ ကိစ္စကို ပြောစမ်းပါ၊ ရန်ကုန်ကို ဘာကိစ္စ သွားရမှာလဲ၊ ကားတိုက်တာ ငါနဲ့ ဘာဆိုင်လို့လဲ”

ညီညီ၏မျက်နှာသည် ရုတ်တရက် တည်ကြည်သွားသည်။ အစိမ်းရောင်တောက်ပနေသော မျက်လုံးသည် မှိုင်းဝေသွားပြီး ကိုကို့အား အတန်ကြာအောင် ကြည့်နေလေသည်။ ထို့နောက်မှ ခြောက်သွေ့သောအသံနှင့် ခပ်တိုးတိုး ပြောသည်။

“ခင်ဦး.. သေတော့မယ် ကိုကို”

“ဘာ”

“ခင်ဦး ဒဏ်ရာသိပ်ပြင်းတယ်၊ တိုက်တဲ့ကားထဲမှာ ခင်ဦးပါတယ်.. အခု အတွင်းလူနာ”

“မြတ်စွာဘုရား”

ကိုကိုသည် အိမ်တံခါးဝတွင် စိုက်ထားသော ကျားပါးစပ်ပင်ကြီးကို တအား ဆုပ်ကိုင်ထားလိုက်မိသည်။ နားထဲတွင် တဝီဝီမြည်ကာ အာခေါင်များ ခြောက်သွားသည်။

“သူ မသေခင် ကိုကိုကို တွေ့ချင်မှာပဲ.... ဒါကြောင့် ကျွန်တော်လာခဲ့တာ၊ ပဲခူးနဲ့ ရန်ကုန်ဆိုတာ သိပ်အဝေးကြီးတော့ မဟုတ်ပါဘူး၊ ကားကောင်းကောင်းနဲ့ မြန်မြန်လေး မောင်းလိုက်ယင် အသက်တော့ မီကောင်းပါရဲ့”

သံမှန်နှင့်ပြောသော ညီညီ၏အသံသည် ကိုကို၏နားထဲတွင် တိုးတလှည့် ကျယ်တလှည့် ဖြစ်နေသည်။ ခင်ဦး ဟူသည် မိန်းကလေး၊ သူတို့အား ချစ်သည့် မိန်းကလေး၊ ထိုမိန်းကလေးသည် မည်သည့်အတွက်ကြောင့် သေရမည်နည်း။ တစ်မျက်နှာလုံး ဖြူရော်ကာ ကြောင်ငေးငေးဖြစ်သွားသော ကိုကို့အား စိုက်ကြည့်နေယင်း ညီညီသည် သက်ပြင်းချလိုက်သည်။ ထို့နောက် ကိုကို၏ပခုံးနှစ်ဘက်ကို မသိမသာ တွန်းလိုက်ကာ "သွားလေ ... ခင်ဗျားမိန်းမဆီမှာ သွားပြီး ခွင့်တောင်းပါအုံး” ဟု ခပ်ထေ့ထေ့ ပြောသည်။

“သူ .. သတိရသလား”

“ရသေးတယ်”

“ဘာဖြစ်သွားတာလဲ”

“အဲဒါတော့ မသိဘူး... နံရိုးတော်တော်များများတော့ ကျိုးကုန်တယ် ပြောတာပဲ”

ညီညီက ကိုကို၏မျက်နှာအား စိန်းစိန်းကြည့်ကာ ထိခိုက်လှုပ်ရှားမှု မရှိဟန်နှင့် ပြောသည်။ သို့သော် ညီညီ၏နှုတ်ခမ်းဖူးလေးများက တဆတ်ဆတ် တုန်ယင်နေသည်ကို သူ သတိထားလိုက်မိသည်။ စိတ်ထဲတွင်လည်း လေးလံ နွမ်းနယ်သွားသည်။ ညီညီသည် တော်ရုံတန်ရုံနှင့် စိတ်ထိခိုက်တတ်သူမဟုတ်။ ညီညီ မနည်း ကြွေဆည်နေရသည်ကို ကြည့်ခြင်းအားဖြင့် ခင်ဦး၏အခြေအနေသည် ပေါ့ပေါ့တန်တန် မဟုတ်ကြောင်းကို အသေအချာ သိနိုင်လေသည်။

သူ အိမ်ထဲသို့ လှည့်ဝင်သောအခါ ညီညီသည် အိမ်တံခါးဝတွင်ပင် ရပ်လျက် နေခဲ့လေသည်။ ဆိုဖာကုလားထိုင်ပေါ်တွင် ကိုယ်လုံးမြုပ်အောင် ထိုင်ယင်း လက်သည်းချွန်ကို တံစဉ်းနှင့်တိုက်နေသော ဇနီးသည် "ခင်စိုးပိုင်” က သူ့အား စူးစမ်းသလို လှမ်းကြည့်နေမိသေးသည်။

“ရန်ကုန်သွားမလို့”

“ရန်ကုန်ကို...”

“ဟုတ်တယ်”

“ဘာဖြစ်လို့”

“လူနာတယောက် အသည်းအသန်ဖြစ်နေလို့”

သူ့ရင်ထဲတွင် ကျင်ကနဲ ဖြစ်သွားသည်။ ခင်ဦး၏အမည်ကို သူ ထုတ်ဖော်၍ မပြောဝံ့။

“ရန်ကုန်ကနေပြီး ပဲခူးက ဆရာဝန်ကို လာပြီး ခေါ်ရတယ်လား”

“ဟုတ်တယ်”

“လူနာက သိပ်အရေးကြီးတယ် ထင်ပါရဲ့နော်”

ခင်စိုးပိုင်က လေအေးလေးနှင့် ပြောသည်။ ကိုကို၏စကားကို ယုံပုံမရ။

“ဟုတ်တယ် ... သိပ်အရေးကြီးတယ်”

“ညနေတောင် စောင်းနေပြီ”

“မိုးချုပ်နေယင်တောင် သွားရမှာပဲ”

ကိုကိုက ခပ်ပြတ်ပြတ်လေး ပြောလိုက်သည်။ ထိုသို့ပြောဖြစ်လိုက်သည့်အတွက် လည်း ကိုယ့်ကိုယ်ကိုယ် အတန်ငယ် ကျေနပ်သွားသည်။ မည်သည့်အတွက်ကြောင့် ထာဝစဉ် အရှုံးပေး အလျှော့ပေးနေရမည်နည်း။

“ကိုလှရွှေ ကားထုတ်ပါ”

သူက ပြတင်းပေါက်မှနေ၍ နောက်ဖေးတန်းလျားဘက်သို့ ဦးခေါင်းပြူကြည့်ကာ အော်လိုက်သည်။

“ကျွန်တော် ရန်ကုန်သွားမလို့ ... အရေးကြီးတယ်”

အင်္ကျီအဝတ်အစားကိုပင် လဲမနေတော့၊ ဂျာကင်တထည် ကောက်ဝတ်လိုက်သည်။ သူ့ကို စိုက်ကြည့်နေသော ခင်စိုးပိုင်၏မျက်လုံးများကို ရှောင်လျက် ထွက်လာခဲ့သည်။ တံခါးဝတွင် ရပ်စောင့်နေသော ညီညီ၏လက်ကို ဆွဲကာ ကားထဲ ဝင်ထိုင်လိုက်သည်။

"ရန်ကုန်ကိုလား ..ဆရာ"

"အေးဗျာ .... အရေးကြီးလို့"

"ဆရာ မောင်းသွားမှာလား"

"ကိုလှရွှေပဲ မောင်းပါဗျာ၊ မှန်မှန်နဲ့ မြန်မြန်လေးပေါ့၊ ဟုတ်လား"

ကားဘီးများသည် လျှော့ကနဲ လိမ့်သွားသည်။ ညီညီသည် နောက်မှီကူရှင်ကို သက်တောင့်သက်သာ မှီချလိုက်ယင်း "အင်း .. တယ်ပြီး ဖင်ဇိမ် ကျောဇိမ် ရှိတာ ကိုး" ဟု ခပ်တိုးတိုး ပြောသည်။

သူတို့ ကားထွက်လာသည်ကို မြင်တော့ ပန်းပင်ရေလောင်းနေသော မာလီက ခြံဝင်းတံခါးကို ဖွင့်သည်။ ခါးကိုကုန်းညွှတ်ကာ ကားထဲမှ ကိုကို့အား အလေးပြုသလိုလို၊ ဆလံပေးသလိုလိုနှင့် အရိုအသေပေးလေသည်။ ညီညီက နောက်ဘက်တွင် ကျန်ခဲ့သော ခန့်ညားလှပသည့် တိုက်ကြီးကို ငဲ့ကြည့်ယင်း "ငါတို့နေခဲ့တဲ့ တဲကလေးနဲ့တော့ ကွာပါ့ကွာ" ဟု ပြောကာ မရယ်ချင်ပဲနှင့် ရယ်လေသည်။

ညီညီပြောသောအခါ ကိုကိုသည် သူငယ်စဉ်က နေခဲ့ရသော သက်နှင်းကျွန်းဘူတာအနီးမှ ထရံကာ ဓနိမိုးသော အိမ်သေးသေးလေးကို သတိရသည်။ ပဲခူးမြို့မှ ရွှေဟသာဆေးလိပ် သဌေးကြီး၏သားမက် ဒေါက်တာ ကိုကိုအောင်သည် ဓနိမိုးသော အိမ်စုတ်ကလေးတွင် တကုပ်ကုပ်နှင့် စာကျက်ခဲ့ရသည့်ကို သိသူ နည်းပါးလှသည်။ ယခုလို ဒတ်ဆန်း ဝမ်းတွမ်တီးဝိုင်၏ နောက်ဘက်ဆိုဖာတွင် ကိုယ်လုံးမြုပ်အောင် ထိုင်ယင်း ဒန်ဟီးလ်စီးကရက် ခဲနေသူသည် တချိန်တုန်းက အင်္ကျီစုတ်၊ ပုဆိုးစုတ်ကလေးများ ဝတ်ကာ ကျောင်းတက်ခဲ့ရပြီး စာအုပ်ဖိုး မရှိ၍ ငိုကြွေးခဲ့ရသည်ဟု မည်သူထင်လိမ့်မည်နည်း။

# အပိုင်း(၂)

"ကိုကို ဆိုတဲ့ကောင်စုတ်... နေတဲ့အိမ်က တဲပုတ်.. စားတော့ ပဲပြုတ် .. အင်္ကျီက လဲ စုတ်စုတ်... လူပုံကြည့်တော့ ဂျပိုးရုပ် ... ဟေ့ ... ကိုကိုဆိုတဲ့ ကောင်စုတ် . ဟေ့ ... စားတော့ ပဲပြုတ် .. အင်္ကျီကလဲ စုတ်စုတ် .. ဟေ့"

သူ့ကို ပတ်လည်ဝိုင်းကာ လက်ခုပ်တီး၍ အော်နေကြသော အသံများသည် ကိုကို၏နားထဲတွင် သံရည်ပူပူကို လောင်းချလိုက်သလို ပူပြီး ကျွတ်ကျွတ်ဆူ နေသည်။ လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ယင်း ဖုန်ထနေသော မြေသားညို ညိုကို စိုက်၍ ကြည့်နေသည်။ သူ့ဘေးမှ မျက်လုံးများကို သူ ရင်မဆိုင်ရဲ။

"ဟေ့... အင်္ကျီကလဲ စုတ်စုတ်၊ လူပုံကြည့်တော့ ဂျပိုးရုပ်"

ကိုကို၏အင်္ကျီစုတ်ကို လက်ညှိုးထိုး၍ ရယ်ကာမောကာ အော်နေကြသည်။ ကိုကိုသည် သူ၏အင်္ကျီစုတ်ကလေးကို ငုံ့ကြည့်ယင်း နှုတ်ခမ်းလေးများ တဆတ်ဆတ်တုန်လာသည်။ အသားများ ရိုက်ကာ ရေစီးကြောင်းလိုက်၍ ပြဲနေသော ပိတ်အင်္ကျီဝါကြန့်ကြန့်လေးက သူ့ကို မျက်နှာငယ်ငယ်နှင့် ပြန်ကြည့်နေသည်။ အင်္ကျီကလေးသည် သူနှင့် အတန်ငယ်ပင် ကျပ်နေပေပြီ။ ကျပ်သည့်အတွက် ကြောင့်လည်း စုတ်ရန်ပြဲရန် ပို၍လွယ်ကူနေလေသည်။ ကုက္ကိုပင်အိုကြီးမှ ကြွေကျလာသော ရွက်ဝါလေးတရွက်သည် သူ့အင်္ကျီပေါ် လာ၍တင်နေသည်။ ကိုကိုသည် မည်သူ့ကိုမျှ မကြည့်ပဲ ရွက်ဝါလေးကိုသာ ငုံ၍ ကြည့်နေသည်။

သူ့ဘေးမှ အသံများသည် ပို၍ပို၍များကာ ပို၍ပို၍ ကျယ်လာသည်ဟု ထင်မိသည်။ ရှက်ရွံ့ အားငယ်စိတ်က သူ့တကိုယ်လုံးကို ဝါးမျိုထားသည်။ ကိုကိုသည် နေရာမှ ထွက်ပြေးသွားချင်သည်၊ သူ့အုံး၍ အိပ်နေကျဖြစ်သော ခေါင်းအုံးမည်းမည်း၊ ချေးပေပေလေးတွင် မျက်နှာအပ်ကာ ချုံးပွဲချ၍ ငိုပစ်လိုက်ချင်သည်။ သို့သော် လက်တွေ့တွင်မူ သံမှိုနှင့်နှက်၍ စွဲထားသလို၊ နေရာမှ တလက်မပင် မ ရွေ့ဖြစ်။ မျက်လွှာလေး ပင့်ကြည့်ရန်ပင် မဝံ့ရဲ။ သူစိုက်ကြည့်နေသော ကုက္ကိုလ် ရွက်ဝါလေးကပါ ခုန်ကာပေါက်ကာနှင့် "ဟေ့ .. ကိုကိုဆိုတဲ့ကောင်စုတ်၊ နေတဲ့ အိမ်က တဲပုတ် ...၊ စားတော့ပဲပြုတ် " ဟု ရယ်မောအော်ဟစ်နေသလို ထင်လာ မိသည်။

ထိုအသံများသည် နားထဲမှတဆင့် တကိုယ်လုံး ရှိရှိသမျှ အသွေးအသားများထဲသို့ပါ လျှပ်စစ်စီးဝင်သလို တရဟော စီးဝင်နေသည်။ ထိုအသံများနှင့်အတူ ဝမ်းနည်းခြင်း၊ အားငယ်ခြင်း၊ စိုးရွံ့ ထိတ်လန့်ခြင်း ဟူသော စိတ်များကပါ သူ၏သွေးထဲသို့ တစိမ့်စိမ့် ထိုးဝင်သွားလေသည်။ ထိုစဉ် ဒေါသနှင့် အော်လိုက်သော အသံလေးတသံကို ကြားရသည်။ ညီညီ၏အသံ ဖြစ်သည်။

"ဟော့ကောင်တွေ ... တိတ်လိုက်စမ်း"

ကိုကိုသည် ဖြတ်ခနဲ မော်ကြည့်လိုက်သည်။ သူ့ရှေ့တွင် ရပ်နေသော ညီညီကို တွေ့ရသည်။ ခြေနှစ်ဘက်ကို ကားကား လက်သီးနှစ်ဘက်ကို ကျစ်ကျစ်ပါအောင် ဆုပ်ထားလေသည်။ အသက်ရှစ်နှစ်တည်းဟူသော သူ့အရွယ်လေးနှင့်ပင် မလိုက်အောင် သူ့မျက်နှာက တင်းမာနေသည်။ ညီညီ၏ဘေးတွင် ယှဉ်လျက်ရပ်နေသူကား ခင်ဦး။ လွယ်အိတ်ကို စလွယ်သိုင်းလွယ်ကာ၊ တမတ်တန် သစ်သားပေတံလေးကို ဆုပ်ကိုင်ထားသည်။ ရန်လိုသော မျက်နှာထားလေးနှင့် မာန်ဖီနေသည်။

ကျောင်းသားများသည် ရုတ်တရက် ငြိမ်ကျသွားသည်။ ကိုကိုက မလှုပ်မယှက် ခေါင်းငုံ့ခံနေစဉ် စစ်ကူရောက်လာသော မလောက်လေး မလောက်စားလေး နှစ်ဦးကိုကြည့်ကာ အံ့ဩသွားကြသည်။ သူတို့အားလုံးသည် ညီညီနှင့် ခင်ဦးထက်ကြီးကြသည်။ ထို့ကြောင့် ကိုကိုတို့အတန်းမှ ထွန်းဟန်က ရယ်လေသည်။

"မင်းတို့နဲ့ ဘာဆိုင်လို့လဲ ချာတိတ်တွေရ"

ညီညီက တောက်ခေါက်ပြီး ဟန်ပြင်ရုံသာ ရှိသေးသည်။ ခင်ဦးက ရုတ်တရက် ပြေးထွက်သွားပြီး ထွန်းဟန်ကို ကိုယ်တစောင်း တိုက်ချလိုက်လေသည်။ အမှုမဲ့ အမှတ်မဲ့ ခံလိုက်ရသော ထွန်းဟန်သည် မြေပေါ်သို့ ခြေကားရား လက်ကားရားနှင့် ပက်လက်ကျလေသည်။

"ကဲ... ပြောအုံးလေ ငါတို့အစ်ကိုကိုများ ကောင်စုတ်လို့ ပြောအုံးလေ ... ဟင်၊ ပဲပြုတ်စားတာ ဘာဖြစ်လဲ၊ တဲပုတ်နဲ့နေတာ ဘာဖြစ်လဲ၊ အင်္ကျီစုတ်တာရော ဘာဖြစ်လဲ .. အဲဒါ ပြောင်စရာလား၊ ကဲ .. ပြောင်အုံး ... ပြောင်အုံး"

လူးလဲထနေသော ထွန်းဟန်၏မျက်နှာကို ဖုန်များ သဲများနှင့် ကျုံးပက်ယင်း ခင်ဦးက အံကြိတ်သံလေးနှင့် အော်သည်။ မျက်စိထဲ သဲတွေ ဖုန်တွေ ဝင်ကုန်သော ထွန်းဟန်သည် ဝူးဝူးဝါးဝါးနှင့် အော်၍ ဆဲသည်။ ခြေကားရား လက်ကားရား ဖြစ်နေသော်လည်း ခင်ဦးကို ရန်မပြုနိုင်၊ ခုနစ်နှစ်အရွယ် မိန်းကလေးနှင့် ဆယ့်နှစ်နှစ်သားတို့၏ရန်ပွဲတွင် အသက်ကြီးသော ယောကျ်ားလေးက တဘက်သတ် ခံနေရသည်။  ခံသာခံနေရသော်လည်း သနားဖွယ်မကောင်းပဲ ရယ်ဖွယ်ကောင်းနေသဖြင့် ထွန်းဟန်၏သူငယ်ချင်းများက သူ့ဘက်မှကူရန် မစဉ်းစားကြချေ။

"လာ ... ကိုကို သွားမယ်"

ကျောင်းတက်ခေါင်းလောင်းထိုးသံ ကြားသောအခါ ခင်ဦးသည် သူတို့ညီအစ်ကို နှစ်ယောက်ဆီသို့ ပြန်ပြေးလာသည်၊ ကိုကို၏လက်ကို ဆွဲခေါ်သည်။ ဝမ်းနည်းအားငယ်နေသော ကိုကိုသည် ခင်ဦးက လက်ကလေးနှင့် ထိကိုင်ဆွဲခေါ်သည့် တခဏ၌ အားရှိသွားသလို ခံစားရသည်။ မျက်နှာ ဖြူဖပ်ဖြူရော်နှင့် မျက်ရည်ဝိုင်းနေသော ကိုကို့အား ညီညီနှင့် ခင်ဦးက တစ်ယောက်တစ်ဘက်စီ ဆွဲပြီး ခေါ်လာကြသည်။

"အလကားကောင်တွေ ... မင်းစာတော်တာကို မနာလိုလို့ကွ ... မင်းက အမြဲ ပထမရနေလို့ ... အဲဒီစဖျင်းတွေက ရန်စတာ ... မင်းကလဲ မကြောက်ပဲ ဘာလို့ခံနေရလဲ၊ ဘာလို့ ဆွဲတီး မပစ်တာလဲ ... ဟင်း ... ခင်ဦးလောက်မှ သတ္တိမရှိဘူး"

ညီညီက အပြစ်တင်သည်။ ဆံပင်တိုတို ကတုံး ဆံတောက်ကလေးနှင့်မို့ ညီညီ၏မျက်နှာသည် ဝိုင်းနေသည်။ ပါးစုံလေးများ ဖောင်းနေသည်။ နှုတ်ခမ်းပါးကို တင်းတင်းစေ့ကာ မျက်မှောင်ကုတ်ယင်း မြေကြီးပေါ်မှ ကျောက်ခဲလေးကို ခြေနှင့် ကန်ပစ်လိုက်သည်။ ညီညီသည် ရန်ဖြစ်ရမှာ ကြောက်တတ်သူမဟုတ်ချေ။ အသက်ရှစ်နှစ်သာ ရှိသေးသော်လည်း သူ ဆင်နွှဲသော ရန်ပွဲပေါင်းမှာ မနည်းလှပေ။

ကိုကိုကမူ ဆယ်နှစ်ကျော်နေပြီ၊ ခုချိန်ထိ တခါမျှ ရန်မဖြစ်ဖူးသေးချေ။ ရန်ဖြစ်ရန်လည်း ကြောက်သည်၊ စကားအခြေအတင် ပြောရန်လည်း ကြောက်သည်။ ကုန်

ကုန်ပြော်ရလျှင် သူ့ကို စိုက်ကြည့်သူတဦးကိုပင် ပြန်လှန်၍ စူးစိုက်ကြည့်ရန် မဝံ့ရဲချေ။

“ဟား … ဟား … အလကားအီးပေါလောကြီး ထွန်းဟန်၊ သိလား ကိုကို၊ ခင်ဦးကို တောင် မနိုင်ဘူး”

ခင်ဦးက ကိုကို၏လက်များကို လှုပ်ယမ်းကာ ရယ်နေသည်။ ညီညီကတော့ သိပ်ကျေနပ်ပုံမရ။

“ဟ… နင်က မိန်းမကျင့် မိန်းမကြံနဲ့ သဲနဲ့ပက်တာကိုး”

“ခင်ဦးက မိန်းမပဲဟာ …. မိန်းမလိုပဲ ကြံမှာပေါ့ ညီညီရ”

“အေးလေ .. ရိုးရိုးဆိုယင် နင်နိုင်မလား”

“နိုင်ပါတယ်”

“အောင်မာ …”

“အဟုတ်ပြောတာ … ၊ ပေါင်ကြားထဲ တအားကန်ထည့်လိုက်မှာပေါ့ ”

“ခွေးမ”

ပထမတန်း အခန်းရှေ့သို့ ရောက်သောအခါ သူတို့ ရပ်လိုက်ကြသည်။ ညီညီနှင့် ခင်ဦးသည် အတန်းထဲ ဝင်သွားသောအခါ ကိုကိုတဦးတည်း ဆက်၍လျှောက်လာရသည်။ အားငယ်စိတ်များက သူ့တကိုယ်လုံးကို လွှမ်းမိုး၍လာပြန်သည်။ အထင်သေးသော၊ လှောင်ပြောင်သရော်သော မျက်လုံးများနှင့် ရင်ဆိုင်ရပေဦးမည်။ စာမရသဖြင့် ဒဏ်ပေးခံရခြင်းမဟုတ်သော်လည်း ဆင်းရဲခြင်း ဟူသည်မှာ

လည်း မကောင်းမှုတခုလို ရှက်စရာတမျိုးပင်။ ကိုကို၏ နှလုံးသားထဲတွင် ထိုသို့ ပင်ခံစားရလေသည်။

"ဟော့.. ကိုကို ... မင်း မငိုနဲ့နော်"

ညီညီသည် အခန်းထဲဝင်သွားပြီးမှ ကိုကို့ဆီသို့ပြန်လျှောက်လာသည်။ မျက်ရည် အဝိုင်းသားဖြစ်နေသော ကိုကို့အား မကျေမနပ်လေးကြည့်ကာ ခပ်ကျိတ်ကျိတ် ပြောသည်။

"ဂရုမစိုက်စမ်းပါနဲ့ကွ... ဘယ်သူ့ကိုမှ ဂရုမစိုက်ပါနဲ့"

* * *

"ရန်ကုန်ကို တိုက်ရိုက်ပဲလား ... ဆရာ"

"တိုက်ရိုက်ပဲဗျာ ... ဓာတ်ဆီရောရှိရဲ့လား"

"အပြည့်ပါပဲဆရာ ... နေ့ခင်းကမှ ထည့်ထားတာ"

"အမြန်ဆုံးမောင်းဗျာ"

ကိုကိုသည် နဖူးပြင်တွင် စို့နေသော ချွေးများကို လက်ကိုင်ပဝါနှင့် ပွတ်သုတ် လိုက်သည်။ ကားမှန်ပြတင်းကို တဝက်ခန့် ဖွင့်ချလိုက်သောအခါ အေးမြသော လေက သုတ်ကနဲ ပြေးဝင်လာသည်။ ချွေးစို့နေသော သူ့ဆံပင်များကို ပွတ်သပ် ဆော့ကစားသွားသည်။

လူနာခုတင်ပေါ်တွင် မိန်းမောနေမည့် ခင်ဦး၏သဏ္ဍာန်ကို တွေးထင် မြင်ယောင် ယင်း ရင်ထဲတွင် တစ်ဆို့ဆို့ကြီး ဖြစ်လာသည်။ ခင်ဦး ဘာကြောင့် သေရမည်

နည်း။ သေမင်းသည် ခင်ဦးဟူသည့် နှလုံးကောင်းမလေးဆီသို့ မည်သည့်အတွက်ကြောင့် ဆိုက်ရောက်လာရသနည်း။

"ညီညီ လိမ်ပြောတာ ဖြစ်ပါစေ"

ကိုကိုသည် တံတွေး မျိုချယင်း ဆုတောင်းမိသည်။ ဆုသာတောင်းမိသော်လည်း သူ့စိတ်ထဲတွင် ညီညီသည် အမှန်ပြောခြင်းဖြစ်ကြောင်းကို လက်ခံပြီးဖြစ်နေသည်။ ညီညီသည် လိမ်ပြောတတ်သူ မဟုတ်ချေ။

* * *

"ငါ့အကျီအိတ်ထဲက ပိုက်ဆံအကြွေတွေ နေ့တိုင်း ပျောက်နေတယ်၊ နင်ယူသလား မခင်မေ"

အဖေသည် သူ့အကျီအိတ်ကို စမ်းယင်း မေးသည်။ ထမင်းအိုး မွှေနေသော အမေက အဖေ့ကို လှည့်ကြည့်ပြီး ခေါင်းယမ်းသည်။ မချောက်တချောက် ထင်းစိုစိုက မီးခိုးများအူ၍ ထွက်နေသဖြင့် အမေ့မျက်လုံးထဲတွင် မျက်ရည်များဝဲနေသည်။ အမေ့ဆံပင်တွင် ပြာမှုန့်ဖြူဖြူများ လူးကပ်နေသည်။

"ဘယ်လိုဖြစ်တာလဲဟ ... ငါသတိထားမိတာ ဆယ်ရက်လောက်ရှိပြီ။ မနေ့တုန်းကတော့ အသေအချာ မှတ်ထားတာ၊ အခု ဆယ်ပြားစေ့ နှစ်စေ့ လျော့နေတယ်"

ကိုကိုသည် အဖေ့ကို ကြည့်ပြီး ရင် တဒိတ်ဒိတ်ခုန်လာသည်။ ထရံကို မှီယင်း ခြေဆင်းထိုင်ကာ ထမင်းရည်သောက်နေသော ညီညီကို ဖြတ်ကနဲ လှမ်းကြည့်မိသော်လည်း ညီညီက သူ့ကို မကြည့်ပေ။ ထမင်းရည်ဇလုံကို ဒန်ဇွန်းနှင့် ကြွေမြေမပျက် မွှေနေယင်း ခေါင်းငုံ့ထားသည်။

မနေ့ညက တိုင်တွင် ချိတ်ထားသော အဖေ့အကျီအိတ်ကို ညီညီစမ်းနေသည်။ "ဟေ့ ညီညီ၊ မင်းဘာလုပ်နေတာလဲ"ဟု ခပ်ဆတ်ဆတ်မေးသော ကိုကို့အား

သူက အဓိပ္ပါယ်ပါသော မျက်လုံးများနှင့် စိုက်ကြည့်သည်။ ထို့နောက် "အသာနေစမ်းပါကွာ၊ ငါပိုက်ဆံစုနေတာပါ" ဟု ခပ်တိုးတိုး ပြောလေသည်။

"ကိုကို မင်းယူသလား"

အဖေက မေးသောအခါ ကိုကိုတကိုယ်လုံး တုန်သွားသည်။ ရုတ်ခြည်း မျက်ရည်ဝဲကာ ဆို့နစ်လာသည်။ အဖေ့ကိုမကြည့်ရဲ၍ ထမင်းစားခုံဝိုင်းလေးပေါ်တွင် အခွံခံနေသော ယင်ကောင်မည်းမည်းများကို စိုက်ကြည့်ယင်း ခေါင်းခါပြသည်။

"အဖေ့ကိုကြည့်ပြီး ပြောစမ်း သား၊ မင်းယူသလား"

အဖေက ကိုကို၏အမူအရာကို ကြည့်ပြီး ပို၍သက်ာမကင်း ဖြစ်သွားဟန်တူသည်။ အသံလေးလေးနှင့် ထပ်၍မေးလေသည်။ ကိုကိုသည် ခေါင်းကိုမော့၍ အဖေ့ကို ကြည့်ရသည်။ မွဲခြောက်ခြောက်နှင့် စူးရှ တောက်ပြောင်မှုမရှိသော မျက်လုံးအစုံနှင့် ရင်ဆိုင်ရလေသည်။ ကိုကိုသည် အဖေ့ကို နှစ်နှစ်ကာကာ ချစ်လှသူ မဟုတ်၊ ချစ်လောက်အောင်လည်း လက်ပွန်းတတီး မနေခဲ့ရပေ၊ မိုးလင်းမှ မိုးချုပ် အလုပ်ခွင်တွင်သာ အချိန်ကုန်လေ့ရှိသော အဖေ့ကို သူ လူမှန်းသိသည့် အရွယ်ကတည်းကစ၍ ထာဝစဉ် ချွေးစော်နံနေတတ်သော လူကြီးတဦးအဖြစ်သာ စွဲမှတ်ခဲ့လေသည်။

ချဉ်စုတ်စုတ်နံသော ချွေးနံ့သည် အဖေ့ကိုယ်တွင်သာမက အဖေအင်္ကျီများတွင်လည်း စွဲကပ်နေသည်။ ကိုကို မကြိုက်။ အဖေ လက်သမားကြီးဖြစ်နေသည်ကို မကြိုက်။ အဖေ့လက်ဖဝါးကြီးများ မာကြမ်းပြီး အသားမာတက်နေသည်ကိုလည်း မကြိုက်။ အဖေ့အသားများ နီကြမ်းပြီး ညစ်ထတ် ထတ်နေသည်ကိုလည်း မကြိုက်။ အဖေ့ကိုယ်တွင် ချွေးနံ့ နံနေသည်ကိုလည်း မကြိုက်၊ အဖေဆင်းရဲသည်ကိုလည်း မကြိုက်၊ နောက်ဆုံး ကုန်ကုန်ပြောရလျှင် အဖေ့နာမည်ကိုပင် မကြိုက်၊ အဖေနှင့် ပတ်သက်သမျှ ကိုကို ဘာမှ မကြိုက်ချေ။

အတန်းထဲမှ သူငယ်ချင်းများသည် ဒယ်ဒီက ပြည်သူ့ဆိုင်မန်နေဂျာ ဦးတင်ထွန်းနိုင်၊ အန်ကယ် ဦးမိုးမြင့်သူ ၊ဖေဖေက ဦးအောင်ကျော်မိုး .. စသည်ဖြင့် ပြောနိုင်

ကြွသည်။ သူ့အလှည့်တွင်မူ ... အဖေက လက်သမားကြီးဦးဖိုးဘ ပါ ... ဟု မပြောလိုလှ၊ မပြောချင်လှ။

"ကဲ .. သားကြီး ကိုကို ပြောစမ်း .. အဖေ့ကို မှန်မှန်ပြောစမ်း၊ ဒီပိုက်ဆံတွေ သားယူထားသလား"

"ဟင့်အင်း ... ဟင့်အင်း"

ကိုကိုသည် ခေါင်းကို အတွင်ခါယမ်းယင်း မျက်နှာတွင် သွေးဆုတ်သွားသည်။ သူ့ကို စိုက်ကြည့်နေသော ညီညီ့ကို မျက်စိသူငယ်နှင့် လှမ်းကြည့်မိသည်။ "ညီညီ ယူတာ အဖေရ" ဟု သူ မပြောရက်၊ ပြော၍လည်း မထွက်။

"မှန်မှန်ပြောနော် ... အဖေ့အကြောင်း သိတယ် မဟုတ်လား"

အဖေ၏အသံက ရုတ်တရက် မာလာသည်။ ကိုကိုသည် အဖေ၏ မှုန်မွဲမွဲ မျက်လုံးများကို ရင်မဆိုင်ချင်၍ မျက်နှာလွှဲထားလိုက်သည်။ စိတ်ထဲတွင်မူ အဖေက သူ့ကို တအားလွှဲ၍ ရိုက်လိုက်တော့မည်ဟု ထင်သည်၊ ငိုချင်နေသည်။
ကိုကို၏ ပခုံးနှစ်ဘက်ကို အဖေက ဒေါသနှင့် တင်းတင်းဆုပ်ကိုင်လိုက်ချိန်တွင် ညီညီသည် ကိုကို၏ဘေးသို့ ဖြတ်ကနဲ ရောက်လာသည်။ ကိုကို့ဘေးတွင် ယှဉ်ရပ်ကာ အဖေ့အား မော်ကြည့်ယင်း တိုးတိုးပြောသည်။

"ညီ ယူတာ အဖေ ... ကိုကို ... မဟုတ်ဘူး"

"ဘာ ... မင်းယူတာ"

အဖေက အော်လိုက်သည်။ ညီညီသည် အဖေ့မျက်လုံးများကို ရဲဝံ့စွာ ပြန်ကြည့်နေလေသည်။

"ကိုကိုကို ကျောင်းမှာ ခဏခဏ စကြဲတယ်၊ ကိုကိုဆိုတဲ့ကောင်စုတ်တဲ့ ... နေတဲ့ အိမ်က တဲပုတ်တဲ့ .. စားတော့ သောက်တော့ ပဲပြုတ်တဲ့၊ အင်္ကျီကလဲ စုတ်စုတ်တဲ့"

ညီညီ အသံလေးသည် တုန်ယင်နေသည်။ မျက်မှောက်ကြီးကုပ်နေသော အဖေ့ကိုလည်းကောင်း၊ ပြာအလူးလူး ပေနေသော အမေ့ကိုလည်းကောင်း၊ တဆတ်ဆတ် တုန်ယင်နေသော ကိုကိုကိုလည်းကောင်း စေ့စေ့ကြည့်လိုက်သည်။ ထို့နောက် မျက်ရည်ဝဲလာလေသည်။

"ကိုကိုက အလကား စကြောက်ပဲ အဖေ၊ သူများ စယင် ငိုဖို့ပဲတတ်တယ်၊ ခဏခဏ ငိုတယ် ...။ ခင်ဦးလောက်တောင် သတ္တိမရှိဘူး၊ ဘယ်သူ့ကိုမှလဲ ခံမတီးရဲဘူး၊ ဟိုကောင်တွေက သူ့အင်္ကျီကိုကြည့်ပြီး အမြဲပြောင်တယ်၊ သူက အမြဲငိုတယ်၊ ဒါကြောင့် ..ညီ.. အဖေ့အိတ်ထဲက ပိုက်ဆံနှိုက်ပြီးစုနေတာ"

"ဘာကွ"

"ညီ ပိုက်ဆံစုနေတာ ..အခု နှစ်ကျပ်ရပြီ"

အမေ၏သက်ပြင်းချသံက ကျယ်လောင်လှသည်။ ထမင်းရည်ဇလုံထဲ ဆားခတ်ကာ စားပွဲဝိုင်းလေးပေါ် လာချသည်။ စားပွဲပေါ်မှ ယင်ကောင်များကို လက်ဖြင့် ဝှေ့ယမ်း ခြောက်ပြီးမှ အင်္ကျီလက်ကို ပင့်ကာ မျက်ရည်သုတ်လေသည်။

"ကိုကိုကို အင်္ကျီအသစ်ဝယ်ပေးချင်လို့ အဖေ၊ သူ့အင်္ကျီက စုတ်လှပြီ၊ ဒါကြောင့် ... ညီ ... ပိုက်ဆံစု...."

ညီညီ့အသံက တိမ်ဝင်သွားသည်။

မေမေသည် နာနာကျည်းကျည်း အရိုက်ခံလိုက်ရသူကဲ့သို့ ယိုင်တိယိုင်တိုင် ဖြစ်သွားသည်။ သူ့ရှေ့မှ ထမင်းရည်ဇလုံကို အဓိပ္ပါယ်မဲ့ စိုက်ကြည့်နေလေသည်။ ထမင်းရည်ပူပူက အငွေ့တထောင်းထောင်း ထကာ အဖေ့မျက်နှာကို ဟပ်

နေသည်။ အဖေမျက်နှာသည် ထမင်းရည်ငွေ့ ဟပ်ကာ အစိုပြန်နေသည်။ မျက်လုံးများကမူ မှုန်မှိုင်းရီဝေ ???? သော အသံကို တိုးတိုးလေး ကြားရသည်။

“အဖေက သူများအိမ်တွေ လိုက်ဆောက်ပေးနေတယ်၊ အမေကလဲ သူများအင်္ကျီ တွေ အငှားချုပ်လို့ .... ဒီအဖေနဲ့ ဒီအမေရဲ့သားတွေကတော့ တဲပုတ်မှာ .. အင်္ကျီ စုတ်တွေနဲ့ ...”

# အပိုင်း(၃)

မိုးဖွဲဖွဲ ရွာသွန်းလာသည်။ မှုန်မွှားမွှား မိုးစက်ကလေးများသည် ကားထဲသို့ လေဟုန်စီးပြီး ဝင်ရောက်လာကြသည်။ မျက်နှာကို မထိတထိ ရိုက်ခတ်သည်။ မိုးစက်မိုးမှုန်များ၏ အေးမြမြ အထိအတွေ့ကလေးက ညှိုးချုံးနေသော သူတို့၏စိတ်နှလုံးကို သက်သာမှု မပေးလှပေ။

ညီညီသည် ကိုကို့ဘေးတွင် ငြိမ်သက်စွာ ထိုင်ယင်း လမ်းဘေးတွင် ရိပ်ကနဲ ကျန်ခဲ့သော သစ်ပင်များကို ငေးကြည့်နေသည်။ သူ့မျက်နှာပေါ်တွင် မိုးစက်မိုးမှုန်များ တင်နေသော်လည်း သုတ်မပစ်ချေ။

“မိုးပက်နေပြီ ညီညီ”

ကိုကိုက ပြောသော်လည်း ညီညီသည် ကြားဟန်မတူချေ။

“မိုးမပက်ဖူးလား ညီညီ”

“ပက်တယ်”

ကိုကိုက ထပ်မေးသောအခါမှ ညီညီသည် မှုန်မှိုင်းရီဝေနေသော မျက်လုံးများနှင့် လှမ်းကြည့်သည်။

“မှန်တံခါး တင်လိုက်လေကွာ”

“နေပါစေဗျာ ... ဒီအတိုင်း ကောင်းပါတယ်”

တဝက်တပျက်သာဖွင့်ထားသော မှန်တံခါးကို ညီညီက အကုန်လှည့်ပြီး ဖွင့်ချလိုက်သည်။ တံခါးအကုန်ပွင့်သွားသောအခါ မိုးစက်များက သည်းကန် ပြေးဝင်

လာသည်။ လေကလည်း ပို၍တိုက်လာသည်။ မျက်နှာတွင် မိုးရေများစိုနေသော ညီညီ့အား ငေးကြည့်နေယင်း သက်ပြင်းချမိသည်။ တဖြောက်ဖြောက်နှင့် လာ၍ စင်နေသော မိုးစက်လေးများကို ညီညီက မျက်စိမှိတ်၍ ခံယူနေသည်။

ကိုလှရွှေက သူတို့နှစ်ဦးအား မသိမသာ ငဲ့ကြည့်ကာ သူ့ဘေးမှ မှန်တံခါးကို အဆုံးထိ လှည့်တင်ကာ ပိတ်လိုက်သည်။ ထို့နောက် ကားစက်ရှိန်ကို ပို၍မြှင့် လိုက်လေသည်။

ကားက ပို၍မြန်သောအခါ လေက ပို၍တိုးလာသည်။ ညီညီ၏ဆံပင်ပျော့ပျော့ များသည် လေထဲတွင် လွင့်ပျံနေသည်။ လေကိုလည်းကောင်း၊ မိုးကို လည်းကောင်း ညီညီက လုံးဝ ဥပေက္ခာပြုထားလေသည်။

ညိုမည်းနေသော ကောင်းကင်တွင် လင်းလက်သွားသော လျှပ်စီးကြောင်းနှင့် အတူ ဂျိမ်းဂျိမ်းမြည်သံကို ကြားရသည်။ ကိုကို၏စိတ်သည်လည်း ညီညီ့နည်းတူ အတိတ်ဆီသို့ လွင့်ပြေးသွားလေသည်။ ဆိုဖာပေါ်သို့ ခေါင်းကို မှီချလိုက်ကာ လွင့်၍ပြေးလေသော စိတ်အစဉ် နောက်သို့ မျှောကာ လိုက်သွားမိသည်။

* * *

မိုးရွာနေသည်။ မိုးရွာလျှင် သူတို့ကျောင်းတက်ရတော့မည် မဟုတ်။ ဖျား သောကြောင့် မဟုတ်၊ မအားသောကြောင့် မဟုတ်၊ ထီးမရှိသောကြောင့် ဖြစ် လေသည်။

ကျောင်းသို့ ဆောင်းသွားစရာ ထီးမရှိ၊ မိုးကာ မရှိသဖြင့် ကျောင်းတက်ချိန် မိုးရွာ တိုင်း ကိုကိုစိတ်ညစ်ခဲ့ရသည်။ တခါတရံလည်း မိုးဖွဲဖွဲအရွာတွင် ဇွဲခတ်ပြီး ကျောင်းသို့ ဒုန်းစိုင်းပြေးယင်း လမ်းခုလတ်တွင် မိုးသည်းသည်းရွာချတတ်သည်။ ကျောင်းသို့ မရောက်မီ မိုးရေများ ရွှဲရွှဲနစ်ခဲ့ရသော အကြိမ်ပေါင်းလည်း မနည်း ချေတော့ပြီ။

“မိုးရွာပြီကွ … ပျော်တယ်ကွ”

ညီညီကမူ ကျောင်းတက်ပျင်းသည်။ တတ်နိုင်လျှင် ကျောင်းပင် နေချင်သူမ ဟုတ်။ အဖေ အတင်းထား၍သာ ကျောင်းတက်နေရသူ ဖြစ်သည်။ ထို့ကြောင့် ကျောင်းသွားချိန် မိုးရွာလျှင် သူပျော်သည်။ ကိုကိုက ညို့မည်းနေသော ကောင်းကင်ကို မော်ကြည့်ယင်း "မိုးမင်းကြီးရယ် .. ငါတို့ကျောင်းရောက်ပြီးမှ ရွာပါ" ဟု ကျိတ်၍ ပြောမိစဉ် ညီညီက "ဟ... ရွာစမ်းပါ မိုးရ .. ဘာလုပ်နေတာလဲ၊ မြန်မြန်ရွာဟ "ဟုပြောလေ့ရှိသူ ဖြစ်လေသည်။

ယခုလည်း မိုးရွာသည်။ ထို့ကြောင့် ညီညီ ပျော်နေသည်။

"စာမရတာနဲ့ အတော်ပဲကွ"

"ညီညီရာ .... မင်းကလဲ ပညာကို တန်ဖိုးကို မထားဘူး"

ကိုကို၏စိတ်ထဲတွင် ပညာကို ကြိုးစားရမည်။ ပညာတတ်မှ လူရာဝင်မည်။ ပညာ မတတ်လျှင် အဖေ့လို အကျီပြာကြီးဝတ်ပြီး လက်သမားလုပ်ရမည်ဟု စွဲ နေသည်။ ကမ်းနားတွင် ကူလီထမ်းရမည်ကို ကြောက်သည်။ ဆိုက်ကားနင်းရ မည်ကို ကြောက်သည်။ ပညာမတတ်ခြင်းနှင့် ဆင်းရဲခြင်းသည် ဒွန်တွဲ၍ နေသည် ဟု သူမြင်သည်။

"သား .."

အမေက မီးဖိုချောင်မှ လှမ်းခေါ်သည်။ တဝုန်းဝုန်းရွာနေသော မိုးသံအကြားတွင် အမေ့အသံက တိုးညင်းလှသည်။

"သားတို့ ကျောင်းမသွားရပြန်ဘူးပေါ့ "

"ခဏနေရယင် မိုးတိတ်ယင် တိတ်မှာပါ အမေရာ ... အခုမှ ရှစ်နာရီ ရှိသေးတာ"

"သားတို့အဖေလဲ ရွှဲမှာပဲကွယ်"

"အဖေသွားတုန်းက မရှာသေးပါဘူး … လွတ်ယင်လွတ်နိုင်ပါတယ် … အမေရ"

ကိုကိုသည် နောက်ဖေးချောင်သို့ လှမ်းဝင်လာကာ အမေ့ဘေးတွင် ထိုင်သည်။ အုတ်ခဲ သုံးလုံး ဆိုင်ထားသော ဖိုခုံလောက်ဆိုင် မီးဖိုက မီးခိုးများ အူထွက်နေသည်။ ငါးပိရေအိုးက ပွက်ပွက်ဆူကာ ရနံ့ တကြိုင်ကြိုင် ထွက်နေသည်။

"မီးဖိုကလဲ မီးခိုးလိုက်တာ"

"သားတို့အဖေ ယူလာတဲ့ သစ်တိုသစ်စတွေလေ၊ စိုနေလို့"

အဖေသည် အလုပ်ထဲတွင် ဖြတ်ယင်း တောက်ယင်း ပိုသော သစ်တိုသစ်စများကို ရနိုင်လျှင် ရနိုင်သလောက် အိမ်သို့ သယ်လာလေ့ရှိသည်။ တခါတရံ ရွှေပေါ်စာ ကျိုးလာတတ်သည်။ အိမ်တွင် ကုန်ကျသော ထင်းဖိုးကို ကာတန်သရွေ့ ကာမိအောင် တလေးတလံ ထမ်းပိုးလာလေ့ရှိသည်။

"ထီးကလေးတလက်လောက်တော့ ဝယ်ဖို့ ကောင်းနေတာ ကြာလှပြီ၊ ခုထိကို မဝယ်နိုင်ဘူး"

"ထီးမရှိလဲ မိုးကာလေးရယင် ကောင်းမှာ အမေရ၊ မြဇော်ရဲ့မိုးကာလေးမှာဆိုယင် ခေါင်းဆောင်းစရာလေးပါ ပါတယ်၊ သိပ်ကောင်းတာပဲ"

ညီညီက ပြောသောအခါ အမေသည် မချိပြုံး ပြုံးယင်း မီးဖိုကိုသာ မီးပြောင်းနှင့် တဖူးဖူး ကုန်းမှုတ်နေသည်။ ထို့နောက် မောလာသလို ခေတ္တရပ်ပြီး အသက်ပြင်းပြင်းရှူသည်။ ကိုကို့ကို မှုန်ဝေသော မျက်လုံးများနှင့် လှမ်းကြည့်နေပြီးမှ တိုးတိုးပြောသည်။

"အမေ ဖျားများဖျားသလား မသိဘူး၊ နေရတာ နည်းနည်းမှ မကောင်းဘူး"

ကိုကိုသည် အမေ့ကို တအံ့တသြ လှမ်းကြည့်မိသည်။ သူ လူပြည်သို့ ရောက်သည်မှာ ဆယ့်သုံးနှစ်ပင် ကျော်ပေပြီ။ အမေ ဖျားသည်ကို တခါမှ မမြင်ဖူးသေး

ပေ။ မိုးလင်းမှ မိုးချုပ် စက်ရုပ်တရုပ်လို လှုပ်ရှားနေလေ့ရှိသော အမေ့ကို ဖျားတတ်နာတတ်သည် ဟူ၍ပင် မတွေးခဲ့မိကြပေ။ အမေ ညည်းသည်ကိုလည်း တခါမျှ မကြားစဖူး။

“ဘယ်လိုဖြစ်နေလို့လဲ အမေ”

ကိုကိုသည် အမေ၏နဖူးပြင်ကို အသာအယာ စမ်းကြည့်လိုက်သည်။ ချစ်ချစ်တောက် ပူနေသောကြောင့် ရုတ်တရက် လန့်၍ပင် သွားသည်။

“ဟာ ... အမေ ... ပူချစ်နေတာပဲ”

“အင်း ... အနာရှိန်တက်တာနဲ့ တူတယ်”

အမေ၏လက်မတွင် ပတ်တီးညစ်ညစ်တခုကို စည်းထားသည်။ သွေးစွန်းသော ပတ်တီးစသည် ညစ်ပေနေလေသည်။

“တနေ့က ထင်းခွဲတာ ဓားထိလို့ .. အမေလဲ ဘာဆေးမှ ထည့်စရာမရှိတာနဲ့ နနွင်းသိပ်ပြီး ပတ်တီးစည်းထားတာ”

“အမေ့အနာက ယဉ်းနေပြီ”

“အင်း ... အဆစ်လဲ နဲနဲ ကိုက်တယ်”

အမေသည် သူ့လက်မလေးကို ထောင်ပြယင်း သားကို အားကိုးတကြီးနှင့် ကြည့်သည်။ အသက် သုံးဆယ့်ငါးနှစ်သာရှိသေးသော်လည်း အမေသည် လေးဆယ်ကျော်တဦးဟု ထင်ရသည်။ နှုတ်ခမ်းနှစ်လွှာက ခြောက်သွေ့ကာ အက်ကြောင်း ထင်နေသည်။ သနပ်ခါးနှင့် သိပ်မထိတွေ့သော အမေ့ပါးပြင်များသည်လည်း နုပျို စိုလန်း သွေးရောင်သမ်းခြင်း မရှိတော့ပေ။ အမေ၏ကျောက်ပြင်အပဲ့လေးဘေးတွင် အပွေးတုံးလုပြီဖြစ်သော သနပ်ခါးတုံးလေးတတုံးကို တွေ့နေရသည်မှာ နှစ်နှင့်ပင်ချီနေပြီ။ တခါတရံ စိတ်လိုလျှင် အ

မေသည် ထိုသနပ်ခါးတုံးလေးကိုပင် တဂျစ်ဂျစ်သွေးပြီး လိမ်းတတ်သည်။ တလလျှင် တခါလောက် သနပ်ခါးရေကျဲကလေး ပွတ်ထားတတ်သည်။

"လက်နာနေတာနဲ့ မနေ့ကလာအပ်တဲ့ အင်္ကျီလေးကိုတောင် ကြယ်သီးမတပ်ရသေးဘူး ... ပဲပြုတ်ကြွေးကလဲ ပူလှပြီ။ ဆီလဲ တစက်မှ မရှိဘူး"

အမေက အိမ်တံစက်မြိတ်မှ တဝေါဝေါ ကျဆင်းနေသော မိုးရေများကိုကြည့်ကာ တဦးတည်း ညည်းညူနေသည်။ ကိုကိုသည် စားပွဲဝိုင်းလေးပေါ် လှမ်းကြည့်လိုက်မိသည်။ ခါတိုင်းတွေ့နေကျဖြစ်သော ပဲပြုတ်ပန်းကန်လေးကို မတွေ့ရပေ။ ပဲပြုတ်သည် အဒေါ်ကြီးသည် သူ့အကြွေးရှစ်ကျပ်ကို ဆပ်ပြီးမှ ဆက်၍ပေးနိုင်မည်ဟု အိမ်ရှေ့မှ အော်သွားမည်မှာ သေချာလှသည်။

" ဒါကြောင့်မို့ပြောတာ အမေကလဲ ကျွန်တော်မုန့်ရောင်းပါမယ်လို့"

ညီညီက မကျေမနပ် ပြောလေသည်။ အမေက ညီညီ့ကို ရီဝေစွာ လှမ်းကြည့်ယင်း သက်ပြင်းချသည်။

"စာကိုသာ ကြိုးစားစမ်းပါ သားရယ်"

"ဟုတ်ပါဘူး၊ စာလဲကြိုးစားမှာပေါ့၊ ကျောင်းအားတဲ့အချိန် ရောင်းယင် ရတာပဲ အမေရ"

ကိုကိုသည် ညီညီ့ကို စိုးရိမ်စွာ လှမ်းကြည့်နေသည်။ သူကတော့ မုန့်မရောင်းလို။ မုန့်ရောင်းနေစဉ် ကျောင်းမှ သူငယ်ချင်းများနှင့် တွေ့မည်ကို သူကြောက်သည်။ သူရှက်သည်။ ထို့ကြောင့် အမေက ခေါင်းညိတ်သဘောတူပြီး "ရောင်းချင်လဲ ရောင်းကွယ်" ဟု ပြောလိုက်မည်ကို စိုးကြောက်နေသည်။ သို့သော်လည်း အမေသည် တလေးတနက်ပြောနေသော ညီညီ့စကားကို ဂရုတစိုက် နားထောင်မနေပေ။ ထရံကိုမှီကာ အသက်ကို မျှင်း၍ရှူနေသည်။ ထို့နောက် စုတ်သပ်၍ ညည်းလေသည်။

"နေလို့မကောင်းလိုက်တာကွယ်၊ အမေတော့ တကယ့်ကိုဖျားနေပြီ၊ ခေါင်းမထူချင်တော့ဘူး၊ သား ... ကိုကို အဲဒီ ငါးပိအိုး ချပြီး ရေနွေးအိုး တည်စမ်း။ မိုးစဲယင် အမေ့ဖို့ ကွမ်းရွက် ဆယ်ပြားဖိုး သွားဝယ်ပေးနော်။ ကွမ်းရွက်ပြုတ်ရည်လေး သောက်ရအောင်"

အမေသည် လေးကန်စွာ ထသွားပြီး ဖျာပေါ်တွင် ခွေခွေလေး လှဲချသည်။ ညီညီက ရှိရှိသမျှ စောင်လေးများကို အမေ့အပေါ်တွင် ထပ်၍ခြုံပေးသည်။ ထို့နောက် အမေ့ဘေးတွင် ထိုင်ကာ အမေ့မျက်နှာကို ငေး၍ကြည့်နေလေသည်။

အပြင်ဘက်တွင် မိုးက သဲသဲမဲမဲ ရွာဆဲပင်။ ခနိမိုးက ပေါက်ပြီး ယိုလာသော မိုးပေါက်များက အမေခေါင်းရင်းနားတွင် တဖောက်ဖောက် ကျနေသည်။ ကြမ်းပေါ်တွင် ရေများကွက်ကာ စိုနေသည်။ ဒီတနေရာတည်း မဟုတ်၊ နေရာတော်တော်များများ မိုးယိုနေသည်။ ရေခံထားရသော ချိုင့်များခွက်များလည်း ဗုံစီသလို စီနေပြီ၊ လောက်ပင်မလောက်တော့။

"ဒီနေ့တော့ ကျောင်းမတက်ရတော့ပါဘူးကွာ ..မိုးကလဲ စဲမယ့်ပုံမရှိပါဘူး"

ညှိုညှိုမှောင်နေသော ကောင်းကင်ကို မျှော်ကြည့်ယင်း ကိုကိုက ပြောသည်။ ကိုကို ကျောင်းတက်ချင်သည်။ ဆရာမ သင်သမျှစာများကို လောဘတကြီး လိုက်လံ ကျက်မှတ်ချင်နေသည်။ စာတလုံးတတ်လျှင် ဆင်းရဲတွင်းမှ တထစ် လွတ်ခြင်းဟု ထင်နေမိသည်။

"မိုးမစဲတော့ ကောင်းတာပေါ့၊ အေးအေးဆေးဆေး ကွေးရတာပေါ့။ မိုးရယ် မတိတ်ပါနဲ့ဗျာ၊ နောက်နေ့တွေလဲ ရွာပါအုံးဗျာ"

ညီညီသည် အမေ့ဘေးတွင် ကပ်ပြီး လှဲချလိုက်သည်။ အမေခြုံထားသော ချည်စောင်ပါးထဲသို့ တိုးဝင်ယင်း တခစ်ခစ် ရယ်နေသည်။

"အမေ့ကိုယ်က ပူနေလို့လား မသိဘူး၊ နွေးလိုက်တာ"

“ညီညီ မင်းသွားမရှုပ်မနေနဲ့၊ အမေ ဖျားနေတာကွ”

“ဒီလိုဆို အမေက ဆောင်းတွင်းကျယင် ခဏခဏဖျားဖို့ ကောင်းတယ်၊ ညီတို့တွေ စောင်လိုမှာ မဟုတ်ဘူးနော် အမေ”

ညီညီက အမေ့ကို ခပ်သာသာလေး လှုပ်ကာ ပြောသည်။ အမေက ဘာမှ ပြန်မပြော။

“အမေ ... အမေကလဲ ချက်ချင်းအိပ်ပျော်သွားလား အမေရ၊ ဟင်... အမေ အမေ... ဟေ ကိုကို ... အမေ ဘာဖြစ်လဲ မသိဘူး၊ ခေါင်းကြီး လန်နေတယ်”

နှုတ်ခမ်းစေ့ကာ ခေါင်းနောက်ဘက်လန်နေသော အမေ့ကို ညီညီက တအားဖက်ကာ “အစ်ကို ..ကိုကိုရ ... လုပ်ပါအုံးကိုကိုရ၊ အမေ ... အမေ... ထပါ အမေရ” ဟု ကယောင်ကတမ်း အော်နေလေသည်။

* * *

မိုးဖွဲကလေးများသည် တဖြည်းဖြည်းစိပ်ကာ သည်းလာသည်။ သူ့မျက်နှာတွင် မျက်ရည်များနှင့် မိုးမှုန်တို့ရောကာ စိုနေသည်။

“အခုလိုမိုးရွာယင် အမေ့ကို သိပ်သတိရတာပဲ”

“အင်း ... အမေသေတဲ့နေ့က မိုးတွေရွာလိုက်တာ တအုန်းအုန်းနဲ့နော်... လျှပ်စီးတွေကလဲ လက်လို့”

ကားထဲသို့ဝင်ရန် အရှိန်ယူလာသော မိုးပေါက်များသည် ကားမှန်ကို ထိကာ လွင့်စင်သွားကြသည်။ ဖြာကနဲ ဖြာကနဲ လွင့်စင် ကွဲကြေသွားသော မိုးပေါက်ကလေးများကို ကြည့်ယင်း ရင်ထဲတွင် မောလာသည်။ ထိုမိုးပေါက်ကလေးများကဲ့သို့ပင် သူတို့အမေသည် လူ့လောကကြီးမှ ရုတ်တရက် လွင့်စင်ပြီး ကွယ်ပျောက်သွားခဲ့လေသည်။

အံကို တင်းတင်းကြိတ်ကာ သွားစေ့ပြီး ဇက်ကြီးခိုင်နေသော အမေ့သဏ္ဍာန်သည် သူ၏အိပ်မက်ထဲသို့ မကြာခဏ ရောက်လာလေ့ရှိသည်။ မေးခိုင်ပိုး ဝင်၍ဝင်မှန်း မသိပဲ ကွမ်းရွက်ပြုတ်ရည်ကျဲကျဲလေးကိုသာ အမေ့ပါးစပ်ထဲ အတင်းလောင်း ထည့်ခဲ့မိသည့် သူ့ကိုယ်သူ ခွင့်မလွှတ်ချင်။

အမေ...။ သူတို့အမေသည် ဆင်းရဲဒုက္ခခံရန် ခြိုးခြံရန်အတွက်သာ လူ့လောကထဲ ရောက်လာဟန် တူခဲ့သည်။ လူပြည်လူ့ရွာတွင် အနှစ်သုံးဆယ်ကျော် နေသွားခဲ့ရ သော်လည်း စည်းစိမ်ခံခြင်း၊ ချမ်းသာခြင်းဟူသော စကားလုံးများ၏အနက် အဓိပ္ပာယ်ကိုပင် အတိအကျ နားလည်သွားဟန် မရှိချေ။ သေခါနီးအချိန်အထိ ကြယ်သီးမတပ်ရသေးသော အင်္ကျီနှင့် ပိပြုတ်ဖိုး ရှစ်ကျပ်ကို စိတ်စွဲသွားခဲ့ ရှာသည်။ ဆေးဖိုးအဖြစ် ကွမ်းရွက် ဆယ်ပြားဖိုးကိုသာ သုံးစွဲခဲ့ရှာလေသည်။

"အမေသေတာ ငါတို့တွေ ဗဟုသုတနည်းလို့၊ ပညာမတတ်လို့ကွ .. မေးခိုင်ပိုး ဝင် လို့တောင် ဝင်မှန်း မသိခဲ့တာ"

သူက ကြိတ်မနိုင် ခဲမရနှင့် မကြာခဏ ပြောမိသည်။ ထိုအခါမျိုးတွင် ညီညီသည် ရီဝေသော မျက်လုံးများနှင့် သူ့ကိုကြည့်ကာ မချိပြုံး ပြုံးတတ်လေသည်။

"အမေသာ ဆရာဝန်ဆီ စောစောရောက်ယင် မသေပါဘူးကိုကိုရာ၊ အမေသေတာ ဆင်းရဲတဲ့ရောဂါကြောင့်ပါ" ဟုပြောတတ်သည်။

"ဒီလောက်တောင် လေတွေတိုက်နေလျက်နဲ့ ရင်ထဲမှာပူပြီး အိုက်နေသလိုပဲ"

စိမ့်အေးနေသော မိုးစက်များသည် ညီညီ၏မျက်နှာကို တဖြောက်ဖြောက်နှင့် လာ၍စဥ်နေသည်။ ညီညီ၏မျက်နှာပေါ်တွင် သောက၏အရိပ်အရောင်များ ယှက်သန်းနေသည်။ ညို့မှိုင်းသောကောင်းကင်တွင် ပြိုးပြိုးပြက်ပြက် လင်း လက်သွားသော လျှပ်စီးကြောင်းကို မျှော်ကြည့်ယင်း ခပ်တိုးတိုး ပြောသည်။

"အမေသေတုန်းက သုံးဆယ့်ငါးနှစ်"

“အေး... ဟုတ်တယ်၊ အဲဒီတုန်းက ငါက ဆယ့်သုံးနှစ်၊ မင်းက ဆယ်နှစ်”

“အခု ခင်ဦးက နှစ်ဆယ့်ငါးနှစ်”

ကိုကို၏နှလုံးသားသည် ဒိန်းကနဲ ဖြစ်သွားသည်။ အူအသည်းများ ရှန်းရှင်းဆန့်ခတ် ထပြီး ကျွမ်းထိုးကုန်ကြသလို ရင်ထဲတွင် ပြောင်းဆန်သွားသည်။ ခင်ဦး..။ သူ၏ခင်ဦးသည် အမေ့လိုပင် သေခြင်းတရားနှင့် ရင်ဆိုင်နေရပေပြီ။

“ကျွန်တော်တို့သုံးယောက်ထဲမှာ ခင်ဦးက အငယ်ဆုံး၊ ကျွန်တော့်ထက် တနှစ်ငယ်တယ်၊ ကိုကို့ထက် သုံးနှစ်ငယ်တယ်”

“သုံးနှစ်နဲ့ တလ ငယ်တယ်”

ကိုကိုက ရင်ထဲမှ အတိအကျ ထပ်၍ပြောမိသည်။ ခင်ဦးသည် သူ့ထက် သုံးနှစ်နှင့် တလတိတိ ငယ်လေသည်။

“အငယ်ဆုံးပေမယ့် သတ္တိကျတော့ အကောင်းဆုံး”

ညီညီက မသဲမကွဲ ပြုံးသည်။ အတိတ်ဆီသို့ ပြေးလွှားသွားနေသော စိတ်ကြောင့် ကိုကို့အား သရော်မော်ကား ပြောရန် သတိမရပဲ ဖြစ်နေဟန်တူသည်။

“အရေးရယ် အကြောင်းရယ် ဆိုရင် သူက အမြဲ ရှေ့ကချည်းပဲ”
“ငါကတော့ အကြီးဆုံးပေမယ့် အမြဲတမ်း နောက်ကွယ်ကသာ ရပ်ခဲ့တာပါ”

ကိုကိုက ရင်ထဲမှ ပြောမိပြန်သည်။

“မှတ်မိသေးလား ကိုကို ... ဟိုတခါ ငါးပက်တုန်းကလေ၊ လူကြီးနှစ်ယောက်နဲ့ ရန်ဖြစ်ရတာရော”

“မှတ်မိတာပေါ့ ညီညီရာ”

“အဲဒီတုန်းကလဲ အခုလိုပဲ မိုးတွေရွာနေတာနော်”

ကိုကိုသည် သက်ပြင်းတချက်ရှိုက်ကာ ညီညီ့လိုပင် ကားမှန်တံခါးကို အကုန်ဖွင့်ချလိုက်သည်။ စိမ့်စိမ့်အေးနေသော မိုးစက်များကို မျက်နှာမော့၍ ခံယူယင်း မျက်စိမှိတ်ထားလိုက်သည်။

* * *

ခင်ဦးသည် ထဘီကို တိုတိုလေး ဝတ်ထားသည်။ အပေါ်ဘက်တွင်ကား ရှဉ့်မြီးအင်္ကျီလေး တထပ်တည်း ဖြစ်သည်။ သူ့အဘွားက အင်္ကျီရင်ဘတ်တွင် ဇာပြားအဖြူလေး တပ်ပေးထားသော်လည်း အခုတော့ ဇာအဖြူရောင်က အညိုရောင်ဖြစ်အောင် ရွှံ့အလိမ်းလိမ်း ကပ်နေပြီ ဖြစ်သည်။ တဖွဲဖွဲကျနေသော မိုးပေါက်များကို မျက်နှာမော့၍ ခံယူယင်း ရွှံ့ထဲတွင် တစွပ်စွပ်နှင့် လျှောက်သွားနေသည်။

“မိခင်ဦး နင် အောက်ကို ကြည့်လျှောက်လေ”

ကိုကို၏အော်သံကို ကြားသောအခါမှ ပြန်လှည့်လာသည်။ သွားကျိုးပေါက်လေးပေါ်အောင် ရယ်နေသည်။

“ငုတ်တွေက ရေထဲမှာ ရှိတာဟ၊ မိုးပေါ်မှာ ရှိတာမဟုတ်ဘူး၊ နင်က ဘာလို့မျက်နှာကြီးမော့ပြီး လျှောက်နေရတာလဲ”

ညီညီက လမ်းဘေးမှ မြေကြီးခဲများ သယ်လာယင်း မျက်မှောင်လေးကုပ်၍ အော်သည်။ ခင်ဦးက ဘာမှ ပြန်မပြော၊ လျှာကလေး ထုတ်ယင်း ရေစပ်မှ ရွှံ့များကို လက်နှစ်ဘက်နှင့် သယ်လာသည်။

“ငါးက ရပါ့မလား ကိုကိုရ”

“ရမှာပေါ့ ဟ … ဒီထဲမှာ ငါးခူကြီးတွေ ငါးရံ့ကြီးတွေရှိတယ် သိရဲ့လား”

“အများကြီးလား ဟင်”

“အေးပေါ့ ၊ အများကြီးပေါ့”

သူတို့ ငါးပက်သောနေရာသည် မီးရထားလမ်းဘေး ရေအိုင်ငယ်သာ ဖြစ်သော်လည်း ကလေးအမြင်၊ ကလေးအတွေးနှင့်ဆိုတော့ ကန်အကြီးကြီးလို စိတ်ထဲတွင် ထင်မှတ်နေလေသည်။ ငမိုးရိပ်ချောင်းက ဒီရေတက်လျှင် တခါတရံ သူတို့လမ်းထဲအထိ ဝင်တတ်သည်။ သူတို့နားတဝိုက်တွင်ရှိ လမ်းဘေးရေအိုင်များပြည့်လျှံသွားတတ်သည်။ မြေနိမ့်နိမ့်မှန်သမျှ ရေဝပ်ကာ ရေအိုင်များ ဖြစ်နေသည်။ ရေရှိလျှင် ငါးရှိတတ်မြဲမို့ လူကြီးတွေက ငါးကွန်ပစ်ကြ၊ ငါးဖမ်းတတ်ကြသည်။ အတုမြင် အတတ်သင်ကာ သူတို့ကလေးတွေလည်း ငါးဖမ်းကြသည်။

“တနေ့တုန်းက လူကြီးတွေ ဟိုဘက်နားမှာ ဖမ်းတာ ငါးရံ့အကြီးကြီးတွေ ရသွားတယ် သိလား … ၊ လက်မောင်းလောက်ကြီးတွေ ရှိတယ်၊ ငါမြင်လိုက်တယ်”

“ဟီး.. ဟီး၊ ခင်ဦးရဲ့လက်မောင်းလောက်လား ကိုကို”

ခင်ဦးက သူ၏လက်ပိန်ပိန်သေးသေးလေးကို မြှောက်ပြယင်း ရယ်သည်။ တကိုယ်လုံး ရွှံ့အလိမ်းလိမ်း ကပ်ကာ တမံတုတ်နေသော ညီညီက အလုပ်မလုပ်ပဲလေပေါ်နေသောခင်ဦးကို ရှုတည်တည်နှင့် လှည့်ကြည့်သည်။ ခင်ဦး၏ဆံပင် နီကြောင်ကြောင်လေးများသည် မိုးရေစိုသဖြင့် ကပ်နေသည်၊ မျက်နှာတွင် ရွှံ့စက်များ ပေကျံနေသည်။ ရှေ့သွားလေး နှစ်ချောင်းက ကျိုးပြီး ဟောင်းလောင်းလေးဖြစ်နေသဖြင့် သူ့ရုပ်က တည်တည်နေလျှင်ပင် အပိုးမသေပဲ ပြောင်စပ်စပ်ဖြစ်နေရာ ရယ်လိုက်သောအခါကား လူပြက် ထွက်သလို ရယ်စရာကောင်းနေလေသည်။

“ဟား.. ဟား … ခင်ဦး.. နင့်ကိုကြည့်ရတာ .. ကာတွန်းထဲက အရုပ်ဆိုး စုန်းမလေးနှင့် တူလိုက်တာ”

ညီညီ၏စကားကို ကြားသောအခါ ခင်ဦး ဆွေ့ဆွေ့ခုန်သွားလေသည်။ ယောက်ျား ရှာလေးလို ယောက်ျားလေးများနှင့်ပြိုင်ပြီး ကျည်းသားရိုက်၊ ဂျင်ပေါက်၊ ငါးပက် လုပ်နေသော်လည်း ခင်ဦးသည် အလွန်လှချင်လေသည်။ သူ့ကို အရုပ်ဆိုးသည် ဟု ပြောလျှင် ဆတ်ဆတ်ခါအောင် နာတတ်သည်။

"အောင်မာ နင်ကရော လှလွန်းလို့ .. နင်ကမှ သရဲ"

"နင်က မှင်စာ"

"ပြိတ္တာမ"

"တစ္ဆေထီး"

ခင်ဦးက ခွန်းချင်းမခံ ပြန်ပက်ယင်း ငိုသံပါလာသည်။

"ဟွန်း .. အဘွားပေးလိုက်တဲ့ ထန်းလျက် နင့်ကို မကျွေးတော့ဘူး သိလား" ဟု ဘောက်ဆတ်ဆတ်လေး ပြောသည်။

"ဟား ... ဟား ... နင့်အဘွားများ ငါမသိတာလိုက်လို့ အခုသွားတောင်း အခုရတယ်၊ နင်ကျွေးမှ ငါစားရမှာလား၊ ထွတ်"

ဟုတ်တော့လည်း ဟုတ်သည်။ ခင်ဦး၏အဘွားသည် ညီညီ့ကို အလွန်ချစ်လေသည်။ မိတဆိုးမလေး ခင်ဦးကိုချစ်သလို ကိုကိုနှင့် ညီညီတို့ ညီအစ်ကိုကိုလည်း ချစ်သည်။ စီးပွားရေးအခြေအနေအားဖြင့် ခင်ဦးတို့က ကိုကိုတို့ထက်အနည်းငယ် သာသည်။ ခင်ဦး၏ဖခင်က သူဌေးတဦးအိမ်မှ ကားမောင်းသူဖြစ်သည်။ မိုးမလင်းမီ အိပ်ရာမှထ၍ သွားရကာ ခင်ဦးအိပ်မှ ပြန်ရောက်တတ်သော်လည်း သူ့အတွက် စားစရိတ်မကုန်သည့်အပြင် တခါတရံ မုန့်ဖိုးပဲဖိုး အဝတ်အထည်လေးများပါ သူဌေးကတော် စိတ်လိုလျှင် လိုသလို ရလာတတ်သဖြင့် ခင်ဦးအဖေက သူ၏အလုပ်ကို အပြည့်အဝ ကျေနပ်လေသည်။ တယောက်လုပ်စာကို လေး

ယောက်စားရသော ကိုကိုတို့အိမ်ထက် နှစ်ယောက်သာစားရသော ခင်ဦးတို့အိမ်က ဟင်းများက ပို၍စားကောင်းသည်မှာ အမှန်ပင်။

"အဘွားက အကုန်ပေးလိုက်တာ၊ မရှိတော့ဘူး"

"ဒါဆိုရင် နင့်ဆီက လုစားမှာပေါ့ "

ညီညီက ရွှံ့ရေများနှင့် ခင်ဦးကို မထိတထိ ပက်လိုက်သည်။

ဒီလောကတွင် ညီညီအပျော်ဆုံးအရာသည် ခင်ဦးကို စိတ်ဆိုးအောင် စရခြင်းပင်ဖြစ်သည်။ စိတ်ဆိုးအောင် ငိုအောင် စပြီးလျှင်လည်း ဘယ်တော့မှ ပြန်ချော့တတ်သူမဟုတ်။ မနေနိုင်သော ခင်ဦးကသာ ငိုမဲ့မဲ့နှင့် ပြန်၍ ခေါ်ရတတ်လေသည်။

"လုရဲ လုကြည့်ပါလား ... ဟွန်း"

"တော်စမ်းဟာ .. တော်စမ်း၊ နားငြီးလိုက်တာ၊ ရော့ မိခင်ဦး နင် ခုထိ ဘာမှမလုပ်သေးဘူး၊ အဲဒီထဲက ရေတွေကို ခပ်ထုတ်လေဟာ .. ဒီမှာ ငါတို့ ရွှံ့နဲ့ ပိတ်ပြီးပြီ"

ကိုကိုက သံပုံးစုတ်ကို ပစ်ပေးလိုက်သည်။ ခင်ဦးက ဖမ်းလိုက်သော်လည်း မမိ၊ ရေ့တည့်တည့် ရွှံ့ ရေထဲသို့ ကျကာ ရွှံ့နှစ်များသည် ရင်ဘတ်ကို ဘတ်ကနဲ ပြေး၍ စဉ်ကုန်သည်။ နဂိုကတည်းက လူရုပ်ပျောက်နေသော ခင်ဦးခမျာ ပို၍ညစ်ပတ်ကာ ရွှံ့အလိမ်းလိမ်း ဖြစ်သွားလေသည်။

"ဟား ... ဟား ... လှတယ်ဟ"

ညီညီက ရယ်ပြုန်သည်။ ခင်ဦးသည် မျက်စောင်းတချက် ပစ်ထိုးပြီး ညီညီ့ကို ကျောခိုင်းလိုက်သည်။ ရွှံ့ ရေများကို သံပုံးစုတ်နှင့် ကျုံး၍ ပက်သည်။

ကိုကိုက ရေစပ်က ဗေဒါပင်ကို ဖင်ခု၍ ထိုင်ကာ ခဏအမောဖြေနေသည်။ ညနေကျလျှင်တော့ ငါးဟင်းနှင့် ထမင်းစားရတော့မည်ဟု တွေးယင်း ပျော်သွားသည်။ သူတို့က ငါးရလာသော်လည်း အမေက ဆီပုလင်းကို မှောက်ကြည့်ကာ “ဆီမရှိဘူး သားရယ်” ဟုပြောနေဦးမလားဟု တွေးယင်း စိုးရိမ်စိတ် ပေါ်လာသည်။

“ခင်ဦး ... နင်တို့အိမ်မှာ ဆီရှိလား”

“ရှိတာပေါ့၊ ပုလင်းထဲမှာ တဝက်”

“ငါးရယင် နင်ယူသွားလေ .. ဟင်းချက်ပြီးမှ ပြန်ပေး”

“ဒီလိုဆိုယင် ကိုကိုရယ်၊ ဘဘနဲ့ ဒေါ်ဒေါ်ရယ်ပဲ စားရမယ်၊ ညီညီမစားရဘူး၊ သူ့ဖို့ ချက်မပေးဘူး”

ခင်ဦးက ညီညီ့ကို မျက်စောင်းခဲယင်း ပြောသည်။ သံပုံးစုတ်နှင့် ရေကို တအားကျုံးပက်နေသော ညီညီက မကြား၊ အားတက်သရော ပက်ထုတ်ယင်း “ဟာ ကိုကို၊ တွေ့လိုက်လား.. ငါး... ငါး” ဟု ထအော်သည်။

ညီညီ အော်တော့ ခင်ဦးရော ကိုကိုပါ အားတက်လာကြသည်။ ရေများကို သုံးယောက်သား တအား ပက်ထုတ်နေကြသည်မှာ ခေါင်းပင် မဖော်နိုင်။ ရေအတော်အတန် နည်းပြီး ငါးပွက်သည်ကိုပင် မြင်ရသောအခါကျမှ အနှောင့်အယှက်နှင့် ကြုံရတော့သည်။

“ဟေ့ ... ကောင်လေးတွေ၊ ဒီနေရာမှာ ငါးမဖမ်းရဘူးဆိုတာ မသိဘူးလား”

သုံးဦးသား အလန့်တကြားနှင့် မော့ကြည့်မိသည်။ ရေစပ်တွင် လူကြီးနှစ်ဦးကို တွေ့ရသည်။ မျက်မှောင်ကုပ်ပြီး ခါးထောက်ထားကြသည်။

“ဒီနေရာမှာ ငါးမဖမ်းရဘူးကွ”

“ခင်ဗျာ”

“ပုလိပ်လာဖမ်းလိမ့်မယ်၊ သွား ..သွား”

“ဘာဖြစ်လို့လဲဗျ”

“ငါးမဖမ်းရတဲ့နေရာမို့ ပုလိပ်ဖမ်းမှာကွ ..သွားကြစမ်း သွားကြ၊ တော်ကြာ အဖမ်းခံနေရဦးမယ်”

လူကြီးတဦးက မိုးရေစဉ်သော မျက်နှာကို လက်နှင့် သပ်ချယင်း ခပ်ငေါက်ငေါက်ပြောသည်။ မကျေနပ်စိတ်များသည် ကိုကို၏ရင်ထဲတွင် တဖွားဖွားနှင့် တက်လာသည်။

“မနေ့တုန်းကတောင် လူကြီးတွေ ဖမ်းနေသေးတယ်ဗျ”

“လူကြီးတွေဖမ်းပေမယ့် ကလေး မဖမ်းရဘူး သွားကြ၊ သွားကြစမ်း”

မျက်နှာထားဆိုးဆိုးနှင့် ငေါက်ငန်းပြောဆိုနေသူ နှစ်ဦးကို မကျေမနပ် မော်ကြည့်ယင်း ကိုကိုသည် သူ့ရဲဘော်နှစ်ဦးကို လှမ်းကြည့်မိသည်။

ညီညီသည် တစုံတခု စဉ်းစားနေသလို မျက်မှောင်လေး တွန့်နေသည်။ ရွှယ်တူဆိုလျှင် ရန်ဖြစ်ရန် ဝန်မလေးသော ခင်ဦးခမျှာမှာလည်း ဘာမှ မတတ်နိုင်၊ သံပုံးစုတ်ကလေးကို ပိုက်ကာ မျက်လုံးလေး ဝိုင်းနေရှာသည်။

“တယ် ... ငါကောင်းကောင်းပြောနေတာ မရဘူးလား...သွားဆိုသွားကြစမ်း”

“ကျုပ်တို့သွားတော့ ခင်ဗျားတို့က ဒီငါးတွေ အဆင်သင့်ဖမ်းမလို့ မဟုတ်လား”

ညီညီက ရုတ်တရက် မေးသည်။ ထို့အခါမှပင် ကိုကိုလည်း သဘောပေါက်တော့သည်။ ပြီးလှနီးနေသော သူတို့ကလေး သုံးဦး၏လုပ်အားကို အပိုင်စီးရန်လာသူ လူကြီးနှစ်ဦးကို မော်ကြည့်ယင်း ကြံရာမရ ဖြစ်သွားသည်။

"အောင်မာ ချွတ်ကလေးကများ၊ ငါတို့ဟာငါတို့ ဘာလုပ်လုပ်ပေါ့ ၊ သွားစမ်း"

ရှက်အမ်းအမ်းဖြစ်သွားသော လူကြီးတဦးက လက်ကိုဝှေ့ယမ်းယင်း ရိုက်တော့မည်ကဲ့သို့ ရှေ့တိုးလာသည်။ ရန်ပွဲအပွဲပွဲနွှဲလာသော ညီညီက ရွှံ့နှစ်များကို ကောက်ကိုင်သည်။ ဆင်နှင့် ဆိတ်လောက်ပင် မမျှသော ခန္ဓာကိုယ် အရွယ်၏အခြေအနေကြောင့် ရှုံးဖို့ရာ သေချာနေသော်လည်း ညီညီ့ကိုကြည့်ရသည်မှာ နပန်းပင် ဖက်လုံးမည့်ရုပ်မျိုး ဖြစ်နေသည်။

ထိုစဉ် ခင်ဦးက တစခန်းထလေသည်။ သူ့လက်ထဲက ပုံးစုတ်လေးကို ပစ်ချလိုက်သည်။ ထို့နောက် တမံတုတ်ထားသော ရွှံ့ဘောင်များကို ပြေးပြီး ဖြိုဖျက်ချလိုက်သည်။

"ကဲဟာ ... ကဲ ... သွားစမ်းဟာ၊ မှတ်ပြီလား ..ကဲ"

ခင်ဦးသည် ခြေကိုရော လက်ကိုရော အသုံးပြုကာ ရွှံ့ဘောင်များကို တွန်းတိုက်၍ ဖြိုသည်။ ဘောင်များ အကုန်ပြိုကျပြီး သူတို့ တပင်တပန်း ခပ်ထုတ်ထားသော ရေများလည်း ဝေါကနဲ ပြန်၍ ဝင်လာကုန်သည်။

"ဟဲ့.. ကောင်မလေး ..ဟဲ့"

ညီညီ့ဆီသို့ တိုးသွားနေသော လူကြီးလည်း ညီညီ့ကို ဂရုမစိုက်နိုင်တော့။ ခင်ဦး၏ ရှောင်တခင်တိုက်ကွက်ကြောင့် မျက်လုံးမျက်ဆန် ပြူးသွားသည်။

"လာ .. ကိုကို ..လာ"

ခင်ဦးသည် အငိုင်သား ရပ်နေသော ကိုကို့လက်ကို လာဆွဲသည်။

လူကြီးနှစ်ယောက်သည် တရဟောပွင့်ကျလာသော ရေများကို ရှံ့နှင့်ပြန်ပိတ်ရမလိုလို လက်ဝါးနှင့် ကာထားရမလိုလိုနှင့် ခြေမကိုင်မိ လက်မကိုင်မိဖြစ်နေစဉ်တွင် သူတို့သုံးဦးသား လမ်းပေါ်သို့ ပြေးတက်လာကြသည်။ ရင်ထဲတွင် မုန်းတီးမှုများ လျှံတက်လာဟန်တူသော ညီညီက သူ့လက်ထဲမှ ရှံ့များနှင့် လူကြီးနှင့်ဦးကို တအားလွှဲ၍ ပေါက်သည်။ ရှံ့နှစ်ပျော့ပျော့က သူတို့နောက်ကျောကို ဘတ်ကနဲ ထိမှန်သောအခါမှ အော်ယင်း ဟစ်ယင်းနှင့် အောင်မြင်စွာ ပြေးလွှားဆုတ်ခွာလေသည်။

"မြွေပွေးကိုက်ကြီးတွေ ကာလနာတိုက်ကြပါစေဗျာ.. ငါးရိုးစူးလို့ သေကြပါစေဗျာ"

# အပိုင်း(၄)

“တကယ့်တကယ်တော့ တိရစ္ဆာန်လောကဖြစ်ဖြစ်၊ လူ့လောကဖြစ်ဖြစ် ကြီးနိုင်ငယ်ညှင်း သဘာဝက ကြီးစိုးနေတာပါပဲဗျာ”

ညီညီက မိုးစက်မိုးပေါက်များကို စိမ်းစိမ်းကားကား ကြည့်ယင်း ပြောသည်။

“အမြီးကျက်ယင် အမြီးစား၊ ခေါင်းကျက်ယင် ခေါင်းစား တရားမျှတမှုဆိုတာ ဒီကမ္ဘာလောကမှာ မရှိပါဘူး”

ညီညီ၏မျက်နှာတွင် လှောင်ပြောင်သရော်သော အရိပ်အရောင်များ ယှက်သန်းလာပြန်သည်။

“မြတ်စွာဘုရားကို ခုနေများတွေ့ယင်လေ မေးလိုက်ချင် လျှောက်လိုက်ချင်လိုက်တာ၊ ဒီလောက ဒီကမ္ဘာကြီးမှာ လူလည် လူနပ် လူ့တကိုယ်ကောင်းတွေက ချမ်းသာနေကြတယ်၊ စည်းစိမ်ခံနေကြတယ်၊ တကယ် စိတ်ကောင်းထား အနစ်နာခံတဲ့သူတွေက ဆင်းရဲတွင်း နစ်နေရတယ်။ အဲဒီလို မတရားစီးနင်း ဘာလို့များ ဖြစ်နေရတာလဲလို့လေ .. မေးချင်တယ်”

ကိုကို၏မျက်နှာသည် ရှိန်းကနဲ ပူသွားသည်။ ညီညီက ခပ်တိုးတိုး ဆက်ပြောသည်။

“ဘဝအဆက်ဆက် ပြုလုပ်ခဲ့တဲ့ ကုသိုလ်တွေ၊ ပြုလုပ်ခဲ့တဲ့ အကုသိုလ်တွေကြောင့် ဒီလိုဖြစ်တယ်လို့တော့ ပြောနေကြတာပဲ၊ ကံ ...ကံ၏ အကျိုးကို ခံစားရတယ်ပေါ့ဗျာ... ဟား... ဟား၊ ကံ၏အကျိုးတဲ့...”

ညီညီက မရယ်ချင်ပဲ ရယ်သည်။ ထို့နောက် ကိုကို၏လက်ကို ယမ်းခါကာ နာကျည်းစွာ ပြောလေသည်။

"ဒီလိုဆို… ငါတို့အမေ မေးခိုင်ပိုးဝင်ပြီး သေရတာလဲ ကံ.. ကံ၏အကျိုးပေါ့
ဟုတ်လား၊ ကိုကို့ယောက္ခမ နေမကောင်းလို့ အင်္ဂလန်သွား ဆေးကုပြီး ပြန်လာ
တာလဲ ကံ… ကံ၏ အကျိုးပေါ့ … ၊ ကိုကို ဆရာဝန်ဖြစ်ပြီး ကျွန်တော်က ပျံကျ
ဈေးသည်ဖြစ်ရတာလဲ ကံ ကံ၏အကျိုးပဲပေါ့ နော်… ဟုတ်လား ကိုကို"

ကိုကို မျက်ရည်လည်လာသည်။ ညီညီ၏မျက်လုံးများကို အားနည်းညှိုးငယ်စွာ
နှင့် ရင်ဆိုင်ကြည့်မိသည်။ ညီညီက ဘာသဘောနှင့် ပြောနေသည်လည်းတော့ သူ
မသိ။ သို့သော် စကားလုံးတိုင်းသည် သူ့ကို သရော်နေသည်ဟုပင် ကိုကိုက
ထင်မှတ်မိလေသည်။

"ခင်ဦးကလဲ သူ့ကို နည်းနည်းမှ မထောက်ထားတဲ့ တကိုယ်ကောင်းသမားကို ချစ်
မိပြီး ဒီနေ့ ဒီရက်မှာ ကားတိုက်သေရမယ်လို့ ကံဆိုတဲ့ဟာကြီးကပဲ
ညွှန်ကြားချက် ထုတ်ခဲ့တာပေါ့နော် ကိုကို …"

"တော်ပါတော့ ညီညီရယ်"

ကိုကိုက တားသော်လည်း ညီညီက မတော်နိုင်သေးချေ။ မိုးရေထဲတွင် ယိမ်းနွဲ့ နေ
သော လမ်းဘေးမှ ကောက်ပင်စိမ်းစိမ်းများကို ငေးကြည့်ယင်း သက်ပြင်းချ
သည်။

"ခင်ဦးကတော့ ကံကို သိပ်ယုံတယ်၊ ဘာပဲဖြစ်ဖြစ် …ကံပဲပေါ့ လို့ ဆိုပြီး စိတ်ကို
ဖြေလိုက်တာပဲ။ သူ့အဖေ ကားတိုက်ပြီး ခြေတဘက်ဖြတ်လိုက်ရတာကိုတောင်
ကံကို ပုံချလိုက်တော့ သူ့မှာ စိတ်သက်သာရာကို ရလို့"

ကောက်ပင်စိမ်းများသည် ကားအနောက်ဘက်တွင် ရိပ်ကနဲ ရိပ်ကနဲ ကျန်ခဲ့
သည်။ လယ်ကွင်းများဘေးက ရေမြောင်းထဲတွင် ကြာနီကြာဖြူများ ပွင့်
နေသည်။ ကြာနီကြာဖြူများကို ဘယ်နှစ်ပွင့်နည်းဟု စိတ်ထဲမှ ရေတွက်ချိန်တွင်
ကားက သူတို့ကို ရိပ်ကနဲ ချန်ထားခဲ့ပြန်သည်။ ညီညီက တိုးတိုးလေး ထပ်ပြော
ကာ ခြောက်ကပ်ကပ် ရယ်သည်။

“ဪ .. အဖေ ခြေထောက်ဖြတ်ရတာ ကံပဲပေါ့ ဟာ...၊ လျော်ကြေးမရတာလဲ ကံပဲပေါ့ တဲ့”

* * *

သူတို့ညီအစ်ကိုနှစ်ဦး ရောက်သွားချိန်တွင် ခင်ဦးသည် ဘုရားရှေ့တွင် ကျုံ့ကျုံ့လေး ထိုင်ကာ ဘုရားရှိခိုးနေလေသည်။ ပါးစပ်ကလည်း တတွတ်တွတ်နှင့် ဆုတွေ တောင်းနေလိုက်သည်မှာ မပြီးနိုင်တော့ပေ။

“ခင်ဦး... နင့်အဖေ ကားတိုက်လို့ဆို”

ညီညီက စိတ်မရှည်နိုင်တော့ပဲ မေးသည်။ ခင်ဦးက ဘုရားရှိခိုးနေယင်းမှ ခေါင်းညိတ်ပြသည်။

“ဒဏ်ရာရသွားတယ်ဆို ... ဟုတ်လား”

ကိုကိုက ထပ်မေးသောအခါ ထပ်မံ ခေါင်းညိတ်ပြပြီး မျက်ရည်များ စီးကျလာသည်။ ထို့နောက် ရှိုက်၍ငိုသည်။ သို့သော် ဘုရားစင်ရှေ့မှ မထသေး။

“ပြောစမ်းပါအုံးဟ... ခင်ဦးရ၊ ဘုရားကို ပြီးမှ ရှိခိုးစမ်းပါ”

ညီညီက စိတ်မရှည်နိုင်သလို အော်တော့မှ ဘုရားကို ဦးချပြီး သူတို့ဘက် လှည့်လာသည်။ ထို့နောက် "ငါက ဘုရားမှာ သစ္စာဆိုနေတာ” ဟု ငိုသံလေးနှင့် ပြောလေသည်။

“အဘွား ပြောပြတဲ့ပုံထဲမှာ ပါတယ်လေ... မှန်တာကို သစ္စာဆိုယင် သေမယ့်လူ တောင် ပြန်ရှင်တယ်တဲ့”

ခင်ဦးက သူ့ပါးပြင်ပေါ်မှ မျက်ရည်များကို လက်ဖမိုးနှင့် သုတ်သည်။ ညီညီက သူ့သစ္စာကို စိတ်မဝင်စားချေ။

"အဘွားရော ... ဆေးရုံလိုက်သွားလား"

"အေး"

"နင်က ဘာလို့ လိုက်မသွားလဲ"

"အဘွားက မလိုက်ရဘူးတဲ့.. ။ အဲဒါနဲ့ ငါ ဘုရားပန်းလဲပြီး ဘုရားရှိခိုးနေတာ၊ အဖေ မနာပါစေနဲ့လို့ ဆုတောင်းနေရတာ"

ကိုကိုသည် ခင်ဦး၏မျက်နှာညိုးညိုးလေးကို ငေးကြည့်နေမိသည်။ အသက်ဆယ်နှစ် ကျော်လာသည့် နောက်ပိုင်းတွင် ခင်ဦးသည် ယခင်တုန်းကလောက် ကြည့်ရမဆိုးတော့ပေ။ သွားအသစ်ထွက်လာပြီမို့ သွားကျိုးပေါက် ဟောင်းလောင်းလေး ပိတ်သွားပြီဖြစ်သည်။ ဆံပင်နီကြောင်ကြောင်များကလည်း ရှည်ပြီး ပျော့ပျောင်းလာသည်။ လုချင်ဇောနှင့် သနပ်ခါး မှန်မှန်လိမ်းသောကြောင့်လားတော့မသိ၊ အသားများကလည်း ဝင်းပြီး စိုလာလေသည်။

"အဖေကားက ဒီအတိုင်းရပ်ထားတာ၊ အရက်မူးလာတဲ့လူရဲ့ကားက အသားလွတ်ဝင်တိုက်တာတဲ့"

"ဦးလေးမောင် ဘာဖြစ်သွားလဲ"

"ခြေထောက်မှာ ဒဏ်ရာရသွားတယ်လို့ ပြောတယ်...ဘုရား..ဘုရား ... အဖေ သိပ်မနာပါစေနဲ့ဘုရား"

ခင်ဦးက ဘုရားစင်ဘက်လှည့်ကာ ရှိခိုးပြန်သည်။ ညီညီက နှာခေါင်းရှုံ့လိုက်သည်။

"တော်စမ်းပါဟာ၊ နင့်အဖေ ခြေထောက်အနာပျောက်အောင် ဘုရားက ဘာ တတ်နိုင်မှာလဲ၊ ဆရာဝန်ကသာ တတ်နိုင်မှာ"

"ငါကတော့ သစ္စာဆိုထားတာပဲ"

ခင်ဦးက သူ၏သစ္စာအကြောင်းကို စကားစပြန်သည်။ ကိုကို မနေနိုင်တော့။ ကြီးကြီးကျယ်ကျယ် ဘာများ သစ္စာဆိုထားသနည်း၊ သိချင်လာသည်။

"ဘယ်လို သစ္စာဆိုထားလဲ ဟင်"

"တပည့်တော်မသည် ကိုကိုနှင့် ညီညီကို အစ်ကိုအရင်းကဲ့သို့ ချစ်ပါသည်။ ထို့ကြောင့် ဖေဖေ့ခြေထောက် ပြန်ကောင်းပါစေလို့"

"အဲဒါနဲ့ ပြန်ကောင်းရောလား"

"သိဘူးလေ... မှန်တဲ့စကားကို သစ္စာဆိုယင် မြားမှန်ထားတဲ့လူတောင် ပြန်ပြီး ရှင်တယ်ဆို"

ကိုကိုသည် ပို၍ စိတ်ညစ်သွားသည်။ ခင်ဦးက ယုံယုံကြည်ကြည်နှင့် ပြောနေသော်လည်း ခင်ဦး ဘုရားရှိခိုးခြင်း၊ သစ္စာဆိုခြင်းများသည် ဦးလေးမောင်၏ဒဏ်ရာကို သက်သာအောင် ကုစားနိုင်လိမ့်မည်ဟု လုံးဝ မမျှော်လင့်မိပေ။

ဘုရားဟူသည်မှာ ကိုးကွယ်ရာ အမှန်ပင်ဖြစ်သော်လည်း ဦးလေးမောင်၏ခြေထောက်အနာ သက်သာရေးသည် ဘုရားနှင့် ဘာမှမဆိုင်ဟုသာ ထင်မြင်မိသည်။ ဒီလိုသာ အနာသက်သာကြေးဆိုယင် ဆရာဝန်၊ ဆရာမတွေကို ဘုရားပေါ် ပို့ပြီး ဘုရားရှိခိုးခိုင်းထားရုံပေါ့။ ဆေးကုစရာတောင် လိုမှာမဟုတ်ဘူး။ သူစဉ်းစားနေမိသည်။

"ဟဲ့... ကောင်မလေး၊ နင့်အဖေ ကားတိုက်လို့ဆို"

တအိမ်ကျော်မှ ဦးသာခင်နှင့် ဒေါ်လေးမိတို့ ရောက်လာကြသည်။ ထို့နောက် ကိုမြဒင်ကြီးတို့ ရောက်လာပြန်သည်။

"ငါတို့ ဆေးရုံလိုက်သွားမယ်၊ နင်လိုက်ခဲ့မလား"

"အဘွားက မလိုက်ရဘူးတဲ့"

"ကောင်းပါတယ်ဟာ၊ တော်ကြာ ကလေးစိတ်ထဲ အလကား ထိခိုက်နေမှာပေါ့၊ နင်.. နေခဲ့တော့၊ ကိုကိုတို့ ညီညီတို့လဲ ခင်ဦးနဲ့ နေပေးလိုက်ကြပါ၊ မင်းတို့အဖေရော"

"အဖေ့ကို ဦးလေးလှ လာပြောလို့ ဆေးရုံလိုက်သွားတယ်"

ကိုကိုက မျက်နှာငယ်လေးနှင့် ဖြေသည်။ ဦးလေးမောင် သေမလား မသိဘူးဟူသော အတွေးနှင့် ချောက်ချားတုန်လှုပ်လာသည်။ သူတို့အမေသည်လည်း ဘာဖြစ်၍ဖြစ်မှန်းပင် မသိလိုက်ပဲ သေခဲ့ရဖူးပြီ။

"ဦးလေးမောင် သေများ သေသွားမလား မသိဘူးနော် ကိုကို" ဟု ညီညီက အနားကပ်ခါ တိုးတိုးလေး မေးသည်။ ညီညီ၏မျက်နှာဝိုင်းဝိုင်းလေးတွင်လည်း စိုးရိမ်တုန်လှုပ်မှုတို့က လွှမ်းမိုးနေသည်။ သူလည်း အမေ့ကို သတိရနေခြင်းပင်ဖြစ်လိမ့်မည်ဟု ကိုကို တွေးလိုက်မိသည်။ အမေ သေသည်မှာ တနှစ်ပင် မပြည့်တတ်သေးပေ။

"ခြေထောက်ကို ထိတော့ မသေနိုင်ပါဘူး ကိုကိုရ၊ နော်ကွာ"

ညီညီက သူ့ဟာသူပင် တိုးတိုးလေး ပြန်ဖြေပြီး ငေးနေသည်။

"ညီညီ ... နင်တို့လဲ ဆုတောင်းပေးပါလားဟင်၊ ငါ့ကို ညီမလေးအရင်းလို ချစ်ပါတယ်၊ ဒါကြောင့် ဖေဖေပြန်ကောင်းပါစေလို့"

ခင်ဦးက အားကိုးတကြီး ပြောသည်။ မှောင်လာပြီဖြစ်သော်လည်း မီးဖွင့်ရန် သတိမရချေ။ ဘုရားစင်တွင် ထွန်းထားသော ဖယောင်းတိုင်မီးညွန့်လေးက ယိမ်းနွဲ့ လှုပ်ရှားနေသည်။ မီးရောင်မှိန်မှိန်လေးဝယ် ခင်ဦး၏မျက်လုံးလေးများက လက်နေလေသည်။

"ငါတို့မှာ ညီမအရင်းမှ မရှိခဲ့ဖူးတာ ခင်ဦးရ ... နင့်ကို အရင်းလို ချစ်တယ်လို့ လုပ်ပြောရမှာ ဘယ်လိုလုပ်ပြောမလဲ"

ညီညီက စိတ်ညစ်သလို ပြောသည်။

ကိုကိုက လျှပ်စစ်မီးခလုတ်ကို ထ၍ဖွင့်လိုက်သည်။ ဖယောင်းတိုင်လေးဆယ် အား မီးလုံးရောင်လေးက လင်းဖြာလာသည်။ ကိုကိုတို့အိမ်တွင်မူ လျှပ်စစ်မီး မရှိချေ။ ရေနံဆီမီးခွက်နှင့်ပင် ညတိုင်း စာကျက်ခဲ့ရသည်။ တခါတရံ ရေနံဆီမရှိ၊ ဖယောင်းတိုင်မရှိလျှင် စာပင် မကျက်နိုင်။ ထို့ကြောင့် အိမ်စာများလုပ်စရာရှိနေလျှင် ကိုကိုသည် သူ့စာအုပ်ကလေးများ ယူကာ ခင်ဦးတို့အိမ်သို့ လာမြဲဖြစ်သည်။ လင်းဖြာနေသော မီးရောင်အောက်တွင် စာလုံးလေးများကို ပြတ်ပြတ်သားသား မြင်နေရသည်ကို ကိုကို အလွန်သဘောကျသည်။ အိမ်ကရေနံဆီမီးခွက်နှင့်ဆိုလျှင် ယိမ်းနွဲ့ လှုပ်ရှားနေသော မီးညွန့်၏အရိပ်ဝယ် စာလုံးများက ဝေဝါးပြီး ??? ကုန်တတ်လေသည်။

"ငါ့မှာလဲ အစ်ကိုရင်းမှ မရှိတာ၊ ဒီလိုပဲ ဆုတောင်းတာပဲ နော် ကိုကိုရယ် .. ကိုကိုရော ခင်ဦးကို ညီမရင်းလို ချစ်တာပဲ မဟုတ်လား"

ခင်ဦးက ကိုကိုအား အားကိုးစွာ ကြည့်နေသည်။ ကိုကိုသည် ခင်ဦးကို စိတ်ရှုပ်ထွေးစွာနှင့် ပြန်၍ကြည့်မိသည်။ ငယ်ကတည်းက အတူကစား အတူစားခဲ့ရ၍ ခင်ဦးကို ချစ်သည် မှန်သော်လည်း မည်မျှလောက် ချစ်သနည်း ကိုကိုမသိပေ။ တခါမှလည်း တွေးမကြည့်ဖူးပေ။ တခါတရံ သူတို့ညီအစ်ကို ဂျင်ပေါက်ရာတွင်လည်းကောင်း၊ ဂေါလီရိုက်ရာတွင်လည်းကောင်း၊ ကန်းပိုးတမ်းကစားရာတွင်လည်းကောင်း လာလာရှုပ်တတ်၍ အတန်ငယ်ပင် မြင်ပြင်းကတ်သေးသည်။

ကိုကိုက ဘာမှ ပြန်မဖြေသေးသောအခါ ခင်ဦး၏မျက်နှာလေးသည် ပို၍ငယ်သွားသည်။ ဘာမှ ဆက်မပြောတော့ပဲ ဘုရားစင်မှ ကြာပန်းနီနီလေးများကို

ေးကြည့်နေသည်။

အဘွားက ဟင်းချိုချက်သောက်ရန် ကြာရိုးဝယ်လာလျှင် ကြာပွင့်များ ပါပါလာမြဲဖြစ်သည်။ အရိုးကို ဟင်းချိုချက်ကာ အပွင့်ကို ဘုရားပန်းကပ်တတ်လေသည်။ ထို့ကြောင့် ခင်ဦးတို့အိမ်တွင် ယနေ့ ကြာရိုးဟင်းချို ချက်မည်ကို မပြောပဲ သိနိုင်လေသည်။

ထိုနေ့က အဘွားပြန်လာမှ သူတို့ အိမ်ပြန်ခဲ့ကြသည်။ ခင်ဦးရှေ့တွင် အဘွားက ဘာမှမပြော။ "ဆေးရုံမှာတော့ ကြာအုံးမှာပေါ့ ငါ့မြေးလေးရယ်၊ ဒါပေမယ့် ဆေးရုံက နေကောင်းအောင် ကုပေးမှာပေါ့" ဟု ပြောလေသည်။

သူတို့ညီအစ်ကို အိမ်ပြန်ရောက်တော့ အဖေလည်း ရောက်နှင့်ပြီဖြစ်သည်။ အမှောင်ရိပ်တွင် ထိုင်ယင်း ဆေးလိပ်ဖွာနေသည်။

“အဖေ … ဦးလေးမောင် သေမှာလား” ဟု ညီညီက မေးသော် သက်ပြင်းချယင်း ခေါင်းခါပြလေသည်။ ထို့နောက် တဦးတည်း ပြောသလို လေးကန်စွာ ပြောလေသည်။

“ကားက သဌေးရဲ့မယားငယ်အိမ်ရှေ့မှာ ရပ်ထားတာ၊ အေးမောင်က ကားထဲ ထိုင်စောင့်နေရတာတဲ့၊ ကားမောင်းယင်း အရက်မူးလာတဲ့သူက သူ့ကားကို အသားလွတ်ဝင်တိုက်တာလို့ ပြောတယ်”

“ ဦးလေးမောင်ကရော”

“ညာဘက်ခြေထောက် အရိုးကြေသွားတယ်တဲ့”

“ပြန်ကောင်းမှာလားဟင်… အဖေ”

“ဆရာဝန်မှပဲ သိမှာပဲ သားရယ်”

ကိုကို ငေးကြည့်နေစဉ်မှာပင် အဖေ၏ခါးသည် ရုတ်တရက် ကိုင်းပြီး ပို၍အိုစာသွားသလို ထင်ရသည်။ ခေါင်းကလည်း ငုံ့လျှိုးသွားသည်။

"ဖြတ်ချင်ယင် ဖြတ်နေရမှာပေါ့နော်"

"အေး အဖေကတော့ ဖြတ်ပစ်ရလိမ့်မယ် ထင်တာပဲ ... ခင်ဦးမသိပါစေနဲ့ဦးကွာ"

အဖေက စာနာစွာ ပြောသည်။ အဘွားတို့ ဦးလေးမောင်တို့က ကိုကိုနှင့် ညီညီကို ချစ်သလို အဖေကလည်း ခင်ဦးကို ချစ်လေသည်။

"ကားနဲ့ တိုက်တဲ့သူကို တွေ့ခဲ့တယ်၊ အတော်ချမ်းသာပုံရတယ်၊ အရက်နံ့လေး တသင်းသင်းနဲ့"

"သူက ဦးလေးမောင်ဆီ လာတာလား"

"အင်း... လေးမောင်ကို ငွေငါးရာ လာပေးတယ် ... ဘီစကွတ်တထုပ်နဲ့ ကော်ဖီမှုန့်တထုပ်လဲ ပါတယ်..."

"ဒါနဲ့ ပြီးရောလားဗျ... အဖေတို့က ဝိုင်းပြီး ရိုက်မလွှတ်လိုက်ဖူးလား"

ညီညီက ဒေါသသံလေးနှင့် ပြောသည်။ အဖေက မှုန်မှိုင်းစွာ ပြုံးယင်း ခေါင်းခါသည်။

"လေးမောင်ရဲ့ သူဌေးလဲ ခဏလာတယ်၊ အဲဒီလူနဲ့ အမှုကို ကျေအေးကြဖို့ ပြောနေကြတယ်၊ အဖေက နားစွန်နားဖျားကြားရတာပေါ့.. ။ အဲဒီလူက ကားကို အသစ်အတိုင်း ပြန်ပြင်ပေးမယ်... အမှုကို ကျေအေးဖို့ ပြောနေတယ်။ တိုက်မိခိုက်မိတုန်းကလဲ ဆင်ခြေဖုံးရပ်ကွက်၊ လမ်းကျဉ်းကလေးထဲမှာ ဆိုတော့ ယာဉ်ထိန်းရဲမှ အနားမှာမရှိတာ၊ သူဌေး အမှုမလုပ်ယင် ပြီးနေပြီ .. ဟာ"

“ ဦးလေးမောင်ကရောဗျာ”

“ငါတို့က ပမွှားပဲ သားရယ်၊ ငါးရာပေးလဲ ကျေနပ်ရမှာပဲ၊ တစ်ထောင်ပေးလဲ ကျေနပ်ရမှာပဲ၊ သူတို့လိုလူတွေနဲ့ ပြိုင်ပြီး အမှုဆိုင်ဖို့ မစဉ်းစားရဲပါဘူး၊ ကိုယ့်ကိုက ကံမကောင်း အကြောင်းမလှလို့ ဖြစ်ခဲ့ရတာ မဟုတ်လား”

ကိုကို၏ရင်ထဲတွင် မကျေနပ်စိတ်တွေ ဆူဝေလာသည်။ ဘာကို မကျေနပ်မှန်းမသိ၊ ဘယ်သူ့ကို မကျေနပ်မှန်းမသိ။ သူ့ရှေ့မှ သောက်ရေအိုးကြီးကို ရိုက်ခွဲပစ်ချင်သလိုလို၊ ပန်းကန်စင် ခနော်နီ ခနော်နဲ့လေးကို ဝုန်းကနဲ လဲအောင် တွန်းပစ်လိုက်ချင်သလိုလိုနှင့် ရင်ထဲတွင် လှိုင်းထနေသည်။ ညီညီ့မျက်နှာလေးကလည်း မှုန်နေသည်။

“အဖေ… ကားကပြင်ယင် ဘယ်လောက်ကုန်မှာလဲ”

“တစ်သောင်းလောက် ကုန်မှာတဲ့”

“ဟာဗျာ… ကားက အသက်မရှိတာချည်းကိုတော့ တစ်သောင်းအကုန်ခံ ပြင်ပေးတယ်။ အသက်ရှိတဲ့လူကျတော့ ငါးရာတည်းလား အဖေရာ”

“သူတို့သနားယင် နည်းနည်းပါးပါး ထပ်ပေးချင်ပေးမှာပေါ့ သားရယ်”

အဖေက ဆီနည်းပြီး မှိတ်တုတ်မှိတ်တုတ်ဖြစ်နေသော ရေနံဆီမီးခွက်ကို စိုက်ကြည့်နေသည်။ ထို့နောက် သက်ပြင်းချယင်း “ဒီတခါ နည်းနည်း ချောင်လည်ယင် အိမ်ရှေ့ဓာတ်တိုင်က မီး ခိုးသွယ်လိုက်အုံးမယ် .. သားတို့ စာကျက်ရတာ မကောင်းဘူး” ဟု စကားလွှဲလိုက်သည်။ သို့သော် ညီညီက မျက်မှောင်ကုပ်ဆဲဖြစ်သည်။

“ကားက ပြင်ယင်ရတယ်၊ ဦးလေးမောင် ခြေထောက်က ဖြတ်ပစ်လိုက်ယင် ဘယ်လိုလုပ် အသစ်ဖြစ်တော့မှာလဲ၊ အိမ်မြှောင်အမြီးလို ပြန်ပေါက်တာမှမဟုတ်တာ”

"သူတို့အတွက်တော့ လေးမောင်ရဲ့ခြေထောက်ထက် ကား မှန်ကွဲတာ၊ မီးလုံးကွဲတာ၊ ပိန်ချိုင့်သွားတာက ပိုအရေးကြီးနေလို့ပေါ့ကွာ"

ထိုနေ့ညက သူတို့သားအဖသုံးယောက်လုံး ထမင်းမစားနိုင်ကြ။ ခါတိုင်း အစားပုပ်နေကျ ညီညီပင် ငါးဟင်းအိုးကို လူးထားသော သူ့ထမင်းကို ကုန်အောင် မစားနိုင်။ အိမ်အောက်တွင် သားလာပေါက်နေသော ခွေးနီမကို ချကျွေးလိုက်ရလေသည်။

ဦးလေးမောင်၏ ခြေထောက်ကို နောက်တနေ့တွင် ဖြတ်ပစ်ရသည်။ သူတို့နေထိုင်ရာ ဆင်းရဲသားရပ်ကွက်ကလေးတွင် အတော်လေး လှုပ်လှုပ်ရှားရှားဖြစ်သွားသည်။ လူတိုင်းကပင် "လေးမောင်နှယ် ကံဆိုးလိုက်တာ" ဟုပြောနေကြလေသည်။

ခင်ဦးတို့အိမ်သို့ သူဌေးက တရက်လာသည်။ အဘွားကို ငွေသုံးရာပေးကာ ခင်ဦးအတွက် သူ့သမီး၏အင်္ကျီဟောင်း ငါးထည် ပေးလေသည်။ သူ့သမီး မကြိုက်တော့သောအင်္ကျီမို့လို့သာ အဟောင်းဟု ဆိုရသော်လည်း အသားကောင်းကောင်း ပုံစံလှလှလေးများမို့ ခင်ဦးအတွက်တော့ အသစ်ပင်ဖြစ်သည်။ အနွေးအင်္ကျီဝတ်စရာမရှိသော ခင်ဦးကလည်း သိုးမွေးဆွယ်တာတထည် ပါလာ၍ သဘောကျသွားဟန်ရှိသည်။ ခင်ဦးဝတ်နေကျ ဖလန်နယ် အနွေးအင်္ကျီလေးမှာ ဟောင်းလှပြီဖြစ်သည်။

ခင်ဦးတို့အိမ်နားမှ အိမ်နီးချင်းများက သူဌေးကို လူထူးလူဆန်းတဦးလို ဝိုင်း၍ကြည့်ကြသည်။ သူဌေးက သူတို့ကို ပြုံး၍ နှုတ်ဆက်သည်။ " ခင်ဦးကို ..မင်းအဖေ နေကောင်းပါပြီကွာ" ဟု နှစ်သိမ့်သည်။ အဘွားကိုလည်း "ကျွန်တော် ပြန်ပါဦးမယ် အဒေါ်" ဟု ယဉ်ကျေးစွာ နှုတ်ဆက်လေသည်။ သူဌေးပြန်သွားသောအခါ "သဘောကောင်းလိုက်တာနော်" ဟု အားလုံးက ဝိုင်း၍ ချီးကျူးကြလေသည်။

ညီညီကမူ သိုးမွေးအင်္ကျီလေး ဝတ်ကြည့်နေသော ခင်ဦးအား မျက်မှောင်ကုပ်၍ ကြည့်သည်။ "သူ မယားငယ်ထားလို့ မယားငယ်အိမ်ရှေ့မှာ ကားရပ်ပြီး စောင့်

နေရလို့ ဦးလေးမောင် ကားတိုက်တာကွ” ဟု မကျေမချမ်း ...လှမ်းပြောလေသည်။

ကာယကံရှင် ခင်ဦးကမူ "ဘယ်တတ်နိုင်မှာလဲဟာ ...ငါတို့ကံကိုက ဆိုးတာကိုး။ အဘွားက ပြောတယ်၊ ကံမကောင်း အကြောင်းမလှတဲ့အခါ နေယင်းထိုင်ယင်း ဒီလိုပဲ ဖြစ်ရတာပဲတဲ့၊ ကိုယ့်မှာကိုက ခြေပြတ်ဖို့ကံ ပါလို့ ကြုံဖန်ပြီး ဖြစ်ရတာပေါ့တဲ့ ” ဟု မျက်ရည်လေးဝဲဝဲနှင့် ပြောသည်။

ညီညီက ခင်ဦးကို မျက်စောင်းခဲကြည့်ယင်း သူ့လက်ထဲမှ ပြောင်းဖူးရိုးနှင့် ခွေးနီမကို ပစ်ပေါက်သည်။ သူတို့အိမ်အောက်မှ မျှော်ကြည့်ပြီး အမြီးနှံ့နေသောခွေးနီမခမျာ ဂိန်ကနဲ အော်ကာ ထွက်ပြေးသည်။

“ဘာကံလဲ၊ ဦးလေးမောင် ခြေထောက်က အလိုလို ပြတ်ကျသွားတာ မဟုတ်ဘူးဟ ..။ တိုက်တဲ့လူ ရှိလို့ ဖြတ်ပစ်ရတာ၊ အဲဒီကရော တိုက်ဖို့ကံ ပါလာသလား .. ထွက်... အလကားလူတွေ ထစ်ကနဲရှိ ကံကိုပုံချ”

ခင်ဦးသည် ဒေါသဖြစ်နေသော ညီညီကို မျက်လုံးလေး ပုတ်ခတ်ပုတ်ခတ်နှင့် ကြည့်နေသည်။ ဘာမှ ပြန်မပြောပဲ သိုးမွေးအကျီလေးကို ချွတ်ကာ ထန်းခေါက်ဖာထဲထည့်၍ သိမ်းဆည်းသည်။ ထို့နောက် သူ့ဖခင်စားရန် ကမ္ဗလာသီးများကို တိတ်ဆိတ်စွာ အခွံနွှာနေသည်။ မနေ့တုန်းက ကားနှင့်တိုက်သူက ကမ္ဗလာသီး အလုံးနှစ်ဆယ် လာပေးသွားသည်။ အနာမြန်မြန်ကျက်ရန် စားပေးပါဟု ဆရာမများက ပြောထား၍ ခင်ဦးနှင့်အဘွားက ကျေးဇူးတင်စွာ လက်ခံကြလေသည်။

ကိုကို ဘာစကားမှ ဝင်မပြောမိ၊ ညီညီ့စကားများကို ထောက်ခံမိသော်လည်း ညီညီ့လိုတော့ ခင်ဦးကို မျက်စောင်းတခဲခဲနှင့် မကျေမချမ်း မပြောရက်ပေ။ ကံကိုယုံ၍ ပုံချရခြင်းသည် တခါတရံ၌ ဒေါသဖြစ်ကာ ကြေကွဲနေရခြင်းထက် စိတ်သက်သာလေသည်။ ညီညီပြန်သွားသောအခါမှ ခင်ဦးသည် မျက်ရည်များ စီးကျလာပြီး ရှိုက်ငိုသည်။

“ခင်ဦးလဲ ဒေါသဖြစ်တာပေါ့ ကိုကိုရယ်၊ ဒါပေမယ့် ဒေါသဖြစ်နေရတာက စိတ်ဆင်းရဲရုံပဲ၊ ကံကိုယုံပြီး ပုံချလိုက်ရတာက ရင်ထဲမှာ သက်သာသေးတယ်”

ခင်ဦးသည် ရုတ်တရက် ချက်ချင်း လူကြီးဖြစ်သွားဟန်ရှိသည်။ စွာစွာလောင်လောင်နှင့် ကဲကဲဆတ်ဆတ် ရန်လိုသော ဟန်များ ပျောက်သွားပြီး မချိပြုံးလေး ပြုံးတတ်လာသည်။

# အပိုင်း(၅)

“အဲဒီတုန်းက အခုလို ကားတိုက်မှုတွေအတွက် အာမခံကြေးတွေ ဘာတွေလဲ မရှိသေးတော့ ဦးလေးမောင်ခမျာ ခြေတဖက်လုံးသာဖြတ်ပစ်ရတယ်၊ ဘာလျော်ကြေးမှုလဲ မရဘူး။ ခြေပြတ်အောင် တိုက်ပြီး ငါးရာပေးတဲ့သူကိုပဲ ကျေးဇူးတင်နေရသေးတယ်”

“သူဌေးကရော ငွေသုံးရာပေးပြီး အလုပ်ဖြုတ်ပစ်လိုက်တာမဟုတ်လား..။ ဟိုကောင်မလေးကလဲ သိုးမွေးဆွယ်တာ အဟောင်းလေးတထည် ရတာကိုပဲ ဝမ်းသာနေသေး... ။ အခုခေတ်လိုသာ အလုပ်သမားအစည်းအရုံးတွေ ဘာတွေသာရှိယင်တော့ မှတ်လောက်အောင် တွယ်ပစ်နိုင်မှာ”

ညီညီက ပြန်တွေးယင်း ဒေါသဖြစ်လာသလို သူ့လက်ထဲမှ သောက်လက်စစီးကရက်ကို ရှေ့ထိုင်ခုံနောက်ဝယ်ရှိ ပြာခွက်ထဲသို့ ဆောင့်၍ ချေချလိုက်သည်။ ထို့နောက် ချက်ချင်းပင် အသစ်တလိပ် ထပ်ညှိသည်။ ဆေးခိုးဆေးငွေ့များကို အဆုတ်ထဲသို့ အငြိုးတကြီးနှင့် ရှိုက်၍သွင်းသည်။ ပါးရိုး နားရိုးများကျကာ ပိန်နေသော ညီညီ့အား ကိုကိုသည် ကြေကွဲစွာ ကြည့်မိသည်။ ညီညီ့ကိုကြည့်ယင်း ခင်ဦးကို သတိရသည်။ ခင်ဦးသေတော့မည်ဟုဆိုသည်ကို သတိရပြန်သည်။ “အို.. ညီညီ နားမလည်လို့ပြောတာပါ.. ။ သေလောက်တဲ့ဒဏ်ရာ ဟုတ်ချင်မှ ဟုတ်မှာပေါ့။ ခင်ဦးရယ်..ခင်ဦးကို ကိုကိုကုပေးမှာပေါ့” ဟု စိတ်ထဲမှ ပြောမိသည်။

“တခါတလေကျတော့လဲ လောကကြီးတခုလုံးကို ဆေးလိပ်လို လိပ်ပြီး မီးရှို့ပစ်လိုက်ချင်တယ်ဗျ”

ညီညီက ခြောက်ကပ်ကပ် ရယ်ယင်း ပြောသည်။ သူနှင့်ညီညီ မတွေ့ရသည်မှာ ကြာလှချေပြီ။ ခင်စိုးပိုင်နှင့် လက်ထပ်မည်ဟု သူပြောသည့်နေ့က ညီညီ့ကို နောက်ဆုံး စကားပြောခဲ့ရခြင်းဖြစ်သည်။ သူနှင့်မတွေ့ရသည့်နှစ်များအတွင်းဝယ် ညီညီသည် မည်ကဲ့သို့သောဘဝမျိုးတွင် ကျင်လည်၍ မည်ကဲ့သို့ နေထိုင်ခဲ့သနည်း။ သူ မတွေးချင်တော့။ မတွေးသော်လည်း အလိုလိုသိနေသည်။ ညီညီသည် ယခင်ကအတိုင်း သင့်လျော်ရာ အဆင်ပြေမည့်ပစ္စည်းများ ရောင်းနေပေ

လိမ့်မည်၊ ဖြစ်သလိုနေကာ ဖြစ်သလို စားမည်၊ တခါတရံ အရက်သောက်ပြီးလျှင် "ကျုပ်မှာလေ ကျုပ်က ချစ်တဲ့၊ ကျုပ်ကိုမချစ်တဲ့၊ ဘယ်သူ့ကိုမှ မချစ်တဲ့၊ သူ့ကိုယ်သူသာချစ်တဲ့ အစ်ကိုတစ်ယောက်ရှိဖူးတယ်ဗျ။ ကျုပ်အစ်ကို အဖိုးတန် အမျိုးမွန်ကြီးက မယားစံရွေးတဲ့ ဆရာဝန်ကြီးခင်ဗျ" ဟု တဟားဟား ရယ်ကာ ပြောလိမ့်မည်ကို သိနေသည်။

ညီညီ့ကိုကြည့်ယင်း ဆေးလိပ်သောက်ချင်စိတ် ပေါ်လာ၍ ကိုကိုသည် ညီညီ၏လက်ထဲမှ ဒူးယားဗူးလေးကို လှမ်း၍ဆွဲယူလိုက်သည်။ သူက စီးကရက်တလိပ်ကို ဆွဲထုတ်လိုက်သောအခါ ညီညီက ဓာတ်ငွေ့ မီးခြစ်ကလေးကို ဖောက်ကနဲ ခြစ်ယင်း လှမ်း၍ မီးညှိပေးလေသည်။

"သိပါဘူးဗျာ ... ဒေါက်တာဦးကိုကိုက ဒူးယားမှ သောက်ပါ့မလားလို့ မပေးမိတာပါ"

သူက ဘာမှပြန်မပြောပဲ စီးကရက်ကို ရှိုက်၍ ဖွာလိုက်သည်။ ဝေ့တက်သွားသော မီးခိုးငွေ့ လေးများကို ငေးကြည့်နေမိသည်။ ရှင်းရှင်းဝန်ခံရလျှင် သူသည် ဒန်းဟီးလ်စီးကရက်မှ သောက်သူဖြစ်သည်။ ယခုလည်း အိတ်ထဲတွင်ပါသော စီးကရက်ဗူးကို ညီညီ့ရှေ့တွင် ထုတ်လျှင် ညီညီက သရော်ပြုံးကိုပြုံးကာ တစုံတခုပြောဦးမည်ကို သိနေ၍ ဒူးယားဗူးကို လှမ်းယူခြင်းဖြစ်လေသည်။

"အခုတော့ ကျွန်တော်တို့တွေ စီးကရက်သောက်နေလိုက်ကြတာ မီးခိုးချင်းကို ဆက်လို့၊ ကျွန်တော်လေ ဆေးလိပ်သောက်တိုင်း အဖေ့ကို သွားသွားပြီး သတိရတယ်"

ညီညီက တိုးတိုး ပြောသည်။ သူ၏ရင်ထဲတွင် လှိုက်ကနဲ ဖြစ်သွားသည်။ စီးကရက်မီးခိုးများကြားထဲတွင် အဖေ၏မျက်နှာနွမ်းနွမ်းကြီးကို မြင်ယောင်လာမိသည်။

"အဖေခမျာ စီးကရက်ကလေး တလိပ်လောက် ခဲလိုက်ရယင်ကိုပဲ ကျေနပ်လို့၊ စည်းစိမ်ပဲ... စည်းစိမ်ပဲ... နဲ့ ပြောတတ်ရှာသေးတယ်"

ဆေးလိပ်သောက်သည်မှအပ အဖေ့တွင် ဘာအပျော်အပါးမရှိပေ။ ရုပ်ရှင်ကြည့်သည်ကိုလည်း တခါမျှ မတွေ့ ရဖူးပေ။ ထိုစဉ်က တက်သစ်စနာမည်ကြီးနေသော ခင်ယုမေ၊ ဝဝဝင်းရွှေ၊ ခင်သန်းနု စသူများကို ရင်ဆိုင်တွေ့လျှင်ပင်မည်သူမည်ဝါဟူ၍ အဖေက သိလိမ့်မည် မဟုတ်ချေ။ "နှစ်ယောက်ထဲ နေချင်တယ်" ကား ရုံတင်သောအခါကလည်း သူတို့ညီအစ်ကိုနှစ်ဦးလုံး လူကြီးများနှင့်ရောပြီး "သဲသဲမဲမဲ နှစ်ယောက်ထဲ နေချင်တယ်" ဟု ဟစ်ကြသောအခါ အဖေက ဆေးလိပ်ကလေး ခဲကာ ပြုံးယင်း "ငါကတော့ မကောက်ကလေးနဲ့ပဲ နေချင်တယ်" ဟု ပြောလေသည်။ အဖေ အမြဲစွဲ၍ သောက်လေ့ရှိသော ဆေးလိပ်မှာ "ကျားပျံမကောက်" ဆေးလိပ်ဖြစ်လေသည်။

အဖေသည် အရက်ကို အနံ့ခံတတ်သူမဟုတ်။ ဖဲရိုက်၊ ကြက်တိုက်ခြင်းလည်း မလုပ်တတ်။ ညနေထမင်းစားပြီးလျှင် ဆေးလိပ်တိုလေးခဲကာ မှိန်းတတ်သည်မှအပ အဖေ့ဘဝတွင် အခြားအပျော်အပါး လုံးဝမရှိခဲ့ပေ။ အဖေ့ဘဝတွင် ... ဖြေဖျော်စရာ စည်းစိမ်ခံစားစရာ ဟူ၍ ဆေးလိပ်ကလေးများပင် ရှိခဲ့သည်။ ထိုဆေးလိပ်ကိုပင် အဖေက ဖြတ်ရန် စိတ်ကူးခဲ့သေးသည်။ ကိုကို ဆယ်တန်းအောင်သောနေ့က ဖြစ်လေသည်။ ကိုကို အောင်သည်ကို ညီညီက အလျှင်သိလာခဲ့လေသည်။ လက်နှစ်လက်လုံးကို ဝှေ့ယမ်းပြီး တလမ်းလုံး ကဆုန်ပေါက်၍ ပြေးလာခဲ့လေသည်။

" ဦးကြီးတင်ရေ အစ်ကို အောင်တယ်ဗျ။ အစ်မရေ အစ်ကိုဂုဏ်ထူးပါတယ်ဗျ"

"ဗို့ အစ်ကိုကြီးညွန့်မောင် ... ကိုကိုရယ် ဂုဏ်ထူးလေးခုတောင် ... "ဟု တွေ့သမျှမြင်သမျှ လူတွေကို စူးစူးဝါးဝါးနှင့် အော်ဟစ်ပြီး ပြောခဲ့သေးသည်။

"အဖေရေ.. အဖေရ၊ ကိုကို အောင်တယ်ဗျ၊ ဂုဏ်ထူးမှ လေးခုတောင်ဗျ"

ညီညီသည် အိမ်ပေါ်သို့ ခုန်ပေါက်၍ ပြေးတက်လာသည်။ တံမြက်စည်းလှဲနေသော ကိုကို့လက်ထဲမှ တံမြက်စည်းကို ဆွဲယူပြီး လွှင့်ပစ်လိုက်သည်။ ထို့နောက် ကိုကို၏လက်နှစ်ဘက်ကို ဆွဲယူပြီး ယမ်းခါနေသည်။

"ဓာတုရယ်၊ ရူပရယ်၊ သင်္ချာရယ် ... ဟတ်ဟား ... နောက်ပြီး အင်္ဂလိပ်စာရယ်...ငါ့အစ်ကို ငတော်ကြီးကွ ဟား.. ဟား"

အဖေ၏မှုန်ငေးငေးမျက်နှာတွင် ပီတိရောင်များ လျှမ်းလျှမ်းဝေသွားသည်။ သူ့လက်ထဲမှ သောက်လက်စ ဆေးလိပ်လေးကို ကယောင်ကတမ်းနှင့် လွှင့်ပစ်လိုက်ပြီး ... နေရာမှ ဆတ်ကနဲ ထလိုက်သည်။

“ဟ .ကိုကို၊ ဘာအူကြောင်ကြောင်လုပ်နေတာလဲ၊ ထစမ်းပါကွ၊ ရယ်စမ်းပါကွ..၊ ခုန်စမ်းပါကွ၊ ကျွမ်းထိုးပစ်လိုက်စမ်းပါကွ”

ညီညီသည် ကာယကံရှင်ထက်ပင် ပို၍ပျော်နေသည်။ မခိုင့်တခိုင် အိမ်ကလေးကို အားနာသဖြင့်သာ တဝုန်းဝုန်းထ၍ မခုန်ခြင်း ဖြစ်ဟန်တူသည်။ ညီညီသာ စိတ်ရှိလက်ရှိ ခုန်လိုက် ပေါက်လိုက်လျှင်လည်း အိမ်ပြိုသွားလိမ့်မည် ထင်သည်။

“မခင်မေသာရှိယင် ပျော်လိုက်လိမ့်မည် ဖြစ်ခြင်း”

အဖေက တုန်ယင်သောအသံနှင့် ပြောသည်၊ ညီညီသည် အမေကို သတိရသွားသောအခါမှ ကိုကို၏လက်ကို လွှတ်ကာ ခြေပစ်လက်ပစ် ထိုင်ချလိုက်လေသည်။ အမေ သေဆုံးသည်မှာ လေးနှစ်ခန့် ရှိပေပြီ။

“အမေသာဆိုယင် ပျော်လို့ဆိုပြီး မျက်ရည်လေးစမ်းစမ်းနဲ့ ငိုမှာဗျ”

ကိုကိုက ခပ်တိုးတိုး ပြောမိသည်။ အမေ့ကို ပြန်ပြောင်းတွေ့ချင်စိတ်က ပြင်းပြင်းပြပြ ဖြစ်ပေါ်လာသည်။ “အမေရေ.. ဂုဏ်ထူးလေးခု ပါတယ်ဗျ” ဟု ပြေးပြီး ပြောလိုက်ရလျှင် အပြုံးအရယ်နည်းသော အမေသည် ဝမ်းသာအားရ ပြုံးလိမ့်မည် ထင်သည်။ အမေ၏အပြုံးကို မြင်စမ်းချင်လှသည်။

“ငါ့သားကို အဖေ ကောလိပ်ပို့ချင်လိုက်တာ”

အဖေက တုန်ယင်လှိုက်လှဲစွာ ပြောသည်။ အဖေ၏မျက်နှာတွင် လင်းလက်တောက်ပနေသော ပီတိရောင်များလည်း မှေးမှိန် လျော့နည်းသွားသည်။

ကိုကိုသည် အဖေ့ကိုလှမ်းကြည့်ပြီး ငိုချင်သလို ဖြစ်လာသည်။ အဖေ့အတွက်လည်း ငိုချင်သည်။ သူ့အတွက်လည်း ငိုချင်သည်။ ဆယ်တန်းစာမေးပွဲကို မည်မျှပင် ထူးချွန်စွာ အောင်သော်လည်း တက္ကသိုလ်ပညာကိုတော့ သူတို့အခြေအနေနှင့် ဆက်လက်သင်ယူရန် မလွယ်ကူလှချေ။ တက္ကသိုလ်တက်ရန် ငွေကြေးမပြည့်စုံသူအတွက် တသီကြီးပါလာခဲ့သော ဂုဏ်ထူးများသည်လည်း အဓိပ္ပါယ်မရှိလှချေ။

"ဆယ်တန်းအောင်ယင် တော်ပြီပေါ့ အဖေရယ်၊ ကျွန်တော် အလုပ်လုပ်ယင်းလုပ်သားကောလိပ် တက်လို့ရတာပဲ"

ညီညီက မျက်မှောင်ကလေးကုပ်ကာ ခပ်ဆတ်ဆတ် ပြောသည်။ သူတို့ မွေးဖွားစဉ်ကတည်းက ကပ်ရပ်ပါလာသော "ဆင်းရဲခြင်း" ဟူသော ဖွားဖက်တော်ကို နာနာကျည်းကျည်းနှင့် ဒေါသဖြစ်နေပုံရသည်။

"ဟုတ်တယ်၊ ငါ့သားငယ်ပြောတာ ဟုတ်တယ်"

အဖေက ခေါင်းတညိတ်ညိတ်နှင့် ပြောသည်။

"ငွေဆိုတာ ရှာယင်ရတာပဲ၊ အဖေရှာမယ်။ ကြံ့သမျှအလုပ်တွေကို အကုန်လုပ်မယ်... ဆေးလိပ်လဲ ဖြတ်မယ်ကွ"

"အဖေရယ်"

ကိုကိုသည် အဖေ့ကို ငေးကြည့်ယင်း မျက်ရည်များ စိမ့်လာဝဲလာသည်။ ပါးပြင်ပေါ်သို့ စီး၍ကျမလာစေရန် မျက်တောင်တဖျပ်ဖျပ်ခတ်၍ ထိန်းနေရသည်။ သူ့တကိုယ်လုံးကို အဖေ့မေတ္တာဓာတ်များက တရစ်ပြီးတရစ် ရစ်ပတ်နေသလို ခံစားရယင်း ကြက်သီးတဖြန်းဖြန်း ထလာသည်။ အဖေသည် သူ၏ဘဝတွင် တခုတည်းသော ဖျော်ဖြေရာဖြစ်သည့် ဆေးလိပ်ကိုဖြတ်ရန် ကြံရွယ်နေရှာသည်။ ဆေးလိပ်ဖိုးလေးကို မသုံးရက် မစွဲရက် လျှော့ချမည်ဟု ပြောနေသည်။ ကိုကို မကြည့်ရက်။

"အဖေ့မှာ ပင်ပန်းလှပါပြီ အဖေရယ်"

"ဟုတ်တယ်၊ အဖေ ပင်ပန်းလှပြီ။ တော်ပါတော့ အဖေရယ်"

ညီညီက ဝင်ပြောသည်။ အဖေက ညီညီ့ကို နားမလည်နိုင်သလို လှမ်းကြည့်သည်။ အဖေ့မျက်လုံးများက "အဖေမလုပ်လို့ ဘယ်သူလုပ်ရမှာလဲ၊ ဒါတွေဟာ အဖေ့တာဝန်တွေ မဟုတ်လား" ဟု ပြောနေဟန်ရှိသည်။

"ညီ.. အလုပ်လုပ်မယ် အဖေ"

ညီညီ့မျက်နှာလေးသည် တည်ငြိမ်နေသည်။ ရှိရှိသမျှ တာဝန်များကို ပခုံးလွှဲ၍ပြောင်းယူတော့မည်ကဲ့သို့ ကိုယ်ကို မတ်ထားသည်။ နှုတ်ခမ်းနှစ်လွှာကို တင်းတင်းစေ့ထားသည်။ အသက်ကို ပြင်းပြင်းရှူကာ ခေါင်းမော့ထားလေသည်။

"ဘာရယ် ညီ ... မင်းက အလုပ်လုပ်မယ်လား"

"ဟုတ်တယ်"

"အို ... မဟုတ်တာ"

"ဟုတ်ပါတယ် ကိုကိုရ"

တအံ့တသြဖြစ်နေသော ဖခင်နှင့် အစ်ကိုအား ညီညီသည် လူကြီးတယောက်ကဲ့သို့ အပေါ် စီးမှ ကြည့်သည်။

"သားရယ်... သားအရွယ်က ကျောင်းနေရမယ့်အရွယ်၊ စာသင်ရမယ့်အရွယ်ကွယ့်"

အဖေက မချိတင်ကဲ ပြောသည်။ ပညာကို သူ အစဉ်အမြဲ တန်ဖိုးထားခဲ့သည်။ သူသည် ဘာပညာကိုမှ မည်မည်ရရ တတ်ခဲ့သူ မဟုတ်ချေ။ လက်သမားဟု ဆိုသောကြောင့် လက်သမားပညာကိုလည်း တကယ်တမ်း ကျကျနန သင်ကာ ကျွမ်းကျင်လိမ္မာခဲ့ရသူ မဟုတ်ချေ။ လွတ်တိုက်တတ် သံရိုက်တတ်ရုံသာ ဖြစ်သည်။ ထို့ကြောင့် ပထမတန်းလက်သမားမဟုတ်ပဲ တတိယတန်းစား လက်သမားသာ ဖြစ်ခဲ့ရသည်။ ပြတင်းပေါက်ဘောင်ကိုပင် အသေအချာ ခွေရသူမဟုတ်ပဲ အိမ်မိုးကြမ်းခင်းအလုပ်ကိုသာ လုပ်နေရသူဖြစ်လေသည်။ ထို့ကြောင့် သူ့သားနှစ်ဦးကို သူ့လိုဖြစ်မှာ စိုးရိမ်လှသည်။ မွေးကတည်းက သူများနောက်တွင် နေခဲ့ရသူမို့ သူ့သားများကိုတော့ ရှေ့တန်းရောက်စေချင်လှသည်။

"ကျွန်တော်က စာမှ မတော်တာ၊ အဖေလဲ သိသားပဲ။ နောင်နှစ် ဆယ်တန်းဖြေ ယင်လဲ ကျမှာပဲ အဖေရ။ ကိုကိုကတော့ သိပ်တော်တာ၊ ဂုဏ်ထူးများ လေးခုကြီး တောင်၊ ဆရာဝန်ကြီးဖြစ်လာမှာဗျ သိလား"

ညီညီက အားတက်သရော ပြောသည်။ ကိုကိုသည် ချုံးပွဲချ ငိုလိုက်ချင်သလို တွန်ယင်လာသည်။ ညီညီ၏စေတနာသည် သူ့အရွယ်လေးနှင့် မလိုက်အောင် ကြီးမားလှချေသည်။

"ကိုကိုရာ ဘာမှစဉ်းစားမနေစမ်းပါနဲ့၊ ဆေးတက္ကသိုလ်သာ ... ရောက်အောင် လျှောက်လိုက်စမ်းပါ"

ညီညီသည် တောက်ပစွာ ပြုံးနေသည်။ နေ့ချင်း ညချင်းပင် သူ့အစ်ကိုသည် ဆရာဝန်ကြီးတဦးဖြစ်လာတော့မည်ဟု တွေးထင်နေမိဟန် ရှိသည်။ ကိုကို၏ပခုံးကို သိုင်း၍ဖက်ကာ "နော်... ကိုကိုရာ" ဟု ချော့မော့ သွေးဆောင်သလို ပြောသည်။

ကိုကိုသည် ရုတ်တရက် မျက်ရည်များ စီးကျလာသည်။ ညီညီ၏လက်များကို တင်းကြပ်စွာ ဆုပ်ကိုင်ယင်း "ဟင်အင်း ညီညီ၊ မလုပ်နဲ့။ မင်း ဘာလို့အလုပ်လုပ်ရမှာလဲ" ဟု ကတုန်ကယင် ပြောမိသည်။

အဖေ့ထံမှ သက်ပြင်းရှိုက်သံကို ကြားရသည်။ အဖေလည်း မျက်ရည်ကျနေလိမ့်မည် ထင်သည်။ မျက်ရည်ကျသည်ကို ညီညီ မကြိုက်ချေ။ ထို့ကြောင့် သူ

ပြောနေကျအတိုင်း "အလကားကိုကို၊ ဘာလို့ငိုနေရတာလဲကွ" ဟု အားမလို အားမရနှင့် အော်လေဦးမည်လားဟု စဉ်းစားမိသော်လည်း ကိုကိုသည် သူ၏မျက်ရည်များကို မတားဆီးနိုင်ခဲ့ပေ။ ခေါင်းကို သွက်သွက်ခါယမ်းနေသော ကိုကိုအား ညီညီသည် အလိုမကျသလို စိုက်ကြည့်နေသည်။ ထို့နောက် အမိန့်ပေးလို ဒေါသသံလေးနှင့် ပြောလေသည်။

"လုပ်မယ်ကွ .. ဘာဖြစ်လဲ၊ ပိုက်ဆံရအောင် ရှာဖို့က ညီညီ့တာဝန်၊ ဆရာဝန်ဖြစ်အောင်လုပ်ဖို့က ကိုကို့တာဝန် သိလား .. သိလား ... သိရဲ့လား"

ညီညီ ပြောခဲ့သည်။ ဆရာဝန်ဖြစ်အောင်လုပ်ဖို့က ကိုကို့တာဝန်ဟု ပြောခဲ့သည်။ ညီညီ ပြောသည့်အတိုင်း သူ ဆရာဝန်ဖြစ်ခဲ့ရလေသည်။

* * *

"မိုးစဲသွားပြီ"

ညီညီက သူ့မျက်နှာမှ ရေများကို လက်ဖမိုးဖြင့် ပွတ်သုတ်လိုက်သည်။ မျက်နှာတွင်သာမက သူ့အင်္ကျီရင်ဘတ်တွင်ပါ မိုးရေများ စိုနေလေသည်။

"မင်းအင်္ကျီမှာပါ ရေတွေစိုနေတယ်"

"ဟုတ်တယ်"

"အအေးမိပြီး ဖျားနေပါအုံးမယ်ကွာ"

"ဖျားတော့လဲ အစ်ကိုတယောက်လုံးက နိုင်ငံကျော်ဆရာဝန်ကြီးပဲဗျာ"

"ညီညီရယ်၊ မင်း ငါ့ကို လှောင်ချင် ပြောင်ချင်တာတွေကို ခဏဘေးချိတ်ပြီး ဒီဂျာကင်ကိုတော့ ဝတ်ထားလိုက်ပါအုံး"

တောင်းပန်သလိုပြောသော ကိုကို့အား ညီညီသည် ဆတ်ကနဲ လှည့်ကြည့်သည်။ ကိုကိုသည် သူဝတ်ထားသော အင်္ကျီကို ကမန်းကတန်း ချွတ်လိုက်သည်။ တွေတွေဝေဝေ ကြည့်နေသော ညီညီ့အား လှမ်းပေးပြီး "ဝတ်ထားလိုက်ပါကွာ" ဟု ထပ်ပြောသည်။

"နေပါစေဗျာ... ကိုကို ချမ်းနေပါ့မယ်"

"မချမ်းပါဘူး ညီညီရာ၊ မင်းအင်္ကျီကို ခဏချွတ်ထားပြီး အဲဒီဂျာကင်ကို ခဏဝတ်ထားလိုက်၊ ဇစ်ကို ရင်ဘတ်အထိ ဆွဲထားလိုက်လေ ..။ မှန်ကိုလဲ ခဏတင်ထားပါအုံးကွာ၊ မိုးစဲပေမယ့် လေတွေက အေးလိုက်တာ"

ညီညီသည် သူ့ကို အတန်ကြာအောင် ကြည့်နေပြီးမှ သားရေဂျာကင်ကို လှမ်းယူလေသည်။ သူပြောသည့်အတိုင်း ကားမှန်ကိုလည်း လှည့်တင်လိုက်သည်။ သူ့အင်္ကျီကို ညီညီလက်လျှိုပြီး ဝတ်လိုက်သည်ကိုမြင်တော့ ကိုကိုဝမ်းသာသွားသည်။ ညီညီသည် သူ့ကိုလှောင်ပြောင် သရော်နေသော်လည်း ပစ်ပစ်ခါခါကြီးတော့ မုန်းဟန်မတူချေ။ ညီညီသည် သူ့ကို ဘယ်တော့မှ မုန်းလိမ့်မည်မဟုတ်။ ဟုတ်သည်။ ညီညီသည် သူ့ကို ဘယ်သောအခါမှ မုန်းလိမ့်မည်မဟုတ်ပေ။ ခင်ဦးကလည်း ပြောဖူးသည်။ "ကိုကို့ကို ညီညီက သိပ်ချစ်တာပဲ" တဲ့။

* * *

"ကိုကို့ကို ညီညီက သိပ်ချစ်တာပဲနော်"

"အံမာ ငါကလဲ ချစ်တာပါပဲ"

"ဒါပေမယ့် ညီညီ့လောက်တော့ မချစ်ဘူးထင်တယ်... ။ သူ့မှာ ကိုကို့အတွက်ပဲ အမြဲပူနေတာ၊ အငယ်ဆိုပေမယ့် သူ့ကိုယ်သူ အကြီးလို့ ထင်နေတာ"

ခင်ဦးက တွေးတွေးဆဆလေး ပြောသည်။ သူ့လက်ထဲမှ စပါးလင်ပင်များကို အရင့်ပိုင်းများ ခွာပစ်နေသည်။ ထို့နောက်ဓားနှင့် ရိတ်ရိတ်ပါးပါးလေး လှီးနေသည်။

"ခုလဲ ကြည့်ပါအုံး၊ ကိုကို့ကို သူက ကျောင်းထားပေးမလို့တဲ့၊ ဟုတ်လား"

ကိုကိုက ပြုံးနေမိသည်။ ညီညီသည် သူ့ကိုယ်သူ ကိုကို၏အစ်ကိုဖြစ်သည်ဟု ထင်မှတ်နေပုံရသည်ကတော့ အမှန်ပင်။

"ကိုကို ဂုဏ်ထူးတွေရတာလဲ ဝမ်းသာလွန်းလို့ ခင်ဦးတို့အိမ်မှာတောင် လာပြီး ခုန်ပေါက် အော်ဟစ်သွားသေးတယ်၊ "မခင်ဦးရေ၊ ငါ့အစ်ကိုက ဆရာဝန်ဖြစ်မှာဟ" တဲ့"

ခင်ဦးက ပြောယင်း ရယ်သည်။ သူ့ခေါင်းတွင် ဝေနေအောင် ပန်ထားသော သနပ်ခါးပန်းခက်ဝါဝါလေးများသည်လည်း တငြိမ့်ငြိမ့် လှုပ်သွားကြသည်။

"ခင်ဦးကလဲ အားကျမခံ ပြန်ပြောလိုက်တာပေါ့ ... ။ နင့်တယောက်တည်း အစ်ကိုမဟုတ်ဘူး၊ ငါလဲ အစ်ကိုတော်တာပဲလို့"

"အေး .. အဲဒါပဲကြည့်ပေတော့ ကိုကိုရေ၊ မင်းကိုလေ အဲဒီမိခင်ဦးနဲ့ ညီညီတို့က အမြဲလုနေကြတာ၊ သူ့အစ်ကို ငါ့အစ်ကိုနဲ့လေ"

အဘွားက ငါးရိုးနွှင်နေရာမှ လှမ်းပြောသည်။ နေ့စဉ်နေ့တိုင်း ငါးရိုးနွှင်နေရသဖြင့် အဘွား၏လက်ထိပ်လေးများတွင် ခြစ်ရာ ရှရာလေးနှင့် မွမွကြေပြီး မည်းနေသည်။

"အဲဒီလို လုပြီးယင်လေ ...အေး အေး ... ဒီလိုဆို နင့်ကို ငါတခြမ်းပေးမယ်၊ ကိုကို ညာဘက်ခြမ်းကို ငါယူမယ်၊ ငါ့အစ်ကို ဗယ်ဘက်ခြမ်းကို နင်ယူ၊ ဒါပေမယ့် လောလောဆယ်တော့ ငါ့အစ်ကို တဝက်ခွဲပေးခ မုန့်ဟင်းခါးကျွေးအုံး ဆိုပြီး တဝတပြဲ စားသွားပြီသာမှတ်"

အဘွားသည် စုပုံထားတော ငါးရိုးများကို ငရုတ်ဆုံထဲ ပစ်ထည့်လိုက်သည်။ ထို့နောက် ငရုတ်ဆုံကို ဆွဲယူကာ ခပ်လေးလေး ထောင်းသည်။

ဦးလေးမောင် ခြေထောက်ဖြတ်ပြီးသည့်နောက်ပိုင်းတွင် ခင်ဦးတို့ အခြေပျက်ခဲ့ရသည်။ ခြေထောက်တဘက် ဒူးဆစ်အောက်မှ ဖြတ်လိုက်ရ၍ ကားမောင်းသော အလုပ်ကို အလိုလို ပြုတ်သွားရရှာသော ဦးလေးမောင်သည် ဘာလုပ်၍ ဘာကိုင်ရမည်မသိပဲ ယောင်လည်လည် ဖြစ်နေသည်။ နောက်တော့ အိမ်ရှေ့တွင် ခုံလေးခင်းပြီး မုန့်ဟင်းခါးဆိုင်လေး ထွက်ခဲ့သည်။ အသင့်အတင့် ရောင်းရသောအခါ လူစည်ကားရာလမ်းထိပ်မှ ကုက္ကိုပင်ကြီးအောက်သို့ ပြောင်း၍ရောင်းလေသည်။ ကားမမောင်းနိုင်တော့သော ဦးလေးမောင်သည် မုန့်ဟင်းခါးဆိုင်တွင် တနေကုန်ထိုင်ယင်း မုန့်ရောင်းလေသည်။

ခင်ဦးခမျာလည်း ယခင်တုန်းကလို ဆော့ကစားမနေနိုင်တော့ပေ။ ကျောင်းဆင်းသည်နှင့် အိမ်ကို အပြေးပြန်လာရတတ်သည်။ နောက်တနေ့ ရောင်းရန် ပြင်ဆင်ချက်ပြုတ်နေသော အဖေနှင့်အဘွားအိုကို လက်တိုလက်တောင်း ကူညီရလေသည်။

မိုးမလင်းမီ ခင်ဦး ထရသည်။ အဘွားနှင့်အတူ ဟင်းရည်အိုး၊ မုန့်ဖတ်၊ ပန်းကန် စသည်တို့ကို လမ်းထိပ်က ကုက္ကိုပင်ကြီးအောက်သို့ မြေးအဘွားနှစ်ဦးသား သယ်ပြီး ရွှေ့ကြရသည်။ သူတို့ နေရာတကျ ပြင်နေချိန်ဝယ် ဦးလေးမောင်သည် ချိုင်းထောက်နှစ်ဘက်ကို ထောက်ကာ ထောက်ကာနှင့် လမ်းထိပ်သို့ တဖြည်းဖြည်း လျှောက်လာတတ်သည်။ ဦးလေးမောင်ထိုင်ရန် ကြိမ်ခုံလေးကို ဟင်းရည်အိုးဘေးတွင် ခင်ဦးက ကြို၍ချနှင့်သည်။ ဦးလေးမောင် ရောက်လာလျှင် ထိုခုံကလေးပေါ်တွင် ထိုင်လေသည်။ ထိုနောက် ဟင်းရည်အိုးကို မွှေလိုက်၊ မီးဖိုကို မီးထိုးလိုက်၊ မုန့်ပန်းကန်များ ပြင်လိုက်နှင့် သူ့အလုပ်ကိုသူ စိတ်ဝင်စားစွာ ပျော်ရွှင်စွာနှင့် လုပ်ကိုင်လေတော့သည်။ သူ၏ချိုင်းထောက်ကြီး နှစ်ဘက်သည်ကား သူ မပြန်မချင်း ကုက္ကိုပင်ကြီး၏ပင်စည်ကို မှီကာ ငြိမ်ငြိမ်ကြီး ရပ်နေတတ်သည်။

အဘွား ဟင်းချက်ကောင်းသည်ရော၊ စေတနာထားကာ ပိုပိုသာသာ ထည့်ပေးတတ်သည်ရော၊ ကုသိုလ်ကံလေး လိုက်လာသည်ရော သုံးခုလုံးကြောင့် ဖြစ်မည်ထင်သည်။ ခင်ဦးတို့၏မုန့်ဟင်းခါးဆိုင်လေးသည် အတော်လေး ရောင်းရတွင်ကျယ်လေသည်။ ဆိုင်နာမည်ကိုလည်း အထူးတလည် စဉ်းစားစရာမလို၊

လာရောက်စားသုံးသူများက သူတို့ဟာသူတို့ အမည်ပေးသွားကြသည်။ “ ချိုင်းထောက်ကြီး မုန့်ဟင်းခါး” ဟူ၏။

“ကိုကိုက တကယ့်ကို ဆရာဝန်ကြီးဖြစ်လာမှာပေါ့နော်”

အဘွားက ထောင်းထားသော ငါးရိုးများကို ခင်ဦးက ရေနှင့်ဖျော်ကာ အရိုးများကို ငင်ထုတ်သည်။

“ဘယ်သူပြောလို့လဲ”

“ညီညီက ပြောတယ်လေ”

ခင်ဦး၏အသံက ယုံကြည်မှုအပြည့်ပါသည်။ ညီညီက ပြောခြင်းကို မြတ်စွာဘုရားက ဗျာဒိတ်ပေးခြင်းဟု ထင်နေသလားဟု တွေးယင်း ကိုကိုသည် စိတ်ချဉ်ပေါက်သွားသည်။

“ညီညီပြောတိုင်း ဖြစ်မယ်လို့ နင့်ကို ဘယ်သူက ပြောလို့လဲ”

ခင်ဦး၏ပါးပြင်တွင် သနပ်ခါးဝင်းဝါဝါလေးများ မထင့်တထင် ရှိသည်။ လုံးဝ ကောက်ခြင်း တွန့်ခြင်းမရှိပဲ ပကတိဖြောင့်ပြီး စင်းနေသော ဆံပင်များက ကျော ထက်တွင် ဖြာကျနေသည်။ ဆံပင်ရင်းတွင်တော့ သနပ်ခါးပန်းများ ဝေနေအောင် ပန်ထားလေသည်။ ခင်ဦးကို ရှုတည်တည်နှင့် ကြည့်ယင်း "ဒီကောင်မလေး အပျိုဖော်ဝင်လာတော့လဲ လှသားပဲ၊ အယင်တုန်းကတော့ အတော်အရုပ်ဆိုးမယ် ထင်တာ ” ဟု တွေးလိုက်သေးသည်။

“ကိုကိုကလဲ ညီညီ့အကြောင်း သိသားနဲ့”

ခင်ဦးက ပြုံးသည်။ တစီစီ ဝဲလာသော ယင်နှစ်ကောင်ကို လက်နှင့်ယမ်း၍ ခြောက်ရင်း အရိုးငင်ထားသော အရည်များကို ပိတ်ပါးပေါ်သို့ လောင်းချသည်။

“ညီညီက သူ တခုခုလုပ်ချင်ပြီဆိုယင် ဘယ်သူများ တားလို့ ရဖူးလို့လဲ ကိုကိုရ၊ ဖြစ်အောင်လုပ်တာချည်းပဲ မဟုတ်လားလို့”

“အေးလေ ... ထားပါတော့၊ ဒါပေမယ့် ညီညီကျောင်းထားပေးလို့ ငါ ဆေးကောလိပ်တက်ပြီ ထားပါတော့၊ ငါက ကျနေယင် ဘယ်ဖြစ်မှာလဲ၊ နှစ်ခါကျ သုံးခါကျနဲ့ ကျောင်းထွက်လာရတဲ့သူတွေကို ပုံလို့”

“ကိုကိုလား ကျမှာ ... ဘယ်တော့မှ မကျဘူး”

ခင်ဦးက ယုံကြည်စိတ်ချစွာနှင့် ပြောသည်။ အချိုရည်မကျန်တော့သော ငါးရိုးအကြေအမွများကို အမှိုက်ပုံးထဲသို့ သွန်ထည့်လိုက်လေသည်။ အောက်ခြေတွင်ပေါက်နေသော အမှိုက်ပုံးထဲမှ ပိုးဟပ်နှစ်ကောင် ပြေးထွက်လာသည်။ နှုတ်ခမ်းမွှေးရှည်ရှည်နှင့် ဟိုစမ်းဒီစမ်း လုပ်နေကြသည်။

ကိုကိုက ထင်းစနှင့် လှမ်း၍ပေါက်လိုက်သည်။ ပိုးဟပ်ကိုမထိပဲ အမှိုက်ပုံးကိုသာ ဂွမ်းကနဲ ထိမှန်သွားသည်။ ပိုးဟပ်နှစ်ကောင်လည်း ထင်းပုံအောက်သို့ ရုတ်ကနဲ ဝင်ပြေးသွားကြသည်။

* * *

“မှောင်လာပြီ”

ညီညီက ခပ်တိုးတိုး ပြောသည်။ လမ်းဘေး မီးတိုင်လေးများသည် မှိတ်တုတ်မှိတ်တုတ်နှင့် လင်းလာကြသည်။ လေထဲတွင် ယိမ်းထိုးလှုပ်ရှားနေသော ဝါးရုံပင်ကြီးများကို ခပ်ဝါးဝါး မြင်နေရသည်။

“မနက်က ကျွန်တော် တယ်လီဖုန်းဆက်သေးတယ်၊ ဆက်လို့ကို မရဘူး”

“အိမ်ကတယ်လီဖုန်း ပျက်နေတာ မနေ့ညကတည်းကပဲ”

“ ဒါကြောင့် လူကိုယ်တိုင်ပြေးလာရတာ၊ ခင်ဦးလေးအသက်ကိုတော့ မီကောင်းပါရဲ့ဗျာ”

“မင်း တကယ်ပဲပြောနေတာလား ညီညီ၊ တကယ်ပဲ ခင်ဦးသေနိုင်သလား ဟင်”

ကိုကိုက ညီညီ၏လက်ဖျားကို လှမ်း၍ဆုပ်ကိုင်လိုက်မိသည်။ ညီညီ၏လက်ဖျားသည် အေးစက်နေသည်။ ချွေးစေးများပြန်နေသည်။

“ကျွန်တော့်ကိုယ်ကျွန်တော်တော့ မဟုတ်တာ ပြောနေမိတာ ဖြစ်ပါစေလို့ ဆုတောင်းနေမိတာပဲ .. ။ ခင်ဦးမသေနိုင်ဘူး၊ သူ့ရဲ့အသက်အန္တရာယ်ကို ထိခိုက်လောက်အောင် ဖြစ်တာမဟုတ်ဘူး၊ ကျွန်တော်ကသာ အစိုးရိမ်ကြီးပြီး ကိုကို့ကို လာခေါ် မိတာ ဖြစ်ပါစေလို့ ဆုတောင်းနေမိတာပဲ”

ညီညီသည် အတန်ကြာအောင် ငြိမ်ပြီးနေသည်။ ထို့နောက် မျက်နှာကို လက်နှစ်ဘက်နှင့် ပွတ်သုတ်ယင်း ကိုကို့အား လှည့်ကြည့်သည်။

“အပေါ့အပါးလေး သွားရအောင် ချုံကောင်းကောင်းတွေ့ယင် ရပ်ပေးပါအုံးဗျာ ..”

ကိုလှရွှေကလည်း ရပ်ချင်ချင်ဖြစ်ဟန်တူသည်။ ကားရပ်သည်နှင့် သူတို့သုံးဦးလုံး ကားပေါ်မှ ဆင်းသည်။ ညီညီက လမ်းဘေးအနိမ့်ပိုင်းသို့ ခပ်သွက်သွက် ဆင်းသွားသည်။မှောင်ရီဝိုးတဝါး လရောင်ဝယ် ချုံပုတ်လေးများက ငြိမ်သက်နေသည်။ အေးမြသောလေသည် မွှေးပျံ့ပျံ့ရနံ့လေးတခုကို သယ်ဆောင်လာသည်။ တောပန်းရနံ့တခု ဖြစ်မည်ထင်သည်။ ရှိုက်၍ရှူမိသော်လည်း ဘာရနံ့နည်း မခွဲခြားတတ်ပေ။ ကိုကိုသည် လမ်းဘေးတွင်ရပ်ယင်း ညီညီ့ကိုလှမ်းကြည့်နေမိသည်။

“ဟေး ညီညီ ဘာလို့ ချုံကြိုချုံကြား သွားနေရတာလဲ”

“ဗိုက်နာလို့ဗျ”

ညီညီက ခပ်အုပ်အုပ် ဖြေသည်။ “ဪ ... ညီညီတကောင်လဲ အယင်တုန်းက အတိုင်း ထစ်ကနဲဆို ဝမ်းပျက်နေတတ်တုန်းပါလား” ဟု စဉ်းစားမိသည်။ ဟိုး ယခင် ငယ်စဉ်ကတည်းက ညီညီသည် အလွန်ဝမ်းလွယ်လေသည်။

ငရုတ်သီးစားစား၊ ပဲဟင်းစားစား၊ တခါတရံ သင်္ဘောသီး ဖရဲသီးစားသည်နှင့် ဝမ်းပျက်တတ်သည်။ ထို့ကြောင့် အမေက ညီညီ့အား "ထစ်ကနဲဆို သူ့ဖင်က ဟောကနဲပဲ၊ နည်းနည်းမှ ဖင်လုံတဲ့ကောင်မဟုတ်ဘူး” ဟု ပြောတတ်လေသည်။

“ညီညီ .. ငါ့ဂျာကင်အိတ်ထဲမှာ စက္ကူပါတယ်၊ မြွေပါကင်းပါးလဲ သတိထားဦး”

ကိုကိုက လှမ်းအော်သည်။ သူက သွားလေရာရာတွင် အိမ်သာသုံးစက္ကူ အနည်းငယ် ဆောင်သွားတတ်သည်။ အန္တရာယ်ဟူသည်မှာ လွယ်ထားနိုင်သည် မဟုတ်။ ကြို၍လည်း သိရလေသည်မဟုတ်။

ကိုကိုသည် ချုံကွယ်တွင် ပျောက်နေသော ညီညီ့အား လှမ်းကြည့်ယင်း တခါက မော်လမြိုင်မှ မရှူနိုင်မကယ်နိုင် ပြန်လာသည်ကို သတိရသည်။

# အပိုင်း(၆)

"မှောင်ခိုလုပ်တယ်ဆိုတာ အန္တရာယ်များပါတယ် အဖေရာ"

"မင်းညီလေးက တဇွတ်ထိုးပဲဟာ"

"တော်ကြာ ဖမ်းလား ဆီးလား ဖြစ်နေပါအုံးမယ်ဗျာ၊ ကျွန်တော်တော့ သိပ်ရင်တုန်တာပဲ ..."

"အေးကွယ် ... အဖေလဲ စိုးရိမ်တာပဲ၊ ဒီတခေါက်ပြန်လာယင်တော့ တို့သားအဖနှစ်ယောက် ဝိုင်းပြောကြသေးတာပေါ့ကွယ်"

အဖေက ဆေးပေါ့လိပ်တိုလေးကို ရှိုက်၍ဖွာယင်း အပြင်ဘက်သို့ ငေး၍ကြည့်နေသည်။ အဖေ၏ဆံပင်များက ခေါင်းတဝက်ခန့် ဖြူနေပြီဖြစ်သည်။ ဆံပင်အဖြူနှင့် အနက်တို့ ရောနေသော အဖေခေါင်းသည် ကြောင်ကြောင်ကျားကျားဖြစ်နေသည်။ အုန်းဆီလေးလူးပြီး ပိပိရိရိ ဖြီးထားလျှင် ကြည့်၍ တော်သေးသော်လည်း ဆီခြောက်ပြီး ဖွာနေလျှင် တော်တော်လေး ကြည့်ရဆိုးလေသည်။

"မနေ့တုန်းကတောင် ကျွန်တော်တို့ကျောင်းက ကျောင်းအုပ်ဆရာကြီးနဲ့ တွေ့သေးတယ် အဖေ၊ ဆရာကြီးက ညီညီ ဘာလို့ ကျောင်းမတက်တော့တာလဲလို့ မေးနေတယ်၊ ကျွန်တော်ဖြင့် ဘာဖြေရမယ်တောင် မသိဘူး"

ကိုကိုတို့ကျောင်းမှ ကျောင်းအုပ်ဆရာကြီးသည် သူတို့ညီအစ်ကိုအား ကောင်းစွာသိလေသည်။ တယောက်ကိုကား စာတော်၍သိခြင်းဖြစ်ပြီး ကျန်တယောက်ကိုကား မကြာခဏ ရန်ဖြစ်သောကြောင့် အမှုများသောကြောင့် သိခြင်းဖြစ်လေသည်။ ညီညီသည် ရန်ဖြစ်သောအမှုကိစ္စနှင့် ဆရာကြီး၏ရုံးခန်းသို့ မကြာခဏရောက်ရသူ ဖြစ်သည်။

"ဆရာကြီးက ပြောသေးတယ်၊ ကျွန်တော် စကောလားရှစ် ရနိုင်တယ်တဲ့၊ တကယ်လို့ အဲဒါမရလဲ စတိုင်ပင်ရမှာပါတဲ့"

အဖေက ကိုကို့အား ငေးကြည့်နေသည်။ ကိုကိုက ထပ်၍ရှင်းပြသည်။

"စကောလားရှစ်ဆိုတာ စာတော်တဲ့ကျောင်းသားတွေကို အစိုးရက ပေးတာ အဖေ၊ စတိုင်ပင် ကတော့ ဆင်းရဲတဲ့ကျောင်းသားတွေကို ပေးတာ၊ စတိုင်ပင် က အမှန်တကယ် ဆင်းရဲတဲ့အကြောင်းကို ရပ်ကွက်ထောက်ခံစာနဲ့ လျှောက်ရတယ်၊ အဲဒါကို စီစစ်ပြီး အစိုးရက ထောက်ပံ့ကြေးပေးတာ၊ ပညာသင်ဖို့ ထောက်ပံ့ကြေး ပေါ့ "

"တယ်ဟုတ်ပါလားကွ .. အဲဒါဆို ဘယ်လောက်ရသလဲ"

အဖေက စိတ်အားထက်သန်စွာ မေးသည်။

"တလ ခုနှစ်ဆယ့်ငါးကျပ် အဖေ"

"ဘယ်နည်းလို့လဲ သားရဲ့ သားတို့ကျောင်းလခက ဘယ်လောက်တုန်း"

"တလ ဆယ့်ငါးကျပ်"

"ဒီလိုဆို ပိုတောင်နေသေး၊ ကျောင်းစာအုပ်တွေ ဘာတွေတောင် ဝယ်လို့ရသေး"

အဖေ၏မျက်လုံးလေးများသည် တောက်ပြောင်လာသည်။

ကိုကိုသည် ညီညီ့ကို သတိရသည်။ ညီညီကမူ "ဆေးစာအုပ်တွေ၊ ဆေးကိရိယာ တန်ဆာပလာတွေက သိပ်ပြီးဈေးကြီးတာ" ဟု ပြောသည်။ ကိုကို ဆေး တက္ကသိုလ်သို့ ဝင်ရောက်ခွင့်ရှသည်ဟု ဆိုကတည်းက သူ့မှာ ဖင်တကြွကြွ ဖြစ် နေသည်။ "မော်လမြိုင်ဆင်းပြီး မှောင်ခိုချမယ်" ဟု ပြောလိုပြော "မိုးကုတ်သွား

ပြီး ကျောက်တူးမယ်“ ပြောလိုပြောနှင့် ဂနာမငြိမ်ဖြစ်နေသည်။ ကိုကိုကမူ နဂို ကတည်းက အစိုးရိမ်ကြီးပြီး ကြောက်တတ်သူမို့ ညီညီ့ကိုကြည့်ပြီး မျက်လုံးမျက်ဆန်ပြူးနေသည်။

အဖေကလည်း “အမြတ်မရပဲ အရင်းပါလျော့်နေရပါဦးမယ်ကွာ” ဟု တားသည်။ သို့သော် ညီညီက “တခါလောက်တော့ စမ်းကြည့်လိုက်ဦးမယ်” ဟု ပြောသည်။ အပေါင်းအသင်းတွေဆီ ပိုက်ဆံလည်း၍ချေးပြီး မော်လမြိုင်ဘက် ဆင်းသွားသည်။

“ဒီလိုပဲ ရတဲ့ထောက်ပံ့ကြေးလေးနဲ့ ခြစ်ခြစ်ခြုတ်ခြုတ်နေယင် ရပါတယ်အဖေရ၊ ညီညီ ဒီလောက် စွန့်စွန့်စားစားကြီး လုပ်ဖို့ မလိုပါဘူး”

ရွယ်တူချင်းပင် ရန်မဖြစ်ရဲသော ကိုကိုသည် မှောင်ခိုကုန်ကူးခြင်းကို တကယ့် စွန့်စားခန်းကြီးလို ထင်မိသည်။ အမြတ်အစွန်းများသော်လည်း အဆင်မသင့်လျှင် အမြတ်မရပဲ အရင်းပါဆုံးမည့် အလုပ်မျိုးကို သူ့အနေနှင့်မူ မလုပ်ဝံ့၊ မလုပ်ရဲ။

“ဟဲ့ .. ဘယ်ကကားတုန်း”

ကိုကို စဉ်းစား၍ကောင်းဆဲတွင် သူတို့အိမ်ရှေ့သို့ သုံးဘီးတစီး ဆိုက်လာသည်။ သုံးဘီးကားမှ ဖွတ်ချက် ဖွတ်ချက်နှင့် မြည်နေသော အသံက ဆူညံလှသည်။ နောက်ဘက်အိတ်ဇောမှ မီးခိုးများ တထောင်းထောင်း ထွက်နေသည်။ တော်ရုံတန်ရုံကား ဝင်ရန် မစဉ်းစားရဲအောင် ချိုင့်ခွက်ပေါ်များလှသော လမ်းပေမို့ ရှိရှိသမျှအိမ်များမှ ခေါင်းထောင်၍ ကြည့်ကြလေသည်။ ထိုစဉ် ကားနောက်ဘက်မှ ညီညီ ခုန်ဆင်းလာသည်။ လက်တဘက်စီတွင် အထုပ်တထုပ်စီဆွဲပြီး အိတ်တလုံးကို စလွယ်သိုင်း လွယ်ထားသည်။ အိမ်ပေါ်သို့ အူယားဖားယား ပြေးတက်လာသည်။

“ကိုကို ... သုံးဘီးခ ရှင်းလိုက်ပါကွာ”

ညီညီက အထုပ်များကို ပစ်ချကာ နောက်ဖေးအိမ်သာသို့ တန်း၍ပြေးလေသည်။ အိမ်သာနှင့်အိမ်ဆက်၍ ပေါင်းကူးထားသော ဝါးတံတား မခိုင့်တခိုင်လေးသည်

အပြေးဖြုတ်ရှုသွားသော သူ့ကိုယ်အလေးချိန်ကြောင့် ယိမ်းထိုးပြီး တကျိုကျို မြည်သွားသည်။

“ဟဲ့... ဘာဖြစ်လာတာလဲ”

အဖေက စိုးရိမ်တကြီး မေးသည်။ ညီညီက လှည့်မကြည့်အား။ အိမ်သာတံခါးကို ကမန်းကတန်း ဆွဲပိတ်ယင်း “ ဗိုက်နာလို့ အဖေ၊ ဗိုက်နာလို့ ” ဟု မပွင့်တပွင့် အော်လေသည်။

သုံးဘီးဆရာ၏မျက်နှာကြီး စူနေသည်။ “ဘယ့်နှယ်ဗျာ ဒီလောက်ကြမ်းတဲ့လမ်း ထဲမျာ အတင်းဝင်ခိုင်းရတယ်လို့၊ ဒါ... ကားသွားတဲ့လမ်း မဟုတ်ဘူးဗျ” ဟု စူစူ အောင့်အောင့် ပြောသည်။ ဟုတ်နေတော့လည်း ကိုကို ဘာမှမပြောနိုင်၊ ကျသင့် သောငွေထက် သုံးကျပ် ပိုပေးလိုက်ရသည်။

ညီညီပစ်ချခဲ့သော အထုပ်များကို အဖေက ဖွင့်ကြည့်နေသည်။ လေယာဉ်မောင် နှစ်အုပ်စီကို တထုပ်စီတွဲပြီး ထုပ်ထား၍ စုစုပေါင်း လေယာဉ်မောင် လေးအုပ် ဖြစ်သည်။ အပြင်ဘက်မှ စက္ကူထူထူနှင့်ထုပ်ပြီး ကြိုးစည်းထား၍သာ တော် တော့သည်။ အညိုရောင်စက္ကူတွင် ဖုန်များ၊ သဲများ၊ ရွှံ့များနှင့် ပေကျံနေလေ သည်။

“ဟေး ညီညီ”

ကိုကိုက အော်ခေါ် မိသည်။

"ဗျိုး"

“မင်း ... ဘာဖြစ်လာတာလဲ”

“ပြီးတော့ .. အေးအေးဆေးဆေး ပြောပြပါ့မယ်၊ ဒီမှာ ကမ္ဘာပေါ်မှာ ဇိမ်အရှိဆုံး အလုပ်ကလေးကို အေးအေး လုပ်ပါရစေအုံး”

ညီညီက အိမ်သာထဲမှ ဖြေသည်။ ညီညီသည် အိမ်သာတက်ခြင်းအလုပ်ကို ကမ္ဘာပေါ် တွင် ဇိမ်အရှိဆုံးဟု ပြောလေ့ရှိသည်။ အခုတခါ အလောသုံးဆယ်ဝင်သွား၍ ဘာစာအုပ်မျှ ယူမသွားနိုင်။ အခါတိုင်း သူ အိမ်သာဝင်လျှင် ဝတ္ထုစာအုပ်တအုပ် လောက်တော့ ရှာကြံပြီး ဆွဲသွားတတ်သည်။

သူတို့အိမ်သာကလည်း ဇလားအိမ်သာဟု ဆိုရသော်လည်း ဇလားထဲ ပြည့်သည်ဟူ၍ မရှိ။ ခွေးလေခွေးလွင့်အပေါင်းက သန့်ရှင်းရေးတာဝန် ယူထားကြ၍ အနံ့အသက်တော့ စူးစူးဝါးဝါး မဆိုးလှပေ။ သို့သော် ကိုကိုကမူ အိမ်သာထဲ ကြာကြာထိုင်၍မရ၊ ညီညီကသာ မစင်နံ့ကို ရှူယင်း စာအုပ်တအုပ်နှင့် တမေ့တမော ထိုင်တတ်လေသည်။

ဒီတခါတော့ ကြာကြာမထိုင်။ ခဏနေတော့ ထွက်လာသည်။ ပုဆိုးလတ်လတ် တထည် ကောက်လဲကာ သူဝတ်လာသော ပုဆိုးကို ရေချိုးသော စဥ့်အိုးနားတွင် သွား၍ချထားလိုက်သည်။

"ဘာဖြစ်လို့လဲ သား"

"ပုဆိုးထဲ ထွက်ကျလို့ အဖေရ၊ ဖင်မနိုင်ပဲ ပဲကြီးဟင်းသောက်မိတာ"

ညီညီက သူတို့နား လာထိုင်သည်။ ပြုံးစေ့စေ့နှင့် ရှင်းပြသည်။

"မွတ္တမက ထွက်ခါနီး ကုလားဆိုင်မှာ သွားစားမိတာ ဆာဆာနဲ့မို့ စားလို့ကောင်းလိုက်တာ အဖေရာ၊ ရန်ကုန်ရောက်ခါနီးတော့ ဗိုက်ကို တအားရစ်ပြီး နာတော့တာပဲ၊ အိမ်သာတက်မယ် လုပ်တုန်းရှိသေး အော်ကြဟစ်ကြနဲ့ ဆူညံကုန်တာပဲ"

"ဘာဖြစ်လို့လဲ"

"ပုဇွန်တောင်နားရောက်တော့ ရှာဖွေရေး ဝင်တာလေ၊ နှစ်ဘက်ညှပ်ပြီး ဝင်တာ။ ကျွန်တော်ဖြင့် မျက်စိတွေကို ပြာသွားတာပဲ။ ပိုက်ဆံလိုချင်လို့ လုပ်ကာမှ ပိုက်ဆံ

မရပဲ အရင်းဆုံးပြီး ကြွေးပတ်လည်ဝိုင်းတော့မှာပဲ ဆိုပြီး တကိုယ်လုံးကို ဇောချွေးပြန်လာတာဗျာ။ ချက်ချင်းကို ရွဲနစ်သွားတာပဲ၊ တော်ပါသေးရဲ့ မှူးမျှား စားစားလဲ မဝယ်နိုင်ခဲ့လို့၊ တနိုင်စာပဲဆိုတော့ ရထားပြတင်းက ခုန်ဆင်းပြီး တအား ပြေးတာ”

“တော်ကြာ ... ကျိုးပဲ့နေလို့ သားရယ်”

အဖေက စိတ်မကောင်း၊ ကိုကိုက မျက်ရည်ဝဲနေသည်၊ ညီညီကမူ ရယ်နေလေသည်။

“ဘယ်ကနေ ဘယ်လိုပြေးမိတယ်တောင် မသိပါဘူး အဖေရာ၊ ဘုန်းကြီးကျောင်း တံတိုင်းကိုလဲ ကျော်တက်ပြီး ကျောင်းဝင်းထဲ ဝင်ပြေး၊ အရေးထဲ ခွေးတွေက ဝိုင်းလိုက်သေး၊ ကောင်းတော့ ကောင်းတာပေါ့၊ ခွေးလိုက်တော့ ပိုပြီးမြန်တာပေါ့ ဗျာ၊ နောက် ကားလမ်းမရောက်တော့ တွေ့တဲ့ကား အတင်းတားပြီး ခုန်တက်လာခဲ့တာ၊ အရေးထဲ ဗိုက်ကလဲနာလိုက်တာ၊ မနေနိုင်တော့ ထွက်ကျကုန်ရော”

“မင်းကလဲ ကြောက်ချေး ထင်ပါရဲ့ကွာ”

“ဟုတ်မှာပဲ”

ညီညီက တသောသော ရယ်နေသည်။ အခုသာ ရယ်နေနိုင်သော်လည်း သူ့ခမျာ မျက်လုံးပြူး မျက်ဆန်ပြူးနှင့် မည်မျှ အားသွန်၍ ပြေးခဲ့ရကြောင်း အဖေရော ကိုကိုရော စဉ်းပင်မစဉ်းစားရက်။

“အခုမှ နာလာတယ်၊ ကြည့်ပါအုံးဗျာ”

ညီညီက အသားနီ ရဲရဲလန်နေသော သူ့တံတောင်ဆစ်ကို ပြသည်၊ ဒူးနှစ်ဘက်သည်လည်း ပွန်းနေလေသည်။

"တော်ပါပြီဗျာ၊ နောက်တော့ နို့ဆီခွက်ပဲ လိုက်ဝယ်ရမလား၊ ပလတ်စတစ်အိတ် လိုက်ကောက်ရမလား မသိပါဘူး၊ လွတ်လွတ်ကင်းကင်းပဲ လုပ်တော့မယ်"

အဖေက ညီညီ့အနာများကို ရေနွေးနှင့် ဆေးပေးသည်။ အိမ်တွင်လည်း ဘာဆေးမှ မရှိ၍ ညီညီက နန္ဒင်းပုလင်းကို ဖွင့်ကာ နန္ဒင်းသိပ်သည်။ စပ်သဖြင့် ရှုံ့မဲ့နေသည်။

"အမြတ်ကတော့ ဘယ်လောက်ရမယ် မသိဘူး၊ မှောင်ခိုလုပ်တယ် ဆိုတာနဲ့ ရှိသမျှ သိက္ခာလေးတွေလဲ ကုန်ရော။ ကောင်မလေးတွေဆိုယင် ကိုယ်မှာ အဝတ်တွေ အထပ်ထပ်ပတ်လို့၊ တချို့က ပေါင်ကြားထဲမှာ ကက်ဆက်ချည်ထားတယ်ဗျာ၊ အဲဒီကက်ဆက်ကြီး ပေါင်ကြားမှာ ချည်ထားရက်နဲ့ လမ်းလျှောက်တတ်သေးသဗျ"

"ကဲပါကွာ ခဏအိပ်လိုက်ပါဦးလား၊ မင်းကြည့်ရတာ မောလိုက်တာ ညီညီရာ"

"နောက်ဆိုယင်လဲ တော်ပါပြီဗျာ၊ ဒီတခါပါပဲ။ ဟော.. မိခင်ဦး နင်က မှောင်ခိုဝယ်မလို့လား၊ ပေါက်စျေးပဲနော်၊ လျှော့မပေးနိုင်ဘူး"

အိမ်ပေါ်သို့ လှမ်းတက်လာသော ခင်ဦးအား ညီညီက ဆီး၍ ပြောသည်။ ခင်ဦး၏လက်ထဲတွင် မုန့်ဟင်းခါးချိုင့်ကလေး ကိုင်ထားသည်။ အဘွားက အဖေ့အတွက် ပို့ခိုင်းလိုက်ခြင်း ဖြစ်လေသည်။

"ဟောဒီမှာ ခင်ဗျားတို့မမတွေ့လောကမှာ ခေတ်စားနေတယ်ဆိုတဲ့ ကိုရီးယားရောင်၊ ရွှေအိုရောင်လို့လဲ ခေါ်သေးသဗျ။ ဟောဒီမှာက နီညိုရောင်၊ ဟောဒါကတော့ ကျိုးကန်းဥရောင်တဲ့ခင်ဗျာ။ ကျိုးကန်းဥက ဒီလို စိမ်းပြာပြာအရောင် ရှိတယ်ဆိုတာ အခုမှ သိရတော့တာပဲ"

ခင်ဦးက ညီညီပြနေသော လေယာဉ်မောင်အုပ်များကို အပေါ်ယံပင် ရှုပ်၍ကြည့်သည်။ သိပ်ပြီး စိတ်ဝင်စားပုံ မရပေ။

"ဟောဒီအိတ်ထဲမှာ ဖော့ရှန်စတွေ ပါသေးတယ်၊ အဲဒီ ကိုရိုလာရောင် နီညိုရောင်တွေပဲ၊ နင် .. ဝမ်းဆက် ဝယ်ပါလားဟ၊ ငါမှာ အိမ်ရောက်အောင် မနည်းသယ်လာရတာ၊ ဈေးတွေ ဘာတွေတောင် ထွက်လို့"

ခင်ဦးက ညီညီဘာပြောမှန်းမသိ၊ ညီညီ၏စွန့်စားခန်းကို ကိုကိုက ပြန်လည်ပြောပြရသည်။ ခင်ဦးက မျက်လုံးလေးဝိုင်းနေလေသည်။ ခင်ဦးသည်လည်း ကိုကိုနည်းတူပင် ရမည့်အမြတ်ထက် ဆုံးသွားနိုင်သည့်အရင်းကို တွေးပြီး ထိတ်လန့်တတ်သူဖြစ်လေသည်။

"မှတ်မိလား ခင်ဦး၊ ငါတို့ငယ်ငယ်တုန်းက ခွေးတွေ ဈေးပါခါနီးယင် လက်သန်းချင်း ချိတ်ပြီး ပါမရအောင် လုပ်ခဲ့တာလေ၊ ငါ့မှာလဲ ပါချင်ရက်နဲ့ တော်တော်ကို မပါရဘူး"

"အေး .. နင်ဝဋ်လည်တာနေမှာပဲ"

"ဟုတ်မှာပဲ"

ညီညီနှင့် ခင်ဦးတို့ ရယ်ကြသည်။ ဟုတ်မဟုတ်တော့ မသိ။ ခွေး ကျင်ကြီးစွန့်နေသည်ကို မြင်လျှင် ညီညီနှင့် ခင်ဦးတို့သည် တဦး၏လက်သန်းနှင့် အခြားတဦး၏လက်သန်းကို ချိတ်ပြီး ဆွဲထားကြသည်။ ထိုသို့ချိတ်ပြီး ဆွဲထားလျှင် ထိုခွေးသည် စွန့်လက်စ ကျင်ကြီးကို ဆက်၍ မစွန့်နိုင်ပဲ တစ်နေ့တတ်သည်ဟု အယူရှိကြသည်။ ငယ်စဉ်တုန်းက ခင်ဦးရော ညီညီပါ ထိုအကျင့် ရှိသည်။ တခါတရံ အနီးတွင် မည်သူမျှ မရှိလျှင် ကိုယ့်ဟာကိုယ် တဦးတည်း ဗယ်လက်သန်းနှင့် ညာလက်သန်းကို ချိတ်ပြီး ဆွဲတတ်ကြလေသည်။

"ဝဋ်လည်တတ်ဆိုယင်လဲ ငါတယောက်တည်း လည်တာတော့ ဘယ်တရားမလဲ၊ နင်ပါ လည်ရမှာပေါ့"

ညီညီက ပြောယင်း ဆိုယင်း နေရာမှ ထသည်။ ဖင်ကို လိမ်ကျစ် လိမ်ကျစ်နှင့် ရှုံ့ယင်း အိမ်သာသို့ ပြေးပြန်လေသည်။

အဖေက မီးငွေ့ငွေ့ ကျန်သေးသော မီးဖိုထဲသို့ ကြက်သွန်ဖြူလေး နှစ်လုံး ပစ်ထည့်လိုက်သည်။ "ညီညီ .. ငယ်ငယ်တုန်းက ဝမ်းပျက်ယင် မခင်မေက ကြက်သွန်ဖြူလေး မီးဖုတ်ပြီး ကျွေးတာပဲ" ဟု ပြောလေသည်။

“နေ့ခင်းတုန်းက စားခဲ့တဲ့ ကုလားပဲသုပ်က အစွမ်းပြပြီထင်တယ်”

* * *

ညီညီက လမ်းဘေးမှ ပြန်တက်လာသည်။ သူ့ကို ရပ်စောင့်နေသော ကိုကို၏ဘေးတွင် ယှဉ်လျက် ရပ်ယင်း ခပ်တိုးတိုး ပြောသည်။

သူ့ထက် အရပ်မြင့်သောညီအား ကိုကိုသည် မော့်၍ ကြည့်မိသည်။ ပါးရိုးနားရိုးကျကာ ပိန်နေသောအခါ ညီညီသည် အမေနှင့် ပို၍တူနေလေသည်။ သူ့ဆံပင်များသည် အမေ့လိုပင် ပြေပြေလေး တွန့်နေသည်။

“မင်းကလဲကွာ၊ ကိုယ့်ဟာကိုယ်လဲ ဖင်မလုံမှန်း သိလျက်သားနဲ့ အဲဒါမျိုးတွေပဲ သွားသွားစား”

ကရုဏာဒေါသော ပြောသော ကိုကို့အား ညီညီက မပွင့်တပွင့် ပြုံးပြသည်။

“မစားတာ ကြာလှပါပြီ၊ ဒီနေ့တော့ ပဲခူးကားဆိပ် ရောက်ပြီးမှ ဘာမှ မစားရသေးတာနဲ့ ပပဝင်းရုံအောက် ပြေးပြီး တွေ့တာ ကောက်စားလိုက်မိတာ၊ ဘာစားလို့ ဘယ်လိုဝင်သွားမှန်းတောင် ကိုယ့်ကိုယ်ကိုယ် သတိမထားမိပါဘူး”

လရောင်မှိန်မှိန်ဝယ် မြင်ရသော ညီညီ၏အသွင်က အတန်ငယ် နွမ်းလျနေသည်။ ညီညီ၏ရုပ်ရည်သည် ကြာလေ အမေနှင့်တူလေဖြစ်သည်။ တခုပဲ ကွာသည်။ အမေက မှုန်ရီ ဝေသီသော မျက်လုံးများနှင့် မဝံ့မရဲ ပြုံးတတ်သော်လည်း ညီညီကမူ အားရပါးရ ရယ်ချလိုက်ချင်သည်ကို အတင်းထိန်းချုပ်ထားရသလို သရော်ပြုံး ပြုံးတတ်လေသည်။

“ဒီဗိုက်ကတော့ ကျွန်တော့်ကို တသက်လုံး ဒုက္ခပေးနေတာပဲ၊ ဟိုးတခါတုန်းကလဲ သတင်းစာစက္ကူတွေ လိုက်ဝယ်ယင်း ဗိုက်နာလွန်းလို့ ဒုက္ခရောက်ရဖူးတယ်”

“ပြည်ထောင်စုရိပ်သာမှာ မဟုတ်လား”

“အင်းပေါ့ .. မလှစုန်းရှိုး မရှိခိုးနိုး ဆိုတာမျိုး အင်မတန်ကို မှန်တာ။ သတင်းစာ လိုက်ဝယ်တဲ့ကောင်ဆိုတော့ ဗိုက်နာလွန်းလို့ အိမ်သာ တက်ပါရစေ ဆိုတာ တောင် သူတို့အိမ်သာထဲက ဆပ်ပြာခဲတို့ အိမ်သာသုံးစက္ကူတို့ ခိုးမှာ စိုးလို့ထင်ပါ ရဲ့။ တက်ခွင့်မရတဲ့အဖြစ်”

ညီညီက ပြုံးနေသော်လည်း အပြုံးက မပီပြင်လှ၊ ကိုကို၏ရင်ထဲတွင်မူ နာကျင် သွားသည်။

* * *

“သား ..... သူငယ်ချင်းကို ထမင်းစားခေါ်လေ”

မျိုးကျော်ဟန်၏အမေက ပြောသည်။ ကိုကို့ရင်ထဲတွင် ဒိတ်ကနဲ ဖြစ်သွားသည်။

“ကျွန်တော်စားခဲ့ပါပြီ အန်တီ”

“ငါ စားခဲ့ပြီးပြီကွ”

“ဟာကွာ... မင်း ကျောင်းမလာခင်က စားခဲ့တာ၊ အခုဆိုယင် ဗိုက်ထဲမှာ ဘာမှ မ ကျန်တော့ပါဘူး”

မျိုးကျော်ဟန်က ခေါ်သော်လည်း ကိုကိုသည် နေရာတွင်ပင် ပေ၍ထိုင်နေသည်။ ဗိုက်ထဲတွင်မူ အမှန်ပင် ဘာမှမရှိတော့ပေ။ နံနက်က စားခဲ့သော ထမင်းကြမ်းနှင့် ပဲပြုတ်သည်လည်း ညက်ညက်ကြေပြီး အစာဟောင်း ဖြစ်လုနီးနေပေပြီ။

သို့သော် သူတို့ထမင်းဝိုင်းသို့ ကိုကို မဝင်ရဲ၊ ငါးပိရည်နှင့် နိုင်နိုင်နယ်ထားသော ထမင်းကို အားပါးတရ ဆုပ်ကာ စားတတ်သော ကိုကိုသည် ဇွန်းနှင့် ခက်ရင်းကို သူတို့လို လှုလှုပပ ပေါ့ပေါ့ပါးပါး မကိုင်တွယ်တတ်ပေ။ ကိုယ့်ပန်းကန်ထဲ ကြက်သားတုံးရောက်နေပါလျက်နှင့် ဖဲ့၍မရပဲ ကြွေပန်းကန်ကိုသာ ဇွန်းနှင့် တခွပ်ခွပ် ခေါက်မိနေမည်ကို စိုးရိမ်သည်။ ထို့ကြောင့် စားပွဲပေါ်မှ သတင်းစာကိုသာ ကောက်ပြီး သဲသဲမဲမဲ ဖတ်နေလိုက်သည်။

မျိုးကျော်ဟန် အလည်ခေါ်၍ သူ့အိမ်သို့ လိုက်ပြီး လည်မိသည်ကို နောင်တရသည်။ ဆိုဖာကုလားထိုင်များသည်လည်းကောင်း၊ ဓာခန်းဆီးများသည် လည်းကောင်း၊ ကြမ်းပေါ်တွင် ခင်းထားသော မွေးပွကော်ဇောများသည် လည်းကောင်း သူတို့၏လူနေမှုကို ဖော်ပြနေသည်။ ကိုကိုသည် သတင်းစာကို ဇွတ်စိတ်ဝင်စားဟန်ပြုယင်း ကုလားထိုင်တလုံးမှမရှိသော သူတို့၏အိမ်ကို သတိရသည်။

“သားက ဘယ်မှာနေလို့လဲ”

“သက်န်းကျွန်းမှာပါ အန်တီ”

မျိုးကျော်ဟန် ထမင်းစားနေစဉ် သူ့မိခင်က လိမ္မော်ရည် တပုလင်း လာချပေးလေသည်။ လိမ္မော်ရည်ပုလင်းကို ဖောက်ပြီး ပလတ်စတစ်စုပ်တံ ဖြူဖြူလေး တပ်ပေးထားသည်။ ပုလင်း၏ဘေးတွင် ရေမှုန်ရေငွေ့များ ကပ်နေသည်။ ရေခဲသေတ္တာထဲတွင် အအေးခံထားသောပုလင်းဖြစ်ကြောင်း မြင်ရုံနှင့် သိသာလေသည်။

“မိဘတွေက ဘာလုပ်တုန်းကွယ့်”

“အမေတော့ မရှိတော့ပါဘူး၊ အဖေကတော့ အရောင်းအဝယ်လုပ်တာပါပဲ”

ကိုကိုသည် "အဖေက လက်သမားပါ” ဟု အမှန်အတိုင်း မပြောရဲသော သူ့ကိုယ်သူ မကျေနပ်မိသော်လည်း ထိုသို့ပြောရန်လည်း သတ္တိမရှိပေ။ အရောင်းအဝယ် ဟုပြောသည်ကိုပင် အန်တီကြီး၏မျက်နှာက စိတ်ပျက်သွားသလို အမူအရာ

ပေါ်လာသည်ဟု ကိုကိုထင်မိသည်။ လက်သမားဟု အမှန်အတိုင်းပြောလိုက်လျှင် ရှုံ့မဲ့သွားလိမ့်မည်ထင်သည်ဟု ကိုကိုက အားငယ်စိတ်နှင့် တွေးနေမိသည်။

"အန်တီတို့အိမ်ကတော့ သားရဲ့ သူငယ်ချင်းတွေအားလုံး လာပြီး စားသောက်နေကျပဲကွယ့် .. ။ ဟိုဗိုလ်မှူးကြီးမောင်ဟန်ရဲ့ သားလေးဆိုယင် သားနဲ့လိုက်လာတိုင်း ထမင်းဝင်စားတာပဲ... ။ ခင်မောင်ချိုကတော့ အန်တီ့လက်ဖက်သုပ်ဆိုယင် အသည်းစွဲ၊ သူ့အဖေက ဒီဂျီလေ။ ဟဲ့သား မျိုးကျော်ဟန်၊ ခင်မောင်ချို့အဖေက ဘယ်ရုံးမှာလဲကွယ့်၊ အေး..အေး၊ အန်တီကလဲ မေ့တတ်တယ်ကွယ်။ နောက်ပြီး ဝန်ကြီးသားလေးတယောက် ရှိပါသေးတယ်၊ မျိုးကျော်ဟန် သူငယ်ချင်းပဲ၊ သူကတော့ ပေါင်မုန့်ကို ကင်ပြီးမှ ထောပတ်သုတ်တာ မကြိုက်ဘူး၊ ထောပတ်သုတ်ပြီးမှ နည်းနည်း ကင်ပေးပါတဲ့"

ကိုကို၏ပခုံးသည် အလိုလိုကျုံ့ဝင်ပြီး ဦးခေါင်းက အလိုလို ငုံ့လျှိုးလာသည်။ ဒီအိမ်ကိုလည်း နောက်ထပ် လိုက်မလာမိစေရန် ကိုယ့်ကိုယ်ကိုယ် သတိပေးနေမိသည်။ ကိုယ့်ဘဝကိုယ် မကျေမနပ်နှင့် အားငယ်စိတ်က ရင်ထဲတွင် ကြီးထွားလာသည်။

"ကိုကိုအောင်က စာသိပ်တော်တာ မေမေ၊ စကောလားရှစ်လဲ ရတယ်"

မျိုးကျော်ဟန်က ထမင်းစားနေယင်းမှ လှမ်းပြောလေသည်။ သူ့မိခင်၏ရှေ့တွင် ကိုကိုတယောက် အနေကျုံ့နေသည်ကိုလည်း ရိပ်မိပြီး အားနာနေပုံရ၏။

"အေးကွယ်၊ ဒီလိုစာတော်တဲ့သူတွေနဲ့ သားကို ပေါင်းစေချင်တယ်...။ မျိုးရိုးကောင်းလေးတွေနဲ့ ပေါင်းပါလို့ ဆုံးမရတယ်ကွယ့်။ လူဆိုတာ အဆင့်အတန်းကလဲ စကားပြောသေးတယ်"

အန်တီကြီးက စိတ်လက်စွပ်ကြီး တခါခါနှင့် ဆက်ပြောသည်။ ကိုကိုကတော့ ထွက်ပြေးချင်လှပြီ။

"တနေ့တုန်းကကွယ်၊ သတင်းစာဝယ်တဲ့ကောင်လေးခေါ် ပြီး သတင်းစာရောင်းမိပါတယ်၊ ကိုယ်တော်က အိမ်သာတက်ချင်လို့တဲ့လေ"

အန်တီက သက်ပြင်းချသည်။ ကိုကိုက ဘုမသိ ဘမသိနှင့် ခေါင်းညိတ်ပြလိုက်သည်။

“ဘယ်နှယ့်ကွယ်၊ တွေ့ကရာ ပေါက်သောက် အိမ်ထဲဝင် အိမ်သာတက်ခိုင်းနေလို့ ဖြစ်ပါမလား၊ တော်ကြာ ပစ္စည်းအလစ်သုတ်ပြေးယင် အခက်။ ဒီခေတ်မှာ ဆပ်ပြာတတုံးဖြစ်ဖြစ်၊ စက္ကူတရွက်ဖြစ်ဖြစ် အဖိုးတန်တာချည်းပဲ မဟုတ်လား ကွယ့်။ အန်တီကတော့ ရှင်းရှင်းပဲ၊ မင်းဟာမင်း အိမ်သာတက်ချင်ယင် လမ်းဘေးမှာ သွားထိုင်ပေတော့လို့ ပြောလိုက်တယ်။ ဟော.. ဟော... ပြောယင်းဆိုယင်း အဲဒီကောင်လေးထင်တယ်... အော်နေတာ ကြားလား”

“သတင်းစာ ဝယ်တယ်၊ ဗလာစာအုပ်ဝယ်တယ်၊ ဝတ္ထုစာအုပ်အဟောင်းတွေ ဝယ်တယ်”

ကိုကို၏ရင်ထဲမှ နှလုံးသားသည် သွက်သွက်ခါအောင် လှုပ်ရှားလာသည်။ အန်တီကြီးက ကုလားထိုင်ကို ပုတ်၍ "ဟုတ်တယ်၊ သူပဲ" ဟုပြောသည်။ လက်သူကြွယ်မှစိန်လက်စွပ်က အရောင်တဖျပ်ဖျပ် ဝင်းလက်သွားသည်။

ကိုကိုသည် နေရာမှထကာ ဝရန်တာမှ ကဲ၍ကြည့်မိသည်။ တောင်းနှစ်လုံးကို ထမ်းပိုးနှင့် လျှိုကာ ထမ်းထားသော ညီညီသည် ခပ်ဖြည်းဖြည်း ခပ်လေးလေး လျှောက်သွားသည်။ အဝတ်ဦးထုပ် အညိုရောင်လေးကို ခပ်ငိုက်ငိုက် ဆောင်းထားသည်။ နဖူးမှ ချွေးကို လက်ဖမိုးနှင့်ပင် သုတ်လိုက်ယင်း တိုက်အပေါ်ကို မော့ကြည့်ကာ အော်သည်။

“သတင်းစာ ဝယ်တယ်... ဗလာစာအုပ်ဝယ်တယ်၊ ဝတ္ထုစာအုပ်အဟောင်းတွေ ဝယ်တယ်"

* * *

“အဲဒီတုန်းကလဲ ဒီလိုပဲ ပဲဟင်းတွေစားမိပြီး ဗိုက်နာတာ... ဒါကြောင့်မို့ အိမ်သာခဏတက်ပါရစေလို့ ပြောမိတာပါဗျာ”

ညီညီက သက်ပြင်းရှိုက်ယင်း ကားဆီသို့ ခပ်ဖြည်းဖြည်း လျှောက်သွားသည်။ ဂျာကင်အင်္ကျီအိတ်ထဲ လက်နှိုက်ပြီး ပခုံးနှစ်ဘက်ကို ကျုံ့ကာ ခပ်ကိုင်းကိုင်း လျှောက်သွားသောအခါ သူ့ကိုကြည့်ရသည်မှာ အဖေနှင့် ဆင်နေပြန်လေသည်။

“အဲဒီတုန်းကများ မိခင်ဦးခမျာ မခံချင်လွန်းလို့ အဲဒီအိမ်အောက်သွားပြီး အော်ဆဲပါမယ် လုပ်နေသေးတာ၊ အဘွားက တားထားရတယ်”

ညီညီ၏စကားကို ကြားတော့ “သူတို့အိမ်သာထဲများ ချေးတုံးအပြင် ဘာများရှိလို့လဲ” ဟု ဒေါနှင့်မောနှင့် ပြောသော ခင်ဦး၏သဏ္ဌာန်လေးကို တွေးထင်မြင်ယောင်မိယင်း ကိုကိုသည် မသဲမကွဲ ပြုံးမိသည်။

“သူနဲ့လဲ မတွေ့ဖြစ်တာကြာပြီ၊ ဒီတခေါက်တော့ ပုသိမ်မကဘူး၊ ကျွန်တော်က ဟိုင်းကြီးဘက်အထိ ဆင်းသွားတော့ အတော်ကြာသွားတယ်”

“ပုသိမ် ဟိုင်းကြီးဘက် ... ဟုတ်လား”

“ဟုတ်တယ်”

“ဘာလုပ်ဖို့လဲဟင်”

“သြော် ... ကိုကိုက ကျွန်တော် အခု ငါးခြောက်ရောင်းနေတာကိုမှ မသိပဲကိုး၊ အခု ကျွန်တော် ငါးခြောက်ရောင်းနေတာ ပင်လယ်ခြောက်ရောင်းတဲ့အခါ ရောင်း၊ ရေချိုခြောက် ရောင်းတဲ့အခါရောင်း အဆင်ပြေသလိုပေါ့၊ အဲဒီဘက်က ပင်ရင်းတွေဆိုတော့ ပေါပေါများများ ရတယ်လေ”

ညီညီသည် ကားဆီသို့ ခပ်သုတ်သုတ်လေး သွားယင်း ပြောသည်။ ညီညီ မရောင်းဖူးသောကုန်ပင် ရှိတော့မည်မထင်။ ညီညီသည် စာအုပ်လည်း ရောင်းဖူးသည်။တခါတရံ ဆောင်းဦးပေါက်ရာသီများတွင် ပန်းဂေါ် ဖီ၊ ဆလတ်ရွက်၊ ဂေါ် ဖီထုပ်စသည်များကိုလည်း ဖောက်သည်ယူကာ လည်ရောင်းတတ်သည်။မိုးကလေး တဖြိုက်နှစ်ဖြိုက် ကျလာပါက ပဲခူးရထားနှင့် ပါလာတတ်သော ဖက်ဆွတ်မှို၊

ကောက်ရိုးမှိုများကို သက်န်းကျွန်းဘူတာမှ စောင့်ဝယ်ကာ မြို့ထဲ နှစ်ဆယ့်ခုနစ်လမ်းဈေး၊ သုံးဆယ့်ရှစ်လမ်းဈေးများတွင် သွားပြီး ရောင်းလျှင် ရောင်းတတ်သည်။"သတင်းစာဝယ်တယ်၊ ဗလာစာအုပ်ဝယ်တယ်" ဟု အထမ်းနှင့် လှည့်၍ အော်ရန်လည်း ဝန်မလေး။ "ပန်းပွင့်တွေ၊ ပန်းပွင့်တွေ၊ ဖွေးတယ်၊ လတ်တယ်၊ တထုပ်မှ တကျပ်ခွဲ" ဟု ဈေးလယ်ကောင်တွင် လွယ်အိတ်စလွယ်သိုင်းပြီး အော်ရန်လည်း ဝန်မလေးပေ။"ဘာဖြစ်လဲကွ၊ ကောင်းရောင်းကောင်းဝယ် လုပ်တာ ဘာမှမရှက်ဘူး၊ မှောင်ခိုထုပ်ကြီး ထမ်းပြီး ခွေးပြေးဝက်ပြေး ပြေးရတာသာ ရှက်ဖို့ကောင်းတာ" ဟု ပြောခဲ့လေသည်။

"ကိုကို လာလေ .. ဘာလုပ်နေတာလဲ"

ညီညီက ကားနားရောက်တော့ လှည့်ကြည့်သည်။ တွေးတောငေးမောနေသော ကိုကို့အား ရပ်စောင့်သည်။ကိုကို သူ့နားရောက်လာတော့ "အယင်တခေါက်က ကျွန်တော် ငါးရံ့ခြောက်တွေ သယ်လာတယ်၊ တော်တော်ရောင်းရသွက်တယ်လေ၊ ကောင်းလဲကောင်းတာကိုး။ ခင်ဦးကတော့ အဘွားကို ကျွေးချင်လွန်းလို့တဲ့၊ တဖွဖွ ပြောနေသေးတာ"

အဘွားသည် ငါးရံ့ခြောက်ကို အတော်ကြိုက်လေသည်။ သူ့တွင် ငွေကြေးအတန်ငယ်ပြေလည်လျှင် ငါးရံ့ခြောက်ကိုသာ ပြေးဝယ်တတ်သည်။ ထိုနောက် နပ်နေအောင် ဖုတ်ပြီး ဆီရွှဲရွှဲဆမ်းကာ တမြုံ့မြုံ့ စားတတ်သည်။ ညီညီတို့ ခင်ဦးတို့ ငယ်စဉ်က အဘွား ငါးရံ့ခြောက်စားနေလျှင် မယောင်မလည်နှင့် ရစ်သီရစ်သီ ပြုတတ်မြဲ။ အဘွားကလည်း ငါးရံ့ခြောက်ကိုဖြဲကာ လုမ်း၍ ပေးတတ်မြဲ ဖြစ်လေသည်။အဘွားသည် သားစို ငါးစိုများကို မကြိုက်တတ်ပဲ ငါးခြောက်၊ ပုစွန်ခြောက် စသည်များကိုသာ စွဲစွဲမြဲမြဲ ကြိုက်နှစ်သက်တတ်သည်ကို သတိရမိသည်။

"အဘွားသာ ရှိသေးယင်တော့ နင့်ဖောက်သည် ဖြစ်နေမှာ ညီညီရ လို့ ... ခင်ဦးက ခဏခဏပြောတယ်"

ညီညီက ကားကိုကျော့ပြီး လျှောက်သွားကာ တံခါးဖွင့်၍ ဝင်ထိုင်လိုက်သည်။ သူတို့နှစ်ဦး ကားပေါ်သို့ ရောက်သည်နှင့် ကိုလှရွှေက ကားကို တရှိန်ထိုး မောင်း

ထွက်လိုက်သည်။ ကားအရှိန်ကြောင့် နောက်ဘက်သို့ ယိုင်ပြီး ဆိုဖာထဲ အိဝင်သွားသည်။

"အင်း .. ခင်ဦး .. ခင်ဦး၊ သူ့ခမျာ ဆုတောင်းမပြည့်ရှာဘူး"

ကိုကိုသည် ကောင်းကင်ပေါ်မှ လတခြမ်းပဲ့ ကွေးကွေးလေးကို ငေးကြည့်နေမိသည်။ ညီညီ့အသံသည် အဝေးကြီးမှ လေဟုန်စီးပြီး လာသလို သူ့နားထဲတွင် တိုးတလှည့် ကျယ်တလှည့် ဖြစ်နေလေသည်။

"သူ ခဏ ခဏ ပြောဖူးတာ သတိရတယ်၊ သူသေယင် အဘွားလိုပဲ သေချင်တယ်တဲ့၊ အဘွားသေပုံက သိပ်ပြီး အေးချမ်းတာပဲတဲ့လေ"

# အပိုင်း(၇)

အဘွားကို ဆေးရုံတင်ထားရသည်။ ကိုကိုက ဆေးကျောင်းသားဖြစ်နေပြီမို့ အစစအရာရာ ကူညီနိုင်ခဲ့သည်။

"အဘွား သေမှာလား ကိုကို"

"မသေပါဘူးဟာ"

ပြောမယ့်သာ ပြောရသော်လည်း အဘွား၏အခြေအနေကို အားမရလှပေ။ ကိုကိုသည် ဆေးကျောင်းတက်နေရသော်လည်း အတန်းငယ်သေး၍ အဘွား၏ရောဂါကို အတိအကျ အမည်မတပ်တတ်သေးပေ။ သို့သော် အဘွား၏အသည်းသည် ကျောက်ခဲလိုမာပြီး တင်းနေသည်ကိုတော့ စမ်းသပ်တွေ့ရှိသည်။

"ခင်ဦးကတော့ သိပ်အားမရပါဘူး ကိုကိုရယ်"

"ဘာဖြစ်လို့လဲ"

"အဘွားက အဲဒီရင်ခေါင်း အောင့်နေတာ ကြာပြီ ထင်ပါရဲ့ လက်ကလေးနဲ့ ဖိပြီး မျက်နှာလေး မဲ့မဲ့သွားတတ်တယ်။ ခင်ဦးက မေးယင် လေထိုးတာပါတဲ့။ အလုပ်ပျက်မှာ စိုးလို့ အဘွားက ဘယ်သူ့မှ မပြောပဲ ဇွတ်မှိတ်ခံနေတာ။ မခံနိုင်မှ သိကြရတာ"

ခင်ဦးက အဘွားကွယ်ရာတွင် ပြောယင်း မျက်ရည်တလည်လည် ဖြစ်နေသည်။ အဘွားကမူ အပြုံးမပျက်ပေ။ အရေခွံများ ရှုံ့နေသော လက်ချောင်းပိန်ပိန်လေးများကမူ စိပ်ပုတီးကို မပြတ် ဆုပ်ကိုင်ထားသည်။ တခါတရံလည်း မျက်လုံးကို စုံမှိတ်ထားကာ ထွက်သက် ဝင်သက် မှတ်နေတတ်သည်။ ညီညီက အဘွားအတွက် ယိုးဒယားဘီစကစ် တထုပ် ဝယ်လာသည်။ ဘီစကစ်ကို နို့နှင့်စိမ်ကာ သူကိုယ်တိုင် အဘွားကို ခွံ၍ ကျွေးသည်။

“အဘွားရေ .. နက်ဖြန်မှ ငါးသေတ္တာ ဝယ်ခဲ့အုံးမယ်၊ အဘွား စားမယ် မဟုတ်လား”

“ဈေးကြီးပါတယ်ကွယ်၊ သေယင် ပုပ်ရမယ့် ခန္ဓာကိုယ်ကြီးကို ဒီလောက် ကျွေးမွေးနေဖို့ မလိုပါဘူး သားရဲ့”

"ဒါကြောင့် ကျွေးရတာပေါ့ အဘွားကလဲ၊ သေသွားယင် စားချင်အုံးတော့ ဘယ်လိုလုပ် စားရမှာလဲ၊ အခုလို စားနိုင်တုန်းလေး စားရတာ”

“ဒီခန္ဓာကိုယ်ဟာ ဒီဘဝ ခဏအငှားရတဲ့ ကိုယ်ကြီးပါကွယ်။ ဒီခန္ဓာ ပျက်စီးယင် နောက်ခန္ဓာအသစ်နဲ့ ကျင်လည်ကြရဦးမှာ။ လိုရာမရောက်မချင်း လည်နေကြရဦးမှာကွယ့်။ အဲ ..?? မရှိတော့ယင်တော့ မင်းတို့ညီမလေးကို ဆက်ပြီးစောင့်ရှောက်ကြ”

“ယောက်ျား ပေးစားလိုက်မယ်လေ အဘွား”

ညီညီက ရွတ်နောက်နောက် ပြောသည်။ အဘွားက ဘာမှ ပြန်မပြောတော့ပဲ ပြုံးနေလေသည်။ ခြောက်နာရီထိုးခါနီးသောအခါ သူတို့ကို ပြန်ခိုင်းသည်။

“ကဲ .. ပြန်ကြ၊ ကားတွေ သိပ်ကျပ်နေလိမ့်မယ်၊ မောင်အေးမောင်ကိုလဲ ပြော၊ အဘွားဆီကို မလာနဲ့လို့။ သူ့ခမျာ ဒုက္ခတကြီး၊ သွားရလာရတာ လွယ်တာမှတ်လို့။ အဘွားနေကောင်းပါတယ် ပြောလိုက်နော်။ ခင်ဦးကရော မမိဆီစာရေးပြီးပြီလား၊ သူ့ယောက်ျား ဆုံးသွားပြီဟာ၊ ဒီမှာပဲ လာနေခိုင်း။ ငါ့မြေးလဲ ဒွေးတော်မကြီးရယ်လို့ အဖော်လဲ ရ၊ အားကိုးလဲ ရတာပေါ့”

အဘွားက တသီတတန်းကြီး မှာကာ စိပ်ပုတီးလေး စိပ်၍နေရစ်သည်။ အဘွားသည် ခင်ဦးအမေ၏အမေ ဖြစ်သော်လည်း ခင်ဦးအဖေကို သားတယောက်လိုပင် သံယောဇဉ်ရှိလေသည်။ သားမက်ဟူ၍ သဘောထားပုံမရ။

“အဘွားပြောတဲ့ မမိဆိုတာ ဘယ်သူတုန်း”

“အဖေ့ညီမဝမ်းကွဲလေ၊ ရေကြည်မှာနေတာ၊ သူယောက်ျားဆုံးတော့ သူတယောက်တည်း ကျန်နေခဲ့တာ၊ အဘွားက ရန်ကုန်လာနေဖို့ ခေါ် ခိုင်းတယ်"

“နင့်ကို စိတ်မချလို့နေမှာပေါ့ ”

“အံမာ ... ငါက ဘာလုပ်နေလို့လဲ”

ခင်ဦးက ညီညီ့အား မျက်စောင်းခဲသည်။

“ဟုတ်ပါဘူး၊ ငါပြောတာ အဘွားက သူ့ကိုယ်သူ သေမယ်ထင်နေတော့ နင်နဲ့အဖော်အလျော်ရအောင် ခေါ်ထားချင်တာပြောတာပါ”

ခင်ဦးက မျက်ရည်များ ဝဲလာသည်။ ငယ်စဉ်ကတည်းက အမေဆုံးသွား၍ အဘွားကိုသာ အမေလို တွယ်တာခဲ့ရသဖြင့် ခင်ဦးသည် အဘွားသေမည်ဟု ဆို၍ ချက်ချင်း ငိုချင်လာသည်။

“အဘွားက သေရမှာ မကြောက်ဘူး ”

ခင်ဦးက ငိုသံလေးနှင့် ပြောသည်။

“ကိုယ်အသက်ရှင်တုန်း ကိုယ်နဲ့ပတ်သက်သမျှ လူတွေကို တတ်နိုင်သမျှ ကူညီမယ်၊ ပြုစုမယ်၊ ပေးကမ်းမယ်တဲ့။ သေမင်းလာခေါ်တဲ့နေ့ကျယင်လဲ အေးအေးဆေးဆေး လိုက်သွားမှာပဲတဲ့"

“သေမင်းက သူ့ကို မကြောက်တဲ့သူတွေဆိုယင် တော်တော်နဲ့ မခေါ်ပါဘူးဟ၊ စိတ်ချ”

ညီညီက အားပေးသည်။ သို့သော် ... နောက်တနေ့ မနက်စောစော မှန့်ဟင်းခါး ချိုင့်လေးဆွဲကာ ညီညီ သွားသောအခါ အဘွားမရှိတော့ပေ၊ ဆုံးနှင့်ပြီ ဖြစ်လေသည်။

* * *

"အဲဒီနေ့က အဘွားကို မြင်ရတာ အေးချမ်းလိုက်တာ၊ စိပ်ပုတီးလေးကို လက်က ကိုင်လျက် အိပ်ပျော်နေတဲ့အတိုင်းပဲ။ သူဆုံးတာကို ဘယ်သူမှတောင် မသိလိုက်ဘူး၊ ညင်ညင်သာသာလေး ဆုံးသွားတာ။ ဒါကြောင့်လဲ ခင်ဦးက သူသေယင် အဖွားလို အေးအေးချမ်းချမ်း ညင်ညင်သာသာလေး သေချင်တယ်လို့ပြောတာ၊ ခုတော့ သူ့ခမျာ ဆုတောင်းမပြည့်ရှာဘူး၊ ခံစားလိုက်ရတာ မချိမဆံ့"

"ညီ... ညီ"

ကိုကိုက ထိတ်လန့်စွာ အော်လိုက်မိသည်။ "ခံစားလိုက်ရတာ.." ဟူသော စကားသည် ကိုကို၏နားထဲတွင် ပဲ့တင်ထပ်နေသည်။

"သူ ... သိပ်ခံစားနေရသလား ညီညီ"

ညီညီသည် ကိုကို့အား လှည့်ပြီး စူးစိုက်၍ ကြည့်သည်။ ထို့နောက် ခြောက်ကပ်ကပ် ရယ်သည်။ သို့သော် ညီညီ၏ရယ်သံသည် ရယ်သံနှင့်မတူ၊ ကိုကို၏နားထဲတွင် ငိုသံလိုလို ညည်းညူသံလိုလို ဖြစ်နေလေသည်။

"ဩော် ... ဆရာဝန်ကြီးရယ်၊ ကျားကိုက်တာ အပေါက်ကလေးနဲ့လားလို့ မေးနေတာလား"

ညီညီက လှောင်သည်။ ကိုကိုသည် ညီညီအား မကြည့်ပဲ တိမ်ဖုံးနေသော လကွေးကွေးလေးအား မျှော်ပြီး ကြည့်နေမိသည်။ မိုးတိမ်မိုးသားများက လကလေးကို တရိပ်ရိပ် ဖြတ်သန်းပြီး ပြေးလွှားသွားနေကြသည်။ မိုးရိပ်မိုးသားများ နောက်ကွယ်မှ လတခြမ်းပဲ့လေးကို ခပ်မှိန်မှိန် ခပ်ရေးရေးသာ တွေ့မြင်ရသည်။

“ဟိုတခါတုန်းက လက်ကို ဓားရှတာတောင် ကိုကို ဘယ်လောက်နာသလဲ”

* * *

“ကိုကို”

ညီညီက တိုးတိုး ခေါ်သည်။ ကြက်သွန်နီဥ ပါးပါးလှီးနေသော ကိုကိုက လှည့်မကြည့်အား၊ အထူအပါး ဂရုစိုက် လှီးနေသည်။ ကြက်သွန်နီက ထူလိုက်ပါးလိုက်ဖြစ်နေပါက ကြိုးစားပမ်းစား သုပ်၍ စားရသော မရမ်းသီးသုပ်၏ အရသာကအလကား ပျက်သွားပေလိမ့်မည်။

“ကိုကို ဝယ်စရာတွေ စုံပြီလား”

“ စုံတော့ ဘယ်စုံအုံးမှာလဲကွာ၊ တဖြည်းဖြည်းပေါ့ ”

“နားကျပ်ရော မဝယ်ရသေးဘူးနော်”

“ဈေးက တော်တော်ကြီးတယ်ကွ”

“စာအုပ်တွေရော”

“ဒီလိုပဲ အဆောင်သွား ကျက်တန်ကျက်၊ အဟောင်း ဝယ်တန်ဝယ်ရမှာပေါ့ကွာ”

ညီညီ့အား မော့မကြည့်သော်လည်း ညီညီသည် သူ့အား စိတ်မကောင်းသောမျက်နှာနှင့် ငေး၍ ကြည့်နေမည်ကို သိနေလေသည်။

“အေးကွာ၊ ဒါတောင် ကိုကို့က စကောလားရှစ်ရထားပေလို့နော်၊ ရများမရယင် မလွယ်ဘူး၊ ကျွန်တော်လုပ်လို့ရသမျှကလဲ တခါတလေကျတော့ စားတဲ့အထဲ ပါကုန်ရော”

“စားဖို့က ပိုအရေးကြီးတာပဲ ညီညီရာ၊ ငါက မင်းအလုပ်လုပ်နေရတာကို နည်းနည်းမှ စိတ်မကောင်းဘူး၊ အဖေကလဲ အသက်ကြီးလှပြီ”

ကိုကိုက ခပ်တိုးတိုး ပြောမိသည်။ အဖေရော ညီညီပါ သူ့ကို အဖိုးတန်ရတနာတခုလို အရိပ်ကြည့်နေကြလေသည်။ ဆေးတက္ကသိုလ်သို့ စ၍တက်သည့်အချိန်မှ စ၍ အဖေနှင့် ညီအား အားနာပြီး သနားသောစိတ်က ရင်ထဲတွင် အမြစ်တွယ်လာလေသည်။ တချိန်တည်းမှာပင် မိမိ၏ချို့ငဲ့သောဘဝကို မကျေနပ်သောစိတ်နှင့် အားငယ်ရှက်ရွံ့သော အရွံ့စိတ်တို့က ပိုပြီးကြီးထွားလာလေသည်။

“အိုကွာ... အဖေလုပ်နိုင်ပါသေးတယ်၊ အိမ်ရှေ့အိမ်က အဘွားရင်ကို ကြည့်၊ သူ့အသက်က ရှစ်ဆယ်နား နီးနေပြီ၊ မျက်စိလဲ မှုန်တယ်၊ နားလဲ ကောင်းကောင်းမကြားရတော့ဘူး၊ ဒါပေမယ့် အလကားမှ မနေပဲ၊ သူ့အိမ်ရှေ့မှာတော့ သူ တကုန်းကုန်းနဲ့ စိုက်ပျိုးနေတာပဲ မဟုတ်လားကွာ၊ သူစိုက်နေတာ သူစားဖို့မှမဟုတ်ပဲ”

ညီညီက ကိုကို့အား စိတ်သက်သာရာရအောင် ပြောသည်။ ကိုကို၏စိတ်ထဲတွင် သူ ဆေးတက္ကသိုလ်တက်နေ၍ အဖေနှင့် ညီညီတို့ ပင်ပန်းနေသည် ဟူသော အတွေးမျိုးကို မဝင်စေလို၍ဖြစ်ကြောင်း ကိုကိုသိလေသည်။

“အဖေကတောင် ပြောနေတယ်၊ ငါ့သားကြီး ဂျူတီကုတ်မှာ မင်တွေစွန်းနေတယ်တဲ့၊ အသစ်ဝယ်ပေးချင်တယ်တဲ့”

“မင်စွန်းလဲ ဝတ်လို့ရပါသေးတယ်ကွာ၊ ရုပ်ရှင်ရုံတွေအောက်မှာ တခါတလေ အစွန်းချွတ်ဆေး ရောင်းတယ်၊ မီးရထားပေါ်မှာလဲ ရောင်းတယ်၊ မင်း ကြုံယင် ဝယ်ခဲ့စမ်းပါ၊ ကဲ .. ညီညီ လာကွာ၊ မင်းကလဲ အလကား လေကန်နေတယ်၊ တော်ကြာ အဖေပြန်လာယင် ဆာတော့မှာ၊ အဲဒီငါးပိကို မီးဖုတ်လှည့်အုံး၊ မရမ်းသီးသုပ်ထဲ ထည့်ရအောင်”

ကိုကိုက ပြောတော့ ညီညီသည် ငါးပိရည်အိုးဖုံးတွင် မျှင်ငါးပိကို အပြားလိုက် ကပ်ပြီး မီးဖိုပေါ် တင်လိုက်သည်။

"ပုစွန်ခြောက်လဲ မပါပဲနဲ့ကွာ"

"ထည့်နိုင်မလားကွ ..။ မင်းပုစွန်ခြောက်ကြီးက တပိဿာ ငါးဆယ် ခြောက်ဆယ်။ ငါ ဆရာဝန်ဖြစ်မှ အကောင်းစားသုပ်ကျွေးမယ်၊ အခုတော့ ငါးပိနဲ့ပဲ ချိုထားပါအုံးကွာ၊ အား ... လား ... လား "

ကိုကိုသည် လက်ထဲမှ ဓားကို လွှတ်ချလိုက်သည်။ ညီညီ့ကို လှည့်အကြည့်တွင် ကြက်သွန်ဥအစား လက်ညိုးကို စွေပြီး လှီးမိသွားသည်။ အသားက ဟက်တက် လန်သွားပြီး သွေးများ ရဲကနဲ ထွက်လာသည်။

"ဟာ ... ထိပြီလား"

ညီညီက ကိုကို၏လက်ကို ဆွဲကြည့်သည်။ သွေးများက တတောက်တောက် ကျနေသည်။ ဟက်တက်ကွဲသွားသော အသားနေရာတွင် လက်နှင့်ဖိပြီး ပိတ်တော့ ကိုကိုအော်မိသည်။

"အာ ... ဟော့ကောင် နာတယ်ကွ"

"နေအုံး ... အရက်ပျံရှိတယ် မဟုတ်လား"

ညီညီသည် ကိုကို တနေ့က ဝယ်လာသော အရက်ပျံပုလင်းလေးကို ပြေးယူလာသည်။ အဖေနှင့် ညီညီတို့ ထိခိုက်အနာ ဖြစ်တတ်လွန်း၍ အရက်ပျံဝယ်လာမိသည်ကို ကိုကိုသည် နောင်တရသလိုလို ရှိသည်။ ပိုးမွှားကင်းစင်စေသည်မှာ မှန်သော်လည်း ဓားရှရာကို အရက်ပျံလောင်းလျှင် အသည်းခိုက်အောင် စပ်ပေတော့မည်။

"ဟော့ကောင် ... နေအုံး ... နေအုံး"

ကိုကိုက တားသော်လည်း ညီညီက အသားနီဖတ်ကို လှန်ကာ အရက်ပုံ လောင်းထည့်သည်။

“အား .. စပ်တယ်၊ စပ်တယ် .. မှုတ်ပါဟ”

ညီညီက အရက်ပုံပုလင်းကို ချကာ အနာကို တဖူးဖူးနှင့် ကုန်း၍ မှုတ်သည်။ စပ်လွန်း၍ မျက်ရည်များပင် လည်နေသော ကိုကို့အား ကြည့်ကာ တဟားဟား ထ၍ ရယ်သည်။

“ကိုကိုကလဲကွာ ဒီလောက်ကလေးများ”

“ဒီလောက်လဲ နာတာပဲကွ၊ မင်းဘိုးအေ”

“အသက်နဲ့ အဝေးကြီးပါ ကိုကိုရာ”

“ဝေးဝေးကွာ ... နာတာပဲ”

ထည့်စရာဆေး မရှိ၍ အပေါ်မှ အဝတ်စနှင့် နာနာပတ်သည်။ ညီညီ့လိုတော့ နန္ဒင်းမသိပ်ချင်၊ ဆေးကျောင်းတက်ပြီး ဆေးပညာလေး မတောက်တခေါက်တတ်လာတော့ ကိုကိုသည် ယခင်ကထက် ကြောက်တတ်လာသည်။ သူတို့ပတ်ဝန်းကျင်တွင် သာမန်မျက်စိနှင့် မမြင်နိုင်သော ရောဂါပိုးများ ပျံ့နှံ့နေသည်ဟု သိနေသောကြောင့် ဖြစ်လေသည်။ တသက်လုံး အသုံးပြုလာသော ဇလားအိမ်သာကြီးကိုလည်း အတော်လေး စိတ်ပျက်နေပြီဖြစ်သည်။

“အဲဒီစားက အယင်ကတော့ အတော်ကို တုံးတာ၊ မနေ့တုန်းက အဖေသွေးထားလို့ အဲဒီလောက်ထက်သွားတာကွ၊ ငါကလဲ ထက်နေမှန်းတော့သိသား၊ လှီးကောင်းကောင်းနဲ့ သတိမထားမိလို့”

ကိုကို၏အနာက ခပ်သေးသေးပင်ဖြစ်သော်လည်း ပတ်ထားသော အဝတ်များနှင့် အကြီးကြီးလိုဖြစ်နေသည်။ အိမ်တွင် ပတ်တီးစလည်း မရှိ၊ ဂွမ်းခံပြီး ပလာစတာ ကပ်ထားရအောင်ကလည်း ဂွမ်းမရှိ၊ ပလာစတာ မရှိ။

"မနက်ဖြန်ကျယင် လူသေလောင်း ခွဲရမှာကွ၊ အရေးထဲ လက်က နာပြီ"

ကိုကိုက စိတ်ညစ်နေသည်။

"အေးကွယ် ... ငါ့သားကြီး နုပါတယ်ဆိုမှ ဓားထိရသေး၊ သိပ်နာသလားကွာ"

အဖေက ကြင်နာစွာ မေးသည်။ ထိုအခါမှ တစစ်စစ် ကိုက်လာသလို ထင်မိပြီး ကိုကိုက "နာတာပေါ့ အဖေရာ၊ အဖေ့ဓါးကလဲ ထက်လိုက်တာ ရှိကနဲ လှော ပစ်လိုက်သလိုပဲ" ဟု ပြောမိလေသည်။ ညီညီကမူ သူတို့သားအဖကို ကြည့်ကာ ပြုံးလေသည်။

* * *

"အဲဒီတုန်းက ကိုကို့မှာ သုံးရက်လောက် နာနေတာ၊ လက်ကလေးကို ထောင် ကြည့်လိုက် စုတ်သတ်လိုက်"

ညီညီက ပြန်တွေးယင်း မပွင့်တပွင့် ရယ်သည်။

"အဖေကတော့ တဖြစ်တောက်တောက်၊ ငါ့သားကြီး နုပါတယ်ဆိုမှ ဒီဓားက ရှရ သေးတာကိုးတဲ့၊ တတ်နိုင်ယင် ကိုကို့အစား သူကဝင်ပြီး ဓားရှခံချင်သေးတာ၊ အဖေ့မေတ္တာဟာ သိပ်ကြီးတာပဲ"

ကိုကိုသည် ညီညီ့အား မကြည့်ရဲပဲ တိမ်ဖုံးနေသော လလေးကို မျှော်ကြည့်နေ မိသည်။ ရိပ်ရိပ်ကလေးမြင်နေရသော လခြမ်းကွေးကွေးထဲဝယ် အဖေ့ရုပ်သွင်ကို မြင်ယောင်လာသည်။ ဆံပင်များ ကြောင်ကြောင်ကျားကျား ဖြူနေသော အဖေ၊

ဆေးလိပ်တိုလေး ဖွာနေတတ်သောအဖေ၊ သူ့ကို မှုန်ရီသောမျက်လုံးများနှင့် ငေး၍ကြည့်တတ်သော အဖေ။

"ဖေဖေဟာ ကိုကို့ကို သိပ်ပြီးအားကိုးရှာတယ်၊ ကိုကို အခုလို ချမ်းသာနေတာ တွေ့ယင် ဘယ်လောက်ဝမ်းသာမလဲ မသိဘူး"

ကိုကို့ မျက်ရည်လည်လာသည်။ ညီညီ့ကို ဘာမှ ပြန်၍မပြောနိုင်။ ပြော၍လည်းမထွက်။ ရင်ထဲတွင် ဆို့လာသည်။

"အဲဒီလို လခြမ်းကွေးတွေမြင်ယင် အဖေပြောဖူးတာ သိပ်သတိရတာပဲ"

ညီညီ၏အသံကို နားထောင်ယင်း ကိုကိုသည် မျက်စိမှိတ်ထားလိုက်မိသည်။ သူ့ကို ခွင့်လွှတ်စွာ ပြုံးကြည့်နေသော အဖေ့ကို မြင်ယောင်လာပြန်သည်။

"တခါတုန်းက အခုလိုပဲ တိမ်ဖုံးနေတဲ့ လခြမ်းကွေးကွေးလေးကို ကြည့်ပြီး အဖေက ပြောဖူးတယ်၊ ငါတို့ဆင်းရဲသားတွေရဲ့ဘဝနဲ့ တူလိုက်တာတဲ့၊ နဂိုကမှ တခြမ်းပဲ့မို့ အလင်းရောင်နည်းရတဲ့အထဲ တိမ်က ဖုံးသေးသတဲ့"

ညီညီ၏သက်ပြင်းချသံကို ကြားရသည်။ ကိုကိုသည် မျက်စိဖွင့်၍မကြည့်သော်လည်း ညီညီ၏မျက်နှာတွင် ဆွေးမြည့်ကြေကွဲသော အရိပ်အရောင်များ ထင်ဟပ်နေမည်ကို သိလေသည်။ ညီညီသည်လည်း သူ့လိုပင် အဖေ၏သဏ္ဍာန်ကို မြင်ယောင်နေပေလိမ့်မည်။

"အဖေက ပြောခဲ့ပါသေးတယ် ညီညီရာ၊ အဖေက ငါ့ကို အားကိုးတကြီးနဲ့ ပြောခဲ့ပါသေးတယ်၊ အခု ဘာတိမ်တွေ ဖုံးနေနေ ငါ့သားကြီးသာ ဆရာဝန်ဖြစ်ယင်တော့ အဖေတို့ဘဝ ထိန်ထိန်သာပြီကွယ်တဲ့လေ"

ကိုကိုက စိတ်ထဲမှ ပြောနေမိသည်။ အဖေ့ဘဝ ထိန်ထိန်သာအောင် အဖေ့သား ဆရာဝန်ကြီးက လုပ်ဆောင်ပေးနိုင်ခဲ့ရဲ့လား။ ထိုမေးခွန်းကို သူ့ကိုယ်သူ ပြန်မေးမိတိုင်း ကိုကိုသည် ကြေကွဲစိတ် နောင်တစိတ်များနှင့် နှလုံးသားတခုလုံး နာကျင်

လာရမြဲဖြစ်သည်။ အဖေ၏မှုန်ရီသောအပြုံးကို မြင်ယောင်လာယင်း ကိုကိုသည် မျက်ရည်လည်လာသည်။ အဖေ့ဘဝ ထိန်ထိန်သာအောင် သူ ဘာမှလုပ်မပေးခဲ့ချေ။ သို့သော် .. အဖေ့ဘဝ အမှောင်လုံးလုံးကျအောင်ကား အဖေ့သား ပညာတတ်ကြီးက လုပ်ခဲ့လေသည်။

ကိုကိုသည် စီးကျလာသောမျက်ရည်များကို လက်ခုံနှင့် ပွတ်သုတ်လိုက်သည်။ နှုတ်ခမ်းကို တင်းတင်း ကိုက်လိုက်သည်။

# အပိုင်း(၈)

“ဒီကမ္ဘာ ဒီလောကကြီးမှာ ဆင်းရဲလို့မပျောက်တဲ့ရောဂါတွေ အများကြီးရှိတယ်ကွယ့်၊ ဥပမာ တီဘီဆိုပါတော့ကွယ်၊ လူချမ်းသာတယောက်နဲ့ ဆင်းရဲသားတယောက် ဒီရောဂါကို အတူတူဖြစ်တယ်ဆိုပါတော့၊ လူချမ်းသာက အချိန်ပေးပြီး အနားယူနိုင်တယ်၊ ဆေးကို မှန်မှန် ဝယ်သောက်နိုင်တယ်၊ အားရှိတဲ့အစာတွေကို ကောင်းကောင်းစားနိုင်တယ်၊ ဒီတော့ သူ့ရောဂါပျောက်ဖို့က တစ်ရာမှာ တစ်ရာအခွင့်အလမ်းရှိတယ်ကွယ့်"

"ဆင်းရဲသားကတော့ တနေ့လုပ်မှ တနေ့စားရတာ၊ ဘယ်လိုလုပ်ပြီး အနားယူနိုင်မလဲ။ ဆေးရုံကပေးတဲ့ ဆေးကလွဲလို့ သူ့ဟာသူ တန်ဖိုးကြီးပေးပြီး ဝယ်သောက်နိုင်ဖို့ ဝေးရော။ အားရှိတဲ့ ကြက်ဥ၊ နွားနို့ထားလို့ ပဲပြုတ်တောင် မှန်မှန်မစားနိုင်တော့ သူ့ရောဂါပျောက်ဖို့က အင်မတန် အခွင့်အလမ်းနည်းသွားပြီ"

" နိုင်ငံတော်အစိုးရက အခမဲ့ဆေးရုံတွေ ဖွင့်ပေးထားတာတောင် သူတို့က အချိန်ပေး တက်ရောက်ပြီး ကုသမှုကို မခံယူနိုင်ကြဘူး၊ ဒါတောင် ဆရာတို့တိုင်းပြည်မှာမို့ အခမဲ့ဆေးရုံတွေရှိတာ။ ဒီမှာ ဖျားနာနေမကောင်းယင်ဖြစ်ဖြစ်၊ ထိခိုက်ဒဏ်ရာရယင်ဖြစ်ဖြစ်၊ ကလေးမီးဖွားယင်ဖြစ်ဖြစ် ရှိရှိသမျှဆေးရုံတွေက အကုန်အခမဲ့။ ဆေးရုံမှာ ရှိသမျှဆေးတွေက အလကား ကုပေးဖို့။ ဒါပေမယ့် ကမ္ဘာနိုင်ငံတော်တော်များများမှာ ဒီလိုအခမဲ့ဆေးရုံတွေ မရှိကြဘူး၊ ဆေးရုံတင် ပိုက်ဆံပေးတက်ကြရတာ များတယ်”

ဆရာဦးသက်ထွန်းက လေရှည်ကြီး ပြောပြီးမှ မောသွားသလို လက်ဖက်ရည်ခွက်ကို တကျိုက်တည်း မော့ချလိုက်သည်။ ထွန်းဦးမောင်က ဆရာ့ရှေ့သို့ ပေါင်မုန့်ကြော်ပန်းကန်ကို ထိုးပေးသည်။ ကိုကိုကမူ အိတ်ထဲမှ ပိုက်ဆံကို တွက်နေမိသည်။ သူ့အိတ်ထဲတွင် လေးကျပ်သာ ရှိသည်။ လက်ဖက်ရည် သုံးခွက်အပြင်၊ ပေါင်မုန့်ကြော်ပါ တိုးလာလျှင် ရှင်းရန် မလွယ်ကူတော့။ လမ်းစရိတ် ချန်ရဦးမည်။ ထွန်းဦးမောင်က အလိုက်တသိ ရှင်းသွားလျှင်မူ တော်သေးသည်။ သို့သော်လည်း သူများပိုက်ဆံနှင့် လက်ဖက်ရည် ကပ်သောက်ရမည်ကို ကိုကိုရှက်သည်။ ထို့ကြောင့် တတ်နိုင်လျှင် စားသောက်ဆိုင် မထိုင်။ ကိုယ်ကလည်း မကျွေးနိုင်၊ သူများ ကျွေးသည်ကိုလည်း ထာဝစဉ် မစားချင်။ ဒီတခါတော့ ဆာဆာရှိသည်နှင့် စားသောက်ဆိုင် ထိုင်မိသည်။ ဆရာဦးသက်ထွန်း ဝင်လာသည်၊ ကိုကို့

အား စာတော်သောကျောင်းသားအဖြစ် မျက်မှန်းတန်းမိပြီးဖြစ်၍ တဦးတည်း ထိုင်နေသော ကိုကိုစားပွဲ ဝင်ထိုင်သည်။ ထို့နောက် ထွန်းဦးမောင် ရောက်လာ သည်။ ဆရာ့ကိုမြင်တော့ သူတို့ဝိုင်းသို့ လာ၍ ထိုင်ပြန်သည်။

"ကိုကို၊ မင်း အခုဘယ်မှာလဲ"

"အော်သိုမှာ ဆရာ"

"ကဲ ပြောစမ်း၊ မင်းတို့အရိုးဌာနက လူနာတွေထဲမှာ ချမ်းသာတာ ဘယ်နှစ် ယောက်ပါသလဲ"

ကိုကိုပြုံးမိသည်။ ချမ်းသာသောသူ ဘယ်နှစ်ဦး ပါသနည်းတော့ ကိုကိုမသိ။ ဆင်းရဲသောသူ အတော်များသည်ကိုကား သိသည်။ မန်ကျည်းရွက်နု တက်ခူး ယင်း .. မန်းကျည်းပင်ပေါ်မှ လိမ့်ကျ၍ တင်ပါးဆုံရိုး အက်သွားသော ကောင်မလေးဆိုလျှင် ဆေးရုံပေါ်မှာ တလကျော်ပြီဟု ဆိုသည်။ သူ့အမေ တ ခေါက်လာဖူးသည်မှအပ သူ့ဆီ လာသူမရှိ။

"ကျွန်မတို့ရွာက ရန်ကုန်နဲ့အဝေးကြီး၊ ရထားစီးပြီး ကားစီး၊ ပြီးတော့ လှည်းစီးမှ ရောက်တာ။ အမေက အားမှ မအားတာ၊ ဘယ်လာနိုင်ပါ့မလဲ။ အခုအချိန်က ပျိုးနုတ် ကောက်စိုက်ချိန် " ဟု မျက်နှာညိုးညိုးနှင့် ခွင့်လွှတ်စကားဆိုသည်။

ဆေးရုံကကျွေးသော ထမင်းကို နှစ်သက်မက်မောစွာနှင့် စားသည်ကိုတွေ့တော့ ကိုကိုပင် စိတ်မကောင်း။ တတ်နိုင်သူများက ဆေးရုံထမင်းကို ဆိုနည်းသည်၊ ဆားငန်သည်၊ ညံ့သည်ဟု အမျိုးမျိုး ထောပနာပြုတတ်ကြသော်လည်း သူတို့ လေးများအတွက်တော့ အသက်ဆက်နေရသော အာဟာရများဖြစ်သည်။

"လူချမ်းသာတော့ မသိဘူးဆရာ၊ ဆင်းရဲတာတော့ အတော်များတယ်"

"ကဲ .... ထွန်းဦးမောင်ကရော"

“ကျွန်တော်က မက်ဒီဆင်မှာပါ”

“ကဲ ... ဆင်းရဲတဲ့သူ ဘယ်လောက်များလဲ”
“ဆရာကလဲ မိုးပေါ်မှာ ကြယ်တွေကို ရေခိုင်းနေပြန်ပြီ”

ထွန်းဦးမောင်က ရယ်သွမ်းသွေးသည်။ ကိုကိုကမူ အဖေနှင့်အမေကို သတိရသည်။ ထို့နောက် ကိုယ့်ကိုယ်ကိုယ် သတိရသည်။ ဆရာက “ကဲ .. ကိုကို၊ မင်းရော ဆင်းရဲလား... ချမ်းသာလား ” ဟု မေးလိုက်မည်ကို ကြောက်ပြီး ရင်တဒိတ်ဒိတ် ခုန်လာသည်။ "မင်းအဖေ ဘာလုပ်သလဲ” ဟု မေးလိုက်လျှင် မည်ကဲ့သို့ ဖြေရမည်နည်း။

“အေး... အဲဒါပြောတာပေါ့ကွာ၊ ဆင်းရဲတဲ့သူတွေ စီးပွားရေးမပြေလည်တဲ့သူတွေဟာ အများကြီးပေါ့၊ ဆရာတို့နိုင်ငံတင် မဟုတ်ဘူး၊ ဒါက ကမ္ဘာနဲ့ အဝှမ်း”

“အရင်းရှင်နိုင်ငံကြီးတွေမှာရော ဆရာ”

“ပိုဆိုးတာပေါ့ကွာ ... ဒီမှာ လူချမ်းသာနဲ့ လူဆင်းရဲ ဆယ်ဆကွာယင် သူတို့ဆီမှာ အဆတရာ ကွာတော့မပေါ့၊ ဘယ်နေရာမှာမဆို ချမ်းသာ ဆင်းရဲ ကွာဟချက် ရှိနေတာပဲ။ လူသားတွေဟာ ရောဂါအမျိုးမျိုးကို အောင်နိုင်ခဲ့ကြတယ်၊ ပလိပ်ရောဂါ၊ ကျောက်ရောဂါ၊ ခွေးရူးရောဂါ၊ ငှက်ဖျားရောဂါ၊ နောင်လာမယ့် နှစ်အနည်းငယ်အတွင်းမှာ ကင်ဆာကိုပါ နိုင်အောင်တိုက်နိုင်မယ်လို့ မျှော်လင့်ကြတယ်”

“မဟာလူသားတို့ရဲ့ အောင်နိုင်မှုပေါ့ ဆရာ”

ထွန်းဦးမောင်က ရယ်ပြန်သည်။ ကိုကိုကမူ လက်ဖက်ရည်ဖိုးကို စိတ်ထဲမှ တွက်ချက်နေမိသည်။ ဆရာရော ထွန်းဦးမောင်ပါ ပေါင်မုန့်ကင်တချပ်စီ ကုန်သွားပြီဖြစ်သည်။

“အဲဒီမဟာလူသားတွေ မအောင်နိုင်တဲ့ရောဂါတခုကတော့ ကမ္ဘာတည်သရွေ့များ ရှိနေမလားလို့ ဆရာစိုးရိမ်မိတယ်”

“ဘာရောဂါလဲ ဆရာ”

“ဆင်းရဲခြင်း ဆိုတဲ့ ရောဂါလေ”

ဆရာက ခပ်တိုးတိုး ရယ်သည်။ ထို့နောက် အိတ်ထဲမှ ဆယ်တန်တချပ်ကို ထုတ်သည်။ ကိုကိုရော ထွန်းဦးမောင်ကပါ "ဟာ နေပါစေဆရာ” ဟု ပျာပျာသလဲ တားကြသော်လည်း မုန့်ဖိုးကို ဆရာပင် ရှင်းသွားသည်။

“ဆရာ့မှာ အမိဋ္ဌာန် နှစ်ခု ရှိတယ်။ တခုက တတ်နိုင်သမျှ မြန်မာလိုပြောဖို့ပဲ၊ ဒီ ဆေးတက္ကသိုလ်က ဆရာတော်တော်များများဟာ အင်္ဂလိပ်လိုပြောတာ အကျင့်ပါနေကြပြီး မြန်မာလိုပြောလဲ ဆေးစကားတွေက ကြားညှပ်ပြီး အင်္ဂလိပ် လိုပြောနေရတာပဲ။ ဆရာကတော့ မြန်မာလိုပဲပြောချင်တယ်၊ ပြောနိုင်အောင်လဲ ကြိုးစားတယ်။ နောက်တခုကတော့ တပည့်တွေဆီက ဘာမှ မယူမိဖို့ပဲ၊ ဆရာက ပဲ ပေးချင်တယ်၊ ဆရာကပဲ ကျွေးချင်တယ်၊ အဲဒါကိုတော့ ခွင့်ပြု ဟုတ်လား ...။ အဲ .. မင်းတို့ ပါရဂူကြီးတွေဖြစ်တဲ့နေ့ ဆရာ့ကို မမေ့ယင် သတိရသေးယင် .. လက်ဖက်ရည် လာတိုက်လှည့်ကြလေ”

ဆရာက ခပ်ပြုံးပြုံး ပြောသွားသည်။ ဘာပြောပြော ကိုကို၏အခက်အခဲကတော့ ပြေလည်သွားသည်။ ဆရာ့ကို လိုက်လိုက်လှဲလှဲ ကျေးဇူးတင်မိသည်မှာ အမှန် ပင်။ ထွန်းဦးမောင်ကမူ ကျေးဇူးတင်ပုံမရ။

“ဆရာ့ကိုတွေ့လို့ ကွက်ရှင်လေးများ အောက်မလားလို့ ဝင်ထိုင်မိပါတယ်၊ ဘာ တွေ တရားဟောသွားမှန်းလဲ မသိဘူး”

“ဆရာ ပြောသွားတာတွေ ဟုတ်သားပဲ”

"ဟုတ်ဟုတ် မဟုတ်ဟုတ်ကွာ၊ သူများဆင်းရဲတာ ကိုယ့်အပူမှတ်လို့ ဒီကောင်က ဆင်းရဲတယ်ဆိုတာ သိပ်ကြားချင်တာမဟုတ်ဘူး။ ဆရာကလဲ အဲဒီရောဂါက ကုလို့မရသေးတဲ့ ရောဂါဆိုတော့လဲ အခက်၊ ငါကလဲ အဲဒီဆင်းရဲတာကို အကြောက်ဆုံး၊ ကိုယ်တိုင် ဆင်းရဲဖို့ မပြောနဲ့၊ ဆင်းရဲတဲ့လူနဲ့တောင် တယ်အပေါင်းအသင်း လုပ်ချင်တာ မဟုတ်ဘူး"

ကိုကို၏မျက်နှာသည် ရေနွေးနှင့် အပက်ခံရသလို ရှိန်းကနဲ ပူသွားသည်။ "ငါ့အကြောင်းသိလို့.. တမင်စောင်းပြောတာ" ဟူသောအတွေးနှင့် ရင်ထဲက အရှိန့် စိတ်က ဘောင်ဘင်ခတ်ပြီး လည်ချောင်းဝအထိ တက်လာသည်။ ဘာမှ ပြန်မပြောပဲ ထွက်လာခဲ့သည်။ ထွန်းဦးမောင်က လမ်းခွဲမသွားပဲ သူ့ဘေးမှ ပါလာသည်။

"မျိုးဝင်းအခန်းမှာ ရှူးဝိုင်းရှိတယ် ... မနေ့ညက ငါ သုံးရာ ရှုံးသွားတယ်"

ထွန်းဦးမောင်က လေသံလေးနှင့် ပြောသည်။ "သုံးရာ" ဟု ကိုကိုက စိတ်ထဲမှ ရေရွတ်လိုက်မိသည်။ သုံးရာဟူသောငွေကို ရအောင် အဖေရော ညီညီပါ အနည်းဆုံး ဆယ်ရက်ခန့်တော့ တပင်တပန်း အလုပ်လုပ်ကြရလိမ့်မည် ထင်သည်။ ထွန်းဦးမောင် ရှုံးသွားသော ငွေသုံးရာကိုသာ သူရခဲ့လျှင် သူလိုချင်နေသော ဂျူတီကုတ်အသစ်ကိုလည်းကောင်း၊ နှစ်ဆယ့်ကိုးလမ်းက အဟောင်းရောင်းသော ဆိုင်တွင် တွေ့ထားသော ရောဂါဗေဒစာအုပ်ကို လည်းကောင်း ဝယ်နိုင်ပေလိမ့်မည်။

ကိုကိုက ဆေးရုံကြီးအဆောင် (၁၉-၂၀) ဘေးမှပတ်ကာ အနောက်ပေါက်မှ ထွက်ခဲ့သည်။ ထွန်းဦးမောင်ကလည်း သိမ်ဈေးဘက်သို့ သွားဦးမည်ဟုဆိုကာ လိုက်လာသည်။ ညတုန်းက ရှူးဝိုင်းအကြောင်းကို ဖောက်သည်ချသည်။ ကိုကို စိတ်မဝင်စား။

"ငါ့ကွာ ... အစပိုင်းက ဟုတ်နေတာ၊ နောက်ဆုံးလှည့်မှာ ပုံအောလိုက်တော့မှ ကွဲတာပဲ... ။ နာရီ တခါတည်း ပြုတ်ထွက်သွားတယ်၊ ဒက်ဒီကိုတော့ ခါးပိုက်နှိုက်ခံရတယ် ပြောရမယ်၊ ဘတ်စကားကျပ်လို့ ခံရတာ၊ နောက်ထပ် ခါးပိုက်နှိုက်မခံရအောင် ကားပေးထားပါ ဆိုပြီး ကားတောင်းထားရမယ်။ ကားရတော့မှ ကားပေါင်ပြီး အောထည့်လိုက်အုံးမယ်"

ထွန်းဦးမောင်၏စကားကို စိတ်ညစ်ညူးစွာနှင့် နားထောင်နေမိစဉ် အဖေကို လှမ်း၍ တွေ့လိုက်ခြင်းဖြစ်သည်။ အဖေက ကိုကိုအား အလျှင်မြင်ပြီး ဖြစ်ပုံရသည်။ ကိုကိုတို့ဆီသို့ ခပ်ပြုံးပြုံးနှင့် လျှောက်လာသည်။ အဖေ့ပခုံးပေါ်တွင် အဖေ၏လက်သမားသုံး ကိရိယာများ ထည့်ထားသော မည်းညစ်ညစ်အိတ်ကြီးကို လွယ်ထားသည်။ အဖေ့အင်္ကျီက ထုံးစံအတိုင်း ဇင်ပြာစ၊ ညစ်ထတ်ထတ်။ အဖေ့နဖူးပြင်မှာ ချွေးစို့နေသည်။ အဖေ့ကိုယ်ကလည်း ထုံးစံအတိုင်း ချဉ်စုတ်စုတ် ချွေးနံ့ နံလိမ့်မည် ထင်သည်။

ကိုကို၏လက်များသည် ရုတ်ခြည်း အေးစက်သွားသည်။ အဖေသည် ထွန်းဦးမောင်၏အရှေ့တွင် သူ့အား “သား” ဟု လှမ်း၍ ခေါ်ပေတော့မည်။ (၁၉-၂၀) အဆောင်အနောက်ဘက်တွင် ကျောက်ကပ်ဆေးရုံအဆောင်သစ် ဆောက်နေသည်။ ထိုအဆောင်ကို အဖေတို့ လာရောက်ဆောက်နေရကြောင်းကို မည်သည့်အတွက်ကြောင့် မေ့လျော့လေရလေသနည်း။ မည်သည့်အတွက်ကြောင့် ထွန်းဦးမောင်လို သူငယ်ချင်းနှင့်အတူ ဒီဘက်ကို လာခဲ့ရလေသနည်း။

အဖေ့ကိုတွေ့လျှင် ထွန်းဦးမောင် နှာခေါင်းရှုံ့လိမ့်မည်ထင်သည်။ "ဟာ… ကိုကို အောင့်အဖေက လက်သမားကြီးကွ၊ ချွေးစော်ကလဲ နံလို့ ဟောင်လို့” ဟု လျှောက်၍ပြောလေတော့မည်။

အဖေက တဖြည်းဖြည်း နီးလာသည်။ ကိုကို၏ရင်ထဲတွင် အပြင်းအထန် လှုပ်ရှားနေသည်။ သူ့ဘေးမှ ထွန်းဦးမောင်က တရစပ် ပြောနေသော်လည်း ဘာတွေပြောနေမှန်း သူ မသိ။ ကြားလည်းမကြား။ “ကိုကို့အဖေက တကယ့်ကို ညစ်ထတ်ထတ်ကြီးကွ” ဟူသော စကားကိုသာ ကြိုပြီး ကြားယောင်နေသည်။ မိမိကိုယ်မိမိ ဘာလုပ်မှန်း မသိလိုက်မှာပင် ကိုကို ဗြုန်းကနဲ ရပ်လိုက်သည်။ ထို့နောက် “ဟာ .. ငါ့နားကျပ် ကျန်ခဲ့ပြီ” ဟု ပြောမိပြောရာ ပြောယင်း ချာကနဲ လှည့်ကာ မပြေးရုံတမည် ထွက်လာခဲ့သည်။

“မင်း စတက်သိုကို နဂိုတည်းက မင်းလက်ထဲမှာ မတွေ့မိပါဘူး” ဟု လှမ်းအော်နေသော ထွန်းဦးမောင်ကိုပင် လှည့်မကြည့်တော့။ ရင်ထဲမှ နှလုံးသားက တဒိုင်းဒိုင်းနှင့် ဆူညံစွာ ခုန်ပေါက်နေသည်။ အဖေသည် သူ့နောက်ကျောကို အံ့သြစွာ ကြည့်လေမလား၊ ကြေကွဲစွာ ကြည့်လေမလား၊ ဒေါသရိပ် ဒေါသအရောင်နှင့် ခက်ထန်စွာ ကြည့်လေမလား၊ သူ မဝေခွဲတတ်။ လောလောဆယ်တော့ အဖေနှင့်

ဝေးရလျှင် တော်ပြီ။ အဖေက သူ့ကို "သား" ဟူ၍ လှမ်းမခေါ်လိုက်လျှင် တော်ပြီ။ သူငယ်ချင်းများကို "ဒါ ..ငါ့အဖေပါ" ဟု မပြောရလျှင် တော်ပြီ။

ထိုနေ့က သူ တော်တော်နှင့် အိမ်မပြန်ဖြစ်။ ဗိုလ်တထောင်ဆိပ်ကမ်းတွင် သွား ထိုင်နေမိသည်။ အဖေ့ကို ရှောင်ပြေးခဲ့ပြီမို့ အဖေနှင့် ရင်ဆိုင်ရမည်ကို ကြောက် နေသည်။ ထို့ကြောင့် အတော်လေး မိုးချုပ်မှ အိမ်သို့ပြန်ဖြစ်သည်။

အဖေသည် သူတို့အိမ်ရှေ့ လှေကားထစ်တွင် ဆေးလိပ်တိုလေး ဖွာကာ ထိုင် စောင့်နေသည်။ ဆုတ်ကန်ကန်နှင့် လျှောက်လာသော ကိုကို့အား "လာလေ .. သား" ဟု ဆီးကြို၍ ခေါ်သည်။ ဘာမှမဖြစ်သလို "သား .. ထမင်းစားခဲ့ပြီးပြီလား" ဟု မေးလေသည်။

ကိုကိုက အဖေ့ကို မရဲတရဲ ကြည့်မိသည်။ အဖေ့မျက်နှာက အေးဆေး တည်ငြိမ် နေသော်လည်း မျက်လုံးများကမူ ရီဝေနေလေသည်။ အဖေက ကိုကို့အား ကြည့် ကာ ခွင့်လွှတ်စွာ ပြုံးသည်။

"အဖေနားလည်ပါတယ်ကွာ .. ငါ့သား ဘာမှ စိတ်မကောင်းဖြစ်မနေနဲ့... အဖေ့ကို ဘာမှ ရှင်းပြမနေနဲ့"

အဖေက တိုးတိုးပြောယင်း ကိုကို၏ပခုံးများကို ညှစ်ကိုင်လိုက်လေသည်။ ကိုကို သည် မျက်လွှာချယင်း တံတွေးကို အခါခါ မျိုချနေမိသည်။ ဘာမှ မပြောမိ၊ ပြော စရာလည်း စကားမရှိ။

ထိုနေ့ညက ကိုကို အိပ်မပျော်။ အဖေကလည်း အိပ်ပျော်ပုံမရ။ အမှောင်တွင် ဆေးလိပ်ထိုင်ဖွာနေသော အဖေ့ဆေးလိပ်မီးလေးကို ကိုကိုက အိပ်ရာထဲမှ ငေး ကြည့်နေမိသည်။

ထို့နောက် တပတ်ခန့်အကြာတွင် အဖေ သေခဲ့ရသည်။

အိမ်ခေါင်မိုး မိုးရန်အတွက် ထုပ်တန်းများ တက်၍ ရိုက်စဉ် မူးပြီး လိမ့်ကျခြင်း ဖြစ်လေသည်။ ကိုကိုကမူ သူ့ကိုယ်သူ တရားခံဖြစ်ကြောင်း ချက်ချင်းသိပြီး ယူကျုံးမရဖြစ်ရသည်။ အဖေသည် ဖွင့်၍မပြောသော်လည်း ရင်ထဲတွင် ထိခိုက်ကြေကွဲခဲ့မည်သာတည်း။ ညတိုင်း အိပ်မပျော်နိုင်ပဲ ဆေးလိပ်တိုကိုသာ ထ၍ ဖွာနေတတ်သည်။ ထို့ကြောင့် အလုပ်ခွင်တွင် မူးဝေခြင်းဖြစ်ရမည်ဟု တထစ်ချ သူ ယူဆမိသည်။

အကြောင်းမသိသော ညီညီကမူ ရှိုက်ကြီးတငင် ငိုနေသော ကိုကို၏ပခုံးသားများကို ချစ်ခင်စွာ ဖက်ရင်း "အဖေမရှိတော့ပေမယ့် ညီရှိပါတယ် ကိုကိုရာ၊ ကိုကို ဆရာဝန်ဖြစ်တဲ့အထိ ညီ ကြိုးစားမှာပေါ့" ဟု အားပေးစကား ဆိုခဲ့သည်။

* * *

ကိုကိုသည် ခြေပစ်လက်ပစ် ထိုင်ယင်း မျက်စိကို စုံမှိတ်ထားလိုက်သည်။ အင်္ကျီမဲ့ ပြာပြာကြီးကို ဝတ်ထားသော အဖေက သူ့မျက်စိထဲတွင် ပျောက်လိုက် ပေါ်လိုက် ဖြစ်နေသည်။ အဖေ့အကြောင်းကို စဉ်းစားမိတိုင်း မိမိကိုယ်မိမိ ခွင့်မလွှတ်နိုင်အောင် ရှိသည်။ သူသည် ဆင်းရဲခြင်းကို ဘာကြောင့်များ ပြစ်မှုတခုလို ယူဆမိရလေသနည်း။ ပြည်သူ၏ငွေကို အလွဲသုံးစားပြုကာ လာဘ်စားသော အချို့ဖခင်များအတွက် သူတို့၏သားသမီးများက ပြုံးပျော်ဂုဏ်ယူနေချိန်ဝယ် သူတတ်သည့်ပညာနှင့်သူ သန့်ရှင်းစင်ကြယ်စွာ ပင်ပန်းကြီးစွာ ငွေရှာလေသော ဖခင်အတွက် ကိုကိုသည် ဘာကြောင့်များ ဒီမျှ ရှက်ခဲ့ရလေသနည်း။ အဖေသည် အရာရှိကြီး မဟုတ်ပဲ လက်သမားဖြစ်ရလေသည့်အတွက်လော၊ အဖေ၏နုံချာသော အသွင်အပြင်ကြောင့်လော။

သူ့ကိုယ်သူ ဖွင့်ဟဝန်မခံချင်သော်လည်း ထိုနှစ်ခုလုံးကြောင့် အဖေ့ကို အဖေခေါ်ရန် သူရှက်ခဲ့ကြောင်း သူသိလေသည်။

"တကယ် .. တကယ်တော့ အဖေရော အမေရော လူ့လောကကို ဆင်းရဲဒုက္ခခံဖို့၊ အပင်ပန်းခံဖို့သက်သက် အလည်လာရတဲ့သူတွေပဲ။ သူတို့ဘဝမှာ ဘာပျော်ရွှင်မှု ဘာဖြေဖျော်မှုမှ ရှိမသွားခဲ့ကြဘူး"

ညီညီ၏အသံကို ကြားရသည်။ ဒီတော့လည်း ကိုကို့မျက်စိထဲတွင် မြင်ယောင်နေသော အဖေ့ရုပ်သွင်ဘေးတွင် "အမေ့ဖို့ ကွမ်းရွက်ဆယ်ပြားဖိုး သွားဝယ်ပေးနော်” ဟု ညှိုးငယ်စွာ ပြောသော အမေ့ရုပ်သွင်က ယှဉ်တွဲ၍ ပေါ်လာပြန်သည်။

“ဒါပေမယ့် စဉ်းစားကြည့်စမ်းပါ ကိုကို၊ တို့အဖေ တို့အမေဟာ ဒီကမ္ဘာ ဒီလောကကြီးမှာ ဘာမကောင်းမှု ဒုစရိုက်ကိုမှ လုပ်မသွားခဲ့ကြပါဘူး”

ညီညီက လေးလေးနက်နက် ပြောသည်။ ညီညီသည် မျက်စိကို စုံမှိတ်ထားသော ကိုကို့အား ငဲ့ကြည့်ယင်း ဒူးယားဗူးကို ဖွင့်၍ကြည့်ပြန်သည်။ တလိပ်တည်းကျန်တော့သည်ကို တွေ့တော့ “ကိုကို စီးကရက်သောက်အုံးမလား ” ဟု လှမ်းပြောသည်။ ကိုကိုက မျက်စိမဖွင့်ပဲ ခေါင်းကိုသာ အသာ ယမ်းပြသည်။

“တိုင်းပြည်အကျိုး ရပ်ရွာအကျိုးရယ်လို့ စွမ်းစွမ်းတမံ ကြီးကြီးကျယ်ကျယ် ဆောင်ရွက်မသွားနိုင်ကြပေမယ့် သားနှစ်ယောက်ကိုတော့ လူလားမြောက်အောင် ကျွေးမွေးပြုစုနိုင်ခဲ့တယ်။ ပညာကိုလဲ ထိုက်သင့်သလောက် ပေးနိုင်ခဲ့တယ်။ အဖေတို့အမေတို့ဟာ လူသားတာဝန်တော့ ကျေခဲ့ပြီပဲ”

ညီညီက စီးကရက်မီးခိုးများကို အဆုတ်ထဲသို့ ရှိုက်၍သွင်းသည်။ ညီညီ စီးကရက်သောက်ပုံမှာ အငြိုးတကြီးနိုင်လှသည်။ အငွေ့ကလေးအနည်းငယ်ကိုပင် အလွတ်မပေးပဲ ရှိရှိသမျှ အကုန်လုံးကို ရင်ထဲရောက်အောင် သောက်မျိုပစ်နေသည်။ ဒီပုံအတိုင်းသာ ကြာရှည်သောက်လျှင် အန္တရာယ်ကို ဖိတ်ခေါ်နေသကဲ့သို့ ရှိချေမည်ဟု စဉ်းစားယင်း ကိုကိုသည် ညီညီ၏လက်ထဲမှ စီးကရက်ကို ဆွဲယူပြီး လွှင့်ပစ်ချင်စိတ် ပေါ်လာသည်။

“ဒီကမ္ဘာ ဒီလောကမှာ လူရယ်လို့ဖြစ်လာရတာ ဒီကမ္ဘာအလှ လောကအလှကို ဖျက်ဆီးဖို့မှမဟုတ်ပဲဗျာ၊ ဒါပေမယ့် လူအများစုဟာ ကောင်းမှုထက် မကောင်းမှုကိုသာ လုပ်ပြီး သေသွားကြတာ များတယ်၊ ကျွန်တော်တော့ ကြာလေစိတ်ကုန်လေပဲ”

“တောများ ထွက်ချင်နေပြီလား ညီညီရာ”

"ဒီလောက်လဲ ပါရမီမရင့်ပါဘူးဗျာ"

ညီညီက ပခုံးကို မသိမသာ တွန့်သည်။ သူ့အား ငေးကြည့်နေသော ကိုကို့အား စောင်း၍ကြည့်ကာ ကြေကွဲစွာ ပြုံးသည်။

"ခင်ဦးကတော့ ပြောဖူးတယ်... ညီညီ နင်ဘုန်းကြီးဝတ်ယင် ငါ ပစ္စည်းလေးပါး ဒကာခံမယ်တဲ့"

"ငါ့ကိုလဲ တခါ ပြောဖူးသေးတယ်"

ကိုကို့ခေါင်းထဲတွင် မှုန်ရိပ်ရိပ်ဖြစ်နေသည်။ ကားထဲတွင် တိုးဝှေ့ဝင်နေသော လေများက တဝူးဝူး အော်မြည်နေသလို ထင်ရသည်။ အတိတ်ဆီသို့ ပြေးလေသော စိတ်အား ဆွဲမထားချင်။

* * *

"ကိုကို ... ဘာဖြစ်လို့ သေချင်တယ် သေချင်တယ်နဲ့ ခဏခဏ ပြောနေရတာလဲ..."

ခင်ဦးက စိတ်မရှည်သလို မေးသည်။

"ကိုကို ယောက်ျားပဲဟာ၊ ဘာဘသေတာ ခင်ဦးလဲ ဝမ်းနည်းတာပါပဲ၊ ကိုကိုက အဖေဆိုတော့ ပိုဝမ်းနည်းယင်လဲ နည်းမှာပေါ့လေ၊ ဒါပေမယ့် သေချင်စရာတော့ မလိုပါဘူး"

"နင်ဘာသိလို့လဲ မိခင်ဦးရ၊ ငါမကောင်းဘူးဟ"

"ဘာလဲ ငါ ဆေးကျောင်းတက်လို့ အဖေ ပင်ပန်းပြီးသေတယ်၊ ဒါကြောင့် ငါမကောင်းဘူးလို့ ပြောမလို့မဟုတ်လား။ မပြောနဲ့။ ဒါကြောင့် သေချင်တာလား၊ မ

သေနဲ့။ သေမယ့်အစား ဘုန်းကြီးဝတ်လိုက်ပါလား၊ အဲဒါကမှ ကုသိုလ်ရအုံးမယ်”

ခင်ဦးက မေမြို့ပန်းများ ဝေဝေဆာဆာထိုးထားသော ဘုရားပန်းအိုးကို ဘုရားစင်ပေါ်သို့ ဆောင့်၍တင်မိသည်။ ဝမ်းနည်းပက်လက်ဖြစ်နေသော ကိုကို့အား ငဲ့ကြည့်ယင်း "လာ .. ဒီမှာ ဖုန်တက်နေတဲ့ ဘုရားစင်ကို လာရှင်း၊ သေတာထက်ကောင်းတယ်” ဟု အာဏာသံပါပါလေးနှင့် ပြောသည်။

ဒီနေ့ အဖေဆုံးသည်မှာ တလပြည့်သည့်နေ့ ဖြစ်သည်။ ခင်ဦးက အမှတ်တရ မေမြို့ပန်းများ လာပို့သည်။ ဘုရားပန်းအိုးများ လဲပေးသည်။ ဒီတော့ ကိုကိုလည်း အဖေ့ကို တမ်းတလွမ်းမောစိတ် ကြေကွဲစိတ်များနှင့် ဝမ်းနည်း ပက်လက်ဖြစ်ရပြန်လေသည်။

“အဟုတ်ပြောတာ .. ကိုကိုများ ဘုန်းကြီးဝတ်ယင် လိုလေသေးမရှိ ဒကာခံပြီး တသက်လုံး ကိုးကွယ်ထားမယ်။ သေချင်နေမယ့်အစားတော့ ဘုန်းကြီးဝတ်ဖို့ပဲ စဉ်းစားစမ်းပါ ကိုကိုရယ်”

ခင်ဦးကလည်း ညီညီ့လိုပင်၊ တခါတရံ ကိုကိုအား သူ့ထက်အငယ်လို ဆက်ဆံတတ်သည်။ အားမလိုအားမရ မျက်မှောင်လေး ကြုတ်ပြီး ကြည့်တတ်သည်။

“ငါများ ဘုန်းကြီးဝတ်လို့ အဖေပြန်ရှင်လာမယ် ဆိုယင်လေ... ငါ တသက်လုံး ဘုန်းကြီးဝတ်နဲ့ နေပါရဲ့ .. ။ ငါ့အပြစ်တွေများ ကျေမယ်ဆိုယင် တောထွက်သွားပါရဲ့”

“ဘာအပြစ်တွေလဲ”

“ဘာအပြစ်တွေလဲဆိုတော့ အဖေ့ကို အဖေလို့ ခေါ်ရမှာ ရှက်ခဲ့တဲ့အပြစ်ပေါ့ မိခင်ဦးရယ်”

ခင်ဦးက ကိုကို့အား နားမလည်သလို ကြည့်နေသည်။ အဖေသည် ထိုအကြောင်းကို မည်သူ့ကိုမျှ ဖွင့်ပြောခဲ့ပုံမရပေ။ ယုတ်စွအဆုံး ညီညီ့ကိုပင် ပြောပြခဲ့ပုံမရ။

ကိုကိုသည် အဖေ့အကြောင်းကို တွေးယင်း ရင်ထဲတွင် ကျင်၍စူးလာသည်။ ခင်ဦးကိုသာ အမှန်အတိုင်း ဖွင့်မပြောရလျှင် ထိုလှို့ဝှက်ချက်သည် သူ့နှလုံးသားကို တစစီ ပေါက်ကွဲ လွင့်စဉ်သွားစေလိမ့်မည် ထင်သည်။

“ငါ ကျောင်းမှာ အဖေ့ကို တွေ့တယ်... အဖေတို့က နောက်ဘက်က ကျောက်ကပ်ဆေးရုံ အဆောင်သစ်ကြီး လာဆောက်နေကြတာလေ၊ ငါ့ကိုမြင်တော့ အဖေ့ခမျာ ငါ့ဆီကို ဝမ်းသာအားရနဲ့ လျှောက်လာတာ..။ ငါလေ ငါ့ဆီတဲ့ကောင်ကတော့ အဖေ့ကို လူရှေ့မှာ အဖေလို့ နှုတ်ဆက်လိုက်ရမှာ ခေါ်လိုက်ရမှာ ကြောက်ပြီး ထွက်ပြေးမိတယ်လေ”

“ဟင် ...”

“ဟုတ်တယ် ခင်ဦး၊ အဖေ့ကို နှုတ်ဆက်လိုက်ရမှာ ခေါ်လိုက်ရမှာ ကြောက်ပြီး ထွက်ပြေးခဲ့တယ်”

ကိုကိုက ပြောယင်း မျက်ရည်ကျလာသည်။ ခင်ဦးသည် ကိုကို့အား မယုံနိုင်သလို ငေးကြည့်နေသည်။

“နင်စဉ်းစားကြည့်စမ်း ခင်ဦး၊ အဖေ ဘယ်လောက် စိတ်ထိခိုက်သွားမလဲ၊ ဝမ်းနည်းသွားမလဲလို့”

“မစဉ်းစားပါရစေနဲ့ ကိုကိုရယ်”

ခင်ဦးက ခေါင်းလေး ယမ်းနေသည်။ အဖေ မည်မျှ စိတ်ထိခိုက်သွားမည်ကို စဉ်းစား၍ပင် ကြည့်ရက်ဟန် မတူချေ။ ကိုကို့အား အပြစ်တင်စကား ပြောချင်နေသော်လည်း ကိုကို၏မျက်ရည်များကြောင့် သူ့ကိုယ်သူ မျိုသိပ်ထားရဟန်တူလေသည်။ ဟိုးငယ်စဉ် ကလေးဘဝကတည်းက ကိုကိုငိုလျှင် “မငိုပါနဲ့ ကိုကိုရာ” ဟု ပြောလေ့ရှိသော ခင်ဦးသည် ဒီတခါတော့ ကိုကို့အား မငိုပါနဲ့ဟု မပြောတော့ချေ။

“အဖေ့ခမျာ ညည အိပ်မပျော်နိုင်ရှာဘူး၊ ထလိုက် ထိုင်လိုက် ဆေးလိပ်ကလေး ဖွာပြီး နေလိုက်နဲ့”

“ ဒါတောင် ကိုကိုက ဘဘကို ထပြီးမကန်တော့ဘူးလား၊ မတောင်းပန်ဘူးလား… ဟင်”

“စိတ်ထဲကတော့ အခါတရာမက တောင်းပန်နေပါတယ်ခင်ဦးရယ်”

“ကိုကို ပါးစပ်ကနေပြီးတော့ မတောင်းပန်ခဲ့ဘူး မဟုတ်လား၊ ဘဘကို မျက်နှာချင်းမဆိုင်ဘူး မဟုတ်လား၊ ဘဘ ဆေးလိပ်ထဖွာနေယင် ကိုကိုက အိပ်ချင်ယောင်ဆောင်နေတယ် မဟုတ်လား”

ကိုကို၏အကြောင်းကို အမြဲမချေးခါးမကျန် သိသော ခင်ဦးက ကရုဏာဒေါသနှင့် ပြောလေသည်။ စိတ်ထိခိုက်တုန်လှုပ်မှုနှင့် မှိုင်း၍နေသော ခင်ဦး၏မျက်လုံးညို ညိုလေးများကို ရင်မဆိုင်ရဲသောကြောင့် ကိုကို ခေါင်းငုံ့၍ ထားမိသည်။ မျက်ရည်စက်များက သူ၏လက်ဖမိုးပေါ်သို့ တပေါက်ပေါက် ခုန်ဆင်းလာသည်။ ခင်ဦးက သူ့ဘေး လာထိုင်ကာ "ငိုမနေပါနဲ့တော့ ကိုကိုရယ်” ဟု ဖြေသိမ့်စကားများ ပြောလေမလားဟု မျှော်လင့်မိသည်။ သို့သော် ခင်ဦးက သူ ပြောစေချင်သလို မပြော။

“ဘဘအကြောင်း စဉ်းစားမိတိုင်း ကိုကို အမြဲမျက်ရည်ကျနေရတော့မှာပဲ”

“ငါ မှားပါတယ် ခင်ဦးရယ်”

“မှားတာမှ သိပ်မှားတာပေါ့ ”

ခင်ဦးက မညှာမတာ ပြောသည်။ ဖြူဖပ်ဖြူရော်ဖြစ်နေသော ကိုကို့အား အတန်ကြာအောင် ကြည့်နေပြီးမှ ပင့်သက်ကလေး ရှိုက်သည်။

"ကိုကိုသာ ခင်ဦးရဲ့မောင်ကလေးဆိုယင် ခင်ဦး ရိုက်တယ်သိလား.. စပ်စပ်လေး ရိုက်ပစ်လိုက်ချင်တယ်"

"ခုလဲ ရိုက်ချင်ယင် ရိုက်ပစ်လိုက်စမ်းပါဟာ... အသုံးမကျတဲ့အကောင်ကို ရိုက်ချင်ယင် ရိုက်ပစ်လိုက်စမ်းပါ"

ကိုကိုသည် ခင်ဦး၏လက်များကို ဖမ်းဆွဲကာ တုန်တုန်ခိုက်ခိုက် ပြောမိသည်။ သူ့ကို တလောကလုံးက အထင်သေး အပြစ်တင်နေသလို စိတ်အားငယ်နေသည်။ ပင်ပင်ပန်းပန်း အလုပ်လုပ်ထားရသူလို မောပန်းနွမ်းနယ်နေသည်။

"ကိုကိုစိတ်ထဲမှာ သိပ်ပြီးအားငယ်တာပဲ ခင်ဦးရယ်.. ။ မနေ့တုန်းကဆိုယင် တညလုံး အိပ်မပျော်ဘူး၊ အဖေ့ကို မြင်ယောင်နေတယ်။ ဆေးလိပ်မီးလေး တရဲရဲနဲ့ ကိုကို့အနားမှာ လာထိုင်နေသလိုပဲ။ " အဖေ ခွင့်လွှတ်ပါတယ် သားရယ်" လို့ပြောနေသလိုပဲ။ ခင်ဦးရယ် ... ကိုကို့ကို ရိုက်ချင်ရိုက်၊ ထုချင်ထုလိုက်စမ်းပါ။ အထင်တော့ မသေးလိုက်ပါနဲ့၊ မုန်းတော့ မမုန်းလိုက်ပါနဲ့နော် ခင်ဦး၊ ကိုကို့ကို အားပေးပါအုံး"

ခင်ဦးသည် ကိုကို့အား အတန်ကြာအောင် ကြည့်နေပြီးမှ မျက်နှာလေးက တဖြည်းဖြည်း ပျော့လာသည်။ မလိမ္မာသော မောင်လေးတဦးအား ဆုံးမနေသော အစ်မကြီးတဦးလို သူ့အသွင်က တည်ငြိမ်လာသည်။

"ကိုကိုရယ် ... ဘာဖြစ်လို့ ဒီလောက်တောင် အားငယ်နေရတာလဲ ဟင်"

"ကိုကို မသိဘူး"

"တခါတလေတော့လဲ မထင်မှတ်ပဲ၊ မကြံရွယ်ပဲ အခြေအနေအရ ရုတ်တရက် မှားမိတတ်တာလေးတွေ ရှိတာပေါ့ ကိုကိုရာ၊ စဉ်းစားမနေပါနဲ့တော့၊ ကိုကို အခုလိုဖြစ်နေတာကို ဘာဘ သိနိုင်ယင်လဲ စိတ်ကောင်းမှာ မဟုတ်ဘူး"

ခင်ဦးက ဖြေသိမ့်စကားပြောသောအခါမှ ကိုကို ပို၍ ဝမ်းနည်းလာသည်။ ခင်ဦး၏ရှေ့တွင် ကိုကိုငိုရမှာ မရှက်၊ ငယ်စဉ်ကတည်းက ခင်ဦးနှင့် ညီညီတို့နှစ်ဦးရှေ့တွင် အခါခါ ငိုတတ်ခဲ့ဖူးပြီမို့ ကိုကို့အား သူတို့နှစ်ဦးက "မျက်ရည်အိုးကြီး" ဟုပင် နောက်ပြောင် ခေါ် ခဲ့ကြသေးသည်။

"ကဲပါ.. ကိုကိုရယ်... ငယ်ငယ်တုန်းကလို မျက်ရည်အိုးကြီး လုပ်မနေပါနဲ့တော့။ ပြီးတာလဲ ပြီးပါပြီ၊ စဉ်းစားမနေနဲ့တော့။ ကိုကိုငိုနေလို့လဲ ဘဘက ကြားမှာမဟုတ်၊ ပြန်ရှင်လာမှာလဲမဟုတ်"

ကိုကို၏လက်မောင်းများကို ခင်ဦးက အားပေးသလို ဆုပ်ကိုင်လိုက်ယင်း ခပ်တိုးတိုး ပြောသည်။ ခင်ဦး၏လက်ကလေးများက ပူနွေးနူးညံ့နေသည်။ ထိုလက်ချောင်းလေးများမှတဆင့် ဘဝကို ရင်ဆိုင်ရဲသော သတ္တိသွေးများ သူ့ကိုယ်ထဲ စီးဝင်လာသလို ကိုကို ခံစားရသည်။ နွမ်းလျမောပန်းနေရာမှ ရုတ်တရက် အင်အားတွေပြည့်လာသလို ထင်ရသည်။ သူ၏မသိစိတ်က ညီညီနှင့် ခင်ဦးကို ဘာကြောင့်များ ဒီလောက် အားကိုးတွယ်တာမိလေသနည်း မပြောတတ်ပေ။

# အပိုင်း(၉)

"အခုနေများ အဝါရည်လေး မော့လိုက်ရယင် စည်းစိမ်ပဲ၊ လောကကြီးတခုလုံးကို မေ့သွားအောင် သောက်ပစ်လိုက်ချင်တယ်”

ညီညီက ပြောသည်။ စီးကရက်ကို အစီခံနား ရောက်သည်ထိ တအား ဖွာရှိုက်လိုက်ပြီး ကားအပြင်ဘက်သို့ တောက်၍ထုတ်လိုက်သည်။

“အေးကွာ .. ။ ငါလဲ အရက်အိုးထဲ ကျွမ်းစိုက်ပစ်လိုက်ချင်တယ်”

“ဘာလဲ .. လောကကြီးကို မေ့ပစ်လိုက်ချင်လို့တဲ့လား”

“ဒါပေါ့ ”

“အမြဲမေ့သွားယင်တော့ ကောင်းသားပေါ့ဗျာ”

မှိန်မှိန်ပျပျလေး လင်းနေသော ကြယ်လေးများက မိုးကောင်းကင်တွင် ခပ်ကျဲကျဲ ပြန့်နေသည်။ လကွေးကွေးလေးကလည်း သူတို့ကားလေးနှင့် အပြိုင်ပြေးနေသလို သူတို့နောက်မှ တရိပ်ရိပ် ပါလာသည်ဟု ထင်ရသည်။

“အရက်မူးပြေတော့ အားလုံးကို ပြန်သတိရလာမှာ။ အဖေသေတာရော၊ အမေသေတာရော၊ နောက်ပြီး ခင်ဦးသေတော့မှာကိုရော”

“အင်း... "

ကိုကိုသည် သက်ပြင်းရှည်ကြီးကို ဆွဲ၍ချလိုက်မိသည်။ အရက်မသောက်ရသော်လည်း ခေါင်းထဲတွင် မူးယစ်ပြီး ရီဝေနေသည်။ နောက်ကျိနေသည်။

“ရင်ထဲမှာ ဟာလိုက်တာဗျာ …။ ခုနတုန်းက ဝမ်းသွားလိုက်ရလို့လား မသိဘူး”

“မင်း.. ညစာ မစားရသေးဘူး မဟုတ်လား”

"????"

"????"

“မစားရသေးဘူး”

“ဆာနေလို့လား”

“မဆာပါဘူး၊ စားချင်စိတ်လဲ မရှိဘူး”

ကိုကို နွမ်းလျစွာ ဖြေသည်။ ရင်ထဲတွင် ဟာနေသော်လည်း ဘာမှ စားချင်စိတ်မရှိ၊ ဘာမှလည်း စား၍ရလိမ့်မည်မဟုတ်။ အဖေဆုံးတုန်းကလည်း ထိုအတိုင်းဖြစ်ခဲ့သည်။ ရင်ထဲတွင် ကြွ၍ တက်နေသော အပူလုံးက ဝင်လာသမျှ အစာကိုတွန်းထုတ်နေသည်။ ဘာလေး စားစား ပျို့အန်ချင်လာသည်။ ရေကိုသာ အတွင်သောက်နေမိသည်ကို သတိရသည်။ ယခုလည်း ထိုအတိုင်း ဖြစ်နေသည်။ အာခေါင်များ ခြောက်ကာ လည်ချောင်းတလျှောက်လုံး ပူလောင်နေလေသည်။

“ခင်ဦးသာဆိုယင် ကိုကို မစား စားချင်အောင် ဟင်းကောင်းကောင်းလေးတွေ ချက်ပြီး ချော့ကျွေးမှာ မြင်ယောင်တယ်”

ညီညီကမူ ကိုကို့လိုမဟုတ်၊ တော်ရုံတန်ရုံနှင့် အစားမပျက်တတ်ပေ။ အဖေဆုံးစဉ်ကလည်း ညီညီက စားချိန်တန်လျှင် စားသည်သာဖြစ်၏။ ကိုကိုတယောက်သာ တပိန်ပိန်၊ တလိမ်လိမ်နှင့် မစားနိုင် မသောက်နိုင်ဖြစ်နေသည်။

ခင်ဦးက သူတို့အိမ်မှ ဟင်းလေးများ လာပို့တတ်သည်။ တခါတရံလည်း သူတို့နှစ်ယောက်အား ထမင်းစားခေါ်သွားတတ်လေသည်။ ဘဲဥနှင့် ပဲပြုတ်ကို ရေလဲသုံး

နေရသော ကိုကိုတို့ညီအစ်ကိုသည်လည်း ခင်ဦးတို့အိမ်တွင် ထမင်းမြိန်တတ်မြဲ ပင်၊ ဆီပြန်အသားဟင်း အမြဲမချက်နိုင်သော်လည်း ဟင်းချို၊ ငါးပိရည်ဖျော်၊ တို့စရာ စုံစုံလင်လင်နှင့်မို့ စား၍ကောင်းလှသည်။

“သူ့ခမျာ ကျွန်တော်တို့ညီအစ်ကိုကို အတော်သံယောဇဉ်ကြီးရှာ ချစ်ရှာတာ”

ညီညီက သူ့မျက်နှာမှ ချွေးစေးများကို လက်နှင့် ပွတ်သုတ်လိုက်သည်။ ကားနှင့် အပြိုင် တရိပ်ရိပ် ပြေးနေသော ကြွယ်ကလေးများအား ငေးကြည့်နေသည်။ တိမ်နောက်ဘက် ဝင်သွားသော လတခြမ်းပဲ့လေးမှာ ပြန်ပေါ်မလာသေးချေ။

* * *

“ပေး... ခင်ဦး၊ ကိုကိုသယ်ခဲ့ပေးမယ်”

ကိုကိုသည် ခင်ဦး၏လက်ထဲမှ မုန့်ဟင်းခါးရည်အိုးကို လှမ်းယူလိုက်သည်။

“ရော့ ... ငါ့စာအုပ်တွေကို နင် ကိုင်ခဲ့”

ကိုကိုလှမ်းပေးသော မှတ်စုစာအုပ်များကို လှမ်းယူပြီး ခင်ဦးက တက္ကသိုလ်ကျောင်းသူလေးများလို လက်တွင်ပိုက်၍ ကိုင်လိုက်သည်။ ထို့နောက် သူ့ကိုယ်သူ့ကြည့်ပြီး ရယ်သည်။ စာအုပ်ကို ပိုက်၍ကိုင်ထားသော်လည်း လုံချည်နှင့် စည်းထားသော ခုံဖိနပ်တို့ကြောင့် တက္ကသိုလ်ကျောင်းသူနှင့်တော့ မတူပေ။

“နင် ... ဒီနေ့ကုန်တာ စောလှချည်လား”

“စောတယ်...။ အဖေတောင် ပြန်သွားတာ ကြာပြီ။ ဒေါ်ဒေါ် မိနဲ့ ခင်ဦးက ဆိုင်ဆက်သိမ်းနေတာ၊ ကိုကိုရော ကျောင်းကပြန်လာတာ စောလိုက်တာ”

“ဟုတ်တယ် ... ဆက်မတက်ချင်တော့တာနဲ့”

"ဘာဖြစ်လို့"

"စိတ်ညစ်လို့"

"ဘာလဲ ... ဘဘအကြောင်းပဲ တွေးနေမိလို့လား"

ကိုကို ခေါင်းညိတ်ပြသည်။ အဖေဆုံးသည်မှာ တလကျော်ပြီဖြစ်သော်လည်း ကိုကို မေ့မရသေးချေ။ မကြာခဏ စဉ်းစားမိသည်။ စဉ်းစားမိတိုင်းလည်း နာကျင်ကြေကွဲရလေသည်။ ညီညီက "အားမငယ်ပါနဲ့ ကိုကိုရာ" ဟု အားပေး လျှင် ပို၍ဆိုးတော့သည်။ ညီညီ၏မျက်နှာကိုပင် ရဲရဲဝံ့ဝံ့ မကြည့်ရဲတော့။

"တွေးမနေပါနဲ့တော့ ကိုကိုရယ်၊ ဘာမှလဲ အကျိုးထူးလာမှာမှ မဟုတ်တော့တာ၊ ဘဘကို ကျေးဇူးဆပ်ချင်ယင် ကိုကို ဆရာဝန်ဖြစ်တော့မှ ဘဘလိုလူတွေကို အလကား ကုပေးပေါ့"

"ဟင်းရည်အိုးကြီးကို လူနဲ့ နည်းနည်းခွာပြီး သယ်လေ ကိုကို၊ အိုးဖင်က အိုးမည်းတွေက ကိုကို့ပုဆိုးကို ပေကုန်မယ်"

ကိုကိုက လက်ကို အတန်ငယ် ကားလိုက်သည်။ ခင်ဦးတို့မုန့်ဟင်းခါး ဟင်းရည် အိုးက သိပ်မကြီးလှပေ။ ထို့ကြောင့် ဟင်းရည်မပါလျှင် လက်တဘက်တည်းနှင့် ဆွဲကိုင်နိုင်သည်။ ပစ္စည်းပစ္စယတွေ သယ်ရသည်မှာ အခေါက်ခေါက် အခါခါ နိုင် လွန်း၍ ဦးလေးမောင်က လက်တွန်းလှည်းလေးတခု ရိုက်ပြီး တွန်းယူလျှင် ကောင်းမည်ဟု ပြောကာ အဖေ့ကိုပင် လှည်းရိုက်ခိုင်းနေသေးသည်။ အဖေ သေဆုံးသွားတော့ သူတို့လှည်းလေး တပိုင်းတစ ကျန်ခဲ့သည်။ အပြီးမသတ်နိုင် သေး။

"ကိုကို ထမင်းလိုက်စားလှည့်ပါလား၊ အဖေက ထမင်းစားစောင့်နေမှာ"

"ဘာချက်လဲ"

“ငါးလေး အိုးကပ်ချက်တယ် … ကိုကိုရော”

“မေးနေရသေးလားဟာ … ဘဲကောင်လုံးကြော်ပေါ့ ”

ဘဲဥကြော်ကို ကိုကိုတို့ညီအစ်ကိုက ဘဲကောင်လုံးကြော်ဟု ခေါ်ကြလေသည်။ တခါတရံ ဆီမရှိလျှင်လည်း ဘဲဥပြုတ်ပြီး ဖြစ်သလို စားလိုက်ကြသည်သာ ဖြစ်သည်။ သူတို့ညီအစ်ကိုနှစ်ဦးလုံး အချက်အပြုတ် ကျွမ်းကျင်သူများ မဟုတ်ကြ၊ စိတ်ဝင်စားကြသူများလည်း မဟုတ်ကြ။ တခါတရံ ငွေကြေးအဆင်ပြေလျှင်မူ ညီညီက အသားကင် အခေါက်ကင်လေးများ ဝယ်ထားတတ်သည်။ သို့သော်လည်း သူတို့နှစ်ယောက် ထမင်းလက်ဆုံစားရသောအချိန်က နည်းသည်။ ညီညီရော ကိုကိုရော အိမ်ကပ်သူများမဟုတ်ကြ။

“အံမယ် ဒေါက်တာလောင်းကြီးပါလား၊ မုန့်ဟင်းခါးအိုးကြီး ဆွဲလို့ ဘယ်လို ဖြစ်လာတာလဲ"

ကိုကိုနှင့် ခင်ဦးကို မြင်တော့ လမ်းထိပ်မှ ကြီးတော်မြက အိမ်ထဲမှ ထွက်လာသည်။

“ခင်ဦးတို့ကတော့ ပိုင်တယ်ဟေ့ … ဆရာဝန်လောင်းကို အိုးဆေးခိုင်းမလို့လား ကွယ်”

“ဟုတ်ပါဘူးဒေါ်ဒေါ်ရယ် … ကိုကိုက ထမင်းစားမလို့ လိုက်လာတာပါ”

“အေး … ကျေးထား၊ ကျေးထား၊ ဆရာဝန်လောင်း အဖိုးတန်ကြီးဟဲ့”

ကြီးတော်မြ၏စကားက အနှောင့်အသွား မလွတ်လှပေ၊ ခင်ဦး၏မျက်နှာလေး ကမူ မသိမသာ တင်းသွားသည်။

“ကျွန်တော် ဆေးကျောင်းမတက်ရခင် နှပ်ချေးတွဲလောင်းနဲ့ ခွေလိုမ့်နေတဲ့ဘဝ တည်းက ခင်ဦးက ကျွေးနေကျပါဗျာ”

“အေးလေကွယ် … ခု ဆရာဝန်လောင်းဆိုတော့ ပိုပြီးကျွေးရတာပေါ့၊ ဟုတ်ဘူး လား”

“ဟုတ်တာပေါ့ ဒေါ်ဒေါ်ရယ်… အစ်ကိုရရ ညီရရ ခင်ဦးတို့က အမြတ်ပဲဟာ.. ကျွေးရတာပေါ့”

ငယ်သွားတွေ ကြွေမလဲခင်ကတည်းက နှောင်ဖွဲ့ခဲ့ရသော သူတို့၏မေတ္တာနှင့် သံယောဇဉ်ကို ဘာအတွက်ကြောင့်များ ပြောချင်ဆိုချင် ဝေဖန်ချင်ရလေသနည်း ဟု စဉ်းစားပြီး ကိုကိုက မခံချင်ဖြစ်မိစဉ် ခင်ဦးက ပက်ကနဲ ပြန်ပြောတော့သည်။ သို့သော်လည်း သူ့စကားကြောင့် ကိုကို၏တမျက်နှာလုံး ထူပူပြီး အနေရ အထိုင် ရ ကျပ်သွားသည်။

“အလကား မိန်းမကြီး”

ဘာပြန်ပြောရမည်မသိပဲ ကြောင်အမ်းအမ်းဖြစ်သွားသော ကြီးတော်ကို နှုတ် ပင်မဆက်ပဲ ခင်ဦးက ဆက်၍လျှောက်လာသည်။

“ခင်ဦးကို ခဏ ခဏ မကြားတကြား ပြောတယ်။ အစ်ကိုနဲ့ ရမလား၊ ညီနဲ့ ရမ လား၊ ဘယ်သူနဲ့ရရ အမြတ်ပါပဲတဲ့”

“ဟာ … ကွာ”

“သူက သူ့သမီး သင်းသင်းမြတို့ နှင်းနှင်းမြတို့နဲ့ ကိုကို့ကို မှန်းနေတာ၊ သိရဲ့လား”

“ကြဲကြဲဖန်ဖန်ဟာ”

"အို.. တကယ်ပြောတာ.. သင်းသင်းမြဲကဆိုယင် ခင်ဦးကို ဖြောင်ကြီးတောင် မေး သေးတာ ... နင့်ဘဂ်လားအစ်ကိုကို ဘယ်ဈေးနဲ့ ရောင်းမှာလဲတဲ့"

ခင်ဦး၏မျက်နှာလေးက မခံချင်စိတ်နှင့် နီနေသည်။ ငယ်စဉ်တုန်းကလိုပင် သစ်သားပေတံကို လက်က ကိုင်ပြီး ကိုယ်တစောင်းတိုက်၍ ရန်ဖြစ်လိုက်ချင် သောပုံစံလေး ပေါ်လာသည်။

"ကြမ်းခင်းဈေး တသိန်းရှိတယ်လို့ ခင်ဦးက မပြောလိုက်ဘူးလား"

"ဘာလုပ်ဖို့လဲ အဲဒီတသိန်းကြီးကို"

"ခင်ဦး ငါးသောင်း၊ ညီညီ ငါးသောင်း ယူလေ"

"ငါးသောင်းလဲ မယူဘူး၊ ငါးသိန်းလဲမယူဘူး၊ ငါးကုဋေလဲ မယူဘူး"

ခင်ဦးက ကဲကဲဆတ် ပြောသည်။

"ဒီလောက်များတဲ့ပိုက်ဆံများဟာ နင်မို့လို့ မလိုချင်တယ်"

"လိုချင်ပါဘူး၊ ငွေအတွက်များ ကိုကို့ကို ရောင်းစားရမှာလား၊ ကိုကိုက မုန့်ဟင်းခါးမို့လို့လား"

"မုန့်ဟင်းခါးမဟုတ်လို့ အဲဒီလောက် ရတာပေါ့၊ နင့်မုန့်ဟင်းခါးက ဘယ်လောက် များတန်လို့လဲ"

ခင်ဦးက ဘာမှပြန်မပြောပဲ ကိုကို့အား မျက်စောင်းထိုးကြည့်သည်။ ကိုကိုက ရယ်ချင်လာသည်။ ညီညီ့လိုပင် ခင်ဦးကို ငိုသည်အထိ စချင်စိတ် ပေါ်လာသည်။

ခင်ဦးတို့အိမ်ရှေ့ ရောက်တော့ မွှေးပျံ့သောရနံ့လေးက ကြိုဆို နှုတ်ဆက်နေသည်။ အိမ်ရှေ့တွင် ကျန်နေသေးသော မြေကလေး တထွာတမိုက်တွင် အဘွားက ကတ်ကတ်သတ်သတ် စိုက်ထားခဲ့သော သနပ်ခါးပင်လေးသည် ခင်ဦးပန်၍ မနိုင်နိုင်အောင် ပွင့်နေပြီဖြစ်သည်။

"ငါသာဆိုယင် အဲဒီလောက်သာ ရစမ်းပါစေ၊ ဘုရားစူးရစေ့ နင့်ကို ရောင်းစားလိုက်မှာ အမှန်ပဲ"

"ယုံပါတယ်... ကိုကိုကတော့ ရောင်းမှာပေါ့။ ခင်ဦးကိုမှ မချစ်ပဲ"

ခင်ဦးက မကျေမချမ်း ပြောသည်။ ဝါဝါဝင်းသော သနပ်ခါးပန်းခက်ကလေးများကို လက်နှင့် အသာပုတ်ခတ်လိုက်သည်။ မှည့်ပြီးဝင်းနေသော ပွင့်ဝါဝါလေးများသည်းသည်းလှုပ်အောင် ကြွေကျသွားကြသည်။

"ခင်ဦးကတော့ ဘယ်လောက်ရရ မရောင်းပါဘူး။ ကိုကိုတို့ကို ချစ်တာကိုး"

ငယ်စဉ်ကတည်းက မကြာခဏ ပြောနေကျစကားကိုပင် ခင်ဦးပြောခြင်းဖြစ်သည်။ သို့သော် ကိုကို့ရင်ထဲတွင် လှုပ်ခါသွားသည်။ ခင်ဦးကို ဖြတ်ကနဲ လှမ်းကြည့်မိသည်။ ခင်ဦး မငယ်တော့။ မျက်တောင်ကော့များအောက်မှ မျက်လုံး ညိုညိုလေးများသည် နူးညံ့ ရွှန်းစိုနေသည်။ ခင်ဦး၏မျက်လုံးလေးများ ဒီလောက်လှသည်ကို ယခင်က ကိုကို သတိမပြုမိချေ။ ခင်ဦးတို့ဆိုင်လေးတွင် မုန့်ဟင်းခါးစားရန် အကြောင်းပြုပြီး အရပ်ထဲမှ လူပျိုလူရွယ်လေးများ ခပ်ကြာကြာ ထိုင်တတ်သည်ကို သတိရမိသည်။ ညီညီကလည်း တနေ့ညကပင် "ကောင်မလေးကကြီးလာတော့လဲ လှသား" ဟု ပြောခဲ့လေသည်။ မျက်နှာလေး မသိမသာညိုးနေသော ခင်ဦးက ကိုကို့အား အရိုးခံနှင့် ပြန်ကြည့်ယင်း ထပ်ပြောသည်။

"ဟုတ်တယ် ... ကိုကိုရော ညီညီရော ခင်ဦးကို မချစ်ကြပါဘူး၊ ခင်ဦးကသာ သူတို့ကို ချစ်နေရတာ"

* * *

"ခင်ဦးရဲ့ မေတ္တာဟာ ကိုကိုနဲ့ မတန်ပါဘူးကွယ်"

ကိုကိုက စိတ်ထဲမှ တီးတိုး ပြောလိုက်မိသည်။ ခင်ဦးဟူသည့်မိန်းကလေးသည် မေတ္တာနှင့်စေတနာကိုသာ တန်ဖိုးထားတတ်သူဖြစ်သည်။ ကိုကိုကမူ မေတ္တာတို့ စေတနာတို့ သံယောဇဉ်တို့ထက် လောကတွင် ငွေကြေးက ပို၍အရေးကြီးသည်ဟု ထင်မှတ်ခဲ့သူဖြစ်သည်။

"လှည်းကူးရောက်တော့မယ် ဆရာ"

ကိုလှရွှေက လှည့်ပြောသည်။ ကိုကိုက နာရီကို ငုံ့ကြည့်မိသည်။ အမှောင်ထဲတွင် လင်းလက်နေသော လက်တံများက ခုနစ်နာရီခွဲကို ညွှန်ပြနေသည်။

"ဆရာတို့ ခဏနားအုံးမလား"

"မနားတော့ပါဘူးဗျာ၊ ဩော် .. ခင်ဗျားရော ထမင်းစားပြီးခဲ့ရဲ့လား"

"ပြီးပါပြီ... ဆရာမစားရသေးဘူးဆိုလို့"

"ကျွန်တော်က ဘာမှစားလို့ဝင်မှာ မဟုတ်ပါဘူးဗျာ၊ ဆက်သာမောင်းပါတော့... မှန်မှန်နဲ့ မြန်မြန်လေးဗျာ"

ကိုကိုက မှန်မှန်နဲ့ မြန်မြန်လေးဟု ဆိုသော်လည်း မြို့ထဲအဝင်တွင် ကိုလှရွှေက ကားစက်ရှိန်ကို လျှော့ချလိုက်သည်။ လူသွားလူလာစည်ကားသော မြို့ထဲတွင် သိပ်မြန်မြန်မောင်းလို့ဟန် မတူချေ။ ကားဘီးများက ချိုင့်ထဲသို့ ဒုတ်ကနဲ ကျသွားသည်။ ကိုကိုတို့ထိုင်နေသော ကူရှင်က အိကနဲ ငြိမ့်ကနဲ ဖြစ်သွားသည်။

"အင်း.. စည်းစိမ် စည်းစိမ်၊ ကားကောင်းလေးစီးရတာလဲ စည်းစိမ်တမျိုးပါပဲလား"

ညီညီက မပွင့်တပွင့် ရယ်ယင်း ပြောသည်။

"ကားက ကောင်းတော့ ချိုင့်ထဲကျတာပဲ တမျိုးစီးလို့ကောင်းသေး၊ သိမ့်ကနဲ ငြိမ့်ကနဲ၊ ဒါကြောင့်လဲ ဒီစည်းစိမ်ကို မက်တဲ့လူတွေက မက်ကြတာပဲ"

ညီညီ့မျက်နှာတွင် လှောင်ရိပ် သရော်ရိပ်များ ယှက်သန်းလာလိမ့်ဦးမည် ထင်သည်။ ကိုကိုက မသိချင်ဟန်ဆောင်၍ အပြင်ဘက်ကို ငေးကြည့်နေမိသည်။ ခင်ဦးက ပြောဖူးသည်။ "ခင်ဦးသေတော့လေ... ကိုယ်လုပ်ပြီးတဲ့ အလုပ်ကို ဘယ်တော့မှ နောင်တရတဲ့သူ မဖြစ်ချင်ဘူး၊ ခင်ဦးရဲ့ဘဝမှာ နောင်တမရှိချင်ဘူး" ဟု ပြောဖူးလေသည်။ ကိုကိုကမူ ဘဝတခုလုံးကို နောင်တတရားများနှင့် တည်ဆောက်ထားသူဖြစ်နေသည်။ အဖန်တလဲလဲ နောင်တရသောဝေဒနာနှင့် သူ့နှလုံးသားသည် နာကျင်နေသည်။

"အရင်တုန်းက ကိုကို့မိန်းမကိုယ်တိုင် မောင်းတာ ဒီကားမဟုတ်သေးဘူးနော်"

"ဒီကားက ဝယ်လိုက်တာ မကြာသေးဘူး"

"ဟိုကားကို မကြိုက်တော့ဘူးလား"

"မသိပါဘူးကွာ"

ညီညီသည် ခပ်အုပ်အုပ်ကလေး ရယ်လိုက်သည်။

"တချို့တွေကျတော့လဲ ခေါင်းထဲမှာ ဂဏန်းတွက်စက်ကလေးတပ်ပြီး မွေးလာတော့ စည်းစိမ်တွေကို တိုးလို့"

ကိုကို ဘာမှ ပြန်မပြော၊ ပြောလျှင်လည်း သူပြောသည့်စကားပေါ်တွင် ညီညီက လိုက်နင်းကာ လှောင်ဦးမည်၊ သရော်ဦးမည်ကို သိနေသည်။ ညီညီပြောသကဲ့သို့ပင် ကားကောင်းကောင်းလေးစီးရသည်မှာ မက်မောဖွယ် စည်းစိမ်တမျိုးပင် ဖြစ်သည်။ အိမ်တွင် ထမင်းကြမ်းနှင့် ပဲပြုတ်ကို နယ်စားပြီး ဘတ်စကားခြေနင်းခုံ

တွင် တွဲလောင်း ခိုစီးကာ ကျောင်းမီအောင်လာရသော ကိုကိုသည် ခင်စိုးပိုင်က ကိုရိုလာကားဝါဝါလေးပေါ်တွင် ယှဉ်တွဲခေါ်သွားပြီး နန်းယုမှ ခေါက်ဆွဲကျွေးတော့ အမှန်တကယ်ပင် ညွတ်နူးသာယာမိသည်။ ဆင်းရဲခြင်းကို ပြစ်မှုတခုလို ထင်မှတ်သော ကိုကိုသည် ချမ်းသာကြွယ်ဝခြင်းကို အကြီးမားဆုံး ဂုဏ်တရပ်လို့ ထင်မြင်မိခဲ့သည်မှာ ဆန်းတော့ မဆန်းလှပေ။

ကိုရိုလာကားလေးကို ခင်စိုးပိုင်က ကိုယ်တိုင်မောင်းတတ်သည်။ ဆံပင်တိုတိုနှင့် နေကာမျက်မှန်တပ်ထားသော ခင်စိုးပိုင်သည် အမေရိကန် ရုပ်ရှင်မင်းသမီးလို လှသည်ဟု ကိုကို ထင်မှတ်မိသည်။ သူ့ဘေးတွင် ယှဉ်တွဲထိုင်ရလေတော့ ကိုကိုသည် "ငါ့လိုလူ ဇမ္ဗူမှာ ရှိသေးရဲ့လား" ဟု အခါခါ တွေးမိလေသည်။

* * *

ခင်စိုးပိုင်က ကားစတီယာရင်ကို တည်ငြိမ်စွာ ထိန်းကိုင်ယင်း စီးကရက် မီးညှိသည်။

“စိုးပိုင် စီးကရက်သောက်တာ အံ့သြနေလား ဆရာ”

“သြော် .. အံ့သြတယ်လဲ ဟုတ်ပါဘူး”

“တချို့တွေကတော့ မိန်းကလေးတွေ ဆေးလိပ်သောက်တာကို ရှုတ်ချကြတာနော် ဆရာ”

“ဟုက်ကဲ့”

“ဆရာကရော”

“ကျွန်တော်က ... အဲ .... ကျွန်တော်က”

ကိုကို ထစ်အအ ဖြစ်သွားသည်။ ဘယ်လိုပြန်ဖြေရမည်မသိ၊ ခင်ဦးသာ ခင်စိုးပိုင်လို စီးကရက်သောက်နေလျှင် ဆူပူမိမည်ဖြစ်သည်။ ကိုကိုတို့ဝန်းကျင်တွင် စီးကရက်သောက်သော မိန်းကလေးကို မတွေ့ဖူးပေ။ အိမ်ရှေ့အိမ်က အဘွားရင်၏မြေး မငွေစိန်က အသက်နှစ်ဆယ် မပြည့်သေးသော်လည်း ဆေးပေါ့လိပ်သောက်တတ်သည်။ သူ့ကလေးကို ရင်ခွင်ထဲထည့်ကာ ဒူးတဘက်ထောင်၍ထိုင်ယင်း ဆေးလိပ် တငေါ့ငေါ့ ဖွာနေတတ်လေသည်။

သို့သော် ခင်စိုးပိုင် စီးကရက်သောက်ပုံကမူ သူတို့လိုမဟုတ်၊ မျက်စိကလေး မှေးစင်းကာ အငွေ့များကို မထိမထိ မှုတ်ထုတ်ပုံက ရင်ခုန်စရာ။ လည်ကုပ်တွင် ဝဲနေသော ဆံပင်တိုတိုလေးကို လေထဲတွင် တလွင့်လွင့် ခါနေအောင် ကားကိုယ်တိုင်မောင်းတတ်သော မိန်းကလေး စီးကရက်သောက်နေတော့ ကိုကို ဘာပြောရမည်မသိ။ ကိုယ်နှင့်မသက်ဆိုင်သောကမ္ဘာမှ လူသားတဦးကို ကြည့်သလို မြင်သလို ကြည့်မိသည်။ သူ့အပြုအမူများသည် သူတို့ကျင်လည်ရာ သူတို့ဝန်းကျင်တွင်တော့ ဆန်းလိမ့်မည်မဟုတ်၊ ကိုကိုတို့ ဝေဖန်စရာ စကားတင်းဆိုစရာ မဟုတ်ဟူ၍သာ ခံစားမိသည်။

"စိုးပိုင်အသက် နှစ်ဆယ်ကျော်ပြီ ဆရာရဲ့၊ ကမ္ဘာ့အရပ်ရပ်သတ်မှတ်ချက်က ဆယ့်ရှစ်နှစ်ပြည့်ယင်တောင် လူကြီးဖြစ်ပြီပဲဟာ၊ စီးကရက်ကလေး သောက်တာလောက်ကို ဇာချဲ့ပြီး အပြစ်တင်ကြတဲ့မြန်မာတွေကို အားကြီး အမြင်ကတ်တာပဲ"

ခင်စိုးပိုင်၏စကားက ကိုကို၏နားထဲတွင် ကန့်လန့်ကြီး ဝင်သွားသည်။ "ဟင်... ပြောပုံကလဲ သူကိုယ်တိုင်တော့ မြန်မာမဟုတ်တဲ့အတိုင်း" ဟု တွေးယင်း လှည့်ကြည့်မိသည်။ ကြည့်မိတော့လည်း မြန်မာနှင့် မတူသည်ကတော့ အမှန်ပင်။ ကိုကိုသည် ခင်စိုးပိုင်နှင့် စတင်၍သိကျွမ်းခင်မင်ခဲ့ရပုံကို စဉ်းစားနေမိသည်။ များစွာသော ဆရာဝန်နှင့် မိန်းကလေးတို့ သိကျွမ်းခဲ့ပုံ လမ်းရိုးကြီးအတိုင်းဖြစ်သည်။

ခင်စိုးပိုင်၏မိခင် သည်းခြေတွင် ကျောက်တည်သောကြောင့် ဆေးရုံတက်ရသည်။ ခွဲစိတ်ရသည်။ ကိုကိုက ခွဲစိတ်ဌာနတွင် အလုပ်သင်ဆရာဝန်အဖြစ် စ၍ဝင်သောလတွင်ဖြစ်သည်။ ဒီတော့လည်း လူနာအဘွားကြီး၏သမီးနှင့် အလုပ်သင်ဆရာဝန်လေး သိကျွမ်းခဲ့ရသည်။ ရဲတင်းသွက်လက်သော နှစ်ဆယ်ရာစု၏ မိန်းမပျိုလေးက လူပျိုဆရာဝန်လေးအား အိမ်ထောင်ရှိသောဆရာဝန်များထက် ပို၍ အရေးပေးသည်။ ထို့ကြောင့် သူတို့နှစ်ဦး ပို၍ခင်မင်ခဲ့ရလေသည်။

ရင်နှီးခဲ့ရလေသည်။ ဆေးရုံသို့ တံခါးမရှိ ဓားမရှိ ဝင်ထွက်နေသော ခင်စိုးပိုင်က သူ့အား အပြင်သို့ ခေါ်သွားကာ ထမင်းကျွေးတတ်သည်။ ခင်ဦးမှလွဲ၍ မည်သည့် မိန်းကလေးနှင့်မျှ ရင်းရင်းနှီးနှီးမနေဖူးသော ကိုကိုခမျာ သူ့ရင်ခုန်သံကို သူ စတင် ပြီး ကြားခဲ့ရလေသည်။

"ကြည့်လှချည်လား ဆရာရဲ့"

ခင်စိုးပိုင်က ခေါင်းလေးကို ငဲ့ကာ ခပ်ပြုံးပြုံး မေးသည်။ ခင်စိုးပိုင်၏မျက်ခုံးများ မှာ အသေအချာပြုပြင်ပြီး ဆေးကူထားသောကြောင့် စင်ရော်တောင်လို ကော့ပျံ နေသည်။ အစိမ်းရောင်လေး မသိမသာ ခြယ်ထားသော မျက်ခွံများက မို့ နေသည်။ ရှည်လျား ညွတ်ပျောင်းနေသော မျက်တောင်များကို ယခင်က ကိုကို သည် အစစ်ဟု ထင်ခဲ့သည်။ သူနာပြုဆရာမလေးများက "အဲဒီအစ်မ မျက်တောင်တုတပ်တာ သိပ်သေသပ်တာပဲ။ မသိသာဘူး" ဟု ပြောနေကြသံကို ကြားသောအခါမှ အတုမှန်း သိခဲ့ရသည်။ မည်သို့ပင်ဖြစ်စေ၊ လမ်းဘေးမှ တိုးဝင် နေသော နီယွန်မီးချောင်းရောင်လဲ့လဲ့ဝယ် ခင်စိုးပိုင်သည် အလှကြီး လှနေလေ သည်။

"စိုးပိုင်က သူများနဲ့မတူပဲ ထူးဆန်းနေလို့လားဟင်"

"ဟင်... ဟင် .. ဟုတ်ပါဘူး"

ကိုကို အထစ်ထစ်ငေါ့ငေါ့ဖြစ်သွားသည်။ သူ့ကိုလှမ်းကြည့်ကာ ခင်စိုးပိုင်က အသံသာသာလေးနှင့် ရယ်လေသည်။

"စိုးပိုင်အတွက်တော့ ဆရာက ထူးဆန်းနေ ????"

"ဟင် ..ဘာဖြစ်လို့ "

"ဆရာက သိပ်ရိုးတာပဲ"

သူ့မျက်နှာတစ်ပြင်လုံး ရှိန်းခနဲ ပူသွားသည်။

"ဆရာ ရည်းစားမထားခဲ့ဖူးလား"

"ဟင့်အင်း"

"အင်း... ဟုတ်မှာပဲ"

ခင်စိုးပိုင်က ခေါင်းလေးတစ်ညိတ်ညိတ်နှင့် ပြုံးသည်။ ကိုကိုသည် ဆရာမရှေ့ ရောက်နေသော ကျောင်းသားလို အနေရအထိုင်ရ ကျပ်လာသည်။

"ဘဝရဲ့ ပျော်ရွှင်စရာကောင်းတဲ့ အချိန်တွေကို ဘယ်လိုလုပ်ပြီး ကုန်ဆုံးခဲ့လဲဟင်၊ ဆရာက အသက် နှစ်ဆယ့်လေးနှစ်ရှိပြီဆို"

"ကျွန်တော် အားရင် စာကျက်တယ်"

ကိုကို၏အဖြေ ကြားသော ခင်စိုးပိုင်က ကိုယ်လေးတစ်သိမ့်သိမ့်လှုပ်အောင် ရယ်ပြန်သည်။ ကိုကိုသည် ခင်ဦးမလွဲရင် မည်သည့်မိန်းကလေးနှင့်မျှ ဤမျှ ရင်းရင်းနှီးနှီး မပြောဖူးပေ။ မိမိကိုယ်မိမိ အားငယ်သော အရှိန်စိတ်နှင့်မို့ ကျောင်းမှ မိန်းကလေးများကိုလည်း ခပ်ရှောင်ရှောင်နေလေ့ရှိသည်။ ထို့ကြောင့် ကိုကို့အား ကျောင်းတွင် "ဘုန်းကြီး" ဟု ခေါ်ကြသည်။ သန်းဦးမောင်တို့ကမူ ငယ်ဖြူ ဟု ခေါ်ကြသည်။

"စိုးပိုင်ကတော့ လူဖြစ်လာတုန်း၊ လူဖြစ်ရကျိုးနပ်အောင် ထင်တာလျှောက်လုပ်တာပဲ၊ စာကျက်တာကလွဲရင်ပေါ့။ စာကိုတော့ ဆယ်တန်းထိတော့ ကျက်လာပြီးပြီး၊ တော်ပြီ။ ဒက်ဒီတို့ မာမီတို့ ရှာထားတာတွေ ဒီတစ်သက်တော့ စားမကုန်ပါဘူး၊ ဘာကိစ္စ အပင်ပန်းခံပြီး စာကျက်နေရတော့မှာလဲ ..ရည်းစားစာ ရေးတတ်ဖတ်ယင် တော်လောက်ပြီပေါ့နော်"

ကိုကိုသည် ခင်စိုးပိုင်အား တအံ့တသြ ကြည့်နေမိသည်။ ဪ..သူတို့မှာ ချမ်းသာလိုက်တာနော် ဟူသော အထင်ကြီးခြင်းကတစ်ဝက်၊ စိတ်ထင်ရာ လျှောက်လုပ်နေတဲ့ဟာ အထင်သေးခြင်းကတစ်ဝက် သူ့ရင်ထဲတွင် ဆန့်ကျင်ဘက် ထင်မြင်ချက်နှစ်ခုက ပဋိပက္ခ ဖြစ်နေကြသည်။

"စိုးပိုင်ရော ရည်းစားထားဖူးလို့လား"

သူက မရဲတရဲ မေးမိသည်။ ခင်စိုးပိုင်က ဟက်ဟက်ပက်ပက်လေး ရယ်လေသည်။

"ဘယ်နှစ်ယောက်မှန်းတောင် မသိတော့ဘူး"

"ဟာ..."

"အဟုတ်ပြောတာ၊ စိုးပိုင်က ထမင်းစားတတ်ကတည်းက ရည်းစားထားတတ်တာ၊ ဒါပေမဲ့ စိုးပိုင် တကယ့်ချစ်မိတဲ့သူက တယောက်ပဲရှိတယ်၊ သူက ဆရာဝန်"

"ဘယ်သူလဲ"

"မသိချင်ပါနဲ့တော့ ဆရာရယ်၊ သူက စိုးပိုင်ကို ကန်သွားတာ.."

အစိုးရပိုင်းလူကြီး၏ သားဖြစ်ကြောင်းကို ခင်စိုးပိုင်က ခေတ်သုံးစကားနှင့် ပြောသည်။ ကားဟွန်းကို တတီတီ နှိပ်ရင်း ရှေ့မှကားများကို ကျော်တက်သည်။

ခင်စိုးပိုင်သည် ကားမောင်းကြမ်းပြီး ခပ်ရမ်းရမ်း မောင်းတတ်သည်။ ကိုကိုသည် ဂျပ်စသက်သင်းပြောဖူးသော စကားကို သတိရနေသည်။ ဂျပ်စသက်သင်းက "ဒီခင်စိုးပိုင်ဆိုတဲ့ဟာမက ထောတော့ အတော်ကို ထောတာ မောင်။ သူ့ အမေ၊ အဖေကလဲ သူ့ကို မနိုင်ဘူး။ အိတ်ထဲမှာ ရာတန်အထပ်လိုက်ထည့်ပြီး သူထင်ရာ အကုန် လျှောက်လုပ်တာပဲတဲ့။ ငါလိုကောင်နဲ့တောင် ယှဉ်ပြီး ဂျင်ကစားဖူးတာကြည့်၊ စိတ်ထင်ရာ အကုန်လုပ်တဲ့ ခပ်ရမ်းရမ်းကောင်မ" ဟုပြောဖူးသည်။

“ကဲ.. ရောက်ပြီ ဆရာ”

ခင်စိုးပိုင်က ကားကလေးကို ဆေးရုံကြီးရှေ့တွင် ညင်သာစွာ ရပ်လိုက်သည်။

“ကဲ .. ကျေးဇူးတင်ပါတယ် ခင်ဗျာ၊ နောင်လည်း ကျွေးနိုင် မွေးနိုင်ပါစေဗျာ”

“ဟုတ်ကဲ့ ကျွေးပါရစေဆရာ။ ကျွန်မလည်း ငယ်ဖြူဘုန်းကြီးကို ခင်မင်ချင်ပါတယ်။ ဆွမ်းကပ်ချင်ပါတယ်”

ခင်စိုးပိုင်က ရယ်မောနောက်ပြောင်သွားသည်။ လျှောကနဲ လိမ့်ထွက်သွားသော ကားဝါဝါလေးကို ကိုကို မျက်စိတစ်ဆုံး လိုက်၍ကြည့်နေမိသည်။ နောက်ဘက်တွင်ရောက်လာသော ကျော်ဦးနှင့် တင်မောင်မောင်တို့၏ ခြေသံကိုပင် မကြား၊ သူ့ကျောကို လှမ်းပုတ်လိုက်တော့မှ ရင်ထဲ အေးခနဲ ဖြစ်သွားသည်။

“ဟာ... ကိုကို ပိုင်လှချည်းလာ။ ဘယ်သူတုန်း”

တင်မောင်မောင်က အထင်တကြီးနဲ့ စိတ်ဝင်းစားစွာ မေးသည်။

“ဆံပင်တိုလေးနဲ့ မိုက်တယ်မောင်”

ကျော်ဦးက ချီးကျူးသည်။ “မင်း မလိုချင်ရင် ငါ့ဘက် ပို့လိုက်ကွာ” ဟုဆက်၍ ရယ်သလို မောသလို ပြောလေသည်။ ကိုကို အတန်ငယ် ဘဝင်မြင့်သွားသည်။ ပျော်လည်းပျော်ရွှင်သွားသည်။ " ငါ့ကိုခင်နေတဲ့ ကောင်မလေးပါကွာ” ဟု အရေးမကြီးသလိုပြောရင်း ဆေးရုံလှေကားထစ်များကို ခပ်သွက်သွက် နင်းပြီး တက်ခဲ့သည်။

* * *

“ရှေ့နားက ဆိုင်လေးမှာ ခဏလေး ရပ်ပေးပါလား.. ကိုလှရွှေ”

ညီညီက ဒူးယားဗူးခွံလေးကို အပြင်သို့ လွှင့်ပစ်လိုက်သည်။

“ကျွန်တော် စီးကရက်ဝယ်ချင်လို့”

လှည်းကူးကားဂိတ်တွင် မီးရောင်ထိန်ထိန်လင်းနေသည်။ သူတို့ ကားရပ်လျှင် ကားဆီသို့ ဈေးသည်ကလေးများ ပြေးလာကြဦးမည်။ စာကလေးကြော်၊ ဆီထမင်း၊ ကောက်ညှင်းထုပ်၊ ကြံပန်းခိုင်များ သူ့ထက်ငါ လုယက်ပြီး ရောင်းကြဦးမည်။ သူတို့အသံ ကြားရလျှင် အတွေးထဲမှ အဖေသည်လည်းကောင်း၊ အမေသည်လည်းကောင်း၊ ခင်စိုးပိုင်သည်လည်းကောင်း၊ ထို့နောက် ခင်ဦးသည်လည်းကောင်း ထွက်၍ပြေးကြပေတော့မည်။ ပြန်လည်းတွေးနေရသည်မှာ နာကျင်ကြေကွဲရသော်လည်း ကိုကိုသည် အတွေးထဲပင်လျှင် ဝဲလည်လည် လှည့်နေချင်သေးသည်။

“ဂျာကင်အင်္ကျီအတွင်းအိတ်ထဲမှာ စီးကရက်တစ်ဗူးပါတယ် ညီညီ၊ ကိုလှရွှေ ဆက်မောင်း "

ညီညီက ဂျာကင်အင်္ကျီအိတ်ထဲမှ စီးကရက်ဗူးကို စမ်းပြီး ဆွဲထုတ်လိုက်သည်။ အလင်းရောင်တွင် ထောင်ကြည့်ပြီး လေတစ်ချက် ချွန်လိုက်သည်။

“အား ... ဟား.. ဒါက တို့အစ်ကို အမြဲစွဲသောက်တဲ့ စီးကရက်ထင်ပါရဲ့”

ညီညီက ပျက်ချော်ချော် ပြောသည်။ စီးကရက်ဗူးကို ချက်ချင်း ဖောက်ပြီး တလိပ် ဆွဲထုတ်လိုက်သည်။

“ဒန်းဟီးလ်ဆိုတာ မြန်မာပြည်မှာတော့ အတော့်ကိုရှားရှားပါးပါး ဝယ်ရမှာနော်”

ညီညီအား “ငွေရှိရင် ဘာမှမရှားပါဘူးကွာ” ဟု ပြောလိုက်ချင်သော်လည်း မပြောဖြစ်။ ပြောဖြစ်လျှင်လည်း ညီညီက လှောင်ရယ်ရယ်ဦးမည်ဖြစ်သည်။

"မင်း စီးကရက်သောက်ပုံက ကြောက်စရာကောင်းလိုက်တာ၊ ဒီလောက်သောက်နေရင် မကောင်းဘူး ညီညီ"

"ခါတိုင်းတော့ ဒီလောက်မသောက်ပါဘူး။ ဒီနေ့မှ"

ညီညီက စီးကရက်ကို နှုတ်ခမ်းမှာတပ်ရင်း မီးခြစ်?? မီးစွဲသွားသောအခါ သက်ပြင်းတစ်ချက် ရှိုက်ကာ ဆက်ပြောသည်။

"ဒီကနေ့မှ အရမ်းသောက်နေမိတာပါ၊ မိခင်ဦးလေးကြောင့်"

ညီညီသည် ခင်ဦးကို မလိုမကျလျှင် "မိခင်ဦး" ဟုခေါ်ကာ ကရုဏာသက်နေသောအခါများတွင်မူ 'မိခင်ဦးလေး" ဟု ခေါ်တတ်သည်။

"ဒီကောင်မလေးက သေရမှာ သိပ်ကြောက်ရှာတာ။ သူက ခဏခဏ ပြောတယ်။ ငါ့မှာ ကလေးတစ်ယောက်ရှိနေပြီးတော့ ကလေးအမေတဲ့။ ငါသာ သေသွားရင် ငါ့သားကလေးကို ဘယ်သူကဆက်ပြီး စောင့်ရှောက်မလဲတဲ့"

ညီညီပြောသောအခါမှပင်လျှင် ကိုကိုသည် ခင်ဦးသားကလေးကို သတိရသည်။ ပါးစုန့်ဖောင်းဖောင်း မျက်နှာချိုချိုနှင့် ချစ်စရာသားငယ်ခမျာ မိခင်မဲ့ရှာတော့မည်။

"အဖေက အသုံးမကျသလောက် အမေက အင်မတန်တာဝန်သိတယ်.. ခင်ဦးလိုမိခင်မျိုးကတော့ ရှားမှရှား"

ကိုကို့မျက်နှာကို စေ့စေ့ကြည့်ကာ ညီညီက မကျေမချမ်း ပြောသည်။

"အေးကွာ..ကလေးတော့ ဒုက္ခပဲ"

"ဩ....ဒုက္ခပဲတဲ့လား၊ ကိုကိုက သနားတယ်လား"

“သနားတာပေါ့ကွာ”

ညီညီက ရုတ်တရက် ရှုးသွပ်သွားသလို ဟက်ဟက်ပက်ပက် ရယ်လေသည်။ မျက်လုံးများသည် ခါးခါးသီးသီးနှင့် အစိမ်းရောင်တောက်လာသလို ထင်ရသည်။

“မိ.. ခင်ဦးရေ... နင့်သားကို နင့်ကိုကိုက သနားတယ်တဲ့”

ပြက်လုံးကောင်းတစ်ခု ကြားလိုက်ရသလို ရယ်နေသော ညီညီ့အား ကိုကိုသည် ငေးကြောင်ကြောင် ပြန်ကြည့်နေမိသည်။ တစုံတစ်ခုတော့ မှားနေပြီဟု တွေးရင်း တုန်လှုပ်အားငယ်စိတ်များ လွှမ်းမိုးလာသည်။

“မချစ်တတ်ပေမဲ့၊ တာဝန်မသိတတ်ပေမဲ့ သနားတော့ သနားတတ်သေးသကိုး ဗျ။ တို့အစ်ကိုက သနားတော့ သနားတတ်သားနော်”

ညီညီ၏အသံတွင် လှောင်သံ ပြောင်သံ၊ နာကျည်းသံများ ရောစွက်နေသည်။

“မှတ်မိလား ကိုကို၊ တို့ငယ်ငယ်က အိမ်အောက်မှာ သားလာပေါက်တဲ့... ခွေးနီမရဲ့ သားသမီးတွေကိုတွေ့တော့ သူ့မှာ ပေါက်ပေါက်ရှာရှာ တွေးပြီး စိုးရိမ်ခဲ့သေးတာ”

# အပိုင်း(၁၀)

အိမ်အောက်တွင် ခွေးနီမ ကလေးမွေးနေကြောင်းကို ပထမဆုံးသိသူမှာ ညီညီ ဖြစ်သည်။ ခွေးနီမ၏ တအိအိ အော်သံကြောင့် အိမ်အောက်ထဲသို့ တကုန်းကုန်း နှင့် ဝင်သွားသည်။

"နီမ .. နီမ.. အို.. အို့.."

ညီညီ့နောက်မှ ခင်ဦးက ထန်းလျက်ခဲလေး ကိုင်ကာ လိုက်သွားသည်။ ကိုကို ကတော့ ထုံးစံအတိုင်း နောက်ဆုံးမှဖြစ်သည်။ သားပေါက်ပြီးစ ခွေးမများသည် လူအနားလာသည်ကို မကြိုက်၊ သူတို့သားလေးတွေကို ယူမှာစိုး၍ ရန်လိုပြီး ကိုက်တတ်သည်ဟု ကြားဖူး၍ လန့်နေသည်။ နီမကလည်း ခွေးသားအုပ်မမို့ ရန်လိုချင် လိုနေမည်ဖြစ်သည်။ အလျင်က ထမင်းကျန် ဟင်းကျန်များ ချကျွေး ဖူးသည်ကိုမေ့ပြီး ထ၍ကိုက်ချင် ကိုက်နေမည်ဖြစ်၏။

"ဒီမှာ ... ဒီမှာ .. တွေ့ပြီ"

ညီညီက အော်သည်။ မြေကို ကျင်းယက်ပြီး လဲလျောင်းနေသော နီမကို ထန်းလျက်ခဲလေး ပစ်ပေးလိုက်သည်။ နီမက ညီညီ့ကိုကြည့်ပြီး မသိမသာ အမြီး နှံ့ပြသည်။ ညီညီက ပါးစပ်မှ စုတ်သပ်၍ ချော့ယင်း အနားသို့ ကပ်သွားလေ သည်။

"ဟာ... အနက်လေး၊ လှတယ်ကွာ... ဝဝလုံးလုံးလေး၊ ဟာ... ကိုကို လာကြည့် .. လာကြည့်။ ဒီအကျားလေးက ပိုလှတယ်၊ အထီးလေးကွ၊ သိလား"

"ဒီမှာ .. ဒီမှာ၊ ဒီနှာခေါင်းအဖြူလေးနဲ့ဟာက ခင်ဦးဖို့၊ အမ လေးနော်"

ခင်ဦးက ခွေးနီမကို ခေါင်းပွတ်၍ချော့ယင်း ခွေးလေးတကောင်ကို ဆွဲကိုင်သည်။ ခွေးနီမက မသိမသာ ဟိန်းလိုက်၍ ကြောက်လန့်ပြီး ဖြတ်ကနဲ ပြန်လွှတ်လိုက်

သည်။

“အားလုံးပေါင်း ခြောက်ကောင် သိလားကိုကို၊ အထီးက နှစ်ကောင် အမက လေးကောင်”

ညီညီက အသေအချာ ကြည့်ရှု ရေတွက်နေသည်။ အိမ်အောက်တွင်မှ အနံ့အသက်က မကောင်းလှ။ စွတ်စိုပြီး ထိုင်းမှိုင်းနေသည်။ ခွေးနီမ၏ဝပ်ကျင်းကမူ မြေငွေ့နှင့် ပူနွေးနေလေသည်။ ဝပ်ကျင်းထဲတွင် ခွေးကလေးများက တကောင်ပေါ်တကောင် တွားရှဲတက်နေသည်။ ခွေးနီမ၏နို့ကို တိုးဝှေ့ပြီး စို့နေကြသည်။ ခွေးနီမသည် တစောင်း လှဲအိပ်ယင်း ကိုကိုတို့သုံးယောက်အား မျက်ခြည်မပြတ် လိုက်၍ ကြည့်နေသည်။

“အိမ်အောက်က မှောင်လိုက်တာဟာ”

“အေးဟာ၊ နံ့လဲနံ့တယ်”

“ညီညီရာ၊ နင်တို့အိမ်အောက်ကလဲ ကြွက်တွင်းတွေချည်းပဲ၊ ညစ်ပတ်လိုက်တာ”

“အောင်မာ ကြီးကျယ်လို့၊ နင်တို့အိမ်အောက်များ ဆင်းကြည့်ပါအုံး၊ ဒီလိုပဲနေမှာပါ”

မြေကြီးက ကျစ်စာခဲများဖြစ်နေသည်။ ခင်ဦး ပြောလည်းပြောစရာ၊ ကြွက်တွင်းက နေရာအနှံ့ပင်။ ကြွက်တွေကလည်း သေးသေးကွေးကွေးမဟုတ်၊ ခွေးနီမ ယခုမွေးထားသော ခွေးပေါက်စလေးတွေလောက်ရှိလေသည့် အမွေးစုတ်ဖွားနှင့် မြေကြွက်ကြီးများဖြစ်သည်။

“လာကွာ.. ထွက်ကြပါစို့။ နံလိုက်တာ အောက်သိုးသိုးနဲ့”

သူတို့သုံးဦးသား တကုန်းကုန်းနှင့် ပြန်ထွက်လာကြသည်။ အပြင်ရောက်တော့ သူတို့ညီအစ်ကိုနှစ်ယောက်က ခွေးနီမကို သတိမရတော့ပေ၊ ဂေါ်လီရိုက်စကားရန်

သာ စိုင်းပြပ်င်းသည်။ သို့သော် ခင်ဦးသည် သူတို့ကစားရာသို့ ခါတိုင်းလို့ဝင်ပြီး မရှုပ်တော့ပေ။ အဘွားရင် စိုက်ထားသော ပိတောက်ပင်အောက်တွင် ထိုင်နေသည်။

ညီညီက လှမ်းခေါ်သည်။ ခင်ဦးက ရှုတည်တည်နှင့် မျက်လွှာလှန်၍ ကြည့်သည်။

"နင် ဘာတွေ စဉ်းစားနေတာလဲ"

"ငါ ကံကောင်းပေလို့ လူဖြစ်တာ ညီညီရ၊ ခွေးများဖြစ်ယင် ဒုက္ခ"

"ဘာဖြစ်လို့လဲ၊ ခွေးဖြစ်ရတာ စာမကျက်ရဘူး၊ ကျောင်းမသွားရဘူးဟ။ ဇိမ်ပဲ။ အိပ်ချင်သလောက်အိပ်၊ သူတို့အမေက ငါတို့အမေလို ထ … ထ နေမြင့်လှပြီ ဆိုပြီးတော့လဲ မနှိုးဘူး"

ညီညီက ဟန်နှင့်ပန်နှင့် ပြောယင်း အင်္ကျီလက်နားစကို လှန်ကာ နှပ်ချေးသုတ်သည်။ သားရေကြိုးတပ်ထားသော ဘောင်းဘီအစင်းကျားလေးမှာ လျှောကျနေ၍ လက်နှစ်ဘက်နှင့် ပင့်တင်လိုက်သည်။

"သူတို့အဖေကလဲ စာမကျက်လို့ဆိုပြီး ဆူမှာ မဟုတ်ဘူး၊ ငါတို့ဆို အမေက ဆူလိုက်၊ အဖေက ဆူလိုက်"

"နင် ဘာသိလို့လဲ ညီညီ၊ အခု နင်က လူဖြစ်နေလို့ အဖေနဲ့နေရတာဟ။ နင်သာ ခွေးဖြစ်ယင် နင့်အဖေ ဘယ်သူမှန်းတောင် သိမှာမဟုတ်ဘူး၊ ခွေးနီမရဲ့ကလေးတွေကို ကြည့်စမ်း၊ သူတို့အဖေ ဘယ်သူလဲ … ကဲ"

ခင်ဦးက မျက်နှာလေးရှုံ့နေသည်။ သူ့ရှေ့ မြေကြီးပေါ်ကြွေကျလာသော ပိတောက်ရွက်ဝါဝါလေးတရွက်ကို ကောက်ယူပြီး အမှတ်မထင် ဆုတ်ဖွဲ့နေသည်။ ထို့နောက် ညီညီ့အား လှမ်း၍ကြည့်ကာ ပခုံးလေး တွန့်ကာ ပြောလေသည်။

"ကံကောင်းလို့ ညီညီရ၊ ငါသာ လူမဟုတ်ပဲ ခွေးဖြစ်နေယင် ခွေးနီမလိုပဲ အဖေမရှိတဲ့ ကလေးတွေ မွေးနေရမှာ ဒုက္ခ"

ခင်ဦး၏အဘိဓမ္မာကို ကြားတော့ ညီညီက ခွက်ထိုးခွက်လန် ရယ်သည်။ အိမ်ရှေ့ထွက်လာသော အမေကလည်း ကြားသွားသည်။ ရယ်ခဲ ပြုံးခဲလှသော အမေပင် မနေနိုင်။ "သြော် .. ပေါက်ပေါက်ရှာရှာ သမီးရယ်" ဟု ခင်ဦး၏ခေါင်းကို ပုတ်ကာ ပြောယင်း ရယ်လေသည်။

* * *

"သူသာ ခွေးဖြစ်ယင် အဖေမရှိတဲ့ကလေး မွေးရမှာဆိုပြီး ကြံကြံဖန်ဖန် တွေးပြီး ပူပန်ခဲ့တဲ့ ကောင်မလေး၊ ခုတော့ သူ့ဘဝဟာ နီမနဲ့ ဘာထူးလဲ"

ညီညီက နာနာကျည်းကျည်း ပြောသည်။ ကိုကို ဘာမှ ပြန်မပြောမိ၊ သူ မမြင်ဖူးလိုက်သော ခင်ဦး၏ယောကျ်ားအကြောင်းကို တွေးကြည့်သည်။ ခင်ဦးနှင့် ကွဲသွားသည်ဟု ကြားရသည်။

"အင်းလေ ... ငါနဲ့ခင်ဦးအကြောင်း သိပြီး ကွဲသွားတာဖြစ်ချင်ဖြစ်မှာ၊ ငါ့ကြောင့် များလား မသိဘူး၊ ငါကလဲ ငါပဲ"ဟု စဉ်းစားယင်း ပင့်သက်ရှိုက်လိုက်မိသည်။ ညီညီ့ကို မျက်နှာချင်းမဆိုင်ရဲပဲ ခေါင်းငုံ့ထားလိုက်သည်။

"အဲဒီတုန်းက ငါလဲ မှားသွားတယ်ကွာ"

"ဘာ မှားတာလဲ၊ ဘာ အခုမှ မှားတာလဲ"

ညီညီ့အသံက ဒေါသလှိုင်းခတ်ကာ တုန်ယင်နေသည်။ ကိုကို့ရင်ထဲတွင်မူ အဖန်တလဲလဲ နောင်တရခြင်းဝေဒနာနှင့် တစစ်စစ် နာကျင်နေသည်။ ကိုက်နေသည်။

"ခင်ဦးကို ခင်ဗျားကြီး ချစ်လဲ မချစ်ခဲ့ဘူး၊ သနားလဲ မသနားခဲ့ဘူး"

ညီညီက စွဲချက်တင်သည်။

* * *

ထိုနေ့ညက ကိုကို မူးနေသည်။ ခင်စိုးပိုင်နှင့်အတူ အင်းလျားလိတ်ဟိုတယ်သို့ ပထမဆုံးအကြိမ် ရောက်ဖူးရသည်။ ခင်စိုးပိုင် စပ်ပေးသော ဒရိုင်းဂျင်ကို ပထမဦးဆုံးအကြိမ် သောက်ဖူးရသည်။ ရီဝေဝေမှ တကယ့်ကို ရီရီဝေဝေ။ ကိုကိုသည် ခင်စိုးပိုင်နှင့်တွေ့မှ စီးကရက်သောက်သော မြန်မာမိန်းကလေးကို တွေ့ဖူးခြင်းဖြစ်သည်။ ယခုတဖန် အရက်သောက်သော မိန်းကလေးကို တွေ့ဖူးရပြန်သည်။ ခင်စိုးပိုင်သည် ကိုကိုနှင့်အတူ အရက်သောက်လေသည်။

“ကို ... ကို”

ခင်စိုးပိုင်က ဆရာဟု ခေါ်နေကျမှ ကိုကိုဟု ပြောင်း၍ခေါ်သည်။

“ကိုကို ပျော်လား”

“သိပ်ပျော်တာပဲ”

ကိုကိုက အမှန်အတိုင်း ဖြေမိသည်။ ခင်စိုးပိုင်နှင့်သာ အမြဲတမ်း ဒီလိုသွားလာနေထိုင်ရလျှင် မည်မျှကောင်းလိမ့်မည်နည်းဟု တောင့်တခဲ့မိသည်မှာလည်း အမှန်ပင်။ခင်စိုးပိုင်နှင့်အတူ ဘဝ၏အေးချမ်းသက်သာခြင်း၊ စည်းစိမ်ဥစ္စာ ပြည့်စုံပေါ်များခြင်းများ ယှဉ်တွဲနေသည်။ ထိုသို့သောဘဝကို ကိုကို လိုချင်သည်။

“ဒီလိုပဲ အမြဲနေချင်လား”

“နေချင်တာပေါ့ ”

"နေချင်ယင် နေကြဲမယ်လေ"

"ဒါပေမယ့် ... ဟို ... ဟို ... ကိုယ်တို့က "

"ဘာလဲ.. ကိုယ်တို့က ချစ်သူတွေမဟုတ်ကြဘူးလို့ ပြောမလို့လား"

"အင်း"

ခင်စိုးပိုင်က တခစ်ခစ် ရယ်သည်။ ကိုကို့ပခုံးပေါ် မေးတင်ကာ တိုးတိုးလေး ပြောသည်။

" ဒီတော့လဲ ဘာခက်လဲ ကိုကိုရာ၊ ချစ်သူတွေ လုပ်လိုက်ကြရုံပေါ့ ... ဟုတ်ဘူး လား"

ကိုကိုသည် တိမ်တိုက်ထဲတွင် လွင့်မျောသွားသည်။ ရီဝေတိမ်းမူးစွာနှင့် ခင်စိုးပိုင်၏ပခုံးလေးကို ပြန်ဖက်လိုက်သည်။ ပွင့်လင်းစွာ ဝန်ခံရလျှင် ကိုကိုသည် "ဒီစည်းစိမ် ဒီချမ်းသာတွေ ကို ငါပိုင်ဆိုင်ရတော့မယ်" ဟု ချက်ချင်း တွေးလိုက်မိကြောင်း ဝန်ခံရမည်ဖြစ်သည်။ ထိုသို့ တွေးမိပြီး ပျော်ရွှင်သွားသည်။ "တယ်စွံတဲ့ငါ၊ တယ်ဟုတ်တဲ့ ငါ" ဟု တွေးကာ ဘဝင်ပင် မြင့်ချင်ချင်ဖြစ်လာသည်။ ထို့နောက် ခင်စိုးပိုင်၏ခါးကျဉ်းကျဉ်းလေးကို မရဲတရဲ ဖက်သည်။
ခင်စိုးပိုင်က တွန်းများ ပစ်လေမလားဟု စိုးရိမ်သော်လည်း တွန်းမပစ်ချေ။ "အင်း... ဟုတ်သားပဲ၊ ချစ်သူတွေဆိုတာ ဒီလိုနေကြရမှာပဲ" ဟု စဉ်းစားယင်း ကိုကို အရက်ထပ်မော့သည်။

"စိုးပိုင် တခါ ပြောဖူးတဲ့လူလေ၊ စိုးပိုင်ကို ခွာထုတ်တဲ့သူက အခု စေ့စပ်လိုက်ပြီ ကိုကိုရဲ့"

ခင်စိုးပိုင်ကလည်း သူနှင့်အပြိုင် မော့ကာ ရီဝေဝေနှင့် ပြောသည်။

“ဂျင်းစိမ်းနှင့် မိတ်သလင်၊ သူ မကြွင်လို့ သွားတာ အရေးမစိုက်ပါနဲ့ကွာ”

ကိုကိုက တတ်သမျှမှတ်သမျှ အားပေးသည်။ ခင်စိုးပိုင်က ခေါင်းတဆတ်ဆတ် ညိတ်သည်။

“ဟုတ်တယ်.. ဒါကြောင့်မို့ စိုးပိုင်လဲ စေ့စပ်လိုက်တာ”

“အယ်... ဘယ်တုန်းကလဲ”

“အခုပဲလေ၊ ကိုကိုနဲ့လေ... ၊ ကိုကိုနဲ့စိုးပိုင်တို့ စေ့စပ်ကြောင်းလမ်းပြီးပြီနော်”

ခင်စိုးပိုင်က မူးမူးနှင့် သူ့ကို နမ်းသည်။ သူ့တကိုယ်လုံးရှိ အိပ်ပျော်နေသော သွေးများသည် ဆူဝေလှုပ်ရှားလာသည်။ ဓာတ်လိုက်ခံရသလို တုန်တုန်လှုပ်လှုပ် ဖြစ်နေသည်။

ခင်စိုးပိုင်က “သိပ်ရိုးတဲ့ကိုကို” ဟု ပြုံးရယ်၍ ပြောတော့ သူက ရှက်စရာဟု အောက်မေ့မိသည်။ မရိုးကြောင်း ပြရသည်။ ခင်စိုးပိုင်ကို သူ ဖက်၍မဝ၊ နမ်း၍မဝ။ "တယ်စွံတဲ့ငါ” "ချမ်းသာပြီဟဲ့ ငါ” ဟု တွေး၍ မဝ။

တွေးပြီးယင်း တွေးယင်း၊ ပျော်ပြီးယင်း ပျော်ယင်းနှင့် အိမ်ကိုပင် ဘယ်ကနေ ဘယ်လို ပြန်ရောက်လာသည် မသိတော့။ ခင်စိုးပိုင်လိုက်ပို့သည်ကိုတော့ မှတ်မိသည်။

“ဟိုး... ဟိုး၊ တော်ပြီ။ အဲဒီလမ်းထိပ်မှာ ရပ်၊ ကောင်းကောင်းပြန်နော်၊ ဂွတ်နိုက် ဒါလင်..ဂွတ်နိုက်”

ကိုကိုက မူးမူးနှင့် လျှာချောင်နေသည်။ ခင်စိုးပိုင် ထွက်သွားမှ လမ်းထဲသို့ ဒယိမ်းဒယိုင်နှင့် ဝင်လာသည်။ သီချင်းအော်ဆိုချင်သော်လည်း ဘာသီချင်းမှမရ၍ မဆိုဖြစ်။

မိုးဖွဲဖွဲ ကျနေသော်လည်း လမ်းတွင် လူရှင်းနေသည်။ လမ်းထိပ်က ဓာတ်မီးရောင် မှာ မှိန်လှသည်။ လကလည်း မိုးသားတွေအောက် ရောက်နေ၍ လုံးဝ မလင်း။

အိမ်တွင် ညီညီ မရှိ၊ တံခါးဝမှာ သော့တန်းလန်းက ဆီးကြိုသည်။ ကိုကိုက သော့ဖွင့်ပြီး တံခါးကို ခြေနှင့် ကန်ဖွင့်လိုက်သည်။ "တယ်စုတ်ချာတဲ့အိမ်" ဟု ချီးကျူးဂုဏ်ပြုစကား ရွတ်ဆိုကာ အိပ်ရာဆီသို့ တန်း၍ လျှောက်သွားသည်၊ အိပ်ချင်ပြီ။

ကိုကိုသည် အိပ်ရာထဲတွင် လှဲအိပ်လိုက်သည်။ အိမ်အမိုးနှင့် နံရံများက သူ့မျက်စိထဲတွင် စောက်ထိုးမိုးမျှော် ဖြစ်နေကြသည်။ ထမင်းစားပွဲဝိုင်းလေးပေါ်တွင် စားလက်စ ထမင်းပန်းကန်ကို တွေ့ရသည်။ ထမင်းစားလက်စတန်းလန်းကြီး ညီညီ ဘယ်များထွက်သွားပါလိမ့်ဟု မတွေးမိ။ ချာတူးလန်တဲ့ ထမင်းနဲ့ ဟင်း နေမှာပါ ဟုသာ တွေးမိသည်။ ခုနက သူ အရက်နှင့် မြည်းခဲ့သော ဝက်အူချောင်းကြော်၊ အသားလုံးကြော်များကို မြင်ယောင်လာသည်။

“ဘဲဥကြော်ကို တသက်လုံး မစားတော့ဘူးကွ”

ကိုကိုက အသံထွက်အောင် ပြောယင်း တဦးတည်း ရယ်သည်။ အခါတိုင်း တွေးထင် မြင်ယောင်နေကျဖြစ်သော အဖေကိုလည်းကောင်း၊ အမေကိုလည်းကောင်း လုံးဝ မတွေးမိ။ ခင်စိုးပိုင်ကိုသာ မြင်ယောင်နေမိသည်။ သူ့နှာခေါင်းထဲတွင် ယခုတိုင် မွှေးနေသေးသည်။ ခင်စိုးပိုင်၏ ဆံပင်ကလည်း မွှေးသည်၊ ပါးကလေးကလည်း မွှေးသည်၊ နှုတ်ခမ်းလေးကလည်း မွှေးသည်၊ ရင်ညွန့်ကလေးကလည်း မွှေးသည်။ ကိုကိုသည် မှူးမူးထွေထွေနှင့် ခေါင်းအုံးကို တအား ဖက်ထားလိုက်သည်။ ခင်စိုးပိုင်က သူ့ဆီပြေးလာလိုက်၊ ပြန်ပြေးသွားလိုက်နှင့် ကိုကို့ခေါင်းထဲတွင် ယစ်ဝေသည်ထက် ယစ်ဝေလာသည်။

“ကိုကို”

ခင်စိုးပိုင်က တိုးတိုးခေါ်သည်။

“ဘာလဲကွယ်”

“ကိုကို ဘယ်သွားနေလဲ”

“ဘယ်မှ မသွားပါဘူးကွယ်”

“ခုနတုန်းက မရှိပါဘူးကွယ်”

“ရှိပါတယ်”

ကိုကိုက ပြုံးချင်ရယ်ချင်နေသည်။

“အို .. မရှိပါဘူး၊ အိမ်မှာလဲမရှိ ဆေးရုံမှာလဲမရှိ၊ ဘယ်လျှောက်လည်နေတာလဲ။ အဖေမူးလဲလို့ ကိုကို…။ အဖေရယ် မူးပြီးလဲလို့ အခု ဆေးရုံမှာ ညီညီစောင့်နေရစ်တယ်။ ညီညီက ကိုကို့ကို ဆေးရုံလိုက်ခဲ့အုံးတဲ့”

တရစပ်ထွက်ပေါ်နေသော စကားသံများကို နားထောင်ယင်း ကိုကို့ခေါင်းထဲတွင် ဝေဝေဝါးဝါးကြီး ဖြစ်လာသည်။ စကားပြောနေသူကို အသေအချာ အားယူပြီး ကြည့်သည်။ မျက်နှာက နှစ်ထပ်ဖြစ်နေသည်။ ခင်ဦးဖြစ်သွားလိုက်၊ စိုးပိုင်ဖြစ်သွားလိုက်၊ နီးလိုက်၊ ဝေးလိုက်၊ ရှည်လိုက်၊ ပိန်လိုက်နှင့် ကိုကို့မျက်စိထဲတွင် တိမ်လွှင်းစီးနေသူလိုဖြစ်နေသည်။

“စိုးပိုင်ရယ်”

ကိုကိုက ချော့မော့သလို ပြောသည်။

“ကိုကို ဘာဖြစ်နေတာလဲ … အူကြောင်ကြောင်နဲ့”

“ဘာဖြစ်လို့လဲကွယ်”

သူ့ပခုံးကို အားမလိုအားမရနှင့် ကိုင်၍လှုပ်သော လက်ကလေးများကို ကိုကို ဆီး၍ ဖမ်းထားလိုက်သည်။ အပြင်ဘက်တွင် မိုးက တအုန်းအုန်း ရွာလာသည်။

"စိုးပိုင်လေးကလဲကွာ"

"ဘာ စိုးပိုင်လဲ.. ဘယ်က စိုးပိုင်လဲ၊ ခင်ဦးပါ ကိုကိုရ၊ ခင်ဦး.. ဟင်၊ အရက်စော် နံ လိုက်တာ... ။ ဟောတော့ ကိုကိုအရက်တွေ သောက်ထားတယ်လား"

"နည်းနည်းလေးပါကွယ်"

ကိုကိုက ချွဲချွဲနွဲ့နွဲ့ ပြောသည်။ ကိုကို၏သွေးများက ဆူဝေလှုပ်ရှားနေသည်။ စိုးပိုင်ဖြစ်ဖြစ်၊ ခင်ဦးဖြစ်ဖြစ်၊ အမိနာဖြစ်ဖြစ်၊ မကျင်လွမ်ဖြစ်ဖြစ် အရေးမကြီး။ အရေးကြီးသည်က ထိုမိန်းကလေးကို သူ ဖက်ပွေ့ထားချင်သည်၊ နမ်းရှိုက်ချင်သည်၊ ခုအချိန်မှာတော့ ကိုကိုသည် အရူး၊ အမဲသားကို တပိုင်းတစ စားခဲ့ရသည့် အရူး။

"ကိုကို ဘာလုပ်တာလဲ"

"ဘာလုပ်လို့လဲကွယ်"

"အဖေမူးလဲလို့... ကိုကို၊ ခင်ဦးပြောတာ နားထောင်စမ်းပါ၊ အဖေဆေးရုံမှာ... အို... ကိုကို လွှတ်"

"မလွှတ်ဘူး..."

"ဟာ .. ကိုကို ... မလုပ်နဲ့ ... မလုပ်ပါနဲ့"

"စိုးပိုင်ရယ်... ဘာလို့ရုန်းနေတာလဲ"

“စိုးပိုင်မဟုတ်ဘူး၊ ခင်ဦး”

“ခင်ဦးဆိုလဲ ငြိမ်ငြိမ်နေ၊ အစိန်ဖြစ်ဖြစ်၊ အလှဖြစ်ဖြစ်၊ အမြဖြစ်ဖြစ် မရှုန်းပါနဲ့ ကွယ်”

“.. ကိုကိုဘာဖြစ်နေတာလဲ ကိုကို... ညီညီက မှာလိုက်တယ်၊ ဆေးရုံကိုလိုက်ခဲ့ပါတဲ့... အို... သတိထားပါအုံး ကိုကိုရဲ့၊ ခင်ဦးကိုလွှတ်ပါ”

ခင်ဦး ဘာပြောပြော ကိုကိုမကြားတော့၊ နားတဘက်မှ ဝင်ပြီး တဘက်မှ တောက်လျှောက် ပြန်ထွက်သွားသည်။ မှန်ယို လှုပ်ရှားနေသော စိတ်ဆင်ရိုင်း၏နောက်သို့သာ အတားအဆီးမရှိ လိုက်ခဲ့သည်။ အပြင်ဘက်တွင် မိုးမှောင်ကျနေလေသည်။

* * *

“ခင်ဦးရဲ့ဘဝကို ကိုကို မစာနာ ဖျက်ဆီးခဲ့တာပဲ”

ညီညီက မကျေမချမ်း ထပ်ပြောသည်။

ခင်စိုးပိုင်ပြောဖူးသော စကားကို သတိရသည်။

“မြန်မာတွေကသာ ရှုးကြောင်ကြောင်နဲ့ အပျိုစစ်မှ မစစ်မှ ပြဿနာတွေ တကျတတ်တာ၊ တကယ်တော့ ဒါဟာ ပြဿနာမဟုတ်ပါဘူး ကိုကိုရာ နော်” ဟု ပြောဖူးသည်။

ကိုယ့်အပြစ်ကို ကိုယ်ဖုံးလို့၍ ပြောခြင်းတော့ ဖြစ်ကောင်းဖြစ်မည်။ “တခါတလေ မှားတာလောက်နဲ့တော့ ခင်ဦး၏ဘဝ မပျက်စီးနိုင်” ဟု ပင် သူက ယူဆခဲ့မိသည်။

ခင်စိုးပိုင်သည် အပျိုစင် မဟုတ်ကြောင်း သူသိသည့်ပင်၊ သို့သော် သူက လက်ထပ်ယူရန် ဝန်မလေးခဲ့၊ ခင်ဦးကိုလည်း ထိုနည်းတူ လက်ထပ်လိုသူ ရှိလိမ့်မည်သာတည်းဟု ခပ်ပေါ့ပေါ့ တွက်ခဲ့မိသည်။ ညီညီကသာ ဒေါသထွက် နာကျည်းနေသော်လည်း ခင်ဦးက ကိုကို့အား ဒေါသဖြစ်ခဲ့ပုံ မရ၊ နာကျည်းခဲ့ပုံလည်း မရချေ။

* * *

မှုန်မှုန်ရီရီနှင့် အိပ်ပျော်သွားပြီး ဖြတ်ကနဲ နိုးလာတော့ နံရံကိုမှီကာ ထိုင်ယင်း သူ့ကို ငေးကြည့်နေသော ခင်ဦးအား တွေ့ရသည်။ ခင်ဦး၏ပါးပြင်တွင် မျက်ရည်စများ စွန်းထင်းနေလေသည်။

“ဟင်.. ခင်ဦး”

သူက အလန့်တကြား ထထိုင်သည်။ ဖြစ်ခဲ့ပျက်ခဲ့သော အခြေအနေအရပ်ရပ်ကို ချက်ချင်း သဘောပေါက်သွားသည်။ ခင်ဦး၊ ညီမလေးလိုနေခဲ့သော ခင်ဦးကို သူ ကျူးလွန်ခဲ့မိလေပြီ။

“အဖေ ဆေးရုံမှာ ကိုကို”

ခင်ဦးက တိုးတိုးလေး ပြောသည်။ သူက ခင်ဦးကိုကြည့်ယင်း အာခေါင်များ ခြောက်ကာ ရေငတ်လာသည်။

“အဖေရယ် ညနေတုန်းက အိမ်မှာ မူးလဲတာ ဆေးရုံပို့လိုက်ရတယ်”

“ကိုကို လိုက်သွားရမလား”

“လိုက်သွားဖို့ လာပြောတာပဲ”

"ခင်ဦးရော"

"အိမ်ပြန်မယ်လေ"

သူက ဒယီးဒယိုင်နှင့် ထကာ မျက်နှာသစ်သည်။ ရင်ထဲတွင် နှောင်တတရားက အစိုင်အခဲဖြစ်လာသည်။ ရယ်ချင်သလို ငိုချင်သလိုနှင့် ကတုန်ကယင် ချောက်ချောက်ချားချား ဖြစ်နေလေသည်။

ခင်ဦးကမူ သူ့ကို မကြည့်တော့၊ ဒူးနှစ်လုံးကို လက်နှင့်ပိုက်ကာ ငုတ်တုတ်လေး ထိုင်ယင်း ဖရိုဖရဲပြန့်ကျဲနေသော အိပ်ရာလေးကို ငေးကြည့်နေသည်။

ကိုကိုက ရေအေးအေးကို သုံးခွက်ဆင့်ပြီး သောက်သည်။ ပွရောင်းနေသော ဆံပင်ကို လက်နှစ်ဘက်နှင့် သပ်လိုက်သည်။ တံတွေးကို အခါခါ မျိုချသည်။ ချွေးစေးပြန်နေသော မျက်နှာကို လက်ဖမိုးနှင့် ပွတ်သည်။ ရင်ထဲတွင် လှိုက်ပြီး မောနေသည်။ ခဲဆွဲထားသလို လေးလံနေသည်။

"ခင်.. ဦး"

သူက တုန်ယင်စွာ ခေါ်လိုက်သောအခါ ခင်ဦးက မျက်လွှာလေး ပင့်၍ကြည့်သည်။

"ခင်ဦး ... ကိုကို့ကို စိတ်ဆိုးနေလား"

ခင်ဦးက ကိုကို့အား တွေတွေဝေဝေလေး ငေးကြည့်နေပြီးမှ ခေါင်းကို အသာ ခါယမ်းပြသည်၊ မျက်လုံးညိုလေးများက ရီဝေကာ နှုတ်ခမ်းလေးက အတန်ငယ် တုန်ယင်နေသည်။

"ကိုကို့အပြစ်ချည်း မဟုတ်ပါဘူး၊ ခင်ဦးလဲ မှားတာပဲ"

ခင်ဦးက ငိုသံလေးနှင့် ပြောသည်။ သူ့ကို တောင်းပန်တိုးလျှိုဟန်နှင့် ကြည့်နေသော ကိုကို့အား မချိုပြုံးလေး ပြုံးပြသည်။ "ပြန်မယ်" ဟု တိုးတိုးလေး ပြောကာ နေရာမှ ဖြည်းညင်းစွာ ထသည်။

"ပြန်မယ်"

တံခါးဝရောက်တော့ ခင်ဦးက ထပ်ပြောသည်။ ငိုတော့မလို ဖြစ်နေသော ကိုကို့အား အတန်ကြာအောင် စိုက်ကြည့်နေပြီးမှ ချာကနဲလှည့်ကာ အိမ်ပေါ်မှ ခပ်သုတ်သုတ် ဆင်းသွားသည်။

"ခင်ဦး... နေအုံးလေ၊ ကိုကို လိုက်ပို့မယ်"

"ရပါတယ် ... ဆေးရုံကိုသာ သွားပါ"

လရောင်က မှိန်မှိန်လေး လင်းနေသည်။ မိုးဖွဲလေးများကမူ တဖြောက်ဖြောက်ကျဆဲပင်။ ခင်ဦးက ထီးမဆောင်းချေ။ ဆောင်းစရာထီးလည်း ပါမှမရ။ ပုစဉ်းရင်ကွဲလေးများ၏အသံကို အဖော်ပြုကာ ခေါင်းလေးငိုက်စိုက်နှင့် လျှောက်သွားသည်။ သူ့ကိုယ်ပေါ်သို့ မိုးပေါက်လေးများက ခုန်ဆင်းလာကြသည်။ ခင်ဦး၏မျက်နှာတွင် မိုးစက်နှင့် မျက်ရည်တို့ ရောနေလိမ့်မည် ထင်သည်။

ကိုကိုသည် ခင်ဦးကို မျက်စိတဆုံး လှမ်းကြည့်နေမိသည်။ သူတို့နေရာ လမ်းချိုးလေးထဲ ကွေ့ဝင်သွားသောအခါမှ နံရံကိုမှီကာ ခြေဆင်း၍ ထိုင်ချလိုက်သည်၊ အသက်ကို ရှိုက်၍ ရှူသော်လည်း အသက်ရှူ၍မဝချင်။ တိမ်ပဝါပါးပါး အုပ်ထားသော လကလေးကို အဓိပ္ပါယ်မရှိ မျှော်ကြည့်နေစဉ် သင်းသင်းလေး မွှေးပျံ့သော ရနံ့တမျိုးကို ရှူရှိုက်ရသည်။ ထိုအနံ့ကို သူမှတ်မိသည်။ သနပ်ခါးပန်းအနံ့၊ ခင်ဦးပန်နေကျ သနပ်ခါးပန်းအနံ့။

သူက ဟိုဟိုဒီဒီ ကြည့်မိသည်။ သူ့အိပ်ရာထဲတွင် နွမ်းကြေနေသော သနပ်ခါးပန်းခက် ဝါဝါလေးများကို တွေ့ရလေသည်။

# အပိုင်း(၁၁)

“ ဒါတောင် ... မိခင်ဦးက ကိုကို့ကို အပြစ်တင်စကား လုံးဝမပြောခဲ့ဘူး”

ညီညီက မကျေမချမ်း ပြောယင်း ချောင်းတဟွတ်ဟွတ် ဆိုးသည်။ ကိုကိုသည် ညီညီ့အား ကြည့်ယင်း စိတ်မကောင်းဖြစ်ရလေသည်။ ညီညီသည် ထင်သလိုနေ၊ ထင်သလို စားယင်း ကျန်းမာရေး ချွတ်ယွင်းနေပုံရသည်။

“သောက်နေကျ မဟုတ်လို့လားမသိဘူး၊ ဒူးယားလောက် မကြိုက်ပါဘူးဗျာ”

ညီညီသည် သူ့လက်ထဲမှ စီးကရက်ကို ကားအပြင်ဘက်သို့ လွှင့်ပစ်လိုက်သည်။ တဝက်လောက် ကျန်နေသေးသော ဒန်းဟီးလ်စီးကရက်လေးသည် ကားလမ်းပေါ်တွင် ကျွမ်းထိုးမှောက်ခုန်နှင့် ကျန်ခဲ့သည်။

"သြော် ... မိခင်ဦး အချစ်ကြီးပုံများ၊ ကျွန်တော်က အပြစ်တင်စကား ပြောယင်တောင် ..... သူ့အကြောင်းနဲ့ သူဖြစ်တာ၊ ကိုကို့အပြစ်မဟုတ်ပါဘူး တဲ့၊ ကာကွယ်ပြီး ပြောသေးတာ”

ကားလမ်းဘေးမှ ကုက္ကိုပင်အိုကြီးများက ထီးထီးချည်း ငြိမ်သက်နေကြသည်။ အကိုင်းအခက်အရွက်များကို ပင်စည်ဘေးတွင် ဖြန့်ကြက်ထားယင်း ငိုက်မျဉ်းအိပ်ပျော်နေကြဟန်ရှိသည်။ လူ့လောက၏ ဝမ်းနည်းဖွယ်၊ ပူဆွေးဖွယ်၊ ဒေါသဖြစ်ဖွယ်၊ ရယ်ရွှင်ဖွယ် ကိစ္စအရပ်ရပ်ကို လုံးဝ လျစ်လျူရှုထားဟန်တူလေသည်။

“မိခင်ဦးက ကိုကို့ကို အသည်းနှလုံးအားလုံး ပုံပြီး ချစ်ရှာတယ်... ကိုကို စိတ်အနှောင့်အယှက်ဖြစ်မယ့် စိတ်မချမ်းသာမယ့်ကိစ္စကို ကိုကို မတွေးခင် သူက တွေးပြီးသား”

“ငါသိတာပေါ့ ညီညီရယ်”

ကိုကိုက စိတ်ထဲမှ ပြော်မိသည်။

“ခင်စိုးပိုင်ကတော့ ကိုကို့ကို ပစ္စည်းဥစ္စာတွေ အားလုံးပုံပေးပြီး ယူခဲ့တယ်... အဲ... ချစ်ခဲ့တယ်ပဲ ဆိုပါတော့... ဟဲ... ဟဲ... ကိုကို့စိတ်ကို သူ ဘယ်တော့မှမတွေးဘူး၊ သူတွေးတာက သူ့စိတ်အကြောင်းပဲ၊ သူ့စိတ်အလိုကို သူလိုက်ဖို့ပဲ”

ညီညီက မပွင့်တပွင့် ရယ်နေသည်။

“အဲဒါကိုလဲ ငါသိခဲ့တာပါပဲ ညီညီရယ်”

ကိုကိုက စိတ်ထဲမှ ပြောမိပြန်သည်။ သူ မသိမဟုတ်၊ တကယ့်တကယ်တော့ သူ အားလုံးကို သိခဲ့သည်ပင်။

* * *

“ဒီဆေးလေးသွင်းတုန်းတော့ အဖေ့ဘေးမှာ စောင့်ပေးပါကိုကိုရယ်၊ ခင်ဦးတယောက်တည်းဆို တော်ကြာ ဆေးကုန်ခါနီးယင် ဘာလုပ်ရမှန်းလဲ မသိဘူး၊ ဆေးက ကျတာ မြန်လာလိုက် နှေးလာလိုက်နဲ့ ဆရာမလေးတွေကိုလဲ ခဏခဏခေါ်ရတာ အားနာတယ်”

ခင်ဦးက မျက်နှာငယ်လေးနှင့် ပြောသည်။ ကိုကိုက ခေါင်းညိတ်သည်။ ဦးလေးမောင်၏လက်ချောင်းများကို အားပေးသလို ဆုပ်ကိုင်ယင်း ထိုင်စောင့်သည်။

ဦးလေးမောင်သည် လေဖြတ်ခြင်းဖြစ်၍။ နဂိုကတည်းက ခြေထောက်တစ်ချောင်းသာ ရှိရသည့်အထဲ ကျန်သည့်ခြေထောက်တစ်ချောင်းနှင့် လက်တဘက်တို့ကပါ လှုပ်၍ ရှား၍မရပဲ ကိုယ်တပိုင်းသေသည့်ဘဝသို့ ရောက်ရသည်။

“ခိုင်းထားဟ ခင်ဦး၊ ခိုင်းထား... ။ ဟိုကလဲ ဘယ်လျှောက်လည်နေမှန်းမသိဘူး၊ တစ်ညလုံး ပျောက်နေတယ်၊ ငါ့မှာ ဦးလေးမောင်ဘေးမှာ မလုပ်တတ်မကိုင်တတ်နဲ့ တယောက်တည်း”

ညီညီက ကိုကို့အား မကျေနပ်ချေ။ ဟိုညကလည်း ကိုကိုပေါ်မလာသောကြောင့် ဖြစ်သည်။ မိုးလင်းသောအခါမှ ရောက်လာသော ကိုကိုသည် ဦးလေးမောင်၏ကု တင်ပေါ်တွင် ခေါင်းတင်ပြီး အိပ်ပျော်နေသော ညီညီ့အား အသာလှုပ်နှိုးလေ သည်။

“ကိုကိုရာ ... မင်းကွာ တညလုံး ဘယ်ပျောက်နေလဲ... အိမ်မပြန်ဘူးလား... ဆေးရုံလိုက်ခဲ့ဖို့ မိခင်ဦး လာမပြောဘူးလား”ဟု မကျေမချမ်းပြောနေသော ညီညီ့ အား ဂရုမပြုပဲ ဦးလေးမောင်ကိုသာ အရေးတကြီး စမ်းသပ်သည်။ ခုတင်ခြေရင်း က ကတ်ပြားကို ဖတ်ကြည့်လိုက်၊ ဆရာဝန်များအခန်းသို့ သွားလိုက်နှင့် ကိုကိုက အလုပ်ရှုပ်နေတော့ ညီညီ့ခမျာလည်း ထပ်ပြီး အပြစ်မတင်သာတော့ပေ။

အမှန်စင်စစ် ကိုကိုကလည်း အလုပ်ရှုပ်ချင်လွန်း၍ ရှုပ်သည်မဟုတ်။ ဦးလေး မောင်နှင့်ရော ညီညီနှင့်ရော ကြာရှည် မျက်နှာချင်းမဆိုင်ချင်သောကြောင့် ဖြစ်သည်။ မနေ့ညကလည်း ခင်ဦးပြန်သွားကတည်းက ကိုကိုသည် ဆေးရုံသို့လာ ရန် အားယူသည်။ သို့သော် အားက ပြည့်၍မလာပေ။ ဦးလေးမောင်နှင့်ညီညီ့ကို သူ ဘယ်လိုမျက်နှာချင်းဆိုင်ရမည်မသိ။ ဖြစ်ခဲ့ပျက်ခဲ့သမျှကို သူတို့မသိစေအုံး တော့ ကိုကို စိတ်မလုံပေ။ ထို့ကြောင့် သွားမည်ဟု နေရာမှထလိုက် ရေသောက် ပြီးပြန်ထိုင်လိုက်နှင့် တဦးတည်း ယောက်ယက်ခတ်နေသည်။ တသက်လုံး စာအုပ်ထဲတွင်သာ ခေါင်းစိုက်ပြီး မည်သည့်မိန်းကလေးနှင့်မှ မပတ်သက်ခဲ့သော ကိုကိုသည် ရှုပ်မည့်ရှုပ်တော့လည်း တနေ့တည်းတွင်ပင် မိန်းကလေးနှစ်ဦးနှင့် ဇာတ်လမ်းရှုပ်ခဲ့ပေပြီ။

တွေးယင်းတွေးယင်း ခေါင်းတခုလုံး အုံခဲကာ တစစ်စစ် ကိုက်လာသည်။ တည လုံးလည်း ထိုင်လိုက်ထလိုက်နှင့် အချိန်ကုန်ပြီး မိုးသာစင်စင်လင်းတော့သည်၊ တ ရေးမှလည်း မအိပ်ဖြစ်။ ဆေးရုံသို့လည်း လိုက်မသွားဖြစ်။ မနက်လင်းတော့မှ ရှိ သမျှ အင်တွေအားတွေကို အကုန်စုစည်းပြီး ဆေးရုံသို့ ထွက်လာခဲ့သည်။ ဦးလေး မောင်က သတိမေ့မနေပေ။ သူ့အပေါ်ကို အုပ်မိုး၍ကြည့်သော ကိုကို့အား အားကိုးတကြီးနှင့် ကြည့်သည်။ “ကိုကိုလား” ဟု မပီမသမေးသည်။ ဦးလေး မောင်၏ပါးစပ်သည် အနည်းငယ်ရွဲ့နေပြီး ကောင်းစွာ စကားမပီချင်လှပေ။

ဦးလေးမောင်သည် ဆေးရုံတွင် တပတ်ခန့်ကြာပြီဖြစ်သည်။ သို့သော် အခြေအနေက သိပ်မတိုးတက်လှပေ။ ဆရာဝန် ဆရာမတို့၏ ကြိုးပမ်းမှုကြောင့်

အားအင်ပြည့်ကာ မျက်နှာက လန်းဆန်းသော်လည်း ခြေနှင့်လက်တို့က လှုပ်၍မရသေးပေ။ အကြောအခြင်တို့ ပြန်လည်သန်မာရန် လေ့ကျင့်ခန်းပြုလုပ်ရမည်ဖြစ်သော်လည်း ခင်ဦးက တရုတ်ဆေးလိမ်းကာ မြန်မာအနှိပ်သည်နှင့် နှိပ်ချင်သေးသည်။ ဒီနေ့တော့ ဦးလေးမောင်ကို အားဆေးသွင်းပေးမည်ပြော၍ ခင်ဦးက ကိုကို့အား အနားမှာ ရှိနေစေချင်လေသည်။

"ညီညီ နင်ပြန်ချင်ပြန်တော့လေ၊ ညကရော အိပ်ရရဲ့လား၊ နင်လဲ ပင်ပန်းတယ်ဟာ... ။ နောက်နေ့ကျယင်တော့ ငါ လူငှားပါတော့မယ်၊ နင့်မှာလဲ အလုပ်ပျက်အကိုင်ပျက်"

"ရပါတယ် ခင်ဦးရယ်၊ ဦးလေးမောင်ကသာ ဆီးသွားချင်ယင် ငါ့ကို လှမ်းနှိုးရတာ၊ ငါက သူ့ဘေးမှာ အိပ်လို့ချည်းပျော်သွားတာပဲ"

ညီညီက ဦးလေးမောင်ဘေးတွင် နေ့ရောညပါ စောင့်ပေးလေသည်။ စိတ်တွေ ယောက်ယက်ခတ်နေသော ကိုကိုကမူ ဦးလေးမောင်ဆီ လာရမည်ကိုပင် အလိုလို ကြောက်နေသူ ဖြစ်သည်။ အလုပ်များသည့်ကို အကြောင်းပြုပြီး ကြာကြာမထိုင်ပဲ ထပြေးလေ့ရှိသည်။ ခင်ဦးတစ်ယောက်သာ ကိုကိုအကြောင်း သိသည်။ ဘာမှမဖြစ်သလို ကြိုးစားပြီး ဣန္ဒြေမပျက်နေသည်။ ကောင်းစွာ မကျေနပ်သော ညီညီ့ကိုပင် "ကိုကိုအလုပ်များလို့ပါဟာ" ဟု ဖြေသိမ့်စကား ပြန်ပြောနေသေးလေသည်။

"ရပါတယ်၊ ဒီမှာ ငါရှိနေမှာပဲ၊ ညီညီ မင်းပြန်ပြီး ရေမိုးချိုး၊ တဝအိပ်ပြီးမှ လာခဲ့"

ကိုကိုကလည်း ဒီတရက်တော့ ဦးလေးမောင်ဘေးတွင် နေမည်ဟု ဆုံးဖြတ်ထားသည်။ ထို့ကြောင့် ညီညီ့အား ပြန်လွှတ်လေသည်။ သို့သော်... ညီညီ မပြန်ဖြစ်၊ ခင်စိုးပိုင် ရောက်လာသောကြောင့်ဖြစ်သည်။

"ကိုကိုရာ ရှာလိုက်ရတာကွာ"

ခင်စိုးပိုင်က ကိုကို၏လက်မောင်းများကို ဆုပ်ကိုင်လိုက်သည်။ အထူးအဆန်း ကြည့်နေသော ညီညီနှင့် ခင်ဦးကို တာဝန်ကျေ ပြုံး၍ပြသည်။

"ဆရာကိုကိုအောင် ဒီဘက်သွားတယ်လို့ နာ့စ်မလေးက ပြောတာနဲ့ လိုက်လာတာ၊ စိုးပိုင်နဲ့ လိုက်ခဲ့စမ်းပါ"

"ဟင်... ဘယ်ကိုလဲ"

"အိုကွာ ... လိုက်ခဲ့ပါလို့၊ ဘယ်ဖြစ်ဖြစ်ပေါ့ "

"ဒီမှာ .. ဒီပေးရှင်းကို ဒရစ်(ပ) သွင်းမလို့"

"ခေါက်ထားလိုက်စမ်းပါ ကိုကိုရယ်၊ စိုးပိုင်က အရေးကြီးလို့ပါ.. ။ ဒရစ်(ပ)သွင်းတာများ ဘယ်သူသွင်းသွင်းပါ"

ခင်စိုးပိုင်၏ပြောဟန်ဆိုဟန်ကို ကြည့်ပြီး ညီညီ၏မျက်နှာက မသိမသာ တင်းလာသည်။ ခင်စိုးပိုင်က အရေးပင်မစိုက်။ ညီညီ့ကိုသာမဟုတ် မည်သူ့ကိုမျှ အရေးမစိုက်၊ ပတ်ဝန်းကျင်ကို အရေးစိုက်ခြင်းသည် ခင်စိုးပိုင်၏ အဘိဓမ္မာတွင် မရှိဖူးခဲ့ပေ။

"စိုးပိုင် .. ဒါ ကိုယ့်ရဲ့ညီနဲ့ ညီမ.. ဒါက ဦးလေး"

ကိုကိုက ကြားဖြတ်ပြီး မိတ်ဆက်ပေးသည်။ ခင်စိုးပိုင်က အားလုံးကို ဝေ့၍ကြည့်ကာ ပြုံးသည်။ သူ့ကို မျက်နှာငယ်ငယ်လေးနှင့်ကြည့်နေသော ခင်ဦး၏ပခုံးလေးကို အသာပုတ်ယင်း သူလိုချင်သည်ကိုသာ ပြောလေသည်။

"ညီမရေ .. ညီမရဲ့ကိုကိုကို ခဏခေါ်သွားမယ်နော်"

ခင်ဦးက ယောင်ကန်းကန်းနှင့် ခေါင်းညိတ်သည်။ မျက်နှာလေးကမူ ဖြူရော်သွားလေသည်။

“ကဲ ... အားလုံးပဲ သွားလိုက်အုံးမယ်နော် .. လာလေ ကိုကို”

ခင်စိုးပိုင်သည် ကိုကို၏လက်ကို ဆွဲ၍ခေါ်သည်။ ကိုကို မငြင်းနိုင်ခဲ့။ ကောက်ကောက်ပါအောင် လိုက်သွားခဲ့သည်။

သူ၏နောက်ဘက်မှ ညီညီ၏တောက်ခေါက်သံကို ကြားလိုက်ရတော့ ကိုကို၏ပခုံးသည် အလိုလို ကျုံ့ဝင်သွားသည်။ ကိုကို၏နှလုံးသားသည်လည်း ဖုတ်လိုက်ဖုတ်လိုက် ဖြစ်နေသည်။ ခင်စိုးပိုင် မုန်းမည်ကိုလည်း ကြောက်သည်။ ညီညီ မုန်းမည်ကိုလည်း ကြောက်သည်။ ခင်ဦးလေး ငိုမည်ကိုလည်း စိုးရိမ်သည်။

“မင်္ဂလာဆောင်တခု သွားစရာရှိလို့ ကိုကိုရဲ့”

ခင်စိုးပိုင်က ကိုကို့အား အဝတ်အစားသစ်များ ဆင်ပေးသည်။

“ကမန်းကတန်း ဝယ်လိုက်ရတာတွေလေ၊ ဈေးကြီးပေမယ့် အဆင်ပြေသားပဲ၊ ကိုကိုက ပိုချောသွားတယ်ဟယ်၊ ဖက်နမ်းချင်စရာလေး” ဟု ခြေဆုံးခေါင်းဆုံး ကြည့်ပြီး ပြောသေးသည်။

ထို့နောက် ကိုကို့အား စထရင်းဟိုတယ်မှ မင်္ဂလာဆောင်တခုသို့ ခေါ်သွားသည်။ သတို့သားကိုလည်းကောင်း၊ သတို့သမီးကိုလည်းကောင်း ကိုကို မသိ။ ဧည့်ခံပွဲလာသော ပရိသတ်များကိုလည်း ကိုကို မသိ။ ညီညီနှင့်ခင်ဦး၊ ထို့နောက် ဦးလေးမောင်ကိုသာ သတိရနေသည်။ ဒီကအပြန် ဘယ်လိုရင်ဆိုင်ရမည်ကို စဉ်းစား၍မရ။

“ဩော် ... ကိုခင်မောင်အေးပါလား”

ဧည့်ခံပွဲလာသော လူတဦးဆီသို့ ခင်စိုးပိုင်က ကိုကို့အား ဆွဲခေါ်သွားသည်။ ကိုကို၏လက်မောင်းကို မှီခိုပြီး အလှဆုံး ပြုံးသည်။ ထိုလူ့ဆီသို့ တမင်လျှောက်လာသော်လည်း အနားရောက်သောအခါ အမှတ်မဲ့ မြင်လိုက်ရသလို နှုတ်ဆက်သည်။

"ကြံ့ကြံ့ခံ မိတ်ဆက်ပေးရအုံးမယ်"

ခင်စိုးပိုင်က ကိုကို၏တက်ထရက်တိုက်ပုံအင်္ကျီထဲသို့ သူ့လက်ထဲမှ ကျေးဇူးတင်ကတ်ပြားလေးကို လှမ်းထည့်လိုက်သည်။

"ကိုကိုရေ ဒါက ဒေါက်တာခင်မောင်အေးတဲ့၊ ကိုကိုတို့ထက် စီနီယာဖြစ်မယ်ထင်တယ်။ ဒါကတော့ ကိုကိုပါ။ စိုးပိုင်ရဲ့ ဒေါက်တာကိုကိုပါ"

အမျိုးသားနှစ်ဦး လက်ချင်းဆွဲ၍ နှုတ်ဆက်ကြသည်။ "တွေ့ရတာ ဝမ်းသာပါတယ်" ဟု ထုံးစံအတိုင်း ဝမ်းသာလိုက်ရသော်လည်း ကိုကို အမှန်တကယ် ဝမ်းမသာနိုင်။ ခင်စိုးပိုင်ကြိုးဆွဲရာသို့ အရုပ်ကလေးတစ်ရုပ်လို လိုက်ပြီးလှုပ်နေ ရကြောင်း ကိုယ့်ကိုယ်ကိုယ် သိနေသည်။

ခင်စိုးပိုင်ကလည်း ပွင့်လင်းစွာပင် "အဲဒါ စိုးပိုင်ကို ခွာထုတ်တဲ့ ငနာပေါ့" ဟု ပြောလေသည်။ မည်မျှပင် ရိုးသည်၊ အ သည်ဟု ဆိုသော်လည်း ဒီလောက်တော့ နားလည်လိုက်ရသည်။

ထိုသူ၏ရှေ့တွင် ခပ်ကြားကြားလေး ပြုံးပြချင်သောကြောင့် သူ့အား ကတိုက်ကရိုက် လာ၍ဆွဲခေါ်ကြောင်း နားလည်လိုက်ရလေသည်။ သူပြန်ရောက်လျှင် ညီညီက မျက်မှောင်ကလေးကုပ်ပြီး "ကိုကိုတို့ ဘယ်သွားတာလဲ။ ဘာများဒီလောက်အရေးကြီးနေလို့လဲ" ဟု မေးတော့မည်။ သူ ဘယ်လိုဖြေရမည်နည်း။

"စိုးပိုင်ရယ် ဒီမင်္ဂလာဆောင်က ဘာများအရေးကြီးနေလို့လဲကွယ်၊ ဟိုမှာ ဦးလေးကို ဒီအတိုင်း ထားခဲ့ရတာ"

သူက မရဲတရဲနှင့် ပြစ်တင်စကားပြောမိသည်။ ခင်စိုးပိုင်၏မျက်လုံးလေးများက စူးစူးရဲရဲ အရောင်တောက်သွားသည်။ ကိုကို့အား မလေးမခန့်နှင့် ကြည့်သည်။

"စိုးပိုင်အတွက်တော့ မင်္ဂလာဆောင်က အရေးကြီးတယ်ကိုကိုရဲ့ ကိုကိုက အဲဒီဦးလေး အရေးကြီးတယ် ထင်ယင်လဲ အဲဒီဦးလေးဆီမှာပဲ နေတော့လေ၊ စိုးပိုင်ဆီ

ကို မလာနဲ့တော့ပေါ့။ အရေးမဟုတ်ပါဘူး”

ကိုကိုသည် ခင်စိုးပိုင်အား ထိတ်လန့်တကြား ကြည့်မိသည်။ ခန္ဓာကိုယ်ချင်း ရင်းနှီးပြီးဖြစ်သော်လည်း လမ်းခွဲရန်စကားကို လွယ်လွယ်ကူကူလေး ပြော သောကြောင့်ဖြစ်သည်။ ယောကျ်ားတို့၏မာနတရားက သူ့ရင်ထဲတွင် လှုးလွန့်ပြီး ထကြွလာသည်။ သူ့နှလုံးသားက ခင်စိုးပိုင်၏ဘေးမှ ရှတ်ကနဲ ထပြေးရန်၊ ခင်ဦး ဆီ သွားရန် တိုက်တွန်းနေကြသည်။ သို့သော် ခေါင်းထဲမှဦးနှောက်က လူးလွန့် လာသော အသိတရားကို ဖိပြီး ချုပ်နှိမ်နေသည်။ နှလုံးသားကို ခြေကန်၍ဆွဲပြီး တီးတိုးပြောနေသည်။

“ဟေ့ .. မင်းက မုန့်ဟင်းခါးအိုး သယ်ချင်လို့လား၊ နံ့နံ့ပင် ကူလီးချင်လို့လား၊ ကိုရို လာ စီးစမ်းပါ၊ ဘိယာစုပ်စမ်းပါ ကိုယ့်လူရယ် ... တဲ့”

* * *

ထိုစဉ်ကတည်းက သူသိခဲ့သည်။ ခင်စိုးပိုင်သည် သူ့ကို အရေးမထားခဲ့ကြောင်း သူသိခဲ့သည်။ သို့သော်လည်း "အို.. ဒါက သူ့အကျင့်ပဲ၊ ငါ့ကိုသာမှ မဟုတ်ဘူး၊ သူက အဖေ အမေကိုတောင် သိပ်ပြီးအရေးစိုက်တာမှ မဟုတ်တာ” ဟုတွေးရင် ကြိတ်ဖန်ပြီး ခွင့်လွှတ်ရန် ကြိုးစားခဲ့လေသည်။

ခင်ဦး၏ မျက်နှာညှိုးညှိုးလေးကို မြင်ရပြန်တော့လည်း စိတ်မကောင်း။ ဦးလေး မောင်သည် ဆေးရုံပေါ်တွင် တစ်ပတ်ကျော်နေပြီး အိမ်သို့ ပြန်ရောက်လာသည်။ ခင်ဦးက မြန်မာအနှိပ်သည်များနှင့် ကြိုးစားပြီး ကုပြန်လေသည်။ မနက်တိုင်း မုန့်ဟင်းခါးဆိုင်ပြေးထွက်ပြီး တစ်နေ့လုံး ဖခင်အနားတွင်သာ အချိန်ကုန် တတ်သည်။ ကိုကိုနှင့်လည်း အေးအေးဆေးဆေး မတွေ့ဖြစ်ပေ။

“သေတာချင်းအတူတူ အဖေတို့၊ အမေတို့၊ အဘွားတို့သေတာတွေက.... ကောင်း တယ်။ ဝုန်းခနဲ၊ ဒိုင်းခနဲ မြန်မြန်ဆန်ဆန်ပဲ။ ဦးလေးမောင်ကတော့ ပွေ့ထူ ပွေ့ချ၊ အိမ်သာတောင် ကိုယ့်ဘာသာကိုယ် မတက်နိုင်၊ စကားတောင် ကောင်းကောင်းမ ပြောနိုင်တဲ့ဘဝမှာ ဝဋ်ခံနေရသလိုပဲ”

ညီညီက မချိတင်ကဲ ပြောတတ်သည်။ အချိန်အားရင်အားသလို ခင်ဦးတို့အိမ် ရောက်သွားတတ်သည်။ ဦးလေးမောင်ကိုလည်း သတင်းစာဖတ်ပြတတ်သည်။ ကိုကိုကတော့ ခင်ဦးနှင့် နှစ်ဦးချင်း ရင်ဆိုင်ရမှာကို ကြောက်ပြီး ဦးလေးမောင်ဆီ သို့ မသွားဖြစ်၊ သွားပြန်လျှင်လည်း ခဏတဖြုတ် မေးစမ်း၊ စမ်းသပ်ပြီး ပြန်ပြေး တတ်သည်။

"အဲဒီတစ်ချိန်လုံး.. ခင်ဗျားက ဟိုမိန်းမနဲ့ တစ်ချိန်လုံး တွဲခုတ်နေတာပဲ၊ ခင်ဗျားမှာ အကြင်နာတရား နည်းနည်းမှမရှိဘူး"

ကိုကို့ရင်ထဲတွင် ပူပူဆာဆာကြီး ဖြစ်လာသည်။ ညီညီ့စကားကို ချေပရန် မ ကြိုးစား၊ ညီညီ့စကားများသည် မှန်သောစကားများဖြစ်သည်။ ခင်ဦးပေါ်တွင် သူ အကြင်နာတရားနည်းခဲ့သည်မှာလည်း အမှန်။ ဦးလေးမောင်အား ဂရုစိုက်သင့် သလောက် ဂရုမစိုက်သည်မှာလည်း အမှန်ပင်။ ထိုအချိန်က သူ့ခေါင်းထဲတွင် ခင် စိုးပိုင်သာရှိသည်။ သူ့ဦးနှောက်ထဲတွင် ခင်စိုးပိုင်သာရှိသည်။

* * *

အင်းလျားရေပြင်ပေါ်တွင် ရွက်လှေဖြူဖြူလေးများက လျှပ်တိုက်ပြီး ပြေး နေသည်။ သူသည် ကမ်းနဖူးတွင် ရပ်ရင်း လေပြည့်ပြီး ဖောင်းနေသော အဖြူ ရောင်ရွက်ကလေးကို ငေးကြည့်နေမိသည်။

"ဟေး...ကိုကို"

လှေပေါ်တွင် ခင်စိုးပိုင်က လှမ်းပြီး လက်ပြသည်။ အင်္ကျီဖြူ၊ ဘောင်းဘီတို အဖြူ ကလေးနှင့် လည်ပင်းတွင် ပဝါနီနီလေး စည်းထားသည်။ ပဝါ၏အစနှစ်စသည် သူ့နောက်ဖက်တွင် တဖျပ်ဖျပ် လွင့်နေသည်။

"ကိုကို..လာမလား"

"ကိုယ်...ရေမကူးတတ်ဘူး"

“ခက်တော့တာပဲ၊ ဒီတောသားကလေးကလဲ”

ခင်စိုးပိုင်က ရွက်ကိုထိန်းကာ ကမ်းသို့ ကပ်လာသည်။ ကမ်းပေါ်သို့ ခုန်တက်သည်။

“ပြောစရာရှိလို့ နေ့ခင်းကတောင် ဆေးရုံကို ဖုန်းဆက်သေးတယ်”

“ကိစ္စထူး ရှိလို့လား”

“အင်း ..သိပ်အရေးတကြီးတော့ မဟုတ်ပါဘူး”

ခင်စိုးပိုင်က ခပ်ပေါ့ပေါ့ပင် ဖြေသည်။ ကိုကို့လက်မောင်းကို မှီခိုကာ ကမ်းပေါ်သို့ တက်လာသည်။ ခင်စိုးပိုင်၏ကိုယ်မှ သင်းသင်းပျံ့နေသော ရေမွှေးနံ့ကို ရှူရှိုက်ရင်း ကိုကိုသည် သနပ်ခါးပန်းနံ့ သင်းသင်းကို သတိရနေသည်။
ဆံပင်ပုံသွင်းဆေးများကြောင့် အတန်ငယ်စေးထန်ထန်ဖြစ်နေသော ခင်စိုးပိုင်၏ ဆံပင်များက ကိုကို၏ ပါးပြင်တို့ကို မထိတထိနှင့် ဆော့ကစားနေကြသည်။

“ကိုကို ဘီယာသောက်အုံးမလား”

“ကောင်းသားပဲ”

ခင်စိုးပိုင်သည် ရွက်လှေအသင်းအဆောက်အအုံထဲ ဝင်သွားပြီး ဘီယာနှစ်ခွက်ကို အမြုပ်တဝေဝေနှင့် ယူလာသည်။ ထို့နောက် ထမိပြန်မလဲသေးပဲ ကိုကို့နဲ့အတူ ကားရှေ့ခန်းတွင် ထိုင်သည်။ မွှေးညင်းစိမ်းနုနုကလေးများ ယှက်သန်းနေသော ခင်စိုးပိုင်၏ပေါင်တံများသည် နူးညံ့ဖြူဖွေးနေသည်။

“ကဲ ..ပြော”

“ညဲ့..နေပါအုံး၊ စိုးပိုင်ကို အရင်နမ်းပါအုံး ကိုကိုကလဲ”

ခင်စိုးပိုင်သည် ကိုကိုအား ခပ်နွဲ့ နွဲ့ မှီလိုက်သည်။ ကိုကိုကလည်း အမဲသားကြိုက်သော အရူးဖြစ်နေပြီမို့ ခပ်ကြမ်းကြမ်း ဆွဲပွေ့လိုက်လေသည်။ ခင်စိုးပိုင်၏ မျက်တောင်လေးများက မေးစင်းပြီး နှုတ်ခမ်းလေးက မပွင့်တစ်ပွင့် ဟနေသည်။

“စိုးပိုင်တို့ လက်ထပ်ကြပါစို့ ကိုကိုရာ”

ခင်စိုးပိုင်က ခပ်တိုးတိုး ပြောသည်။ မျက်လုံးကလေးများက ရီဝေလာသည်။ ကိုကိုသည် ရင်တဒိန်းဒိန်း ခုန်လာပြီး ခင်စိုးပိုင်အား တအံ့တသြ ကြည့်မိသည်။ ထိုစကားပြောရန် သူ အားမွေးခဲ့သော်လည်း ခုထိ မပြောဖြစ်သေး။
ခင်စိုးပိုင်ကမူ ခပ်ပေါ့ပေါ့လေး ပြောလေသည်။ သူကြည့်ရသည်မှာ ကိုကို့အား... “ကရဝိတ်မှာ ရေခဲမုန့်သွားစားရအောင်” ဟု ပြောနေသလိုရှိသည်။

“ဘာဖြစ်လို့လဲဟင်”

“ဩော်.. ဘာရယ်မဟုတ်ပါဘူး၊ လက်ထပ်လိုက်ရင် ပိုမျှားပျော်မလားလို့ ”

“စိုးပိုင်က တို့ကို တစ်ကယ်ချစ်လို့လား”

“ချစ်တာပေါ့ ”

“ဘာဖြစ်လို့ ချစ်တာလဲ”

“ကိုကိုက ဆရာဝန်၊ နောက်ပြီး ရိုးတယ်၊ စိုးပိုင်က ရိုးရိုးသားသား ဆရာဝန်လေး တယောက်ယောက်ကို လက်ထပ်ချင်တယ်”

ခင်စိုးပိုင်က အမြင်ကတ်စရာကောင်းလောက်အောင် ပွင့်လင်းနေသည်။ အမြုပ်တွေဝေနေသော ဘီယာခွက်ကို မော့သောက်လိုက်ရင်း ကိုကို့အား မျက်စိတစ်

ဘက်မှိုတ်ပြသည်။ ချိုမြည်ထင်၍ ထန်းလျက်ကောက်စားလိုက်ရာ ထန်းလျက်မဟုတ်ပဲ ရှောက်သီးဆေးပြားစားမိပြီး ချဉ်သွားသလို ကိုကို့ရင်ထဲတွင် အောင့်သက်သက်ဖြစ်နေသည်။

“ဒီလိုဆိုရင် ကိုကို ဆရာဝန်မဟုတ်ယင် စိုးပိုင် မချစ်ဘူးပေါ့”

“ဒါပေါ့ ”

ခင်စိုးပိုင်က ခေါင်းညိတ်သည်။ “မင်း အလကားမိန်းမပဲ၊ ဒါဆို ဆရာဝန်ကိုချစ်တာ၊ ငါ့ကိုချစ်တာမှ မဟုတ်ပဲ မိစိုးပိုင်” ဟု ပြောရန် ကြိုးစားသည်။ ပြောချင်သည်။ သို့သော် အသံမထွက်၊ အခံရခက်နေဟန်ရှိသော ကိုကို့အား ကြည့်ရင်း ခင်စိုးပိုင်က ရယ်လေသည်။

“ကိုကိုကရော စိုးပိုင်သာ ဟိုခင်ဦးဆိုတဲ့ကောင်မလေးလို မုန့်ဟင်းခါးရောင်းနေရင် ချစ်မှာမို့လား”

“ချစ်မှာပေါ့ ”

“စိုးပိုင် အခုလိုမချမ်းသာရင် ချစ်မှာမို့လား”

“ချစ်မှာပေါ့ ”

ကိုကိုက လိမ်ရန်ကြိုးစားသည်။ ခင်စိုးပိုင်က ပွင့်လင်းသော်လည်း သူက မပွင့်လင်းရဲပေ။ ထိုတိုက်၊ ထိုအိမ်၊ ထိုငွေ၊ ထိုကားများ၏အရှိန်အဝါကို မက်မောသာယာသည် မှန်သော်လည်း ဝန်မခံနိုင်။ သူသည် ခင်စိုးပိုင်ကိုသာ ချစ်သည်၊ ပစ္စည်းဥစ္စာ ဂုဏ်ဓနကို ချစ်ခြင်းမဟုတ်ကြောင်း သက်သေထူချင်နေလေသည်။

“အဟုတ်လားကိုကို”

ခင်စိုးပိုင်သည် ကိုကို၏မေးကို ဆုပ်ကိုင်ကာ မျက်နှာကို အသေအချာ ကြည့်သည်။ သူ့မျက်လုံးများကို ကိုကို ရင်မဆိုင်မဖြစ်၍ ရင်ဆိုင်ကြည့်ရသော်လည်း စိတ်ထဲတွင် သိပ်မလုံပေ။ သူ့အတွင်းစိတ်ကို ရိပ်မိသွားမည်ကို စိုးရိမ်နေသည်။

ခင်စိုးပိုင်သည် မည်မျှပင် ပေပေတေတေ ရမ်းရမ်းကားကားလေး နေသော်လည်း ကိုကို့အား ခုချိန်ထိ တစ်ခါမျှ လိမ်မပြောခဲ့ဖူးပေ။ အမှန်အတိုင်း ပွင့်ပွင့်လင်းလင်းပဲ ပြောခဲ့သည်ချည်း ဖြစ်သည်။ ပြောလွန်း၍ပင် ခက်နေသည်။ သူ့အကြောင်း အမှန်အတိုင်းသိပြီး ကိုယ့်ကို စိတ်ပျက်သွားမှာကိုလည်း စိုးရိမ်ပုံမရ။

"ကဲပါလေ.. စိုးပိုင်တို့ တစ်ယောက်ကိုတစ်ယောက် ကြိုက်ကြသားပဲ"

ခင်စိုးပိုင်က ချစ်သည်ဟူသောစကားကို အသုံးမပြုသည်ကို ကိုကို သတိထားလိုက်မိသည်။

"ရှေ့လ ဆယ်ရက်နေ့ လက်ထပ်ရအောင်လေ"

"ဟာ.. ဒီလိုဆိုရင် နှစ်ပတ်လောက်ပဲ လိုတော့တာပေါ့ "

"ဟုတ်တယ်"

"မမြန်လွန်းဘူးလား၊ ဘာမှလဲ မစီစဉ်ရသေးဘူး"

ခင်စိုးပိုင်က ကိုကို၏ပါးကို မထိတထိ နမ်းရင်း ရယ်သည်။

"ပိုက်ဆံရှိယင် အားလုံးပြီးတယ် ကိုကိုရဲ့ စီစဉ်စရာတွေ ချက်ချင်း ပြီးသွားရစေမယ်၊ ကရဝိတ်မှာ ညနေသုံးနာရီနော်"

ခင်စိုးပိုင်က အချိန်ကိုပါ အတိအကျပြောသည်။

“ဟိုဘက်ခန်းရော ဒီဘက်ခန်းရော နှစ်ခန်းလုံး ငှားရမှာပဲ၊ လူက အတော်များမှာ၊ ဖိတ်စာရိုက်ရအောင် ကိုကိုအကြမ်းရေးလေ”

“ဘာလို့ အင်းလျားလိတ်မှာ မလုပ်လဲ”

“အင်းလျားလိတ်က အဲဒီအချိန် မအားဘူး ကိုကိုရဲ့”

“သြော်…စိုးပိုင်က စုံစမ်းပြီးသားကိုး”

“ဟုတ်တယ်၊ အင်းလျားလိတ်မှာ ကိုခင်မောင်အေးက ညနေသုံးနာရီ လက်ထပ်မှာတဲ့၊ ဒီတော့ စိုးပိုင်ကလဲ ကရဝိတ်မှာ ညနေသုံးနာရီပေါ့ ”

ကိုကိုသည် တလောကလုံးအား တီးတိုးကျိန်ဆဲပစ်လိုက်သည်။ ခင်စိုးပိုင်တယောက် မည်သည့်အတွက်ကြောင့် ချက်ချင်းကြီး အလောသုံးဆယ် လက်ထပ်လိုကြောင်း ယခုမှပင် သိရတော့သည်။

“ဒီပုံဒီနည်းနဲ့တော့ အိမ်ထောင်မကျချင်ဘူး စိုးပိုင်ရာ” ဟု ပြောချင်သော်လည်း ပြောမထွက်ခဲ့ပေ။ ငူငူငိုင်ငိုင် ဖြစ်သွားသော သူ့ကိုကြည့်ယင်း စိုးပိုင်က ပြုံး၍မေးသည်။

“ဘာလဲ၊ စိုးပိုင်နဲ့ လက်ထပ်ရမယ်ဆိုတော့ ခင်ဦးကို သတိရသွားလို့လား”

“ဟင်..ဘာဆိုင်လို့လဲ”

“သြော်..ဆိုင်များ ဆိုင်သလားလို့”

“ဟိုက ညီမလေးလို နေတာပါကွယ်”

ကိုကို ဝန်မခံရဲ။ ခင်စိုးပိုင်သည် ခင်မောင်အေးအား မေးထိုးပြကာ "အဲဒါ စိုးပိုင်ကို ချာထုတ်တဲ့နော်” ဟု ပွင့်လင်းစွာ ပြောရဲသော်လည်း သူက ခင်ဦးကို ညီမအရင်းလို မဆက်ဆံခဲ့ကြောင်း ပွင့်လင်းစွာ မပြောရဲပေ။

“ကောင်မလေးကတော့ ဆွေးသွားမှာပဲ၊ သနားတော့ သနားပါတယ်”

ခင်စိုးပိုင်က ခင်ဦး၏ခံစားမှုကို ထူးထူးဆန်းဆန်း တွေးနေသည်။

“စိုးပိုင်သိပါတယ်၊ သူ ကိုကို့ကို ကြိုက်နေတာ စိုးပိုင်သိပါတယ်”

မည်သူ့ကိုမျှ အရေးမစိုက်ခဲ့သော ဂရုမစိုက်ခဲ့သော စိုးပိုင်သည် ခင်ဦးကို တခါ နှစ်ခါ မြင်ဖူးရုံနှင့် ခင်ဦး၏အတွင်းစိတ်များကို သိသွားခဲ့လေသည်။

ကိုကိုသည် ဘာမှပြန်မပြောပဲ ငြိမ်နေလိုက်သည်။ ဘီယာနံ့သင်းနေသော စိုးပိုင်၏နှုတ်ခမ်းလေးများကို နမ်းယင်း ခင်ဦးကို သတိရနေသည်။ မျက်ရည်စလေးများနှင့် ရီဝေနေသော မျက်လုံးလေးများကို မြင်ယောင်နေသည်။ “ငါမှားပြီထင်ပါရဲ့” ဟု စဉ်းစားယင်း ခင်စိုးပိုင်အား တိုး၍ဖက်မိသည်။ "ခွင့်လွှတ်ပါတော့ ခင်ဦးရယ်” ဟု စိတ်ထဲမှ တောင်းပန်နေမိသည်။

* * *

အေးမြသောလေကို တဝကြီး ရှိုက်၍ ရှူလိုက်သည်။ သို့သော်လည်း အသက်ရှူ၍ မဝချင်။ ရင်ထဲတွင် ဘာကလီစာမှမရှိတော့ပဲ အကုန်လုံး ဆွဲထုတ်ထားသလို ဟာနေသည်။ လေတွေကို ရင်နှင့်အပြည့် ရှူသွင်းတာမှ သက်သာတော့မည်ဟု ထင်မှတ်ရသည်။

“အံ့ဩစရာကောင်းလောက်အောင် မျိုသိပ်နိုင်တဲ့ ကောင်မလေး”

လရောင်က မှိန်ပျပျ လင်းလာသည်။ ခပ်လှမ်းလှမ်းတွင် ထောက်ကြံ့စစ်သင်္ချိုင်းကို မြင်ရသည်။ တိုင်လုံးမြင့်မြင့်ကြီးများနှင့် အဆောက်အအုံသည် လရောင်မှိန်

မှိန်ဝယ် ငြိမ်ငြိမ်ကြီး ရပ်နေသည်။

"သူ့ကို ဒီလိုကျူးလွန်ထားပြီး ဒီပြင်မိန်းမနဲ့ တတွဲတွဲများ သွားသွားလာလာနေတာကို သူ ဘာတခွန်းမှ မပြောပဲ ကြည့်နေရရှာတယ်"

ကိုကိုသည် ညီညီ၏လက်များကို လှမ်း၍ ဆုပ်ကိုင်လိုက်မိသည်။ "တော်ပါတော့ ညီညီရယ်" ဟု စိတ်ထဲမှ တောင်းပန်မိသည်။ သို့သော် ညီညီက သူ့စကားကို မရပ်ချေ။

"သူ့ရင်ထဲကို ခဏလောက်များ ဝင်ကြည့်စမ်းပါဗျာ၊ ကိုကိုက သူ့ဘက်က လုံးဝမစဉ်းစားခဲ့ဘူး၊ ကိုကို့ခေါင်းထဲမှာ စိန်တွေရွှေတွေ တိုက်တွေကားတွေပဲ ရှိခဲ့တာနော်"

"ဒါပေမယ့် ငါလက်ထပ်မယ်ဆိုတာ ခင်ဦးကို အရင်ဆုံးပြောခဲ့တာပါကွာ၊ သူ လုံးဝမတားခဲ့ပါဘူး"

"တားမလားဗျ"

ညီညီ၏အသံက ခါးသီးလှသည်။

"ခင်ဦးဟာ ကိုကို့ခင်စိုးပိုင်လို ပစ္စည်းမရှိပေမယ့် မာနရှိတယ် သိလား၊ ဘယ်တော့မှ မျက်ရည်ခံထိုးမှာမဟုတ်ဘူး၊ ကိုကိုကသာ နှမချင်း မစာနာတာ၊ ငွေမက်တာ၊ ဂုဏ်မက်တာ"

ညီညီက ပစ်ပစ်ခါခါ ပြောသည်။ ကိုကိုက ဘာပြန်ပြောရမည်နည်း။ "ဘယ်တော့မှ မျက်ရည်ထိုးခံမှာ မဟုတ်ဘူး" ဟူသော ညီညီ၏အသံက သူ့နားထဲမှတဆင့် နှလုံးသားထိအောင် တောက်လျှောက်ကြီး ပြေးဝင်သွားသည်။

ဟုတ်သည်။ ခင်ဦးသည် လုံးဝမျက်ရည်ခံမထိုးခဲ့ပေ။ ခင်ဦးကသာ "ခင်စိုးပိုင်ကို မယူပါနဲ့" ဟု ပြောခဲ့လျှင် သူ ယူချင်မှ ယူဖြစ်ခဲ့မည် ထင်သည်။ အတိတ်ကို ပြန်

တွေးရသည်မှာ ရင်မောလှပေသည်။

* * *

မထနိုင် မသွားနိုင်သောဘဝတွင် ဦးလေးမောင်က ကြာရှည်စွာ ဝေဒနာမခံစားခဲ့ပေ။ ဆေးရုံမှ ဆင်းလာပြီး တလခန့်အကြာတွင် သေဆုံးခဲ့ရလေသည်။ ဦးလေးမောင် ရက်လည်ပြီး နောက်တနေ့တွင်ပင် ကိုကိုက သူ လက်ထပ်တော့မည့်အကြောင်းကို ခင်ဦးအား ဖွင့်၍ပြောခဲ့လေသည်။

"ခင်စိုးပိုင်နဲ့လား"

ခင်ဦးက တိုးတိုးလေး မေးသည်။ သူ့ကို တောင်းပန်သလိုကြည့်နေသော ကိုကို့အား ပြန်၍ ကြည့်နေလေသည်။

"ကိုကို သူ့ကို ချစ်လားဟင်... သူကရော ကိုကို့ကို ချစ်ရဲ့လား"

"ကိုကို ချမ်းချမ်းသာသာနေချင်တယ် ခင်ဦးရယ်၊ ကိုကိုတို့ မွေးကတည်းက ကပ်ပါလာတဲ့ဆင်းရဲခြင်းကနေ ထွက်ပြီးပြေးချင်တယ်"

ခင်စိုးပိုင်အား အမှန်အတိုင်း ဝန်မခံသော်လည်း ခင်ဦးအား အမှန်အတိုင်းဝန်ခံရန် ဝန်မလေးခဲ့ပေ။

"ကိုကို ဆရာဝန်ဖြစ်ပြီပဲ.. ငွေရှာနိုင်သားပဲ၊ ချမ်းသာနိုင်သားပဲ"

"ဩော် ... ခင်ဦးရယ်၊ ဘယ်လောက်များများရအောင် ရှာနိုင်မှာမို့လဲ၊ ဒီပုံစံနဲ့ ဘယ်တော့ ကားစီးနိုင်မှာလဲ၊ ဘယ်တော့ တိုက်ဆောက်နိုင်မှာလဲ၊ ဒီပဲပြုတ်နဲ့ ဒီဘဲဥနဲ့ ကန်စွန်းရွက်ကို ဘယ်လောက်ကြာအောင် ဆက်ပြီး စားနေရမှာလဲဟင်"

ခင်ဦး၏မျက်လုံးလေးများသည် ရီဝေလာသည်။ ကိုကို့အား ငေးကြည့်ယင်း နှုတ်ခမ်းလေးများ တရွရွ လှုပ်လာသော်လည်း ဘာမှမပြောပဲ မျက်တောင်လေးသာ တဖျပ်ဖျပ် ခတ်နေသည်။

"လူယုတ်မာ ရှင့်ကိုမကျေဘူး၊ ကျွန်မကို နှမချင်းမစာမနာ ဖျက်ဆီးခဲ့တယ်" ဟူသော စကားများကို ကြားရလေမည်လားဟု ကိုကိုရင်ခုန်နေသည်။ သို့သော် ခင်ဦးက ဒေါသစကားကိုလည်းကောင်း၊ ဝမ်းနည်းစကားကိုလည်းကောင်း လုံးဝ မပြောပေ။ "ကိုကို ထမင်းမစားရသေးယင် စားသွားပါလား၊ ဒေါ်ဒေါ်က ပဲကြီးဟင်းနဲ့ ဆူးပုတ်နဲ့ ချက်တယ်" ဟု အသံတိမ်တိမ်လေးနှင့် ပြောသည်။

ရန်တွေ့သံ၊ ဒေါသသံကိုသာ ကြားရလျှင် ကိုကို ဒီမျှ စိတ်ထိခိုက်ရမည်မဟုတ်၊ ခုတော့ မမျှော်လင့်သည့်ဘက်မှ အတိုက်ခံလိုက်ရသလို ရင်ထဲတွင် ဝုန်းကနဲ ဖြောင်းဆန်သွားသည်။

"ခင်ဦး၊ ကိုကို့ကို စိတ်မဆိုးဘူးလား"

ခင်ဦးက မချိပြုံးလေးနှင့် ခေါင်းခါသည်၊ အောက်နှုတ်ခမ်းလေးကို မသိမသာ ကိုက်လိုက်သည်။

"ကိုကို လက်ထပ်တာကို သဘောတူရဲ့လား"

မျက်ရည်တွေဝဲနေသော ကိုကို့အား ငေးကြည့်နေပြီး ခင်ဦးက ခေါင်းကို ဖြည်းလေးစွာ ညိတ်ပြသည်။

"ကိုကိုက ကလေးမှ မဟုတ်ပဲ၊ ကိုကို့ဟာကိုကို ဆုံးဖြတ်ပြီး လျှောက်တဲ့လမ်းကို ခင်ဦးက ဘာမို့လို့ တားနိုင်မှာလဲ ကိုကိုရယ်"

ခင်ဦးက တုန်ယင်သော အသံလေးနှင့် ပြောပြီး နေရာမှ ကမန်းကတန်း ထသည်။ ကိုကိုနှင့် မျက်နှာချင်းမဆိုင်တော့ပဲ အိမ်အောက်ဆင်းပြီး သနပ်ခါးပန်းများ ခူးသည်။ အခက်လိုက် အခိုင်လိုက် ခူးလာသော ပန်းများကို ရေစင်စင်

ဆေးသည်။ စဉ့်သုတ်ထားသော မြေပန်းအိုးလေးကို ဘုရားစင်ပေါ်မှ ယူသည်။ ပန်းအိုးထဲတွင် အမြစ်ပင်ထွက်နေပြီဖြစ်သော ဇော်စိမ်းပန်းများကို နုတ်ပြီး ရေဆေးသည်။ ဘုရားပန်းအိုးကို ရေလဲသည်။

ကိုကိုသည် အငှသား အငိုင်သား ထိုင်ယင်း ခင်ဦး လှုပ်သမျှ ရှားသမျှကို လိုက်၍ကြည့်နေမိသည်။ ရင်ထဲတွင် ကျင်နေအောင် နာနေသည်။ ခင်ဦးကသာ သူ့ကို ထုရိုက်ပြီး ငိုယိုရန်တွေ့လိုက်လျှင် ဒီမျှခံစားရလိမ့်မည်မဟုတ်ပေ။

“တကယ့် တကယ်တော့ ခင်ဦးတို့အားလုံးဟာ လူ့လောကကို ခဏလာရတဲ့ ဧည့်သည်တွေချည်းပါပဲ ကိုကိုရယ်၊ အဖေတို့ အဘွားတို့က အချိန်တန်တော့ ပြန်သွားကြပြီလေ၊ ခင်ဦးတို့အလှည့် ရောက်လာယင်လဲ ခင်ဦးတို့ သွားရအုံးမှာပေါ့”

ဆယ့်ငါးမိနစ်ခန့် ဇယ်ဆက်အောင် လျှောက်လုပ်ပြီးသောအခါမှ ခင်ဦးသည် ကိုကို့ဘေးတွင် လာပြန်ထိုင်သည်။ ရေဆေးထားသော ပန်းခိုင်များကို ဗန်းနှင့် ထည့်ယူလာပြီး မလိုသောအရွက်များကို ခြွေပစ်သည်။ ခင်စိုးပိုင်၏အကြောင်းကို စကားမစတော့။

“လူ့တန်ဘိုးဆိုတာ ဒီလူဟာ လူပြည့် လူ့ရွာမှာ နေတုန်း ဘာကောင်းမှု ကောင်းကျိုးတွေ လုပ်သွားသလဲ ဆိုတာနဲ့ ဆုံးဖြတ်တာမဟုတ်လား”

ခင်ဦးက တိုးညင်းစွာ ပြောသည်။ ကိုကိုသည် သူ့ကိုယ်သူ ပြန်ပြီး ဆန်းစစ်မိသည်။

သူသည် ဆရာဝန်တဦး ဖြစ်လာပြီဖြစ်သော်လည်း လူ့ကောင်းကျိုးကို ဘာမှ မည်မည်ရရ မလုပ်ဆောင်ခဲ့သေးပေ။ သူ့အတွက်ကြောင့် အဖေက သေကာညီက ကြိုးသမျှရောင်းသော စျေးသည်ဖြစ်ခဲ့ရသည်။ သူက ဆရာဝန်ဖြစ်ပြီး ဆေးရုံရောက်လာသော လူနာများကို ဝတ်ကျေတန်းကျေ ကြည့်ရှုကုသခဲ့သည်။ ချမ်းချမ်းသာသာနေနိုင်ရေးအတွက် သူကလည်း တကယ်မချစ် သူ့ကိုလည်း တကယ်မချစ်သည့်မိန်းကလေးတစ်ဦးအား လက်ထပ်ယူရန် ကြံစည်နေသည်။ ဒီလိုစဉ်းစားမိတော့လည်း ရှက်သလိုလို ဖြစ်သွားသည်။ သူ့ကိုများ ရည်ရွယ်

စောင်းချိတ်ပြောလေသလားဟု ခင်ဦးအား အကဲခတ်သလို ကြည့်မိသည်။ ခင်ဦးက သူ့ကို မကြည့်၊ သနပ်ခါးပန်းလေးများကိုသာ စိုက်ကြည့်နေသည်။

"ခင်ဦးကတော့ ကိုယ့်ကိုယ်ကိုယ် မကျေနပ်ဘူး၊ ဒီလိုပဲ မုန့်ဟင်းခါးရောင်းပြီး အချိန်တွေကုန်မနေချင်ဘူး၊ ဆယ်တန်းအောင်ယင်တော့ မူလတန်းဆရာမလုပ်ချင်တယ်၊ ကလေးတွေကို စာသင်ပေးချင်တယ်"

ညီညီနှင့်ခင်ဦးသည် နှစ်ဦးလုံး ပညာတပိုင်းတစနှင့် ကျောင်းထွက်ကြသူများဖြစ်သည်။ ညီညီက စာဆိုလျှင် လုံးဝလှည့်မကြည့်ချင်သော်လည်း ခင်ဦးက ပညာရေးကို စိတ်မကုန်ချေ။ ကျူရှင်မယူဖြစ်သော်လည်း စာကျက်ပြီး အလွတ်ဖြေသည်။ နှစ်ခါကျပြီးဖြစ်သည်။ သို့သော် စိတ်မပျက်သေး။

"ဒီနှစ် ဖြေမှာလား"

"ဒီနှစ်တော့ ဖြေဖြစ်မှာ မဟုတ်ပါဘူး၊ နောက်နှစ်တွေ အများကြီး ကျန်သေးတာပဲ၊ တနှစ် မအောင် တနှစ်တော့ အောင်ရမှာပေါ့"

ခင်ဦးသည် အရွက်ချွေပြီးသော ပန်းခိုင်များကို ဇော်စိမ်းများနှင့်ရောပြီး ပန်းအိုးထဲတွင် ဝေဆာလှပစွာ ထိုးစိုက်သည်။ ကိုကိုသည် နှင်းဆီနှင့် စံပယ်က လွဲလျှင် ဘာပန်းကိုမျှ မည်မည်ရရ သိသူမဟုတ်ချေ။ သို့သော် သနပ်ခါးပန်း ဝါဝါလေးများကို ခင်ဦးနှင့်အတူ တွဲပြီး အမြဲသတိရ မှတ်မိနေတော့မည်ဖြစ်သည်။

"ကလေးတွေအများကြီးကို မသွန်သင်နိုင် မဆုံးမနိုင်အုံးတော့၊ အနည်းဆုံး ကိုယ့်သား ကိုယ့်သမီးကို လူလားမြောက်အောင် နည်းမှန် လမ်းမှန်နဲ့ ထိန်းကျောင်းနိုင်တဲ့ မိခင်ကောင်းတစ်ယောက်ဖြစ်ချင်တယ်"

"မိခင်ကောင်း"

ကိုကိုသည် ဆတ်ကနဲ တုန်လှုပ်သွားသည်။ ခင်ဦးအား တအံ့တသြ ကြည့်မိသည်။ သူကမူ အိမ်ထောင်ပြုရန် ကြံစည်နေသော်လည်း သားသမီးဟူသည်ကို မစဉ်းစား

မိ။ ဖခင်ကောင်းတစ်ယောက်ဖြစ်ရမည်ဟု တခါမျှ မတွေးခဲ့မိ။

“ခင်ဦးက ယောက်ျားယူတော့မလို့လား၊ ကလေးတွေ မွေးတော့မလို့လား”

ခင်ဦးသည် ကိုကို့အား စိုက်ကြည့်ရင်း မျက်ရည်လည်လာသည်။ နှုတ်ခမ်းလေးက တဆတ်ဆတ် တုန်ယင်လာသည်။ ကိုကို၏အမေးကို မဖြေပဲ ကြေကွဲစွာ ပြုံးလေသည်။ သနပ်ခါးပန်းနံ့က လေသင့်တိုင်း မွှေးနေသည်။ ခင်ဦးသည် ပန်းများနှင့် ဝေဆာလှပနေသော ဘုရားပန်းအိုးလေးကို ဘုရားစင်ပေါ်သို့ လှမ်းတင်လိုက်သည်။ ရွှေရောင်ပျက်ပြယ်နေသော ဆင်းတုတော်က လူ့လောကမှ သောကဗျာပါဒများကို လျစ်လျူရှုလိုဟန်နှင့် မျက်လွှာချထားသည်။ ဘုရားစင်အောက်ဘက် သစ်သားတန်းတွင် သံချောင်းသုံးလေးချောင်း ရိုက်ပြီး စိပ်ပုတီးသုံးကုံး ချိတ်ဆွဲထားသည်။ တစ်ကုံးက အဘွား၏ပုတီး၊ နောက်တကုံးက ဦးလေးမောင်၏ပုတီး၊ ဗယ်ဘက်စွန်က ဆင်ရိုးပုတီးလေးမှာ ခင်ဦး၏ပုတီးလေး ဖြစ်လေသည်။ ခင်ဦးသည် အဘွားနှင့် အဖေတို့၏စိပ်ပုတီးများကို မည်သူ့ကိုမျှ မပေးရက် မလှူရက်ပဲ အမှတ်တရ သိမ်းဆည်းထားလေသည်။

“ကိုကိုတို့မင်္ဂလာဆောင်ကို ခင်ဦး ဘာလက်ဖွဲ့ရမလဲ”

“မလိုပါဘူးဟာ”

ကိုကိုက ဆို့နင့်စွာ ပြောသည်။ ခင်စိုးပိုင်နှင့် လက်ထပ်ပြီးလျှင် ခင်ဦးနှင့် လုံးဝဝေးကြရတော့မည်ကို စဉ်းစားမိတော့လည်း ရင်ထဲတွင် တမြည့်မြည့် နာကျင်လာသည်။

“ခင်ဦးက တခုခုတော့ အမှတ်တရလေး ပေးချင်တယ်၊ ကိုကိုလိုချင်တာ ပြောပါလား”

ခင်ဦးက အသံထိန်း၍ပြောသည်။ သူမမျက်လုံးတွင် မျက်ရည်တွေ ဝေလာလိုက် မျက်တောင်လေး တဖျပ်ဖျပ်ခတ်ပြီး အတင်းပြန်သိမ်းလိုက်နှင့်မို့ မျက်ခွံတွေ နီလာသည်။

"ခင်ဦးရဲ့ စိပ်ပုတီးလေး ပေးလိုက်ပါလား"

ကိုကိုက စိတ်ကူးရရာ တောင်းလိုက်မိသည်။ ခင်ဦး တချောက်ချောက် စိပ်တတ်၍ လက်ဆီတက်ကာ ဝါကြန့်ကြန့်အရောင်များပင် သမ်းနေပြီဖြစ်သော ထိုဆင်ရိုးပုတီးလေးကို ခင်ဦးကိုယ်စား အမှတ်တရ ယူသွားချင်သည်။

"ဟင် ... စိပ်ပုတီးကြီးကို"

"ဟုတ်တယ်"

"ဘာလုပ်ဖို့လဲ ကိုကိုရယ်၊ ဟောင်းပဲဟောင်းလှပြီ၊ ကိုကို စိပ်ပုတီးလိုချင်ရင် နံ့သာဖြူပုတီး အသစ်ဝယ်ပေးမယ်လေ"

"ခင်ဦး စိပ်နေကျ ပုတီးလေးကိုပဲ လိုချင်လို့ပါကွယ်"

"ကိုကိုက သူဌေးဖြစ်တော့ ပုတီးစိပ်ဖို့ သတိရအုံးမှာမို့လား ကိုကိုရယ်"

ခင်ဦးက ညည်းညူသလို ပြောသော်လည်း သူ့စိပ်ပုတီးလေးကို အလွယ်တကူ ဖြုတ်ပေးလေသည်။ ကိုကိုသည် စိပ်ပုတီးကိုသာမက ခင်ဦး၏လက်ချောင်းလေးများကိုပါ ဖမ်းဆွဲပြီး တင်းတင်းကြပ်ကြပ် ဆုပ်ကိုင်ထားမိသည်။ တချိန်တုန်းက အဘွား၏လက်ကဲ့သို့ပင် ခင်ဦး၏လက်ထိပ်များသည် ခြစ်ရာရှရာများနှင့် မွမွကျဲနေသည်။ မည်းနေသည်။

"ခင်ဦးရယ် ... ကိုကို့ကို လူယုတ်မာကြီးလို့ မပြောဘူးလားဟင်"

ခင်ဦး၏မျက်လုံးလေးများတွင် မျက်ရည်များ ချက်ချင်း ဝေလာသည်။

"ငွေမက်လိုက်တာ ဂုဏ်မက်လိုက်တာလို့ မပြောဘူးလား၊ ရန်မတွေ့ဘူးလား ဟင်"

"ဂုဏ်မက်တာ၊ ငွေမက်တာ အပြစ်မဟုတ်ပါဘူး ကိုကိုရယ်"

ခင်ဦးက တုန်တုန်ခိုက်ခိုက် ပြောသည်။ ခင်ဦး၏လက်ကလေးများသည် အေးစက် တုန်ယင်လာသည်။ ချွေးစေးများ ပြန်နေသည်။

"ဆင်းရဲတာဟာလဲ အပြစ်မဟုတ်ပါဘူး"

သနပ်ခါးပန်းနံ့က မွှေးပျံ့လှသည်။ ကိုကို၏ရင်ထဲတွင် ကြေကွဲစိတ်များနှင့် ပြည့်သိပ်နေသည်။ "ငါမှားပြီ ထင်တယ်" ဟု တွေးယင်း ခေါင်းထဲတွင် တရိပ်ရိပ် မူးလာသည်။

"ကိုကို့ကို အပြစ်တင်စမ်း၊ ရန်တွေ့စမ်းပါ ခင်ဦးရယ်"

သူက ခင်ဦး၏လက်ကလေးများကို ယုယစွာ နမ်းမိသည်။ ခင်ဦးက ရှိုက်ငင်ယင်း တိုးတိုးလေး ပြောလေသည်။

"ကိုကိုရွေးတဲ့ဘဝမှာ ကိုကို မပျော်တော့ယင်တော့ ခင်ဦးတို့ဆီ ပြန်လာပါ ကိုကို ရယ်"

# အပိုင်း(၁၂)

“ကျွန်တော်တို့အိမ်ကနေ ညကြီးမင်းကြီး သူတယောက်တည်း ပြန်သွားတာ ကြီးတော်မြ မြင်လိုက်တယ်၊ သူ့ကို အမျိုးမျိုး သွားပုပ်လေလွင့် ပြောတယ်၊ ခင်ဦးခမျာ ပြောသမျှ ခေါင်းငုံ့ခံခဲ့ရတယ် ...။ ဘာမှ ပြန်မရှင်းနိုင်ဘူး၊ ဟုတ်လဲဟုတ်နေတယ် မဟုတ်လား”

ကိုကို၏မျက်နှာသည် တရှိန်ရှိန် ပူလာသည်။ ထိုအကြောင်းများကို သူ မသိခဲ့ချေ။ သိလောက်အောင်လည်း ဂရုတစိုက်နှင့် စိတ်မဝင်စားပေ။

“ကျွန်တော်မသိဘူး၊ ကိုကို လက်မထပ်ခင်သာ ခင်ဦးနဲ့ကိုကို့အကြောင်း အမှန်အတိုင်း ကျွန်တော်သိယင် ဘယ်လွယ်လိမ့်မလဲ”

ညီညီက အံကြိတ်သံနှင့် ပြောသည်။

“အဲဒီတုန်းက.. ဟိုအမျိုးသမီးကို ကြည့်မရလို့သာ ကိုကိုနဲ့ စကားများခဲ့ရတာ”

ဟုတ်သည်။ ကိုကိုက ခင်စိုးပိုင်နှင့် လက်ထပ်တော့မည်ဟုဆိုတော့ ညီညီသည် ခင်ဦးလိုပင် ကိုကို၏မျက်နှာကို ငေးရှုကြည့်နေခဲ့လေသည်။ ပြန်တွေးရသည်မှာ ရင်မောလှသော်လည်း တွေးမိပြန်သည်။

* * *

“ခင်စိုးပိုင်နဲ့လား”

“အင်း”

"ဪ... တို့အစ်ကိုကို့ သိပ်ခင်၊ သိပ်စိုးမိုးပြီး သိပ်ပိုင်တဲ့ ခင်စိုးပိုင်နဲ့ ကိုကိုက လက်ထပ်တော့မယ်ကိုး"

ညီညီက ခေါင်းကလေး တညိတ်ညိတ်နှင့် တဦးတည်း ညည်းညူသလို ပြော နေသည်။ စိတ်မချမ်းမြေ့သောအသွင်နှင့် မျက်လုံးလေးများက မှုန်ပြီး မှိုင်းလာ သည်။

"ဘဝမှာ ကောင်းကောင်းနေရဖို့ အရေးကြီးတယ် ညီညီ၊ မင်း ငါ့ကို ဖြတ်လမ်း လိုက်တယ်လို့ ပြောချင်လဲပြောပေါ့၊ သူ့မိဘက ရန်ကုန်မှာ အိမ်တလုံး ဝယ်ပေး မယ်တဲ့၊ ဒီဆေးရုံမှာ ဟောက်စ်ဆာဂျင် တနှစ်လုပ်ပြီးရင် ပဲခူးသွားပြီး ဆေးခန်း ဖွင့်မယ်လေ၊ မင်းလဲ အလုပ်လုပ်ဖို့ မလိုတော့ဘူး၊ ကျောင်းပြန်တက်ပေါ့"

ညီညီက ဘာမှ ပြန်မပြောပေ။ ဈေးထဲတွင် ပိသာလေး လွတ်ကျပြီး အနာဖြစ် နေသော ခြေမကို ငုံ့ကြည့်နေသည်။ အနာဖြစ်သည်မှာ ကြာပြီ။ ခြေသဲခွံက ညို ပြီး ပုပ်လိုက်လာနေသည်။

"မင်း အေးအေးဆေးဆေး ကျောင်းပြန်တက်ပေါ့ ညီညီရာ၊ ငါတို့နှစ်ယောက်လုံး ချမ်းချမ်းသာသာ နေရတာပေါ့"

"ကိုကိုရာ၊ ကိုကို ဆရာဝန်ဖြစ်ပြီပဲ၊ ကျွန်တော့်ကိုတလှည့် ထမင်းမကျွေးနိုင်၊ ကျောင်းမထားနိုင်ဘူးလား"

ညီညီက ကိုကို၏မျက်နှာကို စူးစိုက်၍ကြည့်ကာ ခပ်တိုးတိုး မေးလေသည်။

"ထားတော့ ထားနိုင်တာပေါ့ကွာ၊ ဒါပေမယ့် မင်း ဘတ်စ်ကားနဲ့ ကျောင်းတက် မယ့်အစား ကိုယ်ပိုင်ကားနဲ့ တက်ရမှာပေါ့၊ ပဲပြုတ်နဲ့ စားမယ့်အစား ပုစွန်တုပ်နဲ့ ငါးမြင်းနဲ့ စားရမှာပေါ့"

ကိုကို့အား မျှော်လင့်တကြီး ကြည့်နေသော ညီညီသည် ပြက်လုံးကောင်းတခုကို ကြားလိုက်ရသလို ဟက်ဟက်ပက်ပက် ရယ်လေသည်။ တော်တော်နှင့်

အတောမသတ်။ ရယ်နေသော ညီညီ့ကိုကြည့်ယင်း ကိုကိုသည် မျက်နှာများ တ ရှိန်ရှိန် ပူလာသည်။ အနေရ အထိုင်ရ ခက်လာသည်။

"ဩော်... ကိုကိုရာ၊ တိုက်တို့ ကားတို့သာရှိရင်တော့ ကောင်းတာပေါ့၊ ဒါပေမဲ့ အဲ ဒါတွေဟာ ဘဝအတွက် ဖြည့်စွက်ချက်ပါ၊ လိုအပ်ချက်မဟုတ်ပါဘူး။ ဒါအတွက် ကြောင့် ကိုယ့်ကိုယ်ကိုလည်း ရောင်းစားစရာ မလိုပါဘူးကွာ"

ညီညီက ကိုကို့အား စူးစူးရဲရဲ ကြည့်သည်။ သူ့မျက်နှာတွင် အထင်သေးခြင်း၊ စိတ်ပျက်ခြင်းများကို တွေ့လိုက်ရသည်။

"ကျွန်တော်တော့ သဘောမတူဘူး ကိုကို၊ သူတို့အသိုင်းအဝိုင်းမှာ ကိုကိုဟာ တောကျိုးကန်းတစ်ကောင်လို ပွဲလယ်မတင့်ဖြစ်နေမှာပဲ၊ ကိုကို စိတ်ညစ်ရမှာပဲ"

"ဒါကတော့ ကိုယ့်ဘဝကို ကိုယ် တဖြည်းဖြည်း မြှင့်ယူရမှာပေါ့ ညီညီ၊ ကြာတော့ လဲ နေသားကျသွားမှာပေါ့ "

"ကိုယ့်ဘဝကို ကိုယ်မြှင့်တယ်တဲ့ ဟုတ်လား၊ သိပ်ကောင်းတဲ့စကားပဲ။ ဒါပေမယ့် ယောကျ်ားတစ်ယောက်က ကိုယ့်ဘဝကို ကိုယ်မြှင့်တယ်ဆိုပြီး မိန်းမထဘီနား တန်းလန်းခိုပြီး လိုက်သွားတာကတော့ ရှက်စရာကောင်းတယ်ဗျ။ ဒါဟာ ယောကျ်ားအလုပ် မဟုတ်ဘူး"

ညီညီသည် ပြောယင်း ဒေါသထွက်လာသည်။

"ဒီမှာကိုကို၊ ညီညီတို့က တိုက်နဲ့နေချင်ယင် ကိုယ့်အစွမ်းနဲ့ ကိုယ်နေမယ်ဗျ။ ကား စီးချင်ရင်လဲ အလုပ်ပိုလုပ်ပြီး ပိုက်ဆံစုမယ်ဗျ။ ဘဲဥကို နှစ်ရက် သုံးရက် လေးငါး ရက် ဆက်စားပြီး ချွေတာလိုက်ယင် နောက်တနေ့ ပုစွန်တုပ် စားနိုင်တယ်ဗျ၊ ဒါ အတွက်တော့ ကိုယ့်ကိုယ်ကိုယ် ရောင်းမစားဘူး၊ ယောကျ်ားပိုင်းလုံး မလုပ်ဘူး"

"ဘာ..."

ကိုကိုက အော်၍မေးလိုက်သည်။ "ယောက်ျားပိုင်းလုံး" ဟူသောစကားသည် သူ့နားထဲသို့ သံရည်ပူလောင်းချလိုက်သလို ဖြစ်သွားသည်။

"တဲပုတ်နဲ့နေရလို့ ဘာမှမဖြစ်ဘူး၊ ဘတ်စကားစီးရတာ ကျပ်တော့ ဘာဖြစ်သေးလဲ။ ဘဲဥစားရလို့ လူတကိုယ်လုံး ဘဲချေးစော်နံလဲ ကိစ္စမရှိဘူး။ ကိုယ့်ကို အထက်စီးက ဆက်ဆံတဲ့ မိန်းမဆီမှာ ခွေးလို တွားသွားပြီး မခစားဘူးကွ"

"မင်းနော်"

ကိုကို၏တကိုယ်လုံး ထူပူပြီး ဒေါသခိုးများ ဆူဝေလာသည်။ သူတို့ညီအစ်ကိုသည် တဦးကိုတဦး စူးစူးရဲရဲ စိုက်ကြည့်မိကြသည်။ ညီညီက ခပ်ရမ်းရမ်းပင် ဆက်ပြောသည်။

"ကိုကိုသာ အမြီးလေးနှံ့သွားပြီး ယောက်ျားတန်မဲ့ ပိုင်းလုံးလုပ်၊ ယောက်ျားပိုင်းလုံး"

"ကဲကွာ"

ကိုကိုသည် မိမိကိုယ်မိမိ ဘာလုပ်မိသည်ပင်မသိ၊ ညီညီ့အား မေးရိုးအောက်မှ ပင့်ကော်ကာ လက်သီးနှင့် ထိုးချလိုက်မိသည်ထင်သည်။ သူ့လက်သီးတခုလုံး ကျဉ်တက်သွားပြီး ညီညီသည် ကြမ်းပေါ်သို့ ပက်လက်လဲကျသွားသည်။
ဒေါသအခိုးအငွေ့များသည် ရုတ်ခြည်းပင် စဲပြီး ငြိမ်တိတ်သွားသည်။ တဦးကိုတဦး မယုံနိုင်သလို ငေးကြည့်နေမိကြသည်။ ညီညီသည် မျက်ရည်များဝဲလာပြီး သူ့ပါးစပ်မှ သွေးများကို ကြမ်းပြင်ပေါ်သို့ ထွေးချလိုက်သည်။

"ဪ... ကိုကိုက မိန်းမတယောက်အတွက်နဲ့ ကျွန်တော့်ကို ထိုးလား ကြိတ်လားလုပ်ပြီပေါ့

ကိုကိုသည် ချက်ချင်းပင် ဝမ်းနည်းပက်လက်ဖြစ်သွားသည်။
လက်ထောက်၍ထိုင်နေသော ညီညီ့ဘေးသို့ ပြေးသွားပြီး ဆွဲ၍ထူသည်။ သို့သော်

ညီညီက ကမ်းလင့်လာသော ကိုကို၏လက်များကို တွန်းဖယ်ပစ်ပြီး သူ့ဟာသူ ထလေသည်။

“ကျွန်တော် ကိုယ့်ဘဝကို ကိုယ်လျှောက်နိုင်တယ် ကိုကို၊ ဘယ်သူ့ကိုမှ မှီခိုစရာအားထားစရာ မလိုဘူး”

မျက်ရည်ဝေနေသော ညီညီ၏မျက်လုံးများသည် တဖြည်းဖြည်း အစိမ်းရောင်တောက်လာသည်။ ကိုကို့အား အထင်သေးစွာနှင့် စိမ်းစိမ်းကားကား ကြည့်သည်။ ထို့နောက် ကြေကြေကွဲကွဲ ပြုံးလေသည်။

“ကိုကို သူနဲ့လက်ထပ်ပြီးရင် ဒီအိမ်သော့ကို ခင်ဦးကို ပေးခဲ့ပါ၊ ကျွန်တော်နဲ့ကိုကို နောက်ထပ် တွေ့စရာ ဘာအကြောင်းမှ မရှိတော့ဘူး”

ညီညီသည် ချာကနဲ လှည့်၍ အိမ်ပေါ်မှ ဆင်းသွားသည်။ ကိုကို့အား လုံးဝလှည့်မကြည့်တော့၊ အိမ်ကိုလည်း လုံးဝ ပြန်မလာတော့ပေ။

* * *

ထိုနေ့က ညီညီ့ကို နောက်ဆုံး စကားပြောခဲ့ရခြင်းပင်ဖြစ်သည်။ နောက်ထပ် ညီညီကို တွေ့ရသော်လည်း စကားမပြောဖြစ်တော့ပေ။ နောက်ပြီး ညီညီသည် သူစိမ်းပြင်ပြင်ကဲ့သို့ နိုင်လွန်းလှသည်။ ကိုကို အိမ်ရှေ့ပေါက်မှ တက်လာလျှင် နောက်ဖေးဘက်မှ လှည့်ကာ ဆင်းသွားသည်။ ကိုကိုနှင့် လုံးဝ မျက်နှာချင်းမဆိုင်တော့ပေ။

ကိုကို၏မင်္ဂလာပွဲသို့ ခင်ဦးရော ညီညီရော ရောက်မလာခဲ့ကြပေ။ ကိုကိုသည် နှစ်စုံ ကွဲနေသော မင်္ဂလာပရိသတ်ကိုကြည့်ယင်း “သတို့အသိုင်းအဝိုင်းထဲမှာ ကိုကိုဟာ တောကျိုးကန်းလို ပွဲလယ်မတင့်ဖြစ်နေမှာပဲ” ဟူသော စကားကို သတိရသည်။

ခင်စိုးပိုင်တို့ဘက်မှ ပရိသတ်များက စိန်ရောင် ရွှေရောင်နှင့် လင်းလက်တောက်ပနေသော်လည်း အနည်းအကျဉ်းသာ တက်ရောက်သော ကိုကို၏ရပ်ဆွေရပ်မျိုးများက မှေးမှိန်၍ ညှိုးငယ်နေလေသည်။ မင်္ဂလာခန်းမထဲသို့ ယှဉ်တွဲပြီး ဝင်လာကြစဉ် ကိုကိုက "ငါမှားပြီ ထင်ပါရဲ့" ဟု တွေးနေမိသည်။ ခင်စိုးပိုင်ကမူ အင်းလျားလိတ်မှ ခင်မောင်အေး၏လက်ထပ်ပွဲကို တွေးနေလိမ့်မည် ထင်သည်။

ကိုကိုတို့လက်ထပ်ပြီးစ ဇနီးမောင်နှံသည် ပေလီသို့ ပျားရည်ဆမ်းခရီးထွက်ခဲ့သည်။ ရန်ကုန်ပြန်ရောက်ပြီး တပတ်ခန့်အကြာ ညီညီ့ဆီလာတော့ အိမ်တွင် ကိုကိုမသိသော လူစိမ်းများ ရောက်နေပြီဖြစ်သည်။ ညီညီသည် သူတို့၏အိမ်ကလေးကို အိမ်ရှင်အား ပြန်အပ်လိုက်သဖြင့် နောက်ထပ် လူသစ်များကိုပင် ငှားထားပြီးဖြစ်နေသည်။

ညီညီ့ကိုသာမက ခင်ဦးကိုလည်း မတွေ့ရတော့ချေ။ ခင်ဦးလည်း အိမ်ပြောင်းသွားလေသည်။ ဘယ်ကို ပြောင်းသွားသည်ကို မည်သူမျှ အသေအချာ မသိကြ။

“မင်းဆီကို ငါလာပါတယ် ညီညီရာ၊ မင်းက အိမ်ပါပြောင်းပြီး ခြေရာဖျောက်သွားတယ်”

“မင်း ငါ့ကို အဲဒီအချိန်တုန်းက မတွေ့ရတာ ကံကောင်းတာပေါ့”

ညီညီသည် ဝေဒနာအလုံးစုံကို အသစ်တဖန် ပြန်လည်ခံစားနေရသလို အသက်ရှူပြင်းနေသည်။ ဒေါသအခိုးအငွေ့များသည် သူ့မျက်နှာတွင် ထင်ဟပ်နေလေသည်။ လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ထားသည်။ ကိုကိုက ဘာမှပြန်မပြော၊ အငြိမ်ကြီး ငြိမ်ကာ နေသည်။

ညီညီက သူ့ကို မင်းနှင့်ငါနှင့် ပြောနေချေပြီ။ ညီညီ ဒေါသဖြစ်လွန်းမကဖြစ်လျှင် ထိုသို့ပင် မင်းနှင့်ငါ ပြောတတ်သည်။

“အေးလေ ... တကယ်တော့ နှစ်ယောက်လုံးအတွက် ကံကောင်းတာပါ”

ညီညီက စိတ်ကိုလျှော့လိုက်သလို သူ့ရင်ထဲမှ လေပူများကို ဟူးကနဲ မှုတ်ထုတ်လိုက်သည်။ လေတိုက်သဖြင့် လွင့်နေသော သူ့ဆံပင်များကို နောက်ဘက်သို့ လှန်ကာ သပ်တင်ယင်း ကိုကို့အား လှည့်ကြည့်သည်။

“အဲဒီတုန်းက ကျွန်တော်တို့နှစ်ယောက် ဆုံမိယင် ကိုကိုလဲသေ ကျွန်တော်လဲ လူသတ်မှုနဲ့ ကြိုးစင်တက်ရပြီပေါ့ ”

ကိုကို၏ကျောထဲတွင် အေးစိမ့်သွားသည်။ ညီညီသည် ပြောလျှင် ပြောသည့်အတိုင်း လုပ်တတ်သူဖြစ်သည်။

“ကိုကိုတို့လက်ထပ်ပြီးမှ ခင်ဦးက ကျွန်တော့်ကို ဖွင့်ပြောတယ်၊ စောစောက သိရင် ညီညီက ကိုကို့ကို ရန်လုပ်နေမှာစိုးလို့တဲ့လေ”

ခင်ဦးကို သတိရတမ်းတစိတ်နှင့် ကိုကို ငိုချင်လာသည်။ ခင်ဦးသည် သူ့အတွက် အစစအရာရာ တွေးတောပူပန်ခဲ့လေသည်။

“ဟုတ်တယ်၊ စောစောက မသိရပေလို့ပဲ၊ သိများသိရရင်လဲ ကျွန်တော် ဘာများလုပ်မိမယ် မသိဘူး၊ တခါကတော့ လဟာပြင်ဈေးမှာ တွေ့တယ်၊ မှတ်မိသေးလား ကိုကို”

“မှတ်မိတာပေါ့ကွာ”

ကိုကို့အသံ တိမ်ဝင်နေသည်။ သူတို့လက်ထပ်ပြီး ခြောက်လခန့်အကြာတွင် ညီညီ့ကို လဟာပြင်ဈေးတွင် တွေ့ရလေသည်။

* * *

ခင်စိုးပိုင်က လဟာပြင်ဈေးမှ ဝက်အူကြော် စားချင်သည်ဟု တယ်လီဖုန်းဆက်၍ မှာသောကြောင့် ဆေးရုံမှအပြန် လဟာပြင်ဈေးသို့ ဝင်ခဲ့သည်။ ကားရပ်ရန်

ကွက်လပ်ဆီသို့ ကားကို ဘီးလိမ့်ရုံ မောင်း၍သွားစဉ် ဘေးဘက်မှ ညီညီ့ကို လှမ်း၍မြင်လိုက်ရသည်။

ညီညီသည် ကလေးအင်္ကျီများကို လမ်းဘေးတွင် အပုံလိုက် ချကာ ရောင်းနေသည်။ အင်္ကျီများကို မြှောက်ကာ ကိုင်ယင်း "ဆယ့်ခြောက်ကျပ်၊ ကြိုက်တာရွေးယူ ဆယ့်ခြောက်ကျပ်၊ လိုတာရမယ် ဆယ့်ခြောက်ကျပ်၊ သားသားတို့ မီးမီးတို့ဖို့ အိမ်ပြန်လက်ဆောင် ဆယ့်ခြောက်ကျပ်" ဟု အာဘောင်အာရင်း သန်သန်နှင့် အော်နေသည်။

သူက ကားတံခါးကို မှီ၍ရပ်ယင်း ညီညီ့ကို ငေးကြည့်နေမိသည်။ စိတ်ချင်းဆက်သွယ်သည်ဟု ဆိုရလေမလားမသိ၊ ညီညီကလည်း သူ့ကို ဖြတ်ကနဲ လှမ်းကြည့်လေသည်။ ပြီးကာ ရယ်ကာနှင့် အော်ဟစ်နေသော ညီညီ၏အသံသည် တိကနဲ ပြတ်ကျသွားသည်။ ပျော့ပျောင်းသောမျက်နှာသည် တစတစ တင်းမာလာသည်။

"ညီညီ"

ကိုကိုက ခပ်တိုးတိုး လှမ်းခေါ်လိုက်မိသည်။ သို့သော် ရှေ့သို့တော့ မတိုးရဲ၊ တင်းမာခက်ထန်နေသော ညီညီ၏မျက်နှာထားသည် ကြောက်မက်ဖွယ်ကောင်းနေသည်။ ကိုကို့အား စားတော့ဝါးတော့မလို ခြေဆုံးခေါင်းဆုံး ကြည့်ယင်း ပါးစပ်မှ တီးတိုး ကျိန်ဆဲလိုက်သည်။

"ညီ.. ညီ"

ကိုကိုက အကြောက်ကြောက် အလန့်လန့်နှင့် ထပ်၍ခေါ်လိုက်မိသည်။ ညီညီနှင့် မျက်နှာချင်းမဆိုင်တော့ပဲ ပြန်လှည့်ကာ ထွက်ပြေးချင်စိတ်ပေါက်လာသည်။ သို့သော် နေရာမှပင် မရွှေ့နိုင်ပဲ စပါးကြီးမြွေ အညှို့ခံရသူလို ဖြစ်နေသည်။ ညီညီ့အား အငေးသား ပြန်ကြည့်နေသည်။

"ညီညီ ... မင်းဘာဖြစ်နေတာလဲ၊ ငါ ဘာများထပ်လုပ်လို့လဲကွာ၊ ဘာဖြစ်လို့ ဒီလောက်စိတ်ဆိုးနေရတာလဲ"

ကိုကိုက ပါးစပ်မှ အသံထွက်မလာပဲ စိတ်ထဲမှနေ၍ အော်နေမိသည်။ ခင်ဦးနှင့် သူ၏အကြောင်းကို သိများသွားလို့လားဟု တွေးမိသောအခါ ချက်ချင်းပင် ချွေးစေးများ ပျံလာသည်။ လက်ဖျားတွေ အေးစက်လာလေသည်။

ညီညီသည် သူ့လက်ထဲမှ အင်္ကျီနီနီလေးကို လွှတ်ချလိုက်သည်။ လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ရင်း သူ့ဆီလာမည်ဟု ခြေလှမ်းကို ပြင်သည်ကိုမြင်တော့ ကိုကိုသည် ယောင်ယမ်းပြီး နောက်ဘက်သို့ ခြေတလှမ်း ဆုတ်မိလေသည်။ သို့သော်လည်း ဆုတ်၍မရ၊ ကား ခံနေသည်။

"လာပြီ ... လာပြီ.. လာကုန်ပြီ"

ကံကောင်းသည်ဟု ဆိုရမည်ထင်သည်။ ညီညီ့ဘေးတွင် လက်ကိုင်ပဝါများ ပုံ ရောင်းနေသော ကောင်လေးက ထိတ်ထိတ်ပျာပျာနှင့် အော်သည်။ အစလေး ဘက်လုံး ကြိုးနှင့်စုချည်ထားသော ပလတ်စတစ်စကို ဆွဲမယင်း လက်ကိုင် ပဝါ ရောင်စုံများကို စု၍သိမ်းသည်။

"အမလေး ... ချစ်ကိုကို ... လုပ်ပါအုံး"

"ကိုလေအေးနော် ... ဘယ်ပြေးတာလဲ.. ဒီမှာ တော့်အဖေတွေ လာကုန်ပြီ"

"ကိုမောင်မြင့်ရေ .... ကိုမောင်မြင့်ရဲ့... ဒီမှာပါသွားပြီ တော်ရဲ့"

ရုတ်ရုတ်သဲသဲ ပြေးကြလွှားကြသူများထဲတွင် ညီညီလည်း ရောပါသွားသည်။ သူများနည်းတူ ပလတ်စတစ်၏အနားလေးဘက်မှ ကြိုးလေးစကို စု၍ ဆွဲယင်း ပြေးသည်။ အင်္ကျီ သုံးလေးထည်တော့ ကျကျန်နေရစ်သည်။ ညီညီက ပြန်ကောက်ရန် မကြိုးစားပေ။

* * *

“အဲဒီတုန်းက ဂျွန်ဖမ်းတာကိုပဲ ကျေးဇူးတင်ရအုံးမယ်၊ ဂျွန်သာ မလာယင် ဘာဖြစ်မယ် မသိဘူး”

“မင်း ငါ့ကိုသတ်မှာလား”

“အဲဒီတုန်းကတော့ သတ်ချင်နေတာ အမှန်ပဲ”

ညီညီက သက်ပြင်းရှိုက်ယင်း ပြောသည်။ သူ့စိတ်ကို သူဆုံးမနေဟန်နှင့် မျက်စိကို စုံမှိတ်ကာ အသက်ကို ရှိုက်၍ရှူနေသည်။

“အဲဒီနေ့က ခင်ဦးမွေးခဲ့တာပဲ”

“အဲဒီနေ့က”

“ဟုတ်တယ်လေ... ကိုကိုနဲ့ကျွန်တော် လဟာပြင်ဈေးမှာ တွေ့ကြတဲ့နေ့က မိခင်ဦး မီးဖွားခဲ့တယ်၊ လင်ကောင် မပေါ်တဲ့ကလေးကို မိခင်ဦး မွေးခဲ့ရတယ်”

ကိုကိုတကိုယ်လုံး တုန်ခါသွားသည်။ ညီညီ၏လက်မောင်းများကို တင်းကြပ်စွာ ညှစ်၍ ကိုင်မိသည်။

“ဘာ .. လင်ကောင်မပေါ်တဲ့ကလေး”

“အင်းလေ .... လင်ကောင်မပေါ်တဲ့ကလေး၊ မင်းရဲ့ကလေး၊ မင်းရဲ့သွေး”

“ဘာပြောတယ် ညီညီ၊ မင်း ဘာပြောလိုက်တယ်”

ကိုကိုက ညီညီ၏လက်မောင်းများကို အတင်းလှုပ်ခါနေမိသည်။

“ခင်ဦးမှာ မင်းလက်ချက်နဲ့ ကိုယ်ဝန်ရှိသွားတယ်လေ၊ ဒါကို မင်းမသိဘူးလား၊ ဒါကြောင့်မို့လို့ ရပ်ကွက်ထဲမှာတောင် မနေဝံ့တော့ပဲ ခြေရာဖျောက်ပြေးရတာကို မင်းမသိဘူးလားဟင်”

ကိုကိုက ခေါင်းကို သွက်သွက်ခါအောင် ယမ်းမိသည်။ သူ ဒါတွေကို မသိခဲ့၊ ညီညီက ကိုကို့အား မယုံသလို စိုက်ကြည့်နေသည်။

“ဒါတွေကို မင်း သိလျက်နဲ့ ငွေနောက်လိုက်သွားတာ မဟုတ်ဘူးလား… ကိုကို ဟင် .. မဟုတ်ဘူးလား”

“ငါမသိဘူး ညီညီ … ငါတကယ်ပဲ မသိပါဘူး”

ကိုကိုက တုန်လှုပ်ချောက်ချားစွာ ပြောမိသည်။ ထိတ်လန့်အံ့သြမှုနှင့် သူမျက်လုံးများသည် ပြူးနေသည်။ နှုတ်ခမ်းများက တဆတ်ဆတ် တုန်ယင်နေသည်။ တကိုယ်လုံး အေးစက်လာသည်။

“မင်္ဂလာဒုံဘက်ကို ပြောင်းပြီးနေခဲ့ရတယ်။ ယောက်ျားနဲ့ ကွဲလာသလိုလို ပြောပြီး ပတ်ဝန်းကျင်ကို ရင်ဆိုင်ခဲ့ရတယ်။ မင်းရဲ့ သားကို သူ သတ္တိရှိရှိ မွေးခဲ့တယ်။ ယုယုယယနဲ့ ပြုစုပျိုးထောင်ဖို့ ကြိုးစားခဲ့တယ်။ ဒါတွေကို မင်း တကယ်ပဲ မသိဘူးလား … ဟင် .. ။ မသိဘူးဆိုတာ တကယ်ပဲလား”

ညီညီက မယုံနိုင်သလို ပြောနေသည်။

“ငါမသိရဘူး ညီညီ၊ ငါမသိဘူး”

ကိုကိုသည် ညီညီ့ကို ဖြုန်းကနဲ လှမ်းဖက်ကာ သူ့မျက်နှာကို ညီညီ၏ပခုံးပေါ်တွင် မှောက်ချထားလိုက်မိသည်။ ညီညီက ဒေါသနှင့် တွန်းဖယ်ရန်ကြိုးစားသော်လည်း ကိုကို၏ရှိုက်သံကို ကြားရသောအခါ ငိုင်သွားသည်။ လှိုင်းထသလို တသိမ့်သိမ့် တုန်နေသော ကိုကို၏ကျောပြင်ကို ခပ်လျော့လျော့ ပြန်ဖက်ထားလိုက်လေသည်။

“ငါမသိဘူးညီညီရဲ့။ ဒါတွေကို ငါမသိဘူး”

ကိုကိုသည် အရူးလို အော်ဟစ်နေမိသည်။ သို့သော် ထိုအသံများက အပြင်သို့ ထွက်မလာ၊ လည်ချောင်းဝတွင်ပင် ဆို့ပြီး ပျောက်သွားသည်။ စကားသံအစား မျက်ရည်များသာ ဝေ့ပြီး တက်လာသည်။

“ခင်ဦးရယ် … ကိုကို့ကို ဘာလို့မပြောခဲ့တာလဲ ခင်ဦးရယ်”

ကိုကိုက ရင်ထဲမှနေ၍ ဆို့နင့်ကြေကွဲစွာ ပြောနေမိသည်။ တခါက ခင်ဦးနှင့်ရော သားနှင့်ရော တွေ့သေးသည်။

* * *

ပန်းဆိုးတန်းကုန်တိုက်(၁) ကြီးအနားတွင် ဖြစ်သည်။ မျဉ်းဝါကျားမှနေ၍ လမ်းဖြတ်ကူးနေသော ခင်ဦးကို တွေ့ရသည်။ အခါလည်သားခန့်ရှိ ကလေးငယ် တဦးကို လက်တဘက်မှ ချီကာ၊ တဘက်မှ ဆွဲခြင်းတောင်းကို ဆွဲကိုင်ထားသည်။

ကိုကိုက ကားပေါ်မှ အော်ခေါ်လိုက်သည်။ ခင်ဦးက ချာကနဲ လှည့်ကြည့်သည်။ လက်ပြနေသော ကိုကို့ကို မြင်တော့ အယောင်ယောင်အမှားမှားဖြစ်ကာ သူ့ရှေ့မှ လူကို ဝင်၍တိုက်မိသည်။ ခြင်းတောင်းမှောက်ပြီး ကြက်သွန်နီဥနှင့်အာလူးများ လမ်းပေါ်တွင် လိမ့်ကုန်လေသည်။

ကိုကိုသည် ကားကို လမ်းဘေးတွင် ရပ်ကာ ခင်ဦးဆီသို့ ပြေးလာခဲ့သည်။ ကြက်သွန်နှင့် အာလူးများကို ခင်ဦးနှင့်အတူ လိုက်ကောက်ပြီး ဆွဲခြင်းထဲ ထည့်ပေးသည်။ ခင်ဦးနှင့် မတွေ့ရ မမြင်ရသည်မှာ ကြာလှပြီမို့ စကားတွေပြောချင်နေသည်။

“ဘယ်သွားမလို့လဲ ခင်ဦး”

"ကုန်တိုက်လာတာပါ၊ ကြံ့တာနဲ့ သုံးဆယ့်ရှစ်လမ်းဈေးမှာ ကြက်သွန်လေး အာလူးလေး ဝင်ဝယ်တယ်"

ခင်ဦးသည် အတော်လေး ပိန်နေသည်။ ဆွဲခြင်းကို လမ်းဘေးပလက်ဖောင်းပေါ်တွင် ချလိုက်သည်။ ခေါင်းပေါ်မှဦးထုပ်ကို ဆွဲချွတ်နေသော ကလေးငယ်၏လက်ကို ဆွဲဖမ်းရင်း "ငြိမ်ငြိမ်နေပါ သားရဲ့" ဟု ပြောသည်။

ကိုကိုသည် ကလေးချီထားသော ခင်ဦးကို နားမလည်နိုင်သလို ငေးကြည့်နေသည်။ "သားရဲ့" ဟုပြောလိုက်တော့ ရင်ထဲတွင် လှုပ်ရှားသွားသည်။ ခင်ဦး ဘယ်တုန်းက အိမ်ထောင်ကျသွားသနည်း သူ မသိလိုက်။

"ခင်ဦးသားလေးလေ"

ခင်ဦးက သူ့သားငယ်လေးကို ယုယစွာ ဖက်ထားသည်။

"ခင်ဦး အိမ်ထောင်ကျပြီ ကိုကိုရဲ့"

မျက်တောင်လေး တဖျပ်ဖျပ်ခတ်ယင်း သူ့ကို ခပ်တိုးတိုး ပြောသည်။ ခင်ဦး၏ဦးခေါင်းတွင် စံပယ်ပန်းကုံး ဖြူဖြူလေးတကုံးကို ခပ်လျော့လျော့ ပန်ဆင်ထားသည်။ ကလေးငယ်က စံပယ်ကုံးကို မမှီတမှီနှင့် လှမ်းဆွဲကာ တခစ်ခစ် ရယ်နေသည်။

"ဘယ်သူနဲ့လဲ"

"ဒီလိုပါပဲ၊ ကျောင်းဆရာလေး တယောက်နဲ့ပါ၊ ခုတော့ အဆင်မပြေဘူး... ကွဲသွားတယ်"

"ဖြစ်မှ ဖြစ်ရလေဟာ"

ကိုကိုက စိတ်မကောင်းဖြစ်သွားမိသည်။ “ဒီကောင်မလေး အချစ်ကံ မကောင်းရှာဘူး” ဟု တွေးရင်း ကြင်နာစွာ ကြည့်မိသည်။

ခင်ဦးက ကိုကို့အား မကြည့်ပေ။ သားကို တင်းတင်းဖက်ထားယင်း ဈေးထိပ်မှ လိမ္မော်သီးသည်များကို ငေးကြည့်နေသည်။ သားကလည်း ဗန်းထဲတွင် အဆင့်ဆင့် ထပ်တင်ထားသော လိမ္မော်သီးဝါဝါဝင်းဝင်းများကို လက်ညှိုးထိုးကာ စူးစူးဝါးဝါး အော်နေလေသည်။

“ခင်ဦး ကိုကိုနဲ့ တခုခု လိုက်စားပါလား၊ အိမ်ပြောင်းသွားတာလဲ ကိုကို မသိလိုက်ရဘူး၊ အေးအေးဆေးဆေး စကားပြောရအောင်လေ၊ ပြီးတော့ ကိုကိုလိုက်ပို့မှာပေါ့”

ခင်ဦးက အသာခေါင်းခါသည်။ တဝူးဝူး အော်နေသော သားကို ဖက်ယင်း ပါးစပ်မှ သွားရည်များကို သုတ်ပေးသည်။ "သားက အခုမှ သွားရည်ကျတတ်နေတယ်” ဟု မဆီမဆိုင် ပြောသည်။ "သူနေတဲ့နေရာကို ငါ့ကို မသိစေချင်ဘူးထင်ပါရဲ့"ဟု တွေးယင်း ကိုကို၏ရင်ထဲတွင် နာရပြန်သည်။

သားငယ်က ကိုကို၏ရှပ်အင်္ကျီအိတ်ထဲမှ ဘောလ်ပင်ကို လက်ညှိုးလေး ထိုးသည်။ “လာပါအုံးကွ” ဟု ကိုကိုက လက်လှမ်းရုံခေါ်တော့ တအားထိုးပြီး လိုက်လာသည်။ ဘောလ်ပင်ကို လှမ်းဆွဲပြီး မြှောက်ကြည့်ကာ ပျော်ရွှင်စွာ ရယ်သည်။ ထို့နောက် အောက်သို့ ပစ်ချပြီး ကိုကို့အား လက်ညှိုးထိုးကာ ကောက်ခိုင်းသည်။ ကိုကို ကောက်ပြီးသောအခါ အတင်းလှမ်းရုံတောင်းသည်။ သူ့လက်ထဲ ထည့်လိုက်ပြန်တော့ တခစ်ခစ် ရယ်ရင်း ပစ်ချပြန်သည်။

“ဟကောင် ... ဂျစ်တူးလေး”

ပစ်ချလိုက် ကောက်လိုက်နှင့်မို့ ခင်ဦးနှင့်ပင် အသေအချာ စကားမပြောနိုင်တော့။

“ညီညီနဲ့ရော တွေ့သေးလား”

“တွေ့ပါတယ်”

“ကိုကိုနဲ့ သူနဲ့ မတွေ့တာ ကြာလှပြီ၊ သူနေကောင်းရဲ့လား”

“ကောင်းပါတယ်”

သားငယ်က ကိုကို၏လက်ပေါ်မှ အတင်းလျှောဆင်းကာ မြေကြီးပေါ်မှ ဘောလ်ပင်ကို သူ့ဟာသူ ကောက်သည်။ ကိုကို ကလေးကိုပြန်ချီယင်း ခင်ဦးတို့ ညီညီတို့ ငွေရေးကြေးရေး အဆင်မှပြေရဲ့လား စဉ်းစားနေမိသည်။ အကယ်၍ ကျပ်တည်းနေစေဦးတော့ သူက အကူအညီပေးသည်ဆိုလျှင် လက်ခံချင်မှ လက်ခံမည်ဖြစ်သည်။

“ခင်ဦး ပေးလိုက်တဲ့ ပုတီးလေးတော့ ကောင်းကောင်းအသုံးဝင်နေပြီ”

“သြော် ... ကိုကိုက ပုတီးစိပ်ဖို့ သတိရသေးသလား”

“ရပါတယ် ခင်ဦးရယ်... ခင်စိုးပိုင်နဲ့ အဆင်မပြေရင် ဘုရားခန်းဝင်ပြီး ပုတီးစိပ်မိတော့တာပဲ”

ကိုကိုက အတည်လိုလို နောက်သလိုလိုနှင့် ပြုံး၍ပြောသည်။ အမှန်တကယ်လည်း အဆင်က မပြေလှပေ။ ကားနှင့်သွား၊ တိုက်နှင့်နေ၊ ငွေကို ထင်သလို သုံးနေရလျှင် အမြဲပျော်နေမည်ဟု ကိုကိုထင်ခဲ့သော်လည်း ခုတော့ ထိုအရာဝတ္ထုပစ္စည်းများသည် သူ့ကို ကြာရှည် မပျော်ပိုက်စေကြောင်း လက်တွေ့သိခဲ့ရပြီဖြစ်သည်။

“ကိုကိုတို့ ကလေးမရဘူးလား”

“သူက မယူချင်ဘူးတဲ့၊ ကလေးမမွေးချင်ဘူးတဲ့”

ခင်ဦးက သက်ပြင်းလေးချယင်း သူ့ကို မော့ကြည့်သည်။ မျက်လုံးအိမ်တွင် မျက်ရည်တွေ ဝေ့ဝဲနေသည်။

"ကိုကိုလျှောက်ချင်တဲ့ လမ်းပဲ"

"ဟုတ်ပါတယ်"

ကလေးငယ်က ကိုကို၏ပါးပြင်ကို မထိတထိ ကိုက်သည်။ ကိုကိုက "အား" ဟု အော်လိုက်တော့ လွှတ်ကာ တခစ်ခစ် ရယ်သည်။ ထို့နောက် ဆံပင်ကို လှမ်းဆွဲသည်။ သူက ခေါင်းကို ငုံ့၍ရှောင်လိုက်သည်။ ဆံပင်ကို မမိတော့ ပါးကိုလှမ်းပြီး မထိတထိ ကိုက်ပြန်သည်။

"အား..ဒီကောင် တစ်ကယ့်ကောင်ပဲ၊ မျက်နှာလဲ သိပ်ရှင်တာပဲကွာ၊ ချစ်စရာကြီး"

"ဟုတ်တယ်၊ သားက သိပ်ငိုခဲတာ၊ သူ့အဖေနဲ့ မတူဘူး"

"သူ့အဖေက ခဏခဏ ငိုလို့လား"

ကိုကိုက ပြုံး၍မေးတော့ ခင်ဦး ခေါင်းညိတ်သည်။ သားကို လက်လှမ်း၍ခေါ်သည်။ သားက မလိုက်၊ ကိုကို၏လည်ပင်းကို ဖက်ထားသည်။

"သားက ကိုကို့ကို ညီညီနဲ့ မှားနေတယ်ထင်တယ်"

ခင်ဦးက ခပ်ညည်းညည်းလေး ပြောသည်။ မျက်နှာကလည်း ညှိုးငယ်လာသည်။

ကိုကိုသည် သားငယ်အား တင်းတင်းပြန်ဖက်ထားရင်း ကလေးမမွေးလိုသော ခင်စိုးပိုင်အား ဒေါသဖြစ်လာသည်။ သူတို့တွင် ကလေးငယ်ရှိလျှင် ထိုမျှ ပျင်းစရာ ငြီးငွေ့စရာ ကောင်းလိမ့်မည်မဟုတ်ပေ။ ခုတော့ ကားတစ်စီးနဲ့

တစ်နေကုန်တစ်နေခန်း ကိုယ်သွားချင်ရာကို လျှောက်သွားနေသော သူတို့ဘဝသည် ခြောက်သွေ့လှသည်။

နဂိုတည်းက အပျော်အပါးမလိုက်တတ်သူမို့ ကိုကိုသည် အိမ်တွင်ပင် ဘီယာစုပ်ယင်း အိမ်ဖော်များ ချက်ကျွေးသော ထမင်းနဲ့ဟင်းကို စားကာ အချိန်ကုန်နေရသည်။ ခင်စိုးပိုင်သည်သာ ဖဲဝိုင်းသို့လည်းကောင်း၊ ဂျင်းဝိုင်းသို့ လည်းကောင်း သွားတတ်သည်။ လွန်ခဲ့သည့်လကမူ "ကိုခင်မောင်အေးနှင့် ဂျင်ဝိုင်းမှာဆုံတယ်၊ သူက ဒိုင်လေ၊ နောက်ကို အပြတ်ထူထည့်လိုက်တာ နှစ်သောင်းကျော်ရှုံးသွားတယ်၊ စိုးပိုင် နိုင်လာတယ်ကိုကို၊ ဘာလိုချင်လည်း ပြော၊ နာရီအသစ် လဲအုံးမလား" ဟု မေးသည်။

"လာကွယ်..သားကလဲ၊ လာ.. တော်ကြာ မိုးချုပ်တော့မှာ၊ မေမေတို့ ကားတိုးရအုံးမှာ"

ခင်ဦးက သားငယ်ကို ဆွဲခေါ်သည်။ သားက ကိုကိုအား တွယ်ဖက်ထားကာ အော်၍ငိုလေသည်။ ခင်ဦးက ဒေါသဖြစ်လာသလို ခပ်ကြမ်းကြမ်းလေး ဆွဲခေါ်လေသည်။

"ဟ...ဖြည်းဖြည်းလုပ်ပါဟ ကလေးကို"

"ဘာဖြစ်လဲ ခင်ဦးသားကို ခင်ဦးလုပ်တာ"

ခင်ဦးက ရန်စကားပြောသည်။

"နင့်သားပေမဲ့ ငါ့ကိုချစ်လို့ ကပ်တာ ကပ်ပလေ့စေပေါ့ "

"အို..ဘာလို့ ချစ်ရမှာလဲ၊ ဘာလို့ ကပ်ရမှာလဲ"

ကျွတ်ကျသွားသော ဦးထုပ်ကို ကောက်၍ ဖုန်ခါလိုက်ပြီး သားကို ပြန်ဆောင်းပေးသည်။ ချထားသောခြင်းတောင်းကို ပြန်၍ဆွဲကိုင်သည်။

“သားက ချောတယ်ဟ”

“ချောမှာပေါ့ အဖေတူသားကိုး”

ခင်ဦးသည် ငိုသံလေးနှင့် ပြောယင်း သုံးဆယ့်ရှစ်လမ်း ဈေးထဲသို့ ခပ်သုတ်သုတ် ဝင်သွားသည်။ ကိုကို့အား နှုတ်ဆက်စကားပင် မဆိုသွားချေ။

# အပိုင်း(၁၃)

ထိုနေ့က ခင်ဦးကို နောက်ဆုံးတွေ့လိုက်ရခြင်းပင်ဖြစ်သည်။ ထိုနေ့မှစ၍ ယခုအချိန်အထိ ထပ်၍မတွေ့ရတော့ပေ။

"သား…သား…ငါ့ရဲ့သား"

သူ၏နှလုံးခုန်သံက "သား သား"ဟု မြည်တမ်းသယောင်ရှိသည်။ ထိုနေ့က သူ့သားကို သူ တွေ့ခဲ့ရသည်။ ချီပွေ့ခဲ့ရသည်။ သို့သော် သူက သူ့သားမှန်း မသိခဲ့။

"ငါနဲ့ တစ်ခါတွေ့သေးတယ်။ သူက သားကိုချီလို့ သူ့အိမ်ထောင်ကျပြီး ယောကျ်ားနဲ့ ကွဲသွားသတဲ့၊ ဘာလို့ … ဘာလို့… အမှန်အတိုင်း မပြောလဲ"

ကိုကို့အသံက ကွဲအက်နေသည်။ ငယ်ငယ်တုန်းက အမေရိုက်လျှင် ငိုသလို တအားအော်ပြီး ရှိုက်ကြီးတငင် ငိုပစ်လိုက်ချင်သည်။ သို့သော် ယခုတော့ အသံပင် ကောင်းကောင်း မထွက်နိုင်ပဲ ရင်ထဲတွင်ပင် ဆို့ပြီး ကျပ်ခဲနေလေသည်။

"ခင်ဦးက အဲဒီလိုပဲ ပြောသွားလား"

"တကယ်ပါ ညီညီရာ၊ သားက ငါ့ဆီမှာကပ်နေလို့ အတင်းပြန်ဆွဲခေါ် ပြီး နှုတ်တောင်မဆက်ပဲ ထွက်သွားတာပါ၊ သူ့အိမ်လိုက်ပို့မယ်ဆိုတာလဲ မရဘူး"

ညီညီသည် သူ့ရင်ထဲမှ လေပူကြီးကို ဟူးခနဲ မှုတ်ထုတ်လိုက်သည်။

မီးရောင်များလင်းလက်နေသော မင်္ဂလာဒုံလေယာဉ်ကွင်းကို လှမ်းမြင်နေရသည်။ ရန်ကုန်နား နီးလာပေပြီ။ ခင်ဦးနှင့် တွေ့ရတော့မည်။ ကိုကို၏နှလုံးသားသည် သွက်သွက်ခါအောင် လှုပ်ရှားလာသည်။

“မြဲတ်စွာဘုရား၊ ခင်ဦးအသက်နဲ့ ခန္ဓာကိုယ် မြဲလျက်သား တွေ့ပါရစေဘုရား၊ တပည့်တော်၏အပြစ်ဟူသမျှကို ဝန်ချတောင်းပန်ခွင့် ပေးတော်မူပါဘုရား”

"ခင်ဦးက အင်မတန်မာနကြီးတယ်၊ ကိုကိုသနားတာ မခံချင်လို့ ဖွင့်မပြောတာ ထင်တယ်"

မီးနီလေး မှိတ်တုတ် မှိတ်တုတ်နှင့် ပျံဝဲနေသော လေယာဉ်တစ်စင်းကို ငေးကြည့်ရင် ညီညီက ပြောသည်။

“လူပုံက ပျော့ပျော့နဲ့ စိတ်က အင်မတန်မာတာ။ သူ့ကို တစ်ကယ်မချစ်တဲ့သူတစ်ယောက်ကို ဘာအကြောင်းကြောင့်နဲ့မှ သူလက်မထပ်ချင်ဘူးတဲ့”

လေယာဉ်သည် ကွင်းဆီသို့ နိမ့်ကာ ဆင်းလာသည်။ သူတို့ငယ်စဉ်တုန်းကမူ ထိုသို့ ပြန်ဝဲနေသော လေယာဉ်တစ်စင်းတလေကို တွေ့ရလျှင်ပင် ပျော်မဆုံးအောင် ရှိတော့သည်။

“လေယာဉ်ပျံကြီးဟေ့.. လေယာဉ်ပျံကြီး” ဟု အော်ရင်း လက်ကိုဝှေ့ယမ်း၍ ပြကြသည်။ တခါတုန်းက ခင်ဦးသည် "ခင်ဦး ချမ်းသာရင် ကိုကိုနဲ့ညီညီကို လေယာဉ်ပျံတစင်းစီ ဝယ်ပေးမယ်” ဟု ကလေးစိတ်နဲ့ ပြောဖူးလေသည်။ ညီညီက "နင်ဝယ်ပေးတဲ့ လေယာဉ်ပျံ ဆိုပြီးတော့ အလကားစီးမယ် မကြံနဲ့ စီးချင်ရင် လက်မှတ်ဝယ်ရမှာပဲ” ဟု မရနိုင်သောပစ္စည်းကို ကြိုပြီး တွန့်တိုခဲ့သေးသည်။ ယခုတော့ ထိုစိတ်ကလေးတွေ စိတ်ထားဖြူဖြူကလေးများသည် အဝေးတွင် မှုန်၍ ဝေး၍ ဝါး၍ကျန်ခဲ့ပေပြီ။

“ခင်ဦး.. သိပ်မာနကြီးတဲ့ ခင်ဦး။ ကျွန်တော် သူ့ကို လက်ထပ်ဖို့၊ သားရဲ့ အဖေ နာမည်ခံဖို့ ကြိုးစားသေးတယ်၊ ခင်ဦးက လက်မခံဘူးလေ။ ကိုကိုရော ညီညီရော သူ့ကို တကယ်မချစ်ပါဘူးတဲ့။ ကိုကိုက အရှက်မူးပြီး မှားတာတဲ့၊ ညီညီကတော့ ကိုကိုမှားလို့ သူ့ကိုသနားတာတဲ့လေ။ မိခင်ဦး သူ့ရဲ့ကောင်းမကြီးလေ၊ ပတ်ဝန်းကျင်ဒဏ်ကို တစ်ယောက်ထဲ လူးပြီးတော့ ခံတယ်”

ညီညီ၏အသံက တုန်ယင်နေသည်။ ကိုကိုက မျက်စိစုံမှိတ်ထားလိုက်သည်။ သူက သားကိုချောသည်ဟု ပြောသောအခါ "ချောမှာပေါ့ အဖေတူကိုး" ဟု ငိုမယောင်မျက်နှာလေးနှင့် ပြောသွားသော ခင်ဦးကို မြင်ယောင်လာသည်။

"လူမိုက်၊ မင်း လူမိုက်ပဲ ကိုကို၊ ဉာဏ်မရှိတဲ့လူမိုက်"

ကိုကိုသည် သူ့ကိုယ်သူ အပြစ်တင်ရင်း အောက်နှုတ်ခမ်းကို တင်းတင်းကိုက်ထားမိသည်။

"သူက ဆရာမ လုပ်ချင်လို့တဲ့၊ လူသူအရောက်အပေါက်နည်းတဲ့ ရွာလေးတွေမှာ ဇာတ်မြုပ်ပြီးနေယင်း ကလေးတွေကို စာသင်ပေးချင်တယ်တဲ့လေ။ ကျွန်တော် တခါတုန်းက တင်မောင်လှနဲ့ အလည်လိုက်သွားဖူးတဲ့ ပင်လယ်ဝက တိုးကုန်းဆိုတဲ့ရွာလေးမှာ ဆရာမ မရှိဘူး။ ဝေးလွန်း ခေါင်လွန်းတော့လည်း ရပ်ရွာကခန့်တဲ့ ဆွဲခန့်ဆရာမလည်း မမြဲဘူးဆိုတော့ သူ့ကို ပြောပြတော့ သူ့ခမျာ သွားချင်လွန်းလို့ ဆွေ့ ဆွေ့ကို ခုန်လို့၊ ကလေးတွေလောက်တော့ သေသေချာချာ သင်ပေးနိုင်ပါတယ်တဲ့"

"တသက်လုံး မုန့်ဟင်းခါးရောင်းနေရတော့မှာလား၊ ကလေးတွေကို စာသင်တဲ့ ဆရာမ ဖြစ်ချင်တယ်"ဟု ခင်ဦး တစ်ခါ ပြောဖူးတာကို သတိရသည်။

"ဇွဲကောင်းကောင်းနဲ့ ဆယ်တန်းဖြေလိုက်တာ မနှစ်ကတော့ အောင်သွားတယ်လေ။ သူက ဆယ်တန်းအောင်ရင် သတိုးကုန်းကို ဆရာမလျှောက်မယ်တဲ့။ အစိုးရအသိအမှတ်မပြုသေးလည်း ဆွဲခန့်ပဲ လျှောက်မယ်တဲ့။ ကျွန်တော်ကတောင် ဆွဲခန့် ဆိုရင် နင်လျှောက်စရာမလိုပါဘူး၊ သွားသာသွားစမ်းပါ၊ ဟိုက ပန်းကုံးစွပ်ပြီးကြိုမှာ လို့ ပြောရသေးတယ်။ ဒီလိုသာ ကားတိုက်မယ်မှန်းသိရင် အစောကြီးကတည်းက တွန်းလွှတ်လိုက်ပါရဲ့"

ညီညီက ဆွေးမြေ့ ကြေကွဲစွာ ပြောသည်။ ခုတော့ ခင်ဦးဟူသည့် မိန်းကလေးသည် သူဖြစ်ချင်သည့် ဆရာမလဲ မဖြစ်၊ ကလေးတွေကိုလည်း စာမသင်နိုင်၊ သူ့သားငယ်ကိုလည်း လူလားမြောက်အောင် မထိန်းကျောင်းနိုင်ပဲ သေမင်းနှင့် ရင်ဆိုင်တွေ့နေရပေပြီ။ ထိုမျှ နှလုံးကောင်းသော မိန်းကလေးသည် အမှန်

တကယ် သေရတော့မည်လော။ သူ့ထံသို့ သေမင်းသည် အမှန်တကယ် ဆိုက်ရောက်လာပြီလော။

“ဟို့ရှေ့နားက လမ်းကြားလေးထဲမှာ ခင်ဦးနေတာ၊ ကျွန်တော်တို့ အရင်တုန်းက နေခဲ့ရတဲ့ လမ်းကလေးလိုပဲ၊ လမ်းထဲ ကားဝင်လို့မရဘူးလေ၊ ဟ… ကားဆရာ.. ရပ်.. ရပ် စမ်းပါ”

သူတို့ကားမှ ကားမီးရှောင်နှင့် လမ်းထိပ်တွင်ရပ်ထားသော ကားလေးတစ်စင်းကို မြင်ရသည်။ မိန်းမကြီးတစ်ယောက်က ကားနောက်ဘက်မှ လေးကန်စွာ ဆင်းသည်။ သုံးနှစ်သားအရွယ်ခန့်ရှိသော ကလေးငယ်ကို လက်ဆွဲပြီး ကား အောက်သို့ ချပေးနေသည်။

“ဒေါ်ဒေါ်…ဒေါ်ဒေါ်”

ညီညီက ကားပေါ်မှ လှမ်းအော်နေသည်။ ကားရပ်လျှင်ရပ်ချင်း တံခါးဖွင့်ဆင်းကာ သူတို့ဆီ ပြေးသည်။

“ဒေါ်ဒေါ် မိ ဆေးရုံက လာတာလား”

ကိုကို၏ရင်ထဲတွင် လှိုက်ခနဲ ဖြစ်သွားသည်။ ဒေါ်ဒေါ် မိကို ချက်ချင်း မှတ်မိလိုက် သည်။ ခင်ဦးနှင့်အတူနေသော ခင်ဦး၏အဒေါ် ဖြစ်သည်။

“ကျွန်တော်က ညီညီပါ ဒေါ်ဒေါ် မိရဲ့ ခင်ဦးရောဟင်.. ခင်ဦးရော”

ကိုကိုသည် ကားပေါ်မှ ကမန်းကတန်း ဆင်းလိုက်သော်လည်း ခြေထောက်များက ဆက်၍မလှမ်းနိုင်ပဲ တုန်ယင်နေသည်။ ကားတံခါးကို တင်းတင်းဆုပ်ရင်း ဒေါ်ဒေါ် မိ၏မျက်နှာကို စိုးရိမ်တကြီး စိုက်ကြည့်နေမိသည်။

"ဘုရား..ဘုရား..၊ ခင်ဦးသေပြီဟု မပြောလိုက်ပါစေနှင့် ဘုရား”

"အမလေးဟဲ့ ညီညီ၊ မင်းနှမ ဆုံးရှာပေါ့ "

ဒေါ်ဒေါ် မိက ညီညီ၏လက်များကို ဆုပ်ကိုင်ကာ တုန်ယင် အက်ကွဲစွာ ပြောလိုက်သည်။ ကိုကိုသည် အေးစက်သောလက်ကြီးများနှင့် ဆီး၍ အတွန်းခံလိုက်ရသလို နောက်ဘက်သို့ ယိုင်သွားသည်။ သူ့ရင်ထဲမှနှလုံးသားကို တစုံတစ်ဦးက ဆတ်ခနဲ ဆွဲနှုတ်ယူပြီး ကောင်းကင်သို့ လွှင့်မြှောက်ပစ်လိုက်သည်ဟု ထင်ရသည်။ လွင့်ဟာသွားသော ရင်ထဲတွင် ဘာမှမရှိတော့ပဲ ဟင်းလင်းပြင်ကြီး ဖြစ်သွားသည်။

ဒေါ်ဒေါ် မိ၏လက်ကို တင်းကြပ်စွာ ဆုပ်ကိုင်ထားသော ကလေးငယ်သည် ကားမီးလုံးအား ပြူးကြောင်ကြောင်လေး စိုက်ကြည့်နေသည်။

"သား"

ကိုကိုက အော်၍ခေါ်လိုက်သော်လည်း အသံက လည်းချောင်းဝတွင်သာ ပျောက်ကွယ်သွားသည်။ သူ့နားထဲတွင် လေတိုက်သံလိုလို၊ လှိုင်းပုတ်သံလိုလို တဝုန်းဝုန်းဆူညံနေသော အသံများကို ကြားရသည်။ ထိုအသံများကြားထဲတွင် သူ့တစ်ကိုယ်လုံး ယိမ်းထိုးနေသည်။ ဒေါ်ဒေါ် မိ၏အသံကိုမူ မကြားတစ်ချက် ကြားတချက်။

"သားကိုသိပ်ချစ်တဲ့ မိခင်ဦး၊ သူ့သားကို ထားခဲ့ရပြီတဲ့။ မသေခင် တစာစာခေါ်လွန်းလို့ သားကို ခေါ်သွားရသေးတယ်။ သားမျက်နှာကိုကြည့်ပြီး သားရေ သားရေနဲ့ ခေါ်လိုက်တာ။ မိခင်ဦးရေ... နင့်အသေဖြောင့်ရဲ့လား၊ ထပါအုံး၊ ခေါ်ပါအုံး၊ နင့်သားငိုတာ ချော့ပါအုံး"

* * *

ကိုကို/

သားက သူ့အဖေ ဘယ်သွားလဲ မေးလွန်းလို့ ဒီစာကို ရေးဖြစ်တယ်ကိုကို၊ ခင်ဦး အရင်သေရင်တော့ ဒီစာကို ကိုကိုဖတ်ရမှာပေါ့၊ ဒါပေမဲ့ ကိုကိုမဖတ်ရပါစေနဲ့လို့ပဲ ခင်ဦး ရေးယင်း ဆုတောင်းနေမိတယ်၊ ဘာဖြစ်လို့လဲ သိလားဟင်..၊ ခင်ဦးသေရမှာ ကြောက်လို့ပေါ့။

ခင်ဦးသေရမှာ သိပ်ကြောက်တာပဲ ကိုကိုရယ်၊ ခင်ဦးရဲ့ သားလေးကို မျက်နှာမွဲ မျက်နှာငယ်နဲ့ ထားခဲ့ရမှာ သိပ်ကြောက်တာပဲ။ ခင်ဦးရဲ့သားဟာ ဘယ်သူ့သွေး လဲဆိုတာ ခုလောက်ဆိုရင်တော့ ကိုကိုသိရောပေါ့နော်။ အဖေမပေါ်တဲ့ သား ကလေးကို ခင်ဦး ဘယ်လိုမွေးခဲ့ရတယ်၊ ပတ်ဝန်းကျင်တွေကို ဘယ်လိုရင်ဆိုင်ခဲ့ ရသလဲဆိုတာတွေကိုတော့ ပြန်ပြီးပြောမပြချင်တော့ပါဘူး။ ဒါပေမဲ့ သားကလေး လူလားမမြောက်ခင် ပညာမစုံခင်မှာ ခင်ဦးသာ အကြောင်းတစ်ခုခုနဲ့ သေသွားခဲ့ရ မယ် ဆိုရင်တော့ ဒီအကြောင်းတွေကို တွေးကြည့်ပါ ကိုကိုရယ်၊ ဒီသားလေးတစ် ယောက်ကို လူပြည်ရောက်အောင် ဟောဒီက မခင်ဦးမှာ ဘယ်လိုသတ္တိတွေ မွေး ခဲ့ရတယ်၊ ထိုးလာသမျှ လက်ညှိုးတွေကို ဘယ်လို ရင်ဆိုင်ခဲ့ရတယ်ဆိုတာ စဉ်းစားပြီး သားကို လူလားမြောက်တဲ့အထိ ကိုကိုက ဆက်ပြီးကျွေးမွေးပေးပါ၊ ပြုစုပေးပါ၊ ပျိုးထောင်ပေးပါ လို့ လှိုက်လှိုက်လှဲလှဲ တောင်းပန်ပါတယ် ကိုကို ရယ်။

ညက အိပ်မက်မက်တယ်။ အိပ်မက်ထဲမှာ ကိုကိုရယ်၊ ခင်ဦးရယ်၊ သားရယ် သုံး ယောက်စလုံးက တိုးကုန်းရွာလေးကို ရောက်နေကြတယ်။ ကိုကိုက ဆေးကုလို့၊ ခင်ဦးက စာသင်လို့ ၊ သားလေးက လသာသာ သောင်ပြင်မှာ ပြေးပြီးဆော့နေ တယ်၊ နိုးလာတော့ အိပ်မက်လေးကို နှမြောလိုက်တာ။ တကယ်မဖြစ်နိုင်တဲ့ဘဝ ကို အိပ်မက်ထဲမှာ ခဏမြင်ရတာ ဖြစ်ရတာလေးမို့ စိတ်ထဲမှာ ချမ်းမြေ့လိုက်တာ ကိုကိုရယ်။

ညီညီက ပြောတယ်၊ ကတိုးကုန်းမှာ ကျောင်းဆရာသာမဟုတ်ဘူး၊ ဆရာဝန်လဲ မ ရှိဘူး တဲ့။ ဆရာဝန် မပြောနဲ့ အစိုးရဝမ်းဆွဲဆရာမတောင် မတွေ့ခဲ့ဘူးတဲ့။ ကိုကို ပြောဖူးတာ သတိရတယ်။ ကိုကို့အမေ ဆုံးစတုန်းကလေ၊ ငါသာဆရာဝန်ဖြစ် ယင် ငါ့အမေလို ဆင်းရဲသားတွေကို အလကားလိုက်ပြီး ကုပေးမယ်ဆို၊ ခုတော့... ကိုကို့လှနှာတွေထဲ ပိုက်ဆံမတတ်နိုင်တဲ့သူ ပါရဲ့လားဟင်၊ ဆင်းရဲသားတွေ ပါရဲ့ လား။ အိတ်ထဲမှာ ပိုက်ဆံမပါကြရင် ကိုကို့ဆေးခန်းကို ဝင်ခွင့်ရကြရဲ့လား။

ဟော.... သားက အိပ်ရာထဲက ခေါ်နေပြီ၊ "မေမေ လာလေ” တဲ့။ သားကို ပုံပြော ပြီး သိပ်လိုက်အုံးမယ်။ ကိုကိုလို ခဏခဏမငိုတတ်အောင်၊ ကျွန်စစ်သားတို့ မင်း ရဲကျော်စွာတို့အကြောင်း ပြောပြရမယ်။ သူ့အဖေ ဘယ်သွားလဲမေးယင် “ဟိုး .....အဝေးကြီး သွားတယ်” ပြန်လာမှာလားလို့ မေးရင် “တနေ့နေ့တော့ လာချင် လာမှာပေါ့ကွယ်” လို့ ပြောရဦးမယ် ကိုကိုရယ်... ။

ဟော.. သားက ကဗျာရွတ်နေတယ်၊ " မိုးပေါ်က ကြယ်တစ်လုံး၊ တိမ်ဖုံးပါလို့၊ လမသာ" တဲ့။ ဆက်မရွတ်တော့ပဲ မေ့နေလို့ ခင်ဦးက ဆက်ဆိုပေးရတယ်။ "သာတဲ့အခါ သာပါလိမ့်၊ နတ်ဒေဝါ သူဖန်ဆင်း၊ ဖိုးရွှေလမင်း" လို့။

ကဲ.... တော်ပြီ ကိုကိုရယ်.. သားကို သိပ်တော့မယ်။ သားအိပ်ပျော်သွားရင် တိမ်ဖုံးနေတဲ့လကို ကြည့်ရင်း ကိုကို့အကြောင်း တွေးမယ်လေ...။
/ခင်ဦး

* * *

“ဩော်....ကိုကိုက စိုးပိုင်နဲ့ ကွာရှင်းချင်တယ်တဲ့လား”

ခင်စိုးပိုင်က မယုံသလို မေးသည်။ ကိုကို ခေါင်းညိတ်ပြသည်။

“ဘာဖြစ်လို့လဲ ဟင်”

ခင်စိုးပိုင်က သူ့အား နားမလည်နိုင်ဟန်နှင့် စိုက်ကြည့်နေသည်။ ကိုကိုသည် ထူးထူးခြားခြား တည်ငြိမ်လေးနက်နေသည်။ ခင်စိုးပိုင်၏မျက်လုံးများကို ရဲဝံ့စွာ ပြန်၍ကြည့်လေသည်။

“ကိုယ် ဒီမှာ မနေချင်တော့ဘူး”

“ဘာဖြစ်လို့လဲ”

ခင်စိုးပိုင်က ထိုစကားကိုသာ ထပ်မေးသည်။ ဒီစည်းစိမ် ဒီဥစ္စာများအား ကိုကိုသည် စွန့်ခွာပြီး ထွက်သွားလိမ့်မည်ဟု မျှော်လင့်ခဲ့ဟန်မတူချေ။

"ဒီမှာကြည့်စမ်း စိုးပိုင်၊ သူ့ကို သိတယ်မဟုတ်လား"

ကိုကိုသည် သူ့အိတ်ထဲမှ ဓာတ်ပုံလေးကို တယုတယ ထုတ်သည်။ ခင်ဦး၏စားပွဲပေါ် မှ ယူလာသော ဓာတ်ပုံလေးဖြစ်သည်။ ဓာတ်ပုံထဲတွင် ခင်ဦးက ပြုံးနေသည်။ သားကိုလက်ဆွဲပြီး တိရစ္ဆာန်ရုံ ကျွားလှောင်အိမ်သစ်ကြီးများ၏ လှေကားကို တက်နေသည်။ သားကလည်း မိခင်ကို မော့ကြည့်ယင်း ပြုံးရယ်နေလေသည်။

"ဒါ..ဟိုကောင်မလေးမဟုတ်လား၊ ခင်ဦးဆိုတဲ့ ကောင်မလေးလေ"

"ဟုတ်တယ်"

"ဒီကလေးလေးကရော"

"အဲဒါ ကိုယ့်ရဲ့သား"

ကိုကိုက အလေးအနက် ပြောသည်။ တအံ့တသြလှမ်းကြည့်သော ခင်စိုးပိုင်၏မျက်လုံးများကို ရဲဝံ့စွာကြည့်ရင်း ထပ်၍ပြောလေသည်။

"ကိုယ့်ရဲ့သားလေးလေ၊ ချစ်စရာမကောင်းဘူးလား"

ကိုကို၏ရင်ထဲတွင် သတ္တိတွေပြည့်လျှံနေသည်။ သူ့အပေါ်တွင် ထာဝစဉ်ပွင့်လင်းခဲ့သော ခင်စိုးပိုင်ကို သူက ပထမဦးဆုံးအကြိမ် ပြန်ပြီး ပွင့်ပွင့်လင်းလင်း ပြောပြမိသည်။ ထိုသို့ ပြောပြပြီး အမှန်ကိုသိသွားခြင်းအားဖြင့် ခင်စိုးပိုင်က သူ့အပေါ် စိတ်ပျက်သွားမှာကိုလည်း ယခင်တုန်းကလို စိုးရိမ်ကြောက်ရွံ့ခြင်း မရှိတော့ပေ။ ဖြစ်ခဲ့ ပျက်ခဲ့ရသော အကြောင်းအားလုံးကို ခင်စိုးပိုင်အား တည်ငြိမ်စွာ ရှင်းပြနိုင်ခဲ့သည်။

"ဒီလိုဆို ခင်ဦး သေသွားပြီးပေါ့ "

"ဟုတ်တယ်"

"သနားပါတယ်၊ သူ့ခမျာ ကိုကို့ကို တော်တော်ချစ်တယ်"

မည်သူ့ကိုမျှ အချိန်ကုန်ခံပြီး တွေးတော စာနာလေ့မရှိသော ခင်စိုးပိုင်သည် ခင်ဦး အကြောင်း ကြားရတော့ အတန်ငယ် မျက်နှာညှိုးသွားလေသည်။ ထို့နောက် ကို ကို့အား လှမ်းကြည့်ကာ ခေါင်းလေး မသိမသာညိတ်ပြီး ပြုံးသည်။

"ကိုကိုကလဲ သူ့ကို ချစ်တာပါပဲ၊ စိုးပိုင်သိပါပြီ"

"ဘယ်လိုလုပ်ပြီး သိတာလဲ"

"အခု သူ့ကို ချစ်တဲ့စိတ်နဲ့ ကိုကို သတ္တိတွေရှိလာပြီ မဟုတ်လား၊ ဒီစည်းစိမ်တွေ ကို မလိုချင်တော့ဘူး၊ မမက်မောတော့ဘူး မဟုတ်လား"

ခင်စိုးပိုင်သည် မှန်သောစကားကိုတော့ အတော်လေးပြောတတ်သည်။ ခင်ဦး အား ချစ်မချစ် ကိုကိုမတွေးမိ၊ ချစ်လျှင်လည်း မည်သည့်အတိုင်းအတာထိ ချစ်သည်ကို ကိုကိုမသိ။ သို့သော် ခင်ဦးသေပြီဟု သိလိုက်ရသည့်တခဏ၌ပင် ကိုကိုသည် သူတစ်သက်လုံး မက်မက်မောမောရှိခဲ့သော ဘဝ၏အရေးအကြီးဆုံး လိုအပ်ချက်များဟု ထင်ထားခဲ့သော စည်းစိမ်ဥစ္စာချမ်းသာခြင်းများကို ငြီးငွေ့ သွားလေသည်။ သားကို "သား" ဟု ကြေကြေကွဲကွဲ ခေါ်ကာ ထွေးပွေ့လိုက်ရ သည့်တခဏ၌မူ သားအတွက် အစစအရာရာ ရင်ဆိုင်တော့မည်ဟူသော သတ္တိ များက သူ့ရင်ထဲသို့ အရှိန်အဟုန်ပြင်းစွာနှင့် တိုးဝင်လာကြသည်။

"ဟုတ်တယ်၊ ဒီမှာလဲ မနေချင်တော့ဘူး"

"ဘယ်သွားမလဲ"

"ကတိုးကုန်းဆိုတဲ့ ရွာကလေး ပင်လယ်ဝမှာရှိတယ်တဲ့။ အဲဒီမှာ ဆရာဝန်မရှိဘူး၊ ကျောင်းဆရာ မရှိဘူး၊ ကိုယ်... အဲဒီကိုသွားမယ်၊ အမေ့လို အဖေ့လို ဆင်းရဲသား

တွေကို ကုပေးမယ်"

“ကိုကို တကယ်ပဲ ဆုံးဖြတ်ပြီးပြီပေါ့ ”

“ဟုတ်တယ်”

ခင်စိုးပိုင်၏မျက်လုံးအိမ်တွင် ကိုကို တစ်ခါမှမမြင်ဖူးသော အရိပ်အရောင်များ ယှက်သန်းလာသည်။

“ကိုယ် ဒီလောကကြီးထဲကိုရောက်တာ နှစ်ပေါင်း နှစ်ဆယ့်ခုနှစ်နှစ်ရှိပြီ၊ ဘာလို့လို နဲ့ အနှစ်သုံးဆယ်တောင် ပြည့်တော့မယ်စိုးပိုင်၊ ဒီလူ့ရွာ လူ့ရပ် ကောင်းကျိုးကို ဘာတစ်ခုမှ မလုပ်ခဲ့သေးဘူး။ ကိုယ်ကောင်းစားဖို့၊ ကိုယ်ချမ်းသာဖို့ကိုပဲ အမြဲ တန်း ရှေ့တန်းတင်ခဲ့မိတယ်။ အခုတော့လည်း ခင်ဦးက ကိုယ့်ကို အသစ်တဖန် ပြန်လည်မွေးဖွားပေးလိုက်သလိုပဲ”

“ကိုကို့ကို ဒီလောက်သတ္တိရှိလာလိမ့်မယ်လို့ စိုးပိုင်မထင်ခဲ့ဘူး”

ခင်စိုးပိုင်က ကိုကို့အား ချီးကျူးသလို ပြောသည်။ ထို့နောက် သူ့ဟန်အတိုင်း ကို ကို့ပါးပြင်ကို မထိတထိလေး နမ်းသည်။

“ကောင်းပါတယ် ကိုကို၊ သွားပါ၊ ကွာရှင်းစာချုပ်ကို စိုးပိုင်လက်မှတ်ထိုးပေးလိုက် ပါ့မယ်၊ ကိုကိုလိုချင်တာတွေလဲ ယူသွားပါ”

ခင်စိုးပိုင်က ကရုဝိတ်မှာ ရေခဲမုန့်စားရအောင်ဟူသော ဟန်မျိုးနှင့် ပြော ပြန်သည်။ ကိုကို့အား ခပ်ပေါ့ပေါ့ပင် လက်ထပ်ခဲ့သလို ကွာရှင်းရန်ကိုလည်း ခပ် ပေါ့ပေါ့ပင်၊ အလေးအနက်ထားဟန် မရှိ။ သို့သော် မျက်နှာလေးက မသိမသာ ညှိုးနေသည်။

“ဒီပြင်ဟာတွေ ကိုယ်လုံးဝမမက်မောတော့ပါဘူး၊ ဒါပေမဲ့ ဆေးခန်းက ဆေးတွေ တော့ အကုန်ယူသွားချင်တယ်”

ခင်စိုးပိုင်က ခေါင်းညိတ်သည်။

"ကိုယ့်ကိုခွင့်လွှတ်ပါ စိုးပိုင်၊ စိုးပိုင်အပေါ်မှာ တရားမှ တရားရဲ့လား"

"မစဉ်းစားပါနဲ့ ကိုကို၊ တစ်ခုခုလုပ်ချင်ရင် နောက်ကြောင်းပြန်လှည့်မကြည့်နဲ့"

"စိုးပိုင် နောက်အိမ်ထောင်ပြုမှာလား"

ကိုကိုက ခပ်ဆဆ မေးမိသည်။ ခင်စိုးပိုင်သည် ကိုကို့အား အခုမှမြင်ဖူးသူလို ငေးပြီး ကြည့်နေသည်။

"မသိသေးဘူး"

"စိုးပိုင် ဘာလုပ်မလဲ"

"ပြောတတ်သေးဘူး၊ အခုတော့ ဂျင်ဝိုင်း ဖဲဝိုင်းတွေ သွားပြီး ပျော်အုံးမယ်။ အသက်သုံးဆယ်နားနီးလာတော့မှ ကိုကို့လိုပဲ အသစ်တဖန် ပြန်လည်မွေးဖွားချင် မွေးဖွားမှာပေါ့ ကိုကိုရယ်"

"စိတ်ကို သိပ်အလိုမလိုက်နဲ့ စိုးပိုင်ရယ်"

ကိုကိုက ဆုံးမသလို ပြောမိသည်။ အေးကာ ချွေးစေးပြန်နေသော လက်ကလေးများကို ညစ်ကိုင်ပြီး နှုတ်ဆက်သည်။ ခင်စိုးပိုင်သည် ကိုကို့အား စူးစူးစိုက်စိုက်ကြည့်ကာ ခပ်မဲ့မဲ့လေး ပြုံးလေသည်။

* * *

“ဦးဦး”

“ဖေဖေလို့ ခေါ်ပါသားရယ်”

“မေမေ ဘယ်တော့ ရာမှာရဲ”

“သားမေမေက ပြန်မလာတော့ဘူးသားရယ်၊ ဒါပေမဲ့ မေမေအစား ဖေဖေလာပြီ လေ။ ဖေဖေနဲ့ သားနဲ့ ဟိုအဝေးကြီးကို သွားကြမယ်လေ”

“ဒီတင်းဘောကြီးနဲ့ရား”

“အင်း..ဒီသင်းဘောကြီးနဲ့ပေါ့ ”

သင်းဘောကုန်းပတ်သည် ဖုန်များ၊ သဲများနှင့် ညစ်ပတ်နေသည်။ ဒေါ်ဒေါ် မိက ပလတ်စတစ်စတစ်ခုကို ဖြန့်ခင်းပြီး သေတ္တာ၊ ခြင်းတောင်းနှင့် အိပ်ယာလိပ်များ ကို နေရာချသည်။

“မေမေကကြောတော့ မေမေနဲ့တားနဲ့အတူတူ တင်းဘောကြီးနဲ့ သွားကြမယ်ချို့”

ကိုကိုသည် သားကို တင်းတင်းဖက်ကာ မျက်တောင်တဖျပ်ဖျပ် ခတ်နေမိသည်။ သားရှေ့တွင် မငို၊ ဘယ်တော့မှ မငို၊ သားသည် သူ့လို ခဏခဏငိုတတ်သောက လေး မဖြစ်စေရ၊ ပျော့ညံ့သူ မဖြစ်စေရ။

“ခင်ဦးရယ်၊ ခင်ဦးလျှောက်ချင်တဲ့လမ်းကို ခုတော့ ကိုကိုလျှောက်နေပြီလေ၊ လသာသာ သဲသောင်ပြင်မှာ သားလေး ပြေးပြီးဆော့နေတာ ကြည့်ရအောင် ခင် ဦး ခဏလေးလောက် ပြန်လာခဲ့ပါလားကွယ်၊ အမေ့လိုလူနာတွေကို ကိုကို ဆေးကုပေးတာကိုရော မကြည့်တော့ဘူးလားဟင်”

ကိုကိုသည် အသံမထွက်ပဲ ပြောနေမိသည်။ ခင်ဦး သွားချင်လွန်းသောနေရာကို ခင်ဦးမပါပဲ သွားကြရပေတော့မည်။ တမလွန်ဘဝတွင်ရှိသော ခင်ဦးသည်သာ ကြည့်နိုင်မြင်နိုင်လျှင် မည်ကဲ့သို့ ပြောလေမည်နည်း။

လှိုင်းပုတ်သဖြင့် သင်္ဘောကိုယ်ထည်က တငြိမ့်ငြိမ့်နှင့် ယိမ်းနေသည်။ ကိုကို သည် အိပ်ယာလိပ်ကိုမှီ၍ ထိုင်နေသည်။ ဆင်းချည်တက်ချည်နှင့် လှုပ်ရှားနေ သောသူများကို ငေး၍ ကြည့်နေသည်။

ခင်ဦး သေဆုံးသွားပြီဟူသည်ကို သိနေသော်လည်း ထိုသူများထဲတွင် ခင်ဦးပါလာ လေမည်လားဟု ရှာနေမိသေးသည်။ ဗောတံတားပေါ်မှ သွက်သွက်လေး ဆင်း လာကာ သူတို့ဆီသို့ ပြေးလာမည်လားဟု မျှော်လင့်နေမိသေးသည်။

“တင်းဘောကြီးက ဘယ်တော့ထွက်မှာရဲ့”

“ခဏနေရင် ထွက်တော့မှာပါကွာ”

“မေမေရာအုံးမှာရားဟင်”

“မေမေကတော့ မလာတော့ဘူးတဲ့သားရဲ့ ဖေဖေနဲ့ သားနဲ့ ဟောဒီကဒေါ်ဒေါ် မိနဲ့ သွားကြတော့တဲ့”

“ဟော..တင်းဘောကြီး အော်နေပြီ”

“ဥသြဆွဲတာပါကွာ...ထွက်တော့မယ်တဲ့”

သင်္ဘောဥသြဆွဲသောအခါ သင်္ဘောပေါ်တက်၍ ငါးမုန့်ကြော်ရောင်းသူ၊ ဆီးသီး ထုပ် ချိုချဉ်ရောင်းသူလေးများသည် ဗောတံတားပေါ်သို့ ခုန်ဆင်းကြသည်။ သင်း ဘော်နှင့် လိုက်မည့်သူများက သင်္ဘောပေါ်သို့ ပြေးတက်လာကြသည်။

“ကိုကျော်ဝင်း ရှင်ကောင်းကောင်းနေနော်၊ ကျွန်မပြန်လာရင် ဘာသတင်းမှ မကြားရစေနဲ့"

“ဟဲ့.. မအူ၊ ညတိုင်ကျယင် တံခါး သေသေချာချာပိတ်အိပ်၊ နင်တစ်ယောက်ထဲဖြစ်နေရင် မချိုကို ခေါ်အိပ်”

“သွားပြီးတင်တင့်အုန်းရေ..၊ ငါးခြောက် ပေါ်မှ ငါးရံ့ခြောက်တွေ ပို့ပေးလိုက်အုံးမယ်နော်၊ ကိုအောင်ကျော်ကိုလည်း နှုတ်ဆက်လိုက်ပါ”

အော်ကြ၊ ခေါ်ကြ၊ နှုတ်ဆက်ကြနှင့် အလုပ်ရှုပ်နေသူများကို ငေးကြည့်ယင်း ဒေါ်ဒေါ် မိသည် အကျီလက်များကိုပင့်ကာ မျက်ရည်သုတ်သည်။ သင်္ဘောထွက်တော့မည်။ ခင်ဦးသွားချင်လွန်းသော ခရီးကို ခင်ဦးမပါပဲ သူတို့ သွားကြရပေတော့မည်။

ကိုကိုသည် ပြုံးပျော် နှုတ်ဆက်သူများကို မကြည့်ချင်တော့၍ ရွံ့နှစ်များထကာ နောက်ကျနေသော ပင်လယ်ရေပြင်ကို စိုက်ပြီးကြည့်နေမိသည်။ ညီညီ့ကို သတိရသည်။ ဒီခရီး ဒီလမ်းကို ညီညီပါလိုက်လာခဲ့လျှင် မည်မျှကောင်းလေမည်နည်းဟု တမ်းတစိတ်နှင့် စဉ်းစားနေမိသည်။

“ဟေး ...ဟိုမှာ ဦးဦး.. ဦးဦးညီ"

ဝမ်းသာအားရအော်လိုက်သော သား၏သံကို ကြားလိုက်သော ကိုကို၏ခေါင်းသည် ချာခနဲ လည်သွားသည်။ ဗောတံတားပေါ်တွင် တအားပြေးလာသော ညီညီ့ကို တွေ့ရသည်။

“ညီညီ”

ကမ်းမှ ခွာစပြုနေသော သင်္ဘောပေါ်သို့ ညီညီသည် လွှားခနဲ ခုန်တက်လိုက်သည်။ ကိုကို၏နှလုံးသားသည် ကြည်နူးအားတက်မှုနှင့် တဒိတ်ဒိတ် ခုန်လာသည်။

“ဦးဦးညီ…တားတို့ ဒီမှာ..တားတို့ ဒီမှာ ရှိတယ်”

သားက ဝမ်းသာအားရ အော်နေသည်။ ညီညီသည် သူတို့ဆီသို့ ခြေလှမ်းကျဲကြီး နှင့် လျှောက်လာသည်။ စလွယ်သိုင်းလွယ်လာသော အိတ်ကို မြောက်၍ချွတ် လိုက်ပြီး သူတို့ဘေးတွင် ခြေပစ်လက်ပစ် ဝင်ထိုင်လိုက်သည်။

“ဟူး.. မောလိုက်တာ မှီမှမှီပါမလားလို့ ပြေးလိုက်ရတာ၊ သေလုရော”

“ဦးဦးညီ၊ တားတို့နဲ့ ရိုက်ခဲ့မရို့ရား”

“လိုက်ခဲ့မလို့ပေါ့ကွ”

“တကယ်နော်”

“သြော်.. တကယ်ပေါ့ကွာ”

မျှော်လင့်ကြီးစွာ စိုက်ကြည့်နေသော ကိုကို့အား ညီညီသည် နွေးထွေးစွာ ပြုံး၍ပြသည်။

“ကျွန်တော် ဆယ်တန်းမအောင်သေးပေမဲ့ မူလတန်းကလေးတွေကိုတော့ စာသင် နိုင်ကောင်းပါရဲ့နော်”

ကိုကို ဘာမှ ပြန်မပြောနိုင်။ ဝေ့တက်လာသောမျက်ရည်များကို မျက်တောင်နှင့် တဖျပ်ဖျပ်ခပ်ကာ ထိန်းရင်း ကြည်နူးစွာ ပြုံးသည်။ ကမ်းလင့်လာသော ညီညီ့ လက်များကို ဆွဲရင်း တင်းကြပ်စွာ ဆုပ်ကိုင်ထားလိုက်မိသည်။ ညီညီ၏လက် များသည် နွေးထွေး သန်မာလှချေသည်။

သဘော်စက်သံက ဆူညံစွာ မြည်ဟီးထွက်ပေါ်လာသည်။ သဘော်နောက်ဖက်တွင်ရှိသော ရေယက်မသည် ရေများကို တဖွားဖွားနှင့် စတင်ရျယက်နေချေပြီ။ စက်ဆီနံ့၊ အင်ဂျင်ဝိုင်နံ့များ ရောပြွမ်းနေသောလေကို ရှိုက်ရျှူသည်။ အသက်ရှူရျှမဝသောဝေဒနာကို သတိမရတော့၊ ရင်ထဲတွင် အားသစ်အင်သစ်များနှင့် ပြည့်ဖြိုးလာသည်။

“သဘော်ထွက်ပြီ ခင်ဦးရေ.. ကိုကိုတို့ ခရီးစပြီ..။ ကိုကိုရယ်... ညီညီရယ်... ခရီးသစ် ဘဝသစ်ကို စပြီလျှောက်ကြပြီလေ.. ။ တမလွန်ဘဝကိုရောက်နေတဲ့ ခင်ဦးဝမ်းသာပါတော့... ဝမ်းသာလိုက်ပါတော့...ကိုကို့ရဲ့ ခင်ဦးရယ်”

---------------------

မစန္ဒာ

